www.burmeseclassic.com



www.burmeseclassic.com

## ဗို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

BURMESE CLASSIC .com

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NEW IDEA

စိတ်ကူးသစ်စာပေ

# သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၉၀၀၅၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၃၄၀၆၀၃

■

စီစဉ်သူ ⌧ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ⌧ | ၂၀၀၆၊ ဇွန်လ |
| အုပ်ရေ | ⌧ | ၅၀၀ |
| မျက်နှာဖုံး | ⌧ | စိုးအောင် |
| ကွန်ပျူတာစာစီ | ⌧ | *Welfare* |
| အတွင်းဖလင် | ⌧ | *Quality* |

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ ကျပ်

BURMESE CLASSIC .com

# ၁

## တွေ့ကြသည်ချိုင်း စားမဆိုင်း

"ဆရာကျီး. . .ဆရာကျီး. . ."

"ကိုကျီးညို. . .ဗျို့. . .ကိုရွှေကျီးညို. . ."

"ဘယ်. . .သူ. . .လဲ. . .ကွ. . ."

ရွှေကျီးညို အိမ်ရှေ့မှ အရေးတကြီးနှင့် အဆက်မပြတ်၊ အသက်ထွက်မတတ် ခေါ်နေသည့် အသံများကြောင့် မူးကြောင်ရူးကြောင်နှင့် အိပ်ယာမှ ကုန်းထလိုက်သည်။ ညက သောက်တာများသွား၍ အိပ်ယာအထမှာ ခေါင်းကမူးရစ်ပြီး တဆစ်ဆစ်ကိုက်နေသည်။

"ဘယ်သူလဲကွ. . .ခွအော်နေတာ"

"ကျုပ်တို့ပါ. . .ပေသီးနဲ့ နောက်တိုးပါ၊ ဆရာကျီးရဲ့ အရေးကြီးလို့ မြန်မြန်ထွက်ခဲ့ပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



သူ စောင်ကို ခြေနှင့်ကန်ဖယ်လိုက်ပြီး ဒရီးဒယိုင်နှင့် အိမ်ရှေ့သို့ ထွက်လာလိုက်သည်။ သူ့ရဲ့ နောက်လိုက်တပည့်ဆိုလည်းဟုတ်၊ သေဖော်သေဘက်၊ သောက်ဖော်သောက်ဘက်များ ဆိုလည်းဟုတ်သည့် ပေသီးနှင့်နောက်တိုးတို့ နှစ်ဦးသည် တစ်စုံတစ်ရာကို ရေရွတ်ရင်း အိမ်ရှေ့မြေပြင်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသည်။

ရွှေကျီးညိုက တံခါးဖွင့်၍ ဝင်ခဲ့ကြရန် ပြောလိုက်သည်။

"ဝင်ခဲ့လေကွာ. . ."

"မဝင်တော့ဘူးဗျ. . .ဆရာကျီးကို ပြောစရာရှိလို့ အမြန်လာခဲ့တာ"

"ပြောစရာရှိလို့. . .ကဲ ဒါဖြင့် ဘာလဲ. . .ပြော. . .ကျွတ်. . ကျွတ်. . .ကျွတ်. . ."

"ဆရာကျီးရဲ့ မြွေထွေးရှင်. . .သူ့အိမ်မှာ မရှိတော့ဘူးဗျ. . .မရှိတော့ဘူး"

"ဘာ. . .ဘာ. . .ပြောတယ်. . .၊ နောက်တိုး ပြန်. . .ပြန်. . ပြောပါအုံး. . .ကွ. . ."

"ခင်ဗျားရဲ့ မြွေထွေးရှင် . . .သူ့အိမ်မှာ မရှိတော့ဘူး။ သူ့အဖေနဲ့ အမေလည်း မိုးလင်းလို့ အသံမကြားတာနဲ့ အိပ်ခန်းထဲ ဝင်ကြည့်တော့ မြွေထွေးရှင်လည်း မရှိဘူး၊ သူ့အကျီထမီတွေလည်း အကုန်ပါသွားပြီတဲ့"

"ဟင်. . ."

"မြွေထွေးရှင်တင်မဟုတ်ဘူး. . .ဟိုကောင် လွန်းမောင်ပါ ပျောက်နေတာတဲ့ဗျ. . ."

"လွန်း. . .မောင်. . .ပါ. . .ပျောက်နေတယ်. . .ဟုတ်လား"

ပေသီးရဲ့ နောက်ထပ်ဖြည့်စွက်လိုက်သည့် စကားဆုံးသောအခါ တဆစ်ဆစ်ကိုက်ပြီး အရက်နာကျနေသည့် ခေါင်းကိုက်ပင် လွင့်စင်သလို ဖြစ်သွားသည်။

ရွှေကျီးညို. . .ဝုန်းခနဲ ခုန်ထွက်လိုက်သည်။ ပြီးနောက် ပေသီးရဲ့





အကျီရင်ပတ်အစကို လက်နှင့် ကိုင်ဆုပ်ကာ. . .

"မင်းတို့ ဆိုလိုတာက. . .မြွေထွေးရှင်က လွန်းမောင်ဆိုတဲ့ ဖွတ်ကျားကောင်နဲ့ ခိုးရာလိုက်ပြေးတယ်လို့. . .ပြောချင်တာလား. . .ပြောချင်တာလားကွ. . . ဟင်. . . ဟင်"

ရွှေကျီးညို မျက်နှာတစ်ပြင်လုံး နီရဲကာ လက်မောင်းကြောလည်ပင်းကြောများ ထောင်ထပြီး ဂမူးရှူးထိုးဖြစ်နေသည်။ သူသည် ပေသီးကို တစ်လှည့် နောက်တိုးကို တစ်လှည့်ကြည့်ကာ အားမလို အားမရဖြစ်နေသည်။

"ပြောလေ. . .ပြောလေကွာ. . .နောက်တိုး၊ ဟေ့ကောင်. . . ပေသီးပြော. . .ပြော"

"ကျုပ်တို့. . .စောစောစီးစီး အလျင်ကြားရတာကို အရင်လာပြောတာပဲ ဆရာကျီး ပိုကျိန်းသေအောင်သိချင်ရင်တော့. . .ခင်ဗျားရဲ့ ယောက်ခမလောင်း ဦးဘမောင်နဲ့ ဒေါ်မိန်းကလေးကို သွားသာမေးကြည့်တော့"

"လာ. . .ဒါဆို အခုချက်ချင်းသွားမယ်၊ နေအုံး. . .ငါ. . .ဓားယူလိုက်ဦးမယ်"

"ကိုရွှေကျီးညို. . .အလျင်စလို မလုပ်ပါနဲ့ဦးဗျ. . .ဓားနဲ့ ချက်ချင်းရှင်းရမဲ့ အချိန်မဟုတ်သေးဘူး၊ စောင့်အုံး. . .တိကျအောင် နိုင်လုံအောင် စုံစမ်းမေးမြန်းဦး မြွေထွေးရှင်ကို လွန်းမောင် ခိုးပြေးတာ မှန်တယ်ဆိုမှ. . ခင်ဗျား ကြိုက်သလို စီစဉ်. . .အခု. . .အရေးကြီးတာက ဒီသတင်း မှန်မမှန်သေချာအောင် သွားမေးရမယ်"

"အေး. . .မင်းပြောတာ မှန်တယ်၊ နောက်တိုး. . .လာ. . .သွားမေးကြမယ်၊ ငါထင်တဲ့အတိုင်းများ ဟုတ်နေလို့ကတော့လားကွာ၊ ရွှေကျီးညိုကွ. . .တစ်ညိုထဲရှိတယ်၊ တွေ့ကြမယ်ဟေ့. . .ထွီ"

နံနက်စောစောစီးစီး ရွှေကျီးညို သို့ကလို ကျက်သရေမရှိလှသော အမင်္ဂလာစကားကို ကြုံးဝါးရေရွတ်ပြီးနောက် မျက်နှာမှ မသစ်နိုင်တော့ပဲ၊ သူမတော်ရသေးသည့် တစ်နည်းတော်ရန် မျှော်မှန်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ခမလောင်း နှစ်ပါးရှိရာ. . .ရွာလည်ပိုင်းသို့ နောက်ပါတပည့် နှစ်ဦး ခြံရံ၍ ဒုန်းစိုင်းလာလိုက်ကြသည်။

မြထွေးရှင်တို့ ခြံပိုင်းထဲမှာ အိမ်နီးနားချင်းအချို့နှင့် သူတို့ဆွေမျိုး အချို့ဝင်ထွက်နေသည်ကို လှမ်းမြင်နေရသည်။ အိမ်နီးနားချင်းများက ဆံပင် စုတ်ဖွား. . .မျက်ချေးတွဲလဲ၊ ပုဆိုးတိုတို. . .အရက်နံ့တထောင်းထောင်းနှင့် ဒေါသမောင်းတင်ဝင်လာသည့် ရွှေကျီးညိုနှင့် အဖော်နှစ်ဦးကို မြင်ကြသော အခါ. . .အသာခေါင်းလျှို၍ ပြန်လှည့် ထွက်လာလိုက်ကြသည်။

''ဦးလေး. . .ဘမောင်. . .ဦးလေး ဘမောင် ရှိသလားဗျ''

''ရှိ. . .ရှိ. . .တယ်ဟေ့၊ မောင်ကျီးညိုလား. . .လာကွယ်''

ဦးဘမောင်က တိုးညှင်းညှင်း ညောင်နာနာလေသံနှင့် အသံပြု သဖြင့် ရွှေကျီးညိုတို့ သုံးဦး အိမ်ပေါ်သို့ ခုန်တက်လိုက်ကြသည်။

အိမ်ထဲမှာ ဦးဘမောင်ရဲ့ မိန်းမ. . .ဒေါ်မိန်းကလေးကို ရှိုက်ငိုလျက် သား တွေ့ရသည်။ ရွှေကျီးညိုတို့ကို မြင်ရသော. . .ဒေါ်မိန်းကလေးက ပို၍ရှိုက်ကာ ရင်ကိုထု၍ ငိုသည်. . .ဦးဘမောင်က. . .အိမ်ပေါ်၌ လမ်းလျှောက် ရင်း တောက်တခေါက်ခေါက် ဖြစ်နေ၏။

''ဟို. . .ဟို. . .မြထွေးရှင်. . .အိမ်မှာ မရှိတော့ဘူး၊ ကြား. . . ကြားလို့. . .အဲဒါ. . .ဟုတ်. . .ဟုတ်သလားဟင်. . .ဦးလေးဘမောင်. . . သူ. . .သူ. . .ဘယ်ကို သွားတာလဲဟင်. . .ဟင်လို့''

''မ. . .မသိဘူး. . .အဝတ်အစားတွေ အကုန်ယူသွားတာပဲ သိရ တယ်''

''ဟို. . .ကောင်. . .လွန်း. . .မောင်. . .ရော''

''လွန်းမောင်လည်း မရှိဘူး''

''တောက်. . .ဟိုနား. . .ဒီနား. . .စုံစမ်းမေးမြန်းကြည့်ပြီးပလား၊ ဦးလေး. . . ဘမောင်''

ဦးဘမောင်ကား စကားပြန်မပြောနိုင်ပဲ၊ အံကြိတ်ကာ တောက် ပဲ ခတ်နေသည်၊ အတန်ကြာမှ. . .





''ခွေးမ. . .အမိုက်မ. . .လူလုပ်မလုပ်ပဲ. . .ခွေးအလုပ် လုပ်သွား တာ၊ စုံစမ်းပြီးပြီ. . .ဟိုကောင် သားရေပေါ်အိပ် သားရေနားစား တိရိစ္ဆာန် ကောင်နဲ့ လိုက်ပြေးတာတဲ့. . .ထွီ. . .သင်းတို့များ ဒီတစ်သက် သေခန်း ရှင်ခန်းပြတ်ပဲ. . . ကွ. . . ဟင်း''

''ထွီ. . .မတန်မရာတွေ. . .မိုက်ရိုင်းစုတ်ပဲ့လိုက်တဲ့ ကောင်နယ်၊ ဟေ့ ပေသီးနဲ့ နောက်တိုး. . .အချိန်ရှိသေးတယ်. . . လိုက်ကြစို့''

''မောင်. . .မောင်. . .ရွှေကျီးညို. . .ရွှေကျီးညို''

ဦးဘမောင်က နောက်မှ လှမ်း၍ အော်ခေါ်သည်၊ ရွှေကျီးညို ဒေါသထွက် ရင်နာလွန်းလှ၍ လှည့်မကြည့်။ ဒီကိစ္စ သင်းတို့မိဘများ ညံ့လို့ဖြစ်ရသည့် ကိစ္စ။

ဒေါ်မိန်းကလေးကလည်း နေပါအုံး မောင်ရွှေကျီးညိုရဲ့ ခဏလေး ထိုင်ပါအုံး. . .ဆိုပြီး ငိုကြီးချက်မနှင့် လှမ်းအော်ခေါ်နေပြန်သည်။ ရွှေကျီး ညို ဘယ်သူခေါ်လို့မှ လှည့်မကြည့်. . .

ခြေလှမ်းကျဲကြီးနှင့် ခြံပိုင်းထဲမှ ထွက်လိုက်ကြသည်။ သူ့ရင် သည်–ငရဲအိုးပွက်သကဲ့သို့ ဆူလောင်ပူလောင်နေပြီ. . .အသည်းနှလုံးများ လျှော်လှုပ်နေပြီ. . .သူ့နောက်ကို တစ်ချက်ကလေးမှ လှည့်လို့မကြည့် အိမ်ရှိရာသို့ ဒေါကြီးမောကြီး ပြန်လာခဲ့လိုက်သည်။

သည့်နောက် အိပ်ယာအောက်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး သူ့ခါးကြားမှာ ထိုး၍ အင်္ကျီနှင့် လူမမြင်အောင် ဖုံးလိုက်သည်။ ကျန်ဓားတစ် ချောင်းကို ပေသီးလက်ထဲသို့ ထည့်လိုက်သည်။

ပေသီးကလည်း ဘာလုပ်ကြမည်ကို နားလည်သည်။ ချက်ဆို နားခွက်က မီးတောက်ပြီးသား နောက်လိုက်များ သူရွှေကျီးညို လှမ်းပေး နေသည့် ဓားမြှောင်ကို ဖတ်ခနဲ လှမ်းယူပြီး ခါးနောက်မှာ ထိုးဖွက်လိုက် သည်။ ပြီးနောက်. . .သူတို့ဆရာ ရွှေကျီးညို ဦးဆောင်ရာနောက်မှ စကား တစ်လုံးမှ မပြောပဲ လိုက်ခဲ့ကြသည်။

သူတို့သုံးဦးသည် ခြေလှမ်းကျဲကျဲ တောက်တခေါက်ခေါက် အော်



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကြိတ်ဖြင့် ရေ့ရှုသွားနေကြသည်။ မျက်လုံးများကလည်း အငြိမ်မနေကြ။ သိမ်းငှက် မျက်လုံး . .စွန်ရဲ မျက်လုံးများကဲ့သို့ အရပ်လေးပါးကို မျက်စေ့ဖွင့် နားစွင့်၍ ကြည့်ပြီး . .သွားနေကြသည်။

သူတို့ရဲ့ လှုပ်ရှားမှုသဏ္ဍာန်ကို မြင်လိုက်ကြရသည့် ဆေးလုံးကြီး ရွာသူရွာသားများက. . .မကြာခင် ရွာမှာတစ်ခုခုတော့ ဖြစ်ကြလိမ့်မည်ကို တွေးမြင်ပြီး . .စိုးရိမ်စပြုနေကြတော့သည်။

ဦးစွာ. . .သူတို့သုံးဦး . .လွန်းမောင် လယ်လုပ်ရာ လယ်ထဲသို့ အလျင်ထွက်ခဲ့ကြသည်။ လွန်းမောင်သည် မြထွေးရှင်တို့ အဖေ ဦးဘမောင် ဒေါ်မိန်းကလေးတို့ရဲ့ လယ်သူရင်းငှားဖြစ်သည်။ သူတို့လယ်ပွဲသည် ဆေးလုံးကြီးကျေးရွာရဲ့ အရှေ့ပိုင်းမှာ ရှိ၏။

သူတို့သုံးဦး တဲရှေ့မှာ ခါးထောက်၍ ရပ်လိုက်ကြသည်။

''လွန်း . .မောင်. . .လွန်းမောင်''

''ဟေ့. . .လွန်း . .မောင်''

''ဟေ့. . .နားကန်း . .မကြားဘူးလားကွ''

သူတို့သုံးဦး လွန်းမောင်ရဲ့ အမည်ကို ဒေါသတကြီး အော်ခေါ်ကြသည်။ ဒီလို အော်ခေါ်နေချိန်မှာ တဲအောက်မှ ခွေးနက်ကြီးတစ်ကောင်က သူတို့သုံးဦးကို ထိုး၍ ဟောင်နေတော့သည်။ ရွှေကျီးညိုက ပိုဒေါကန်လာပြီး နီးရာတုတ်တစ်ချောင်းနှင့် ကောက်ပစ်လိုက်တော့မှ ခွေးနက်ကြီး လန့်ပြီး အဝေးသို့ ထွက်ပြေးကာ. . .ကန်သင်းရိုးပေါ်မှ ဟောင်နေတော့သည်။

အထဲမှ ပြန်ထူးသံ မကြားရသည့်အဆုံး၊ သူတို့သုံးယောက် တဲထဲသို့ ငုံ့၍ ဝင်လိုက်ကြသည်။ တဲကား . .တဲဆိုသည့်အတိုင်း . . အတွင်းတံခါးမရှိ၊ ဟင်းလင်းပွင့် . .အထဲမှာ စားအိုးစားခွက်အချို့ရှိနေသည်။ အဝတ်အစားများမရှိ၊ ခေါင်းအုံးနှင့် စောင်ရှိနေသည်။

နွားနှစ်ကောင်က မြေပြင်မှာလှဲ၍ စားမြုံ့ပြန်နေကြသည်။

''မရှိဘူး . . ဆရာကျီး''





ပေသီးက ဟာလာဟင်းလင်းဖြစ်အင်ကို ကြည့်၍ ပြောလိုက်သည်။

''ဒါဆို. . .ကျိန်းသေလောက်ပြီဗျ''

နောက်တိုးကလည်း သို့ကလို ကောက်ချက်ချလိုက်ပြန်သည်။

''နေအုံး . .ပိုပြီး ကျိန်းသေအောင်၊ လွန်းမောင်ရဲ့ သူငယ်ချင်း လှစိန်ကို မေးကြည့်ရင် ကောင်းမယ်ကွ. . .လာ. .''

သူတို့ လွန်းမောင်ရဲ့ တွဲဖော်တွဲဘက်သူငယ်ချင်း သူရင်းငှား လှစိန်ရှိရာ ရွာတောင်ဖျားသို့ ခြေလှမ်းကျဲကြီးများနှင့် ထွက်ခဲ့ကြပြန်သည်။ ဖောကြောင့် စီးကျလာသည့် ချွေးသီးများကို လက်ညှိုးနှင့် သပ်၍ ပစ်လိုက်သည်။

အခန့်သင့်ပင် လှစိန်ကို နွားမောင်းလာရင်း သူတို့ လမ်းခုလတ်မှာ တွေ့ရသည်။

လှစိန်သည် သူတို့သုံးဦးကို ရုတ်ချည်း မျက်နှာချင်းဆိုင် မြင်လိုက်ရသောအခါ မျက်စေ့မျက်နှာပျက်နေတော့သည်။

''လှစိန်. . .''

''ဗျာ. . .ကို. . .ကို. . .ကျီး''

''မင်း . . .ငါမေးတာကို မှန်မှန်ဖြေ. . .ကြားလား၊ ညာပြောရင် ဒီမှာ ကြည့်စမ်း. . .''

ရွှေကျီးညိုက ခါးကြားမှ ဓားမြှောင်ကို ထုတ်၍ လှစိန်ရဲ့ ဝမ်းဗိုက်ကို တေ့လိုက်သောအခါ. . .လှစိန် အကြီးအကျယ် တုန်လှုပ်ခြောက်ချားသွားတော့သည်။

''ပြော. . .ပြော. . .ပါမယ်၊ ကို. . .ရွှေကျီးညိုရာ. . .ဘာ. . .ဘာများပါလဲ ခင်ဗျာ''

''လွန်းမောင် ဘယ်သွားလဲ''

''တဲမှာ ရှိမှာပေါ့. . .''

''တဲမှာ မရှိဘူး . .ဟိုအိမ်မှာလည်း မရှိဘူး၊ ဒီကောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားလဲ. . .''

''မ. . .မသိ. . .ဘူး . . ခင်ဗျ. . .''

''ဖြောင်း''

''အား. . .အား. . .အား''

ရွှေကျီးညိုက လုစိန်ရဲ့ နာရင်းကို လက်ပြန် ရိုက်ချလိုက်သည်။ လုစိန် လမ်းပေါ်မှာ ချာချာလည်ပြီး ယိုင်သွားသည်။

''ငါ့ကို မညာနဲ့ လုစိန်. . .မင်းနဲ့ လွန်းမောင်က လင်မယားလို နေတာ. . .ဒီမှာ လွန်းမောင်. . .မြတွေးရှင်းကို ခိုးပြေးတယ် မဟုတ်လား''

''အဲ. . .ဟို. . .ဟို. . .အဲဒါ. . .တော့. . .''

''ဘုန်း''

''ခွပ်''

''အင့်''

''ဖျန်း''

''အား. . .အ. . .မယ်လေး. . .ဗျာ. . .အား. . .အ. . .အ. . .''

လူသုံးယောက်ရဲ့ လက်ဝါးရိုက်ချက်၊ လက်သီးထိုးချက်၊ ဆောင့်ကန်ချက်များကြောင့် လုစိန် ဝမ်းဗိုက်ကို လက်နှင့် ဖိနှိပ်ရင်း ရှေ့သို့ ငိုက်ကျလာရာ၊ ရွှေကျီးညိုက သူ့ရဲ့ ဆံပင်များကို စုကိုင်မပင့်လိုက်ပြီး ဓားမြှောင်သွားနှင့် လည်ပင်းပေါ် တင်ဖိလိုက်သည်။ ဓားသွားသည် လုစိန်ရဲ့ လည်ချောင်းသွေးကြော အရေးပြားပေါ်သို့ ဖိဝင်သွား၏။

''ဒီတစ်ခါ မပြောရင် မင်းလည်ပင်းကို ကြက်လည်လှီးသလို လှီးချလိုက်မယ် လုစိန်. . .ဒီမှာ. . .မြတွေးရှင်ကို ဟိုကောင် ခိုးပြေးပြီး မဟုတ်လား. . .''

''ဟုတ်. . .ဟုတ်. . .ဟုတ်. . .ပါတယ် ခင်ဗျ. . .အား. . .''

''အေးပေါ့. . .ဒီလို လိမ်မာမှပေါ့ လုစိန်ရာ၊ မင်း အသက်က ငယ်ငယ်လေး ရှိသေးဥစ္စာ၊ နှမြောစရာကြီးရယ်နော်. . .သူတို့ ဘယ်ကို ပြေးကြသလဲကွ''





''ဒါ. . .ဒါတော့ မ. . .မသိဘူး. . .ခင်. . .ဗျ၊ ခိုးပြေးတာတော့ အ. . .အ. . .မှန်. . .ပါပဲ''

''မင်းကို. . .ပြောသွားလား''

''ပြောတယ်. . .''

''ဒါဆို. . .သူတို့ ပြေးမဲ့နေရာကို မင်းသိရမှာပေါ့. . .လုစိန်ရ''

''ဘုရားပေးပေး ကျမ်းပေးပေးပါ ကိုရွှေကျီးညိုရာ. . .သူတို့တစ်နေ့ ခိုးပြေးကြမယ်ဆိုတာပဲ သိပါတယ်. . .ဘယ်နေ့ဆိုတာ အတိအကျ မသိပါဘူး။ ဒါနဲ့အတူ သူတို့ ဘယ်ကိုပြေးကြမယ်ဆိုတာလည်း လုံးဝ မပြောကြပါဘူးဗျာ၊ ဘုရားစူးရစေ့ဗျာ. . .''

''မင်း မညာနဲ့နော်''

''ကျွန်တော် ကိုရွှေကျီးညိုကို မညာရဲပါဘူး ခင်ဗျာ. . .''

''ကောင်းပြီ. . .အခုကိစ္စ. . .မင်းရင်ထဲမှာပဲ မင်းထား၊ ဒီကိစ္စ ရွာထဲမှာ အာမချောင်နဲ့ ရွှေကျီးညိုတို့ သုံးယောက်က ကျုပ်ကို ပါးရိုက်နားရိုက် ခြိမ်းခြောက်ပါတယ်လို့များ ပြောသံကြားရင် မင်းအသက်ကို ဖက်နဲ့ထုပ်ထား. . .ကြားလား လုစိန်. . .''

''ဟုတ်. . . ဟုတ်. . . ကဲ့. . .''

''နောက်တိုး. . . လိုက်ကြစို့. . .''

ရွှေကျီးညိုတို့ သုံးဦး ရွာပြင်သို့ သုတ်ခြေတင် ထွက်သွားကြပြန်သည်။ လုစိန် အောင့်ကျန်ရစ်သည့် ရင်ဝကို လက်နှင့်ဖိရင်း အံကို ကြိတ်လိုက်သည်။ ဒါနှင့်အတူ လွန်းမောင်တို့ ဝေးရာကို ရောက်ကြပါစေဟုလည်း ရင်ထဲမှ ကြိတ်၍ ဆုတောင်းမိသည်။

ရွှေကျီးညိုသည်ကား. . .သူတို့ရွာမျက်နှာဖုံး လူချမ်းသာရဲ့သားလည်းဖြစ်သည်။ လူမိုက်၊ လူတေ၊ လူပွေလည်းဖြစ်သည်။ သူကြီးတောင် လက်လန်ချင်သည့် လူစားဖြစ်သည်။ သူတို့နှင့် ယှဉ်ဖြစ်ရမှာကို လုစိန်လို သူရင်းငှားသာမက တစ်ရွာလုံးက. . .စိုးရွံ့ကြသည်။

ဒီကောင်တွေက လက်ရဲဇက်ရဲ ကြမ်းကြမ်းရမ်းရမ်းတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သတ်ဖို့ ဝန်လေးကြသူများ မဟုတ်။ သူတို့နောက်မှာ သူတို့အဖေ ရတနာရွှေအိုးနှင့် လူချမ်းသာကြီးရှိသည်။ ပြဿနာတစ်ခုဖြစ်လျှင် ငွေနှင့် လိုက်ရှင်းသည်။

အခု သူတို့ မြထွေးရှင်နှင့် လွန်းမောင်တို့ကို စုံစမ်းဖို့ လိုက်ကြပြီ. . .ဘုရား. . .ဘုရား. . .ဘာတွေများ ဖြစ်လာကြဦးမှာပါလိမ့်. . .အပြစ်မဲ့သော ချစ်သူနှစ်ဦး လူရမ်းကားများ ဘေးရန်မှ ကင်းဝေးပါစေ. . .။

ငြိမ်းချမ်း ဘေးမသမ်းသော အရပ်သို့ လွတ်မြောက်ပြီး သာယာချမ်းမြေ့ပျော်ရွှင်ကြပါစေ. . .ဟု လှစိန် ဆုတောင်းရုံမှတစ်ပါး. . .

ကိုရင်များ ဆွမ်းခံကြွသည့် အချိန်သို့ရောက်သောအခါ. . .ကွမ်းတောင်ကိုင် အလုပဂေး မြထွေးရှင်နဲ့ သူရင်းငှားလွန်းမောင်တို့ ခိုးရာလိုက်ပြေးသည့် သတင်းသည် ဆေးလုံးကြီးရွာထဲမှာ ဟိုးလေးတကြော်ကြော်ဖြစ်၍ သွားခဲ့ပြီ. . .

ဤသတင်းကို အတိအကျ သိလိုက်ရပြီးသည့် အချိန်မှစ၍ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားလူလု၊ အူနုကျွဲခတ် ဖြစ်ရသည်ကား ရွာသူဌေးသား ရွှေကျီးညို. . .။

ဒေါသတွေ အစိုင်လိုက် အတုံးလိုက် အခဲလိုက်. . .အလုံးလိုက် ပေါက်ကွဲစေဖို့ကလည်း. . .နောက်ကြောင်း ရာဇဝင်အခံက ရှိသည်ကိုး။

ရွှေကျီးညိုရဲ့ အဖေ. . .ဦးကျီးညိုသည် ဆေးလုံးကြီးကျေးရွာမှာ လယ်ဧကများစွာပိုင်သည့် လူချမ်းသာတစ်ဦးဖြစ်သည်။ ဦးကျီးညိုသည် အမိမဲ့ရှာသော တစ်ဦးတည်းသော သားလေး ရွှေကျီးညိုကို အသည်းတုန် အူတုန် နှလုံးတုန်မျှ ချစ်ရှာ၏။

ရွှေကျီးညိုအား မင်္ဂလာကျက်သရေအပေါင်းနှင့် သေတပန်သက်ဆုံးပြည့်ဝ တောက်ပစေရန် ရှေ့မှ ရွှေတစ်လုံးတိုး၍ အဖေရောသားပါ ထပ်တူပြုလိုသဖြင့် 'ရွှေကျီးညို'ဟု အန္တတ္တသညာ ပြုလင့်ကစား ခမျာနှင့် ရွှေသည်. . .နံ့သာဆီနှင့် အီးကဲ့သို့ တစ်ခြားစီ ဖြစ်နေရှာ၏။

ရွှေကျီးညိုဆိုသည့် အမည်ကလေး အလွန်လှပပါသော်လည်း





အမျိုးကောင်းသားကား လွန်စွာ အကျည်းတန် အရုပ်ဆိုးတော်မူလေ၏။

အသားအရေက သပိတ်ရောင်ထနေ၏။ မျက်နှာပေါ်မှာလည်း ကျောက်ပေါက်ရာများက ပဲပြားကြော်ကို ပဲစေ့ထုတ်ပစ်ထားသကဲ့သို့ ချိုင့်ခွက်များအပြည့် နီးပါးရှိနေ၏။ သည်ကြားထဲ အပေါ်သွားငါးချောင်းခန့်က ကန္တားဖျင်ထိုးထားသကဲ့သို့ ရှေ့ထွက်ခေါပြန့်နေ၏။ ပညာက သေစာရှင်စာ ဖတ်တတ်ယုံမျှရယ်. . .

သို့သော် ဖခင်လုပ်သူက ဒီရွာရဲ့ မျက်နှာဖုံး ပိုက်ဆံကျိုက်ကျိုတက် ချမ်းသာသူမို့ လိုလေသေးမရှိအောင် ဆင်သပေးထား၍ ရွှေဆွဲကြိုးကြီး တဝင်းဝင်း၊ စိန်လက်စွပ် တဝင်းဝင်းနှင့် ဝတ်ကောင်းစားလှ တစ်ရွာလုံး မဝယ်နိုင်သမျှကို ဝတ်ကာ ဝံ့ဝံ့ကြွားကြွား ရှိလှသည်။

သုံးနိုင်ဖြုန်းနိုင်လွန်းသမို့ နောက်လိုက်ငယ်သား အပေါင်းအသင်းများကလည်း မနည်းလှ။ ရွာထဲမှာ ကာလသားခေါင်းယောင်ယောင် ဘာယောင်ယောင် လုပ်ချင်သေးသည်။ သူရဲ့ သုံးနိုင်ဖြုန်းနိုင် စားနိုင်သောက်နိုင် ဝတ်နိုင်သည့် ကျော်စောဂုဏ်သတင်းများသည် ဒီရွာမှာသာမက စစ်ပင်ကွင်း၊ ချောင်းစောက်၊ သူဌေးကွင်း၊ တာဝ၊ ဘုရားကုန်းအထိ ပျံ့နှံ့သည်။

ဆိုးသွမ်းမိုက်ရိုင်းသည့် နေရာမှာလည်း ရွှေကျီးညိုက ကန်းကုန်သည်။ နွားပွဲ ကြက်ပွဲမှာ ရန်ဖြစ်လျှင် ရွှေကျီးညို ထန်းရည်ဝိုင်း အရက်ဝိုင်း ဖဲဝိုင်းမှာ ရန်ဖြစ် ရိုက်နှက်လျှင် ရွှေကျီးညို နွားခိုးပေါ်လည်း ရွှေကျီးညိုပါသည်။ လူတစ်ယောက်ကို သူ့မျက်စေ့ထဲမှာ ကြည့်လို့ မရလျှင်၊ ရွှေကျီးညိုက လုမ်းခေါ်ပြီး အသားလွတ် ပါးရိုက်နားရိုက်၍ ကန်ကျောက်ပစ်သည်။ ဒီကိစ္စ မကျေနပ်၍ သူကြီးဦးကျောက်ခဲအိမ်သို့ သွားတိုင်လျှင်၊ သူ့အဖေ သူဌေးဦးကျီးညိုက ငွေထုပ်ပိုက်၍ လိုက်ရှင်းရသည်သာ. . .။

သည့်နောက်. . .ပြဿနာ အကျယ်အကျယ် မဖြစ်ရအောင်၊ သူကြီးကို လာဘ်ထိုးရ၊ တရားလိုကို ချော့ရပေးရသည်၊ မကျေနပ်၊ ကျေနပ်အောင် အကုန်အကျခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် အမှုပေါင်းသောင်းခြောက်ထောင်ကို ရွာသူကြီး ဦးကျောက်ခဲအိမ်မှာပဲ ပြီးပြတ်အောင် ရှင်းရသည့် အကြိမ်ပေါင်းကား မနည်း။

သည်လိုမှ ဖအေလုပ်သူက ငွေထုပ်ပိုက်၍ နောက်ကနေလိုက်မရှင်းနိုင်လျှင် ရွှေကျီးညိုဘဝက အချုပ်နှင့်ထောင်ကို ထာဝစဉ် အိမ်လုပ်၍ နေရဖို့သာရှိသည်။

ခေတ်ကလည်း လွတ်လပ်ရေး မရသေး။

အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေဆဲကာလ. . .။

သူကြီးက တစ်ချက် ငြင်းလိုက်လျှင် ထောင်နန်းစံရသည့် ခေတ်သို့ဖြစ်၍လည်း သူဌေးဦးကျီးညိုက သူကြီးဦးကျောက်ခဲကို အသေအကြေကို ကပ်ထားသည်။ ရွာထဲမှာ ဘုရားပွဲကိစ္စ၊ ဆွမ်းတော်ကြီးတင် ကိစ္စ၊ ရွာလမ်းပြင်ရန် ကိစ္စ၊ ဝါတွင်း ဆွမ်းလောင်းကိစ္စ၊ ကုန်စရာရှိ၍ သူကြီးက လှမ်းကြည့်လျှင် ဦးကျီးညိုက လှူရန်အသင့်ရှိပြီးသား. သူကြီးဖြစ်စေချင်တာ. . .သူက နောက်လိုက်ဖြည့်ပေးနေသည်။

နောင်တော့လည်း. . .ရပ်ရွာထဲမှာ လူကြားကောင်းအောင်သာ ရွှေကျီးညိုတို့ကို ထိပ်တုံးခတ်မည်။ မြို့ဂတ်ပို့၍ ထောင်ချပစ်မည် ကျိန်းဝါးပြောဆိုသော်လည်း တကယ်တန်းကျတော့ သူကြီး ဦးကျောက်ခဲသည် သူဌေး ဦးကျီးညို ကြိုးဆွဲရာ ကရသည့် ရုပ်သေးရုပ်တစ်ရုပ်မျှသာ ရှိခဲ့ရသည်ကို ရွာသူရွာသားတို့ သဘောပေါက်ကြသည်။

ဤကဲသို့ တစ်ရွာလုံး၏ ရွံ့ရှာဖွယ်၊ စက်ဆုတ်ဖွယ်၊ မတင့်တယ်သော ရွှေကျီးညိုဆိုသည့် လူအော့ကြောလန်က တစ်ရွာလုံးရဲ့ အလှဆုံး၊ အချောဆုံး၊ အယဉ်ကျေးဆုံး ကွမ်းတောင်ကိုင် မြထွေးရှင်ဆိုသည့် မိန်းမချောလေးကို အသေအလဲ ကြိုက်တော်မူလေ၏။

မြထွေးရှင်၏ အလှဂုဏ်သတင်းကား ရွာနီးချုပ်စပ်ပါ ကျော်သည့် အလှဖြစ်သည်။ သူမသည် ဝါဂွမ်းနုလို ဖြူသောအသားလည်းရှိ၏။

မည်းမှောင်ဆံကေသာက ဖြန့်ချလျှင် ခါးအောက်ကို ရောက်သည် မျက်နှာမှာ စပယ်တင်မှဲ့ရှိရုံမက. . .သွားတက်လေးပါ အပိုပါနေ





ပြန်တော့ ပြုံးလိုက်တိုင်း ချစ်စရာ စွဲမက်စရာ ကောင်းလွန်းရကား လူတိုင်းကသူ့ အပြုံးကို မြင်လိုကြ၏။

နှင်းဆီဖူးရောင် နှုတ်ခမ်းအစုံသည် စေ့ထားလျှင် ခဲကြောင်းပေါ်၏။ ပြုံးလိုက်လျှင် တကယ့်ကို နှင်းဆီပွင့်ကဲ့သို့ လှ၏။

မြထွေးရှင် ရွာလမ်းမမှာဖြစ်စေ လူမြင်ကွင်းမှာဖြစ်စေ လမ်းလျှောက်လာသည်ကို မြင်ကြရလျှင် ယောကျ်ားတိုင်း ရင်ဖိုရ၏။ အသည်းတလှပ်လှပ်ဖြစ်ရ၏။ စိတ်ကို ချုပ်၍ အံကို ကြိတ်ကြရ၏။ မိန်းမချင်း မနာလို ဖြစ်ရအောင်ကို လှ၏။

အဲဒီလောက်ကို လှလွန်း၍လည်း မြထွေးရှင် ရွာမှာ ကွမ်းတောင်ကိုင်ဘွဲ့ရ၏။ အပျိုခေါင်းများ၏ အရေးတယူ ဂရုစိုက်မှုကို ဦးစားပေးခံရ၏။ ရွာနီးချုပ်စပ်မှ လှပါသည်ဆိုသည့် ကွမ်းတောင်ကိုင်များ မြထွေးရှင်ရောက်လာလျှင် အားလုံး မှိန်ကျသွားရစမြဲရှိ၏။

မြထွေးရှင် မိဘများကလည်း ဒီရွာမှာ ဦးကျီးညိုလောက် မချမ်းသာသည့်တိုင် လယ်ပိုင် ယာပိုင် ထွန်ပိုင် နွားပိုင်နှင့် စားနိုင်သောက်နိုင်ထဲက ဖြစ်သည်။ အချောအလှမှာ ဩချရလောက်အောင် ပြိုင်စံရှားသည့် သမီးတစ်ယောက်ရှိ၍ ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့လည်း သွားလေရာ မျက်နှာပွင့်ကာ ခမည်းခမက်တော်ချင်သူ ယောက်ခမ တော်ချင်သူပေါ်များ မျက်နှာပွင့်နေ၏။

ကိုယ့်ရွာက ကာလသားများရော အခြားရွာက ကာလသားများပါ နေ့စဉ် ရက်ခြားလာလာ ပိုးကြ၏။

လာရောက် ပိုးပန်းသည့် ကာလသား အတော်များများလည်း ရွာကအပြန်မှာ ရွှေကျီးညို တပည့်များ လက်ချက်ဖြင့် ထိပ်ပေါက်ခေါင်းကွဲဖြစ်ကာ မြထွေးရှင်ကို မြင်ချင်လျက် ရှိပါသော်လည်း ကောက်ရိုးပုံစောင့်သည့် ခွေးများ ရန်ကြောက်၍ အိပ်မက် စိတ်ကူးနှင့်သာ အချစ်ကို တင်းတိမ်ရောင့်ရဲ ခဲ့ကြလေသည်။

ရွှေကျီးညိုကား. . .မြထွေးရှင်တို့ အိမ်သို့ နေ့စဉ်နီးပါး အရော



www.burmeseclassic.com

www.burmeseclassic.com



အထွက်လုပ်၏။ ရမယ်အမျိုးမျိုးရှာ၍ ဝင်လေ့ရှိ၏။ ရွာသားများရဲ့ စာဖွဲ့မှု အရ ချောင်းပေါက်လုမတတ် ရှိလေ၏။

ရွှေကျီးညိုသည် မြထွေးရှင်ရဲ့ မိဘနှစ်ပါးဖြစ်သော ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့ကို အသေပေါင်း၏။ တောက်တဲ့ကဲ့သို့ကပ်၏။ အိမ်မြှောင်ကဲ့သို့ စုပ်ထိုး၏။ ဦးဘမောင်တို့ လင်မယားကလည်း ရွှေကျီးညို လူကောင်းတစ်ဦး မဟုတ်မှန်း ကြားဖူးသော်လည်း. . .ရွှေကျီးညိုရဲ့ အဖေ ဦးကျီးညိုသည် ဘုရားတကာ၊ ကျောင်းတကာ၊ သိမ်ဒါယကာ၊ ရွာမျက်နှာဖုံး လူချမ်းသာတစ်ဦး ဖြစ်နေသည့်အတွက် ရွှေကျီးညို အဝင်အထွက်လုပ်သည်ကို သိပ်မငြိုငြင်ခဲ့။

ရွှေကျီးညိုကလည်း အခြားသူများ ရှေ့မှာသာ မိုက်ရိုင်းချင်မိုက်ရိုင်းမည်။ မြထွေးရှင်နှင့် ဦးဘမောင်တို့ ရှေ့မှောက်ရောက်လျှင် အလွန်ယဉ်ကျေးသော ရိုးသား လိမ်မာရေးခြားရှိသော မကောင်းမှုမှန်သမျှ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ လုပ်ထားသူ သူတော်ကောင်းရုပ်မျိုး. . .ပီပီရှိ၏။

မြထွေးရှင်တို့ အိမ်ကိုလာလျှင် အရက်တစ်စက်မျှ မသောက်ခဲ့။ အဲ. . .အဲ. . .အဲဒီအိမ်က ပြန်ခဲ့ပြီဆိုလျှင်တော့ အပေါင်းအသင်းများနှင့် အရက်ဂဖော်များကို သောက်စားပြီး ဒီနေ့ မြထွေးရှင်နှင့်သူ မျက်နှာချင်းဆိုင်ပြီး ဘယ်လို အကြည်ဆိုက်ခဲ့သည်ဆိုသည့် အကြောင်းများကို ပုံကြီးချဲ့၍ ကြွားတော့သည်။

သူ့ နောက်လိုက် တပည့်များဖြစ်ကြသည့် ကပ်တီးမှူးလဲများဖြစ်ကြသော ပေသီး၊ နောက်တိုး၊ သံခဲနှင့် . . .ဝက်ကြေည်တို့ကလည်း ဟုတ်ပါ့. . .စွန်ပါ့. . .တစ်နေ့တော့ ညားဦးမှာ မြင်သေးပါ့. . .စသည်ဖြင့် မြှောက်ပေးချွန်ပေးရင်း အလကားအရက်ကို ညာသောက်ကြလေသည်။

အမှန်တကယ်ကား. . .မြထွေးရှင်သည် ရွှေကျီးညိုကို လုံးဝကြည့်လို့မရခဲ့။ တစ်ရွာထဲသား ငယ်ပေါင်းကြီးဖော်များဖြစ်သော်လည်း ပြောင်စပ်စပ် နိုင်လှသော မျက်ခွက်နှင့် စကားပြောရင် မိုက်မိုက်ရိုင်းရိုင်း





အထက်စီးက တင်စီး ပြောတတ်သည့် ဉာဉ်ဓလေ့၊ ရမ်းကားချင်သည့် စိတ်ဓါတ်များကြောင့် မေတ္တာ လုံးဝမရှိခဲ့။

အဖေတို့ အမေတို့က သူ့အဖေ သူဌေးမျက်နှာကို ကြည့်ပြီး မျက်နှာသာပေးနေ၍ မလွှဲသာမကင်းသာ အလိုက်သင့်ဆက်ဆံနေရခြင်း ဖြစ်ပါသည်။ ဒါကို သူက အခွင့်ကောင်းကြီးလုပ်ပြီး ရွာထဲလှည့် ကြွားနေသည်။ ကြွားသည့် ကိစ္စများလည်း သူမနားသို့ ပြန်ရောက်သည်ချည်း ရှိ၏။

ရွှေကျီးညိုသည်. . .မြို့ပေါ် ဘောလုံးကွင်းဈေးမှ တစ်ခေါက်ပြန်လာခဲ့တိုင်း မြထွေးရှင်အတွက် ထမီအဆင်ဆန်းလှလှများ အင်္ကျီပိတ်သား အကောင်းစားများ၊ ရေမွှေးပုလင်းများပါ ဝယ်လာ၍ လက်ဆောင်ဆိုပြီး အမေမှ တဆင့်ပေးလေ့ရှိ၏။ မြထွေးရှင်က လုံးဝမယူ။

လူကြီးများအတွက်ဆိုပြီး အသားပူး၊ ငါးပူးနှင့် ပေါင်မုန့်၊ ကိတ်မုန့်များ ဝယ်လာလိုက်သေးသည်။ လွတ်လပ်ရေး မရခင် အချိန်ကာလက ဤအစားအစာများသည် သူဌေးများ အရာရှိ အရာခံ မင်းစိုးရာဇာများသာ စားနိုင်သည့် အစားအစာများဖြစ်၏။

သင်းက လူကြီးများလစ်လျှင်. . .မြထွေးရှင်ကို ရည်းစားစကားက ပြောလိုက်သေးသည်။ မြထွေးရှင်က သူ့ရဲ့ သရဲရုပ်ပေါက်နေသည့် မျက်နှာကို အလန့်တကြားကြည့်ရင်းမှ ကျွန်မ. . .ဒါ. . .တွေ. . .မစဉ်းစားသေးဘူး. . .ကိုရွှေကျီးညိုဟု. . .တုန်တုန်ရီရီနှင့် ပြောရတော့သည်။ ထိုအခါ သင်းက စဉ်းစားသည့်နေ့များ ရောက်ခဲ့လျှင် ကိုရွှေကျီးညိုကို ဦးစားပေးစဉ်းစားပါ မြထွေး. . .ရယ်ဟု ရုပ်နှင့်မလိုက်အောင် ပလီချွဲချွဲလိုက်သည်။

သည့်လိုနှင့် သိပ်မကြာခင် ကာလအတွင်း. . .။

ရွှေကျီးညိုရဲ့ အဖေ သူဌေးဦးကျီးညိုသည် အရပ်လူကြီးအချို့နှင့် မြထွေးရှင်တို့ အိမ်သို့ ရောက်ချလာခဲ့သည်။

အကြောင်းကား. . .

သားလုပ်သူ မောင်ရွှေကျီးညိုက. . .မြထွေးရှင်ကို စုံမက်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



လုပါသဖြင့်. . .လူကြီးချင်းပြောဆိုစေ့စပ် တောင်းရမ်းစကားဆိုပေးပါဆို၍ အရပ်လူကြီး ရပ်မိရပ်ဖများနှင့် လာရောက် စကားကမ်းလှမ်းရပါကြောင်း သူဌေးဦးကျီးညိုက ဆိုလာခဲ့သည်။

သည်စကား မမျှော်လင့်ပဲ ကြားလိုက်ရတော့ မြထွေးရှင် ရင်တွေ နှလုံးတွေ တုန်ခါလှိုက်ဖို သွားခဲ့ရသည်။

တစ်ရွာလုံးရဲ့ မျက်နှာဖုံး၊ ကျိုကျိုတက်အောင် ချမ်းသာသည့် ရွာသူဌေးက သာမန် လက်လုပ်လက်စား လယ်သမားတစ်ဦး၏ သမီးကို လာရောက် တောင်းရမ်းစကားဆိုသည့်သတင်းသည် နောက်နေ့. . .ရွာထဲမှာ ဟိုးဟိုးကျော်သွားတော့သည်။

ဦးကျီးညိုက သူ့သားနှင့် ဦးဘမောင်သမီး မြထွေးရှင်တို့ ညားခဲ့လျှင် ရှိရှိသမျှ လယ်ယာဥစ္စာစည်းစိမ်အားလုံးကို လွှဲအပ်မည်။ အရပ်လူကြီးများရှေ့မှာ ဂတိစကားဆိုခဲ့သည်။

ဦးကျီးညိုသည် တစ်ဦးတည်းသော သားကြီး မောင်ရွှေကျီးညိုကို ရွှေဥတစ်လုံးကဲ့သို့ တန်ဘိုးထား၏။ ချစ်မြတ်နိုး၏။ ဘယ်သူတွေက သူ့သားကို အရပ်ဆိုး အကျည်းတန်လှသည်ဟု ကဲ့ရဲ့စကားဆိုကြစေကာမူ ဦးကျီးညို မျက်စေ့ထဲမှာ သူ့သား ရွှေကျီးညိုသည်. . .ယဥ်စစနှင့်လှနေသည်။

ရွှေကျီးညို အလိုရှိရာ ပူဆာသမျှကို ဟိုးငယ်ငယ်ကတည်းမှသည် ယနေ့တိုင် လုပ်ပေးနေဆဲ. . .အခုလည်း ရွာထဲက ကွမ်းတောင်ကိုင် အလှမင်းသမီးလေး ကြွေရုပ်လေး. . .မြထွေးရှင်ကို အရှင်လိုချင်ပါသည်ဆို၍ သူစည်းစိမ်နှင့် ပုံအောရန် ရောက်ခဲ့ပါပြီ. . .

ဒီကလေးမလေးရဲ့ ယဥ်ကျေးသိမ်မွေ့သောသတင်း လှပချောမွေ့သည့်သတင်း လိမ်မာရေးခြားနှင့် တွက်ရေးချက်ရေး အိမ်မှုလက်မှုပညာကောင်းသည့် သတင်းများကို ဦးကျီးညို နားမျက်စေ့နှင့် ကိုယ်တိုင် သိမြင်ကြားရသည်။

အမှန်အတိုင်းပြောရလျှင် သည်မိန်းကလေးကို ချွေးမတော်ချင်





နေသည်မှာ သူ့သားထက်သူက ပိုကဲသည်။ ရွှေကျီးညို မလိမ်မာမှန်း သူသိပါသည်။ သို့သော် ကျုပ်သားက လူမိုက်ဗျဟု ဘယ်မိဘမှ မဆိုကြ။

သည်သား အိမ်ထောင်ကျသွားခဲ့လျှင် ခြေငြိမ်လိမ့်မည်ဟု သူကယုံကြည်သည်။ ခြေငြိမ်အောင် လုပ်နိုင်သူသည်လည်း ဒီအချောအလှလေးသာ ဖြစ်လိမ့်မည်ဟု မှတ်ယူသည်။ သို့ဖြစ်၍ ကြားလူအောင်သွယ်မျှ မနိုင်းပဲ၊ ကိုယ်တိုင် လူကြီးများနှင့် လာရောက်စကားဆိုရခြင်း ဖြစ်သည်။

ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့ကလည်း ရွာမျက်နှာဖုံး သူဌေးမင်းကိုယ်တိုင် ယခုလို ရပ်ရွာလူကြီးလူကောင်းများနှင့် လာရောက်ကမ်းလှမ်းစကားဆိုလာတော့ ဝမ်းသာလွန်းလှ၍ ချက်ချင်းပင် ပေးစားပစ်လိုက်ချင်ပါသော်လည်း ကိုယ်က သမီးရှင် ဖြစ်နေ၍ နည်းနည်း အိုက်တင်ခံထားလိုက်သည်။

ကျွန်မတို့ကတော့ အထူးပြောစရာမရှိပေမင့် သမီးရဲ့ဆန္ဒကမည်သို့ရှိနေမှန်းမသိ၍ သမီးကို မေးစမ်းနားချပြီး အဆင်ပြေအောင် ကြိုးစားပါ့မယ် အကိုကျီးညိုရယ်ဟု. . .စကားလှအောင် ပြောခဲ့ရာ သူဌေးဦးကျီးညိုကလည်း ဒီလောက်ကြားရယုံမျှနှင့် အူရော ကလီဇာရော ပြောင်းလန်အောင် ဝမ်းသာသွားခဲ့သည်။

သူဌေးဦးကျီးညိုတို့ ပြန်သွားသည့် နောက်ပိုင်းမှစ၍ မိဘများက မြထွေးရှင်ကို နေ့စဥ်နားချသည်။ အဖေတစ်ခု သားတစ်ခုနှင့် အကြီးအကျယ်ချမ်းသာသည့်အကြောင်း၊ သည်လို သူဌေးသားနှင့် ညားခဲ့လျှင် သမီးဘဝ ရှေ့လျှောက် အပူအပင်ကင်းစဥ်စွာဖြင့် တစ်သက်လုံး ကောင်းစားမည့်အရေးကို စပါးတွက် တွက်သလို တွက်ချပြသည်။

မြထွေးရှင်က မိဘများရဲ့ အတွင်းသဘောကို ရိပ်မိ၍ အလိမ်မာနှင့် ငြင်းပယ်လိုက်သည်။ သူမ ငယ်ပါသေးသည်။ အပျိုဘဝမှာ နေရတာပျော်နေသည်. . .။ သမီးအချစ်ရေး အိမ်ထောင်ရေးကို စိတ်မဝင်စားသေးပါ. . .ဟူ၍. . .

အမေကလည်း မဆုံလိုက်နှင့် ဆုံလိုက်သည်နှင့် ရွှေကျီးညိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်ရေးကိစ္စ မာတ်ပြားဟောင်း ပြန်ပြန်ဖွင့်သည်။ ဒီမာတ်ပြားသီချင်းနားမထောင်ချင်ပါဘူး၊ မကြိုက်ပါဘူးဟု ဆိုလိုက်တော့ ညည်းမှာ ရည်းစားရှိနေလို့လားတဲ့. . .မေးပြန်ရော။

ချော့မော့သည်လည်း ရှိသည်။ လှန့်မေးသည်လည်း ရှိသည်။

မြထွေးရှင်က 'မရှိပါဘူး အမေရယ်လို့ပြောတော့ ပွင့်တော်မူကုန်သော ဘုရားများနှင့် ကျိန်ဆိုင်းနေ၍ အမေသမီးကို စိတ်ညစ်လာအောင် မလုပ်နဲ့နော်လို့ မျက်နှာထားနှင့် ပြောလိုက်မှ အမေငြိမ်သွားတော့သည်။

မြထွေးရှင်က လူတစ်မျိုး၊ သူမကို ချော့ပြော ချော့မေး ချော့ကျွေး ကြိုက်သည်၊ လက်ခံသည်၊ နိုင်လို မင်းထက် သဘောမျိုး၊ အဓမ္မသဘောမျိုးလုပ်လာလျှင် ဘယ်သူ့ဩဇာမှ မနာခံ။ ရွဲ့ပြီး ထင်ရာတော်ရာ လုပ်ပစ်သည့် အကျင့်ရှိသည့် ဒီသဘောကို သိ၍ အမေက ငြိမ်သွားခြင်းဖြစ်သည်။

ဒီမှာ ရွှေကျီးညိုက မြထွေးရှင် သူ့ကို ဘာကြောင့် လက်မခံနိုင်ရတာလဲဆိုသည့် အချက်ကို စဉ်းစားသည်။

အရက်သောက်လို့၊ ဖဲရိုက်လို့၊ ရန်ဖြစ်လို့. . .ဒါတွေက တစ်နေ့ကျရင် ပျောက်သွားနိုင်သည့် ကိစ္စ. . .

ဒါဖြင့် ရုပ်မချောလို့၊ ပညာမဲ့လို့၊ အသားမည်းလို့. . .

အို. . .ဒီအရာအားလုံးကို သူ့အဖေရဲ့ နှောင်ဆယ်သက်စားမကုန်နိုင်သည့် ချမ်းသာမှုနှင့် ဆေးကြောဖုံးလွှမ်းပစ်လို့ရသည်။ ဒါကို. . .အားလုံးက သဘောပေါက်ကြသည်။ သို့သော်. . .သဘောမပေါက်တာက မြထွေးရှင် ဘာကြောင့် မြထွေးရှင် ဆန့်ကျင်ချင်ရတာလဲ။

ဒီကိစ္စ ပိုက်စိပ်တိုက်၍ စဉ်းစား အဖြေရှာလိုက်သောအခါ မသက်ာစရာအဖြစ် လွှန်းမောင်ဆိုသည့်အကောင်ကို ဘွားခနဲ သွားတွေ့ခဲ့ရသည်။

လွှန်းမောင်ဆိုသည့် အကောင်က ဒီဆေးလုံးကြီးရွာ ငယ်မွေးခြံပေါက်မဟုတ်။ ပြည်တော်သာကန်ရေသောက်ပြီး လူဖြစ်လာသည့်





အကောင်မဟုတ်၊ သင်းက တစ်ရွာသား၊ မြောင်းမြဘက်ကလိုလို လပွတ္တာဘက်ကလိုလို ပြောသံကြားသည်။

သူက မြထွေးရှင်တို့ အိမ်က လယ်သူရင်းငှား အလုပ်သမား၊ တစ်ခုတော့ပြောစရာရှိရဲ့။ လူက အသားလတ်လတ်နှင့် ရုပ်ရည်ကလေးသနားကမားရှိ၏။ လူပုံကလည်း ရိုးပုံရိုးလက်ဖြစ်၏။ အလုပ်မှတစ်ပါးအပျော်အပါးနည်း၏။

မိုးတွင်း လယ်ဆင်းချိန်မှာ လယ်သိမ်းချိန်အထိ ကွင်းထဲမှာ သူကအနေများပြီး စပါးသိမ်းပြီးချိန်မှ စလို့. . .ဦးဘမောင်တို့ အိမ်ရှိရာ ရွာထဲသို့ ပြန်ဝင်လေ့ရှိသည်။ သည်လိုနှင့် လွှန်းမောင်ဆိုသည့်ကောင် ဒီရွာမှာ အခြေချခဲ့သည်မှာ သုံးလေးမိုးခန့်ရှိပြီ။

မြထွေးရှင်က လွှန်းမောင်ကိုတော့ ပရောပရီလုပ်သည်။

လွှန်းမောင်ကလည်း နွေရာသီ မြထွေးရှင်တို့၏ ခြံဝိုင်းမှာ နေရသည့် အချိန်တလျှောက် သောက်ရေချိုးရေကအစ ခပ်ပေးသည်။ ထင်းမီးကိစ္စ၊ နောက်ဘက်ခြံထဲက နွေယာခင်းလေးကိစ္စအထိ ကိုယ့်အိမ်ကိုယ့်ခြံကဲ့သို့ ဖိဖိစီးစီး လုပ်ကိုင်ပေးခဲ့သည်။

အစစအရာရာ မျက်နှာလွှဲလို့ရအောင် စိတ်ချရ၍ ဦးဘမောင်တို့လင်မယားက သွေးမတော်သားမစပ်သည့်တိုင် လွှန်းမောင်ရဲ့ အလုပ်အကိုင် အနေအထိုင်ကို သဘောကျသဖြင့် တူသားတစ်ယောက်လို အားကိုးရပါပေသည်ဟု ချီးမွမ်းခဲ့သည်လည်းရှိ၏။

မြထွေးရှင်သည် သူနှင့် မတိမ်းမယိမ်းရှိသည့် လွှန်းမောင်အပေါ်ကို ဖော်ရွေလွန်းသည်။ အတိမ်းအညွတ်ရှိသည်၊ အပြုံးအရယ် အရွှင်အနောက်ကလေးများနှင့် ဆက်ဆံသည်ကို ရွှေကျီးညို မကြာခဏ မြင်ရဖူးသည်။

တစ်ခါတစ်ရံ ရွှေကျီးညိုကို တမင်ရွဲ့၍ ဆက်ဆံပြနေသယောင်ပြု၏။ တစ်ကြိမ်မှာတော့ ရွှေကျီးညိုက ရင်ထဲမှာ မခံချိမခံသာ ရှိလွန်း၍ နင်နဲ့. . .လွှန်းမောင်နဲ့က ဘယ်လိုလဲ. . .'ဟု မေးလိုက်ရာ မြထွေးရှင်က 'ဘယ်လိုမှ မဟုတ်ဘူး. . .ဟုတ်တော့ရော ရှင်နဲ့ဘာဆိုင်လဲ. . .အနေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို'ဟု ကက်ကက်လန် မပြစ်ယုံတမယ် ပြောလွှတ်လိုက်ဖူး၏။

တစ်ရွာလုံး အမြင်မှာတော့ တစ်နေ့နေ့တစ်ချိန်ချိန်ကျလျှင် မြထွေးရှင်နှင့် ရွာသူဌေး ရွှေကျီးညိုတို့ ဒီဆေးလုံးကြီးကျေးရွာမှာ အကြီးအကျယ် မင်္ဂလာဆောင်၍ ယူကြလိမ့်မည်၊ လက်ထပ်ကြလိမ့်မည်ဟု မှတ်ယူထားကြသည်။

ဘယ်နေ့လဲဆိုတာ ကျိန်းသေ မပြောနိုင်ပေမင့်၊ တစ်နေ့မဟုတ်တစ်နေ့ပဲဟု တွက်ထားပြီးသား အားရပါးရ တွယ်ကြ စားကြဖို့လည်း ပါးစပ်ခံတွင်း အသင့်ပြင်ပြီးသား. .

ရွှေကျီးညိုကလည်း သူနှင့် မြထွေးရှင် မင်္ဂလာဆောင်လျှင် မြို့ပေါ်မှ တီးဝိုင်းကို ငှားထည့်မည်တဲ့. . .မင်္ဂလာဦးညမှာ သူ့အပေါင်းအသင်းအားလုံးကို မထနိုင်အောင်တိုက်၍ စိတ်ကြိုက်ဧည့်ခံမည်ဟု ရွှေကျီးညိုက အရက်ဝိုင်း၊ ထန်းရည်ဝိုင်း ကြုံတိုင်း ဂတိစကား စရံသပ်လေ့ရှိသည်။

သို့ကလို. . .တစ်ရွာလုံးမှာ ဟိုးလေးတကြော်ကြော် ပြောနေအကဲခတ်နေသည့်အချိန်. . .

ရွှေကျီးညိုဆိုသည့် သူဌေးသားက သဲဖြူခင်း ရာဇမတ်ကာ၍ တစ်သောင်းတန် ဒေါင်းအလံစိုက်ထားသည့် ကွမ်းတောင်ကိုင် ဖနီးလောင်းကိုမှ ဘာမဟုတ်သည့် အမှတ်မရှိ၊ လမ်းမရှိ၊ အိမ်ခြေရာခြေမရှိ၊ လယ်သူရင်းငှား အညတြ၊ မိမရှိ၊ ဖမရှိ ကလေကဝကောင်က ခိုးပြေးသွားသည်ကို ရွှေကျီးညို အတိအကျသိလိုက်ရသောအခါ. . .။

ဒါ. . .ရှင်ဘုရင် (သို့) အိမ်ရှေ့မင်းစားမည့် ပွဲတော်အုပ်ကို ခွေးဝင်စားသည့် အဖြစ်မျိုးဟူ၍ လည်းကောင်း. . .

အနူလက်နှင့် ရွှေခွက်ကိုင်သည့် အရုပ်ဆိုး အကျည်းတန်မြင်ကွင်းဟူ၍ လည်းကောင်း. . .ကျားဖင်. . .ခွေးကိုက်သည့် ဘဝဟူ၍ လည်းကောင်း၊ အမျိုးမျိုး ဥပမာများ ပေး၍ ရွှေကျီးညိုရဲ့ ဘဝကို ပုံဖော်ကြတော့သည်။

အခု ရွှေကျီးညို. . .





ဒသဿဂီရိဘီလူးလို. . .ဒေါသကြီးခဲ့ပြီ

တာနောယက္ခဘီလူးလို. . .ရင်ကွဲနာကျခဲ့ပြီ. . .။

ရင်ထဲမှာ အချစ်မီးတောင်များ မဆံမကဲ ပေါက်ကွဲကာ တဝုန်းဝုန်း တဩမ်းဩမ်းမြည်ဟီးနေသည်။ သူ့ခါးကြားမှ ဓားမြှောင်ကို လက်နှင့် စမ်းရင်း ဆုံးဖြတ်ချက်ချလိုက်သည်။

ငါ့အသည်းကို မွမွကြေအောင် လုပ်ခဲ့သည့် ငါ့မျက်နှာကို ရွာထဲရပ်ထဲ မျက်နှာ မပြရဲအောင်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင် လုပ်ရက်ခဲ့သည့် လွှန်းမောင်ဆိုသည့် လူလွှန်မသားကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သုတ်သင်ပစ်ရမည်. . .

သူကိုယ်တိုင် မထိရက်ခဲ့. . .မတို့ရက်ခဲ့၊ နမ်းရင်တောင် ကြေမှာစိုးလို့ အဝေးက ထိုးမိုးပြီး. . .အရိပ်တကြည့်ကြည့် စောင့်ကြည့်မျှော်လင့်ခဲ့ရသည့် ချစ်ပန်းတစ်ပွင့်သည်. . .ခုတော့. . .နေသင့်ခဲ့ပြီ။

ဆေးလုံးကြီးနှင့် နီးသည့် ရွာများကား အရှေ့မှာ ချောင်းစောက်အနောက်မြောက်မှာ စစ်ပင်ကွင်း၊ အနောက်မှာ တာဝ၊ အရှေ့တောင်မှာ သူဌေးကွင်း၊ ပုလဲ. . .သုံးခွ. . .

ဦးစွာ စစ်ပင်ကွင်းရွာသို့ အလျှင်လာလိုက်သည်။

စစ်ပင်ကွင်းမှာ ရွှေကျီးညိုတို့တွဲဘက် လူမိုက်သံခဲရှိသည်။ သံခဲသည် ရွှေကျီးညိုတို့ သုံးယောက်ကို မြင်လိုက်သော် အိမ်ပေါ်မှ ဝမ်းသာအားရ ပြေးဆင်းကြိုပြီး အရက်သွားဝယ်၍ အိမ်ပေါ်မှာ ပြုစုသည်။ သံခဲဆေးလုံးကြီးကျေးရွာ ရောက်လျှင်လည်း. . .ရွှေကျီးညိုတို့က လိုလေသေးမရှိ ပြုစုသည့် ကျေးဇူးကရှိသည်။

''စောစောစီးစီးကြီး ဘာအကြောင်းများ ပေါ်လာလို့လဲ ရွှေကျီးညို'' လူမိုက်သံခဲက အရက်ငှဲ့ပေးရင်းမှ မေးလိုက်သည်။

''မင်း. . .ဆေးလုံးကြီးကရွာက. . .ဦးဘမောင် သူရင်းငှား လွှန်းမောင်ကို သိတယ်မို့လား. . .သံခဲ''

''သိပါတယ်. . .ဟို အဲသားမဖြူမညိုနဲ့. . .မြောင်းမြက ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလား . .သူက အခု ဘာဖြစ်နေလို့လဲ. . .''

''အဲဒီ လွန်းမောင်ဆိုတဲ့ကောင်. .ညက. . .မင်းတို့ရွာကို လာသေးလား''

''ဒါတော့. . .ငါ သတိမထားမိဘူး ရွှေကျိုးညို''

''မြထွေးရှင်ကော မင်းသိပါတယ်နော်. . .''

''သူတော့ မသိပဲ နေမလားကွ. . .ကွမ်းတောင်ကိုင် အချောအလှ ဥစ္စာ. . .ပြီးတော့. . .အပျိုး. . .''

''ဘာ. . .အပျိုးလဲ''

''အဲ. . .အဲ. . .ဒီလိုပါဟ. . .မင်းနဲ့ ထိမ်းမြားပေးစားဖို့ လူကြီးချင်း စကားကမ်းလှမ်းထားသော. . .မရေမရာ မသေမချာ. . .ဇနီးလောင်းလေးလေ. . .ဘာလဲ. . .အခု. . .သေချာသွားပြီမို့. . .ဖိတ်စာလာပို့နိုင်းတာလား ဟား. . .ဟား. . .ဟား. . .ဟား''

လူမိုက်သံခဲက အရက်ကလေးဝင်လာပြီဆိုတော့ လာရင်းအခြေအနေကို မသိပဲ ကိုယ်ထင်ကြေးနှင့် ကိုယ်ပြောပစ်လိုက်သည်။ ရွှေကျိုးညိုယခင်အချိန်ဆိုလျှင် ဒီစကားအတွက် အရက်တစ်လုံးလောက် ဂုဏ်ပြုနိုင်သော်လည်း အခုတော့ အခ်ရခက်လွန်း၍ လက်ထဲမှ သောက်လက်စအရက်ဖန်ခွက်ကို ပေါက်ခွဲပစ်လိုက်သည်။

''ထွီ. . .ဖိတ်စာ လာပို့နိုင်းတာ မဟုတ်ဘူးကွ. . .လိပ်ပြာ နှုတ်နိုင်းမလို့''

ရွှေကျိုးညို ဒေါပွသွားမှန်း သိသောအခါ၊ လူမိုက်သံခဲက ရယ်မောခြင်းကို ရုတ်ချည်းရပ်လိုက်ပြီး အံ့သြသော မျက်လုံးအစုံနှင့် ရွှေကျိုးညိုလက်ကို ကိုင်လှုပ်၍ မေးလိုက်သည်။

''လိပ်ပြာ နှုတ်နိုင်းမလို့. . .ဘယ်သူ့လိပ်ပြာလဲပြော. . .''

''လွန်း. . .မောင်. . .ဆိုတဲ့ ကောင်ရဲ့. . .လိပ်. . .ပြာ. . .ပဲ''

''လွန်းမောင်. . .နေပါအုံး. . .မင်းနဲ့ လွန်းမောင် ဘာရန်ညိုးရန်ဆက်များ ရှိနေလို့လဲ. . .ရွှေကျိုးညိုရာ မောင်ရင့်ဟာကလည်း. . .''





ရွှေကျိုးညိုက ဒုံးဝေးလှသည့် သံခဲရဲ့ မျက်နှာကို အားမရသလို ရွံရှာသလို ကြည့်ရင်း. . .

''ဒီကောင်. . .ငါနဲ့ ကြောင်းလမ်းထားတဲ့ မြထွေးရှင်ကို မျှားယောင်းသွေးဆောင် ခေါ်သွားလို့ပဲ. . .တောက်. . .ထွီ. . .''

''ဟယ်. . .ဒီကောင် ရာဇဝတ်အိုး ဒုတ်နဲ့ထိုးတာပါလား။ ဒါဆိုနေအုံး။ ငါ အခုချက်ချင်း စုံစမ်းခိုင်းလိုက်မယ်. . .ဟေ့ ချက်ကြီးနဲ့ မြမောင်''

လူမိုက်သံခဲက သောက်နေရာမှ ထပြီး ခြေရင်းအိမ်ဘက်သို့ လှမ်းအော်လိုက်သည်။ သံခဲရဲ့ ခေါ်သံကြောင့် ခြေရင်းအိမ်ထဲမှာ ဆံပင်စုတ်ဖွား မျက်နှာဖေါ်အစ်အစ်နှင့် လူနှစ်ယောက် ပြေးထွက်လာကြသည်။

''ခေါ်လား. . .ဆရာသံခဲ''

''အေး. . .လာကြပါအုံး''

ချက်ကြီးနှင့် မြမောင်လည်း စစ်ပင်ကွင်း လူမိုက်များဖြစ်သည်။ သူတို့နှစ်ဦးစလုံး လူမိုက်သံခဲ၏ လက်ကတုံး တောင်ဝှေးတပည့်အရင်းများဖြစ်ကြသည်။ ဇက်ရဲ လက်ရဲရှိသည်။ အကင်းပါးသည်။ လူရေနပ်သည်။ ဘာအလုပ်ကိုဖြစ်ဖြစ် လုပ်ရန် ဝန်မလေးသူများ ဖြစ်သည်။

''ပြော. . .ဆရာသံခဲ. . .ကျုပ်တို့ ဘာလုပ်ပေးရမလဲ''

''မင်းတို့နှစ်ယောက် ရွာထဲကိုသွား. . .ဆေးလုံးကြီးက လွန်းမောင်ဆိုတဲ့အကောင်နဲ့ မြထွေးရှင်ဆိုတဲ့ မိန်းမလှတစ်ဦး ညက ဒီရွာကို လာကြသလား စုံစမ်း။ ရှိရင်. . .ရှိတဲ့အိမ်ကို အသေအချာမှတ်ခဲ့။ မရှိလို့ ထွက်သွားပြီဆိုရင်လည်း. . .ဘယ်ကိုသွားတယ်ဆိုတာ အတိအကျမေးခဲ့။ သွား မြန်မြန်''

လူမိုက်သံခဲက တပည့်နှစ်ဦးကို အရက်ထစ်ခွက်စီတိုက်လိုက်သည်။ ချက်ကြီးနှင့် မြမောင် အရက်ကို တစ်ရှိန်ထိုး မော့ချလိုက်ပြီး စစ်ပင်ကွင်းရွာထဲသို့ သုတ်ခြေတင် ဝင်သွားကြသည်။

သံခဲက ဖြစ်ကြောင်းကုန်စင်ကို မေးသဖြင့် ရွှေကျိုးညိုက နောက်ဆုံး. . .နတ်သံနှော၍ ငိုချင်းပါချသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စဉ်းစားကြည့်စမ်း သံခဲရာ၊ မြထွေးရှင်နဲ့ ငါနဲ့ လူကြီးချင်း ကမ်းလှမ်းပြီး တစ်နေ့ပေးစားကြဖို့ စီစဉ်ထားတာ ရပ်သိရွာသိပါကွဖွီ. . .ဒီရပ်ဒီရွာတင် မဟုတ်ပါဘူးကွာ၊ ဟိုရွာ ဒီရွာပါ အသိပါ. . .အေ့. . မင်းတို့ သိတဲ့အတိုင်း ငါက. . .ခြောက်ပြားတစ်ပဲကောင် မဟုတ်ဘူး။ ငွေ ငပွေး ဖွတ်ကျား မဟုတ်ဘူး။ သူဌေးသားပါ. . .ရွှေဒင်္ဂါးကို ထွေခင်း ကစားနိုင်တဲ့ကောင်ပါ။ နာမည်တစ်လုံးနဲ့ နေတဲ့ကောင်။ ဒါကို ဒီမိန်းမက ဥပက္ခာပြုပြီး. . .ဘာမဟုတ်တဲ့. . .ဘယ်က အကောင်မှန်းမသိတဲ့. . .ရေမျောကမ်းတင်. . .ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် သူရင်းငှားနဲ့ လိုက်ပြေးရတယ်လို့ကွာ. . .တောက်. . .ရင်နာလိုက်တာ သံခဲရာ. . .ငါ ရင်နာလွန်းလို့ပါ. . .ဟီး. . .ဟီး. . .ဟီး. . ."

ရွှေကျီးညိုသည် အရက်မူးမူးနှင့် ငိုတော့သည်။ သံခဲသည် သူငယ်ချင်းရဲ့အဖြစ်ကို ကြားရသောအခါ လုံးဝစိတ်မကောင်း၊ ရွှေကျီးညိုတပည့် နှစ်ဦးဖြစ်သည့် ပေသီးနှင့် နောက်တိုးတို့ကား သူတို့ဆရာကို ငေး၍ ကြည့်နေကြ၏။

သူတို့ဆရာ ရွှေကျီးညိုသည် လူကသာ အရုပ်ဆိုးအကျည်းတန်သော်လည်း အသည်းနှလုံးကား မြထွေးရှင်ပေါ်ကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် ချစ်ပါကလားဆိုသည်ကို လက်တွေ့မြင်ရသောအခါ ဆရာနည်းတူ ရင်ထဲမှာ နာကျင်မှု ကူးစက်လာခဲ့သည်။

"ဟိုကောင်. . .လွန်းမောင်ကို ငါ ဒေါသအထွက်ဆုံးပဲ သံခဲရ၊ မင်းစဉ်းစားလကွာ. . .ဒီမိန်းမသည် ငါပိုင်သည့် ပစ္စည်းအဖြစ် ထုံးတို့မှတ်သားပြီးမှန်း ဒီကောင်လည်း သိတယ်. . .၊ သိရက်သားနဲ့ကို ငါ့ကို သောက်ဂရုမစိုက်ဘူး ဆိုတဲ့သဘောနဲ့ ဓော်ကားလိုက်တာကွ၊ ဒီမှာဟေ့ ရွှေကျီးညိုဆိုတဲ့ကောင်ကို အသည်းကွဲအောင်လုပ်ရင် မျက်ရည်ကျအောင်လုပ်ရင် ရင်နာအောင်လုပ်ရင်. . .အဲဒီလိုကောင်မျိုးကို ရွှေကျီးညိုက အမှုန့်ချေပစ်မယ်. . .ဒီကောင့်ကို ငါတို့ မြေလှန်ရှာရမယ်. . .ဒီဘဝမှာ အပြတ်ရှင်းလို့ မရရင်. . .နောင်ဘဝပါ. . .အပြတ်လိုက်ရှင်းမယ်. . .ရွှေကျီးညိုကွ





ရွှေကျီးညို. . .ကိုင်းကွာ. . ."

"ခွမ်း. . ."

"ဂလွမ်. . ."

"အေ့. . .ဝေါ့"

"ဖွီ. . ."

ရွှေကျီးညို ခံစားချက်များ ပေါက်ကွဲပြီး ဒေါသမုန်တိုင်းထန်လာသည်။ ဒုတိယမြောက် အရက်ခွက်ကို ပေါက်ခွဲလိုက်ပြန်သည်။ လူမိုက်သံခဲပင် မျက်ခုံးတွန့်လာခဲ့ရသည်၊ အိမ်ပေါ်မှာလည်း. . .အရက်သောက်ဖန်ခွက်အကွဲနှင့် အရက်များ ဖိတ်စဉ် ကျဲပြန့်နေသည်။

"စိတ်ကို ထိန်းပါ သူငယ်ချင်းရာ. . .အချိန်ရနိုင်ပါသေးတယ်"

"အချိန်. . .ဘာအချိန်လဲ. . .ကြွေပြီးမှ ပန်ရမဲ့အချိန်လားကွ. . ထွီ"

"ခုနေ. . .မင်း. . .မြထွေးရှင်ကို ပြန်ရရင်. . .မယူဘူးတဲ့လား. . ပြော. . ."

သံခဲက သို့ကလို မေးလိုက်တော့ ရွှေကျီးညို ငြိမ်ကျသွားသည်။ ရွှေကျီးညို မြထွေးရှင်ကို ရင်နှင့်အမျှ ချစ်သည်။ မျက်စေ့အောက်က အပျောက်မခံချင်လောက်အောင်ကို ချစ်သည်။

သံခဲပြောသလို အခု မြထွေးရှင်ကို ပြန်ရခဲ့ရင် သူ့ရင်ဘယ်သို့ရှိမှာလဲ. . .

အင်း. . .အကြွေပန်းပေမင့် ရွှေနန်းတော့ ထိုက်အောင် လုပ်ရမှာပေါ့. . .

ဒီမိန်းကလေးကို သူတစ်သက်တစ်ဘဝမှာ တစ်ခါ၊ အဲဒီတစ်ခါမှာ နှစ်လွှာပေါင်းမှတစ်ရွက် စွယ်တော်ရွက်လို သူချစ်သည်၊ သတ်မှတ်သည်။

သူမမှလွဲ၍ ရင်ထဲမှာ အစားထိုးရမည့်သူ၊ နှလုံးသွင်းရမည့် သူမရှိ . .



www.burmeseclassic.com

www.burmeseclassic.com



ခတော့. . .အညွန့်တလူလူတက်ဖို့ စင်ထိုးပြီး စောင့်ကြည့်ခဲ့ရသည်။ အလုပန်းတစ်ပွင့် မရင့် မဝါ မခြောက်ပဲ. . .ညှိုး၍ ကြွေခဲ့ရပြီ. . .

အကြွေပန်းဘဝရောက်မှ စွန့်ပစ်ကဲ့ရဲ့ ရှုံ့ချ ဥပက္ခာပြုလိုက်ရလျှင် အချစ်ရာဇဝင်တစ်လျှောက်လုံး တစ်သက်တစ်ခါ၊ တစ်လွှာတစ်ရွက် တစ်ခက်တစ်ပွင့် ချစ်ခဲ့ရသည့် သူ့ရင်ထဲက သည်းထန်သော တရှိုက်မက်မက် အချစ်သည် 'အချစ်တု'ဖြစ်သွားခဲ့လိမ့်မည်။

ဘာပဲဖြစ်ဖြစ် ရင်လို့ဝါပါစေ၊ လေခ၍ မြေသို့လဲကျကျ၊ ပန်းခြောက်လေးဘဝရောက်သည့်တိုင်. . .သူသည် ပန်းအကြွေခြောက်ကလေးကို ဖွဖွလေးကောက်၍ ရင်ထဲပွေ့ပိုက်ကာ မြတ်နိုးနေဦးမည်သာ. . .

ဒါသည် ထာဝရနိုင်ကျည်နေမည့် ရင်ထဲက အချစ်သစ္စာတရား ဒဿဂီရိပါးကို မယ်သီတာ မနမ်းခဲ့သည့်တိုင်. . .မယ်သီတာရဲ့ အရိပ်အနားမှာ နေခွင့်ရလျှင် ဒဿဂီရိ အသက်စွန့်ရကျိုး ရင်းရကျိုး နပ်၍ သေပျော်ပါသည်။

"ငါ မေးတာ ပြောလေကွာ. . .မင်း. . .အခု ပြန်ရရင် ယူမှာလား"

"သူဟာ ငါ့ဘဝမှာ အစားထိုးမရတဲ့ အနှိုင်းမဲ့ ချစ်သူပါ သံခဲရဲ့အေ့"

"ဒါဆို. . .ပြီးရောပေါ့ကွာ. . .မျက်ရည်ကျမနေစမ်းပါနဲ့. . .ချအေ့. . .ဝေ့ါ"

ထိုစဉ် စုံစမ်းခိုင်းလိုက်သည်။ ချက်ကြီးနှင့် မြမောင်တို့ ရွှေသံရွဲရွဲနှင့် အိမ်ပေါ်တက်လာကြသည်။ သံခဲကလည်း တပည့်နှစ်ဦးကို အမောပြေ. . .အရက်တစ်ခွက်စီ လှမ်း၍ ကမ်းလိုက်သည်။

ချက်ကြီးနှင့် မြမောင်ကလည်း အရက်ကို မကြိုက်ရှာ၊ ဇတ်ခနဲ လှမ်းယူပြီး ရေသောက်သလို သောက်ချ၍ အားခနဲ ဝါးခနဲ အရက်သန်းသန်းလိုက်ပြီး နှုတ်ခမ်းပါးနားများကို လက်ညှိုးနှင့်သပ်လိုက်သည်။

"ဘာထူးလဲဟေ့. . .ချက်ကြီး"

"ရွာထဲမှာတော့. . .ညက လူစိမ်း ညအိပ်အဝင်အထွက် မရှိဘူး





လို့ ဆယ်အိမ်ခေါင်း ကိုမှတ်ကြီးက ပြောတယ်. . .ဒါပေမဲ့. . ."

"ဒါပေမဲ့. . .ဘာဖြစ်လဲ ချက်ကြီးရ. . .မြန်မြန်ပြောစမ်းပါ. . ဟ"

ရွှေကျိုးညိုသည် ဒါပေမဲ့နှင့် ရပ်နေသည့် ချက်ကြီးကို အားမလိုအားမရကြည့်ရင်း အလျင်စလို ဖြတ်၍မေးလိုက်သည်။

"ညဦးပိုင်းလောက်က လှည်းတစ်စီးနဲ့ လူသုံးယောက်ဖြတ်သွားတာတော့ အချို့က မြင်လိုက်တယ်တဲ့"

"လှည်းတစ်စီးနဲ့ လူသုံးယောက်၊ ဘယ်သူတွေလဲလို့ လှမ်းမမေးကြဘူးလား"

"မေးတယ်တဲ့ ဆရာသံခဲရဲ့၊ အမှောင်နဲ့ လူလုံးမကွဲဘူးတဲ့၊ ဘယ်သူဘယ်ဝါမှန်းလဲ မသိလိုက်ကြဘူး၊ ခပ်ဝေးဝေးကဖြတ်သွားကြတာ၊ အရှေ့ရှူးရှူးလို့ပဲ သိရတယ်"

"ဒါပဲလား. . ."

"ဒါပဲ ခင်ဗျ"

ချက်ကြီးက သူစုံစမ်းလို့ သိရှိရသမျှကို အစီရင်ခံပြီးနောက် အရက်ကိုငုံ့လိုက်သည်။

"ကောင်း. . .ဒီလှည်းဟာ. . .လွန်းမောင်တို့လှည်းများလားပဲ ရွှေကျိုးညို. . ."

"အရှေ့ရှူးရှူး. . .အရှေ့ရှူးရှူးဆိုတော့. . .သူဌေးကွင်းတို့ ပုလဲတို့လည်း ဖြစ်နိုင်တာပဲ. . ."

"လှည်းနဲ့ သွားရင်တော့ ဟုတ်တာပေါ့၊ လှေနဲ့သွား ရေနဲ့သွားရင် ဘယ်လိုလုပ်မလဲ"

"လှေမော်တော်နဲ့ ကူးမယ်ဆိုရင်၊ ငပနဲ့ ကုလားဝဲကနေ လှည့်ပြီး. . .ပဲခူးမြစ်ကိုဖြတ်မှ. . .ဟို ရန်ကုန်ဘက်ကမ်းကို ရောက်မှာ. . .ဒီကောင်ဒီလောက်လည်း မလည်ပါဘူးကွာ. . .ငါတို့ သူဌေးကွင်းနဲ့ ပုလဲကို လိုက်မယ် ဒီမှာ သံခဲ. . .မင်း ငါ့ကို တစ်ခုတော့ ကူညီပါကွာ. . .သူငယ်ချင်းရ"

ရွှေကျိုးညိုက အရက်ကို မမော့သေးပဲ၊ လူမိုက်သံခဲ နားကပ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"မင်းနဲ့ ငါ. . .ပြောစရာလိုသေးလို့လား ရွှေကျီးညိုရာ. . .အခု လဲ. . .ငါလက်တွေ့ မင်းတို့ကို ကူညီနေတာပဲ မဟုတ်လား။ ဘာဆက် လုပ်ပေးရဦးမလဲ. . .ပြော. . ."

"ဒီမှာ. . .ရှူး"

ရွှေကျီးညိုက. . .စစ်ပင်ကွင်းရွာသား လူမိုက်သံခဲရဲ့ နားဝသို့ ကပ်၍ တိုးတိုးလေး ပြောလိုက်သည်။ သံခဲ ကြားလိုက်ရသည့် စကား ကြောင့် ပခုံးတွန့်သွားခဲ့ရသည်။ သို့သော် နောက်ဆက်တွဲ မက်လုံးပေး စကားလုံး အချို့ကြောင့် သူခေါင်းကို လိုလိုလားလား ညိတ်လိုက်သည်။

သည့်နောက်. . .လက်ကျန် အရက်များကို ကိုယ်စီမော့၍ အ ပြတ်ရှင်းကာ ရွှေကျီးညိုတို့ သုံးဦးသား လှည်းယာဉ်ဒုံးပြေးတစ်စီးငှား၍ အရှေ့သို့ ဦးတည်လိုက်သည်။

လှည်းယာဉ်ကြော့သည် သုံးခွသွားသည့် လမ်းအတိုင်း ဦးတည်၍ ပြေးနေသည်။ နွားသိုး နှစ်ကောင်ကလည်း ဟဲ့ဆိုယုံမျှနှင့် တိမ်ပေါ်များ တက်မလား မှတ်ရအောင် ပြေးတော့သည်။ သူတို့သုံးဦး လှည်ရုံတိုင်များ ကို ကိုင်ထားရသည်။ တစ်ချက်တစ်ချက် လှည်းဆောင့်လိုက်လျှင် မြောက် ၍ ပါသွားပြီး ဝုန်းခနဲ ပြန်ကျလာ၍ မျက်နှာများ ရှုံ့မဲ့နေကြသည်။ သူတို့ သည် အရှေ့ရူးရူးမှ ထွက်နေသည့် နေရောင်ကို မျက်နှာမူကာ. . .ရင်ထဲ မှာလည်း သောကအပူကို လွယ်ပိုက်ရင်း ဒေါသနှင့် ခရီးနှင်လာခဲ့ကြလေ သည်။

◆ ◆ ◆ ◆ ◆

၂

## အချစ်မှာ သစ္စာရှိတော့ ဂုဏ်ရှိတယ်

မြထွေးရှင်နှင့် လွန်းမောင်တို့ ချစ်သူနှစ်ဦး ရောက်နေသော နေရာသည် 'မရမ်းဘေး'ဆိုသော ရွာကြီးဖြစ်သည်။ မရမ်းဘေးရွာသည် ပင်လယ်မှ စီးဝင်သည့် မရမ်းချောင်းကြီး နံဘေးမှာရှိ၏။ ဒီရွာမှာ လွန်းမောင် ရဲ့ အသိသူငယ်ချင်း 'ချစ်ခင်'တို့အိမ်ရှိသည်။ သို့နှင့် ချစ်ခင်တို့ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရလေတော့သည်။

ချစ်ခင်သည် လွန်းမောင်နှင့်အတူ ကြွေရုပ်နှယ် နတ်မိမယ်နှယ် ချောမောလှပသည့် မိန်းကလေးတစ်ဦးကို မမျှော်လင့်ပဲ တွေ့လိုက်ရသော အခါ အံ့အားသင့်သွားသလို အံ့ဩဝမ်းသာလည်း ဖြစ်ခဲ့ရသည်။

လွန်းမောင်က. . .အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။

"ဘာမှ မပူနဲ့ သူငယ်ချင်း. . .ဒီရွာက စိတ်ချရတယ်၊ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သလောက်နေ''

''ငါတို့. . .တစ်ညပဲ အိပ်မယ် သူငယ်ချင်းရ''

''ဟာ. . .မြန်လှချီလား. . .လွန်းမောင်ရာ ဘာလို အရေးကြီး နေလို့တုန်း. . .''

''မင်း. . .မသိသေးဘူး. . .ချစ်ခင်''

''သိအောင် ပြောမှ ငါက. . .ငါ့သူငယ်ချင်း ဇနီးမောင်နှံကို လုံခြုံ သထက် လုံခြုံအောင် စီစဉ်ပေးနိုင်မှာပေါ့ကွ. . .''

သို့နှင့် လွန်းမောင်က ချစ်သူ မြထွေးရှင်နှင့် ချစ်ခင်တို့ မိသားစုကို မိတ်ဆက်ပေးလိုက်သည်။ ချစ်ခင်ရဲ့ အမေသည် သူတို့ရဲ့ အဝတ်အစားလွယ်အိတ်နှစ်လုံးကို ယူ၍ အခန်းတစ်ခုထဲမှာ နေရာချပေးပြီး၊ စားရေးသောက်ရေးကို ချက်ခြင်းစီစဉ်လိုက်သည်။

အမေကြီးက ချောမောလှပ နုထွတ်နေသည့် မြထွေးရှင်ရဲ့ လက်မောင်းကလေးကို ကိုင်တွယ်ကြည့်ရင်း. . .ငါ့သမီးများ ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲဟု ဆိုပြန်၏။ သည့်နောက် ဒီရွာမှာ ရောက်နေသည့် ကာလပတ်လုံး ပူပင်သောကရှိမနေရန်နှင့် ပျော်ပျော်ပါးပါး စားသောက်နေထိုင်ကြရန် အမျှင်မပြတ်ပြောတော့သည်။

သူတို့နှစ်ဦးသည် တစ်ညလုံး. . .တစ်နေ့လုံး လှည်းကြုံစီး၊ လှည်းကြုံငှား၍ ခရီးပြင်းနှင်ခဲ့ရသဖြင့် တစ်ကိုယ်လုံး ကိုင်ရိုက်ထုထောင်းထားသကဲ့သို့ အသားများ အရိုးများ နာကျင် ကိုက်ခဲနေသည်။

မနေ့ည သူငယ်အိပ်ချိန်မှစ၍ သူတို့နှစ်ဦး ရွာထဲအိမ်မှ တိတ်တဆိတ်ထွက်ပြေးခဲ့ကြသည်။ နောက်ကများ လိုက်ကြဦးမလား၊ သိကုန်မလား၊ ရင်ခုန်သံနှင့် နှစ်ဦးသား ကွင်းထဲမှာ လက်ချင်းဆုပ်၍ ပြေးခဲ့ကြသည်။

သည့်နောက် လှည်းကြုံတစ်စီးနှင့် တွေ့ပြီး အကူအညီရခဲ့၍ တော်သေးသည်။ သည့်နောက် တစ်ညလုံး. . .ဆက်၍ လှည်းငှားပြီး ပြေးကြပြန်သည်။





မပြေးလို့က မဖြစ်။

ခုလောက်ဆို အဖေတို့လည်း သိခဲ့ရင် လောင်မီးကျပြီ. . .ဒါ့အပြင် ရွှေကျီးညို အုပ်စုကလည်း လိုက်လံနှောင့်ယှက်နိုင်လောက်သည်။

လွန်းမောင် မြထွေးရှင်တို့ အိမ်မှာ သူရင်းငှား ဝင်လုပ်နေတာ သုံးနှစ်နီးပါးခန့်ရှိပြီ၊ သူသည် တစ်ကောင်ကြွက်ဖြစ်၏။ အမိအဖများ မရှိတော့။ မြစ်ဝကျွန်းပေါ်သား ဖြစ်၍ လယ်အလုပ်နှင့် တံငါအလုပ်ကို သူ ကျွမ်းကျင်သည်။

သည်ဘက်ကို ရောက်တော့. . .ဆေးလုံးကြီးသား လူကြီးတစ်ဦး၏ အကူအညီဖြင့် မြထွေးရှင်တို့ အဖေဦးဘမောင် လယ်(၁၅)ဧကမှာ သူရင်းငှားအဖြစ် တာဝန်ယူ၍ လုပ်ကိုင်ပေးခဲ့သည်။ အဲဒီအချိန်ကစ၍ များမကြာခင် သူနှင့် လယ်ရှင်သမီး ကွမ်းတောင်ကိုင် မြထွေးရှင်တို့ ရင်းနှီးခဲ့ရသည်။

သည့်နောက်. . .ရင်မှာ တိတ်တခိုး သံယောဇဉ်ဖြစ်ခဲ့ရသည်။

ထို သံယောဇဉ်စိတ်နှင့် သူအလုပ်ကို ကြိုးစားလုပ်ကိုင်ပေးခဲ့သည်။ ဦးဘမောင် ဘာဆိုဘာမှ လှည့်မကြည့်ရ၊ အကုန်ထောင့်စေ့အောင် လုပ်ပေးခဲ့သည်။ အင်္ဂလိပ်အုပ်ချုပ်နေသည့် ခေတ်မှာ စပါးတင်းတစ်ရာမှ ငွေတစ်ရာ မပြည့်တပြည့်ပဲရသည်။ ရသော်လည်း စပါးအထွက်တိုးအောင် နေ့နေ့ညည ဂရုစိုက်ခဲ့သည်။ နှစ်နှစ်အတွင်း ဦးဘမောင် မျှော်လင့်သည့်အတိုင်း. . .ဘက်စုံ တိုးတက်လာခဲ့သည်။

မိုးဦးကျမှသည် နတ်တော်ပြာသို စပါးသိမ်းသည့် အချိန်အထိ လွန်းမောင် လယ်ထဲက တဲမှာနေရပြီး စပါးသိမ်းပြီး၍ ကျီသွင်းသည့် အပြန်မှစပြီး ရွာထဲက အိမ်သို့ နွေဦးတစ်လျှောက် ပြန်ရောက်ခဲ့ရသည်။

ထိုနွေတစ်လျှောက် မိုးတွင်းက ထင်းခုတ်ပေးရသည်၊ ဝါးခုတ်ပေးရသည်။ အိမ်မှု ကိစ္စဗာဟီရကို အိမ်သားတစ်ဦးကဲ့သို့ လုပ်ကိုင်ပေးရသည်။ ကုန်ကုန်ပြောရလျှင် မြထွေးရှင် ချေးဖို့ ရေကအစ ခပ်ပေးရသည်။

လယ်ကိစ္စ အိမ်ကိစ္စ အစစအရာရာ လှည့်ကြည့်စရာ မလိုအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချရ၍ ဦးဘမောင်တို့ ဒေါ်မိန်းကလေးတို့ကလည်း ကိုယ့်တူကိုယ့်သားလို သဘောထား၍ စောင့်ရှောက်ဆက်ဆံသည်၊ အားကိုးခဲ့သည်။

သည်မှာ အိုးချင်းထား၍ အိုးချင်းထိပြီး ကြိုးချင်းထား၍ ကြိုးချင်းညှိခဲ့ရသည်။ လွန်းမောင်သည် ရုပ်ရည်လေး သနားကမားရှိ၏။ အပြောအဆို မွန်ရည်၏။ ဘာသာတရားကို လေးစား၏။ အလုပ်အပေါ် လယ်ယာအပေါ်၌လည်း သစ္စာရှိခဲ့၏။ ရွာထဲမှ လူငယ်များကလည်း သဘောကောင်း စိတ်ထားဖြူစင်ပြီး အမြဲတမ်း ပြုံးချိုဖော်ရွေသည့် လွန်းမောင်ကို ချစ်ခင်ကြသည်။

မှန်ရာပြောရလျှင်. . .လွန်းမောင်သည် ဆေးလုံးကြီးကျေးရွာကြီး၏ အလှဆုံး၊ အချောဆုံး၊ ကွမ်းတောင်ကိုင် အလုပ်ရှင် လယ်ပိုင်ရှင် သမီးချော မြထွေးရှင်ကို ရဲရဲဝံ့ဝံ့ မချစ်ရဲ မကြိုက်ရဲပါ၊ ရင်ထဲမှသာ. . .

မိမိနှင့် မြထွေးရှင်တို့ ဘဝသည် မိုးနှင့်မြေလို ကွာခြားလွန်းလှသည်။

မြထွေးရှင်က ပန်းပွင့်ကြွေကျရင်တောင် အသားနာအောင် နုလှသည့် ငွမ်းအနုစ်။ မိမိက. . .ခြေသလုံး သမန်းချေးတက်နေသည့် နေလောင်ပန်းရိုင်းတစ်ပွင့်။

သူက လယ်ပိုင်ရှင်သမီး၊ မိမိက သူ့အိမ်က သူရင်းငှား အိမ်ကျွန်။

ရွှေနှစ်ပြားမှန်က တစ်သားတည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ကြေးနှင့်ရွှေသည် တစ်ပြားတည်း တစ်သားတည်းတော့ မဖြစ်နိုင်။ တစ်နည်း. . .မိုးနဲ့ မြေကို လက်ထပ်ပေးလို့ မလှ။

ဘဝချင်း အခြေအနေချင်း ကွာခြားလှလွန်းမှန်းသိ၍ လယ်သူရင်းငှား အိမ်ကျွန်ဘဝလိုပဲ သူနေခဲ့ပါသည်။ အချစ်ကို ပါးစပ်မှာ မပွင့်စေခဲ့။ မြတ်နိုးခြင်းကို မျက်စေ့မှာသာ ပျိုးကြဲစိုက်ပျိုးခဲ့သည်။

သို့သော်. . .မြထွေးရှင်က သူ့ကို အကိုလို သံယောဇဉ် ရှိရာ လွန်းခဲ့သည်။ သူလည်း အဖေါ်မဲ့ တစ်ကောင်ကြွက်. . .မြထွေးရှင်ကလည်း အထီးကျန် တစ်ကိုယ်တော်. . .သို့ဖြစ်၍ ဘာအကြောင်းလေးရှိရှိ သူ့ကို အကိုလို တိုင်ပင်သည်။ ခေါ်သည်၊ ပေးသည်၊ ကျွေးသည်၊ ပြောင်သည်၊ နောက်ဆုံး စသည်. . .

ကျွေးစရာရှိလျှင်. . .လယ်သူရင်းငှား. . .အိမ်ပါကျွန်ဆိုသည့် အကျွေးမျိုး လုံးဝမကျွေးခဲ့၊ သူတို့စားသလို တန်းတူ ကျွေးခဲ့သည်။

တစ်ခါတစ်ရံ. . .လယ်ထဲသို့ အကြောင်းကိစ္စရှိ၍ မြထွေးရှင် လာခဲ့ရသည်မျိုးလည်း ရှိခဲ့သည်။ မကြာခဏ နှစ်ယောက်တည်း စကားလက်ဆုံကျရသည်မျိုးလည်း ရှိခဲ့ဖူးသည်။ သူတို့နှစ်ဦးသည် အကိုနှင့် နှမလိုလည်း ခင်မင်ခဲ့ကြသည်။ သူငယ်ချင်း ငယ်ဖေါ်များလိုလည်း ခင်မင်ခဲ့ကြသည်။

သည်လိုနှင့် မြထွေးရှင်က ရေလာမြောင်းပေးလုပ်ပါများ လာသောအခါ လွန်းမောင်ကလည်း နှလုံးသားထဲက အချစ်ကို ခလုတ်တိုက်ခံရဖန် များလာသောအခါ. . .မျိုသိပ်ရခြင်း၊ စောင့်စည်းရခြင်း၊ အောင့်အီးချင်း မခံနိုင်တော့ အချစ်တာကျိုးခဲ့ပြီ။

နောင်အခါ. . .သူတို့နှစ်ဦးသည်. . .

အကြည့်ချင်းဆုံပြီး၊ မတော်တဆ ဝင်တိုက်မိကြခြင်း၊ တမင်ဝင်တိုက်၍ စခြင်း၊ နောက်ပြောင်ကျီစယ် ရယ်ပွဲဖွဲ့ခြင်းများမှသည်. . .

အချစ်ချောင်း ရှိရာသို့ သူတို့နှစ်ဦးတို့၏ သံယောဇဉ်လောင်းလှေ နှစ်စီး ရင်ချင်းအပ်၍ စီးမျောဝင်ခဲ့ကြသည်။

လွန်းမောင်က မြထွေးရှင်ကို မှန်ပြားသလက် ဖြစ်ခဲ့ရသည့်တိုင် တစ်ဝက်က မြထွေးရှင် တစ်ဝက်က သူဟု တင်စားခဲ့သည်။

တစ်ကိုင်းထဲမှာ ငှက်ကလေးနှစ်ကောင် နားနေလျှင် အဲဒါ တစ်ကောင်က မြထွေးရှင် တစ်ကောင်က သူပါဟု စကားဆိုခဲ့သည်။ သူတို့ရင်နှင့်အောင် ချစ်ကြသည်။ သမုဒ္ဒသည်းထန်စွာ ချစ်ခဲ့ကြသည်။ သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက်လို ချစ်ခဲ့ကြသည်။

သူတို့ ချစ်သူနှစ်ဦး၏ နှလုံးသား ထပ်တူညီမှုခြင်းကို ကိုယ်စောင့်နတ်များမှ အပ၊ မည်သူမှ မရိပ်မိကြ. . .မြထွေးရှင်ရဲ့ မိဘများလည်း မရိပ်







www.burmeseclassic.com

www.burmeseclassic.com



မိကြ၊ သူတို့နှစ်ဦးကို အိမ်က လူကြီးများရော အရပ်ထဲ ပတ်ဝန်းကျင်ကပါ. . .နားလည် သဘောပေါက်ထားကြသည်က. . . .မောင်နှမဟူ၍လည်းကောင်း. . .အရှင်နှင့်သခင်ဟူ၍လည်းကောင်း. . .ဤသို့သာ နားလည်သဘောပေါက်ကြသည်။

ဦးဘမောင် ဒေါ်မိန်းကလေးတို့ကလည်း သူတို့သမီး ကွမ်းတောင်ကိုင်အလှဆုံး မိန်းကလေးက ဒီလို လယ်သူရင်းငှားကို ချစ်သူအိမ်ထောင်ဘက်အဖြစ် စဉ်းစားလိမ့်မည်မဟုတ်ဟု အကြွင်းမဲ့ ယုံကြည်ပြီးသား. . .။

တစ်ခါတစ်ခါ မြထွေးရှင် လွှန်းမောင်ကို အားမရ၊ ခုဇာတ်က မိန်းကလေးကစလို့ ကဖြစ်သည့် ဇာတ်၊ သူကသာ လက်နှေး ပါးစပ်နှေး မျက်စေ့နှေးလှသည်။

ဒီနေရာမှာ အစစအရာရာ လျင်မြန်ပါးနပ်သူတစ်ယောက်ရှိသည်။

သူကား ရွှေကျီးညိုပဲဖြစ်သည်၊ ရွှေကျီးညိုသည် မြထွေးရှင်ကို လာလာပိုးနေသည်။ မြထွေးရှင်တို့အိမ်သို့ အလည်အပတ်များသူများ စာရင်းမှာ ရွှေကျီးညိုသည် ထိပ်ဆုံးမှဖြစ်၏။ မျက်နှာပြောင်တိုက်ရဲသူလည်းဖြစ်၏။ အပြန်နောက်ကျသူလည်းဖြစ်၏။

မြထွေးရှင်ကလည်း တစ်ရွာထဲသားချင်းမို့ လူကြီးချင်းကလည်း သိပြီးသား ခင်မင်လေးစားပြီးသားမို့၊ ပြီးတော့ အပျိုအိမ်ကို ကာလသားလာလည်တာ မဆန်းသည့် ဓလေ့မို့ အသာလိုက်လျောလက်ခံခဲ့ရသည်။ မျက်နှာကြောတော့ မတည့်။

ရွှေကျီးညိုက အခြားကာလသား နောက်ပိုးများထက် ထူးခြားပြီး သာတာတစ်ချက်တော့ရှိသည်။ သူက အိမ်ကိုလာလည်တိုင်း စားစရာ တစ်ခုခုတော့ ယူလာလေ့ရှိ၏။ တစ်ခါတစ်ရံ အိမ်လာလည်ကြသည့် ကာလသားချင်း ဆုံကြသည်လည်း ရှိကြ၏။

အများအားဖြင့် ရွှေကျီးညိုရောက်လာလျှင် အခြားကာလသားများက စောစောထ ပြန်လေ့ရှိကြသည်။ သူတို့က ရွှေကျီးညိုရဲ့ ထောင့်





မကျိုး အပိုးမကျိုးသော လက္ခဏာကို ကြည့်၍ မရကြသောကြောင့် ဖြစ်သည်။

ရွှေကျီးညိုကလည်း မြထွေးရှင်တို့ အိမ်သို့လာရင်း ကာလသားချင်းဆုံးနေလျှင်. . .'ပတ္တမြားတုံးပေါ် လာဒဲ့ချေးမယ်ချစေနဲ့'ဟု ထေ့လေ့ရှိ၏။ ထိုအခါ မခံချင်သော ခပ်ဆတ်ဆတ်ကာလသားအချို့က 'လင်းတမဟုတ်တော့ ချေးမယိုပါဘူးဗျာ. . .လင်းတနဲ့ အမျိုးတော်တဲ့ အပုတ်စားအပွစား ကျီးကန်းအစစ်ကသာ ချေးယိုမှာ ကျိန်းသေပါတယ်'ဟု ပြောပြီး ဆင်းသွားကြလျှင် ရွှေကျီးညိုတစ်ယောက် အောင့်သက်သက်နှင့် ဒေါပွပြီး ကျန်ရစ်ခဲ့တော့သည်။

ထိုအခါ အနားမှာ ရှိနေကြသည့် မြထွေးရှင်ရဲ့ သူငယ်ချင်းများဖြစ်ကြသည့် လှရင်၊ မြခင်တို့က 'ဒါကြောင့် ယင်ကောင်တွေလာလှချီလားမှတ်နေတာ. . .ခုမှ ရှင်းတော့တယ်'ဟု စောင်းပြောလျှင် ရွှေကျီးညိုက အံကြိတ်ကြိတ်ကြိတ်. . .

အစောင်းအထေ့မှာ အလွန်အာသွက်လှသည့် လှရင်က 'ချေးသေပုတ်စော်နံလိုက်တာတော်'ဟု ပြောလိုက်လျှင် ရွှေကျီးညို သူ့အကျီ သူပြန်ပြန်နမ်းကြည့်ပြီး အနေရအထိုင်ရ ခက်နေလေ့ရှိ၏။ နောင်အခါ ရေမွှေးကို ပုလင်းလိုက်ဖျန်းပြီးလာတော့သည်။ လူက ကျောက်ခွက် ဗလပွ၊ အသားကမည်း၊ သွားကခေါ၊ ဆံပင် ကြွက်သိုက်ဖြစ်ပေမင့် သူ့ဒွေးသားဟူသည့် ဂုဏ်ပုဒ်နှင့် လျော်ညီစွာ ရွှေရောင်ငွေရောင်များကား ကြွလာလျှင် ပြိုးပျက်လက်ကော်မှုသဖြင့် မတတ်နိုင် မဆင်နိုင်သော ကာလသားများက ငေးရတာလည်း ရှိခဲ့၏။

သူတင် ရှိုးကောင်းလှသည်မဟုတ်. . . ,

သူ့အဖော်နောက်လိုက်တပည့် နောက်တိုးနှင့် ပေသီးတို့ကလည်း အပျိုအိမ်များ အလည်သွားလျှင် ရေမွှေးကန်တာကျိုးကျသလို မွှေးကြိုင်လှိုင်နေအောင် ဆွတ်ဖျန်းပြီးမှ အပိုးတော် ထွက်လေ့ရှိသူများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . .လူတစ်ကိုယ်လုံး ရွှေဆွဲကြိုးကြီးတလင်းလင်း စိန်လက်စွပ်တဝင်းဝင်းနှင့်မို့ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပလင်းလက်နေသော်လည်း အကျင့်စာရိတ္တနှင့် ပတ်သက်၍ မကောင်းသောကြောင့် အရောင်တောက်ပလို့သာ စိန်လို့ခေါ်ရသည်။ အိုးခြမ်းကွဲလောက်မှ တန်ဘိုးမရှိတဲ့ အကောင်ဟု ရွာသူရွာသားများက သူ့ကွယ်ရာမှာ အမွှန်းတင်ကြသည်။

မည်သို့ ဝေဖန်ဝေဖန် ရွှေကျီးညိုကတော့ မြထွေးရှင်ကို အပီကြိုက်သည်။ သူတို့သည် ညဥ့်နက်အောင်ထိုင်စကားလာပြောကြသည်။ ရွှေကျီးညိုကလည်း နောက်တိုးနှင့် ပေသီးတို့ကလည်း စကားပိုင်းမှာ အချွန်အပင့် အပို့လေးများနှင့် သူတို့ဆရာဘက်မှ ဖေးလိုက်ပေးလေ့ရှိသည်။

အိပ်ချင်လွန်းလှ၍ ငြီးငွေ့လွန်းလှ၍ အကြိမ်ကြိမ်သမ်းပြသည့်တိုင် အလိုက်မသိလွန်းသောအခါ ''ကိုင်း . . .ကျွန်မ အိပ်ချင်ပြီ၊ မနက်လည်း ဆွမ်းထချက်ရဦးမယ်တော့''ဟု ပြောင်နှင်လွှတ်မှ အနီးမှာ အိပ်မပျော်တပျော်ဖြစ်နေသော ဒေါ်မိန်းကလေးကို 'အဒေါ် ကျွန်တော်တို့ ပြန်ပါအုံးမယ်'ဟု နှုတ်ဆက်၍ ပြန်တော့သည်။

သူတို့က နှုတ်ဆက်သည့် အချိန်မှာ . . .ဒေါ်မိန်းကလေးကား နတ်ပြည်ခြောက်ထပ်အလည်ရောက်သည့် အိပ်မက်နှင့် ခရီးလွန်နေသည်ကို သူတို့မသိ . . .။

အကုသိုလ်ကံတရားများ . . .အမြော်အမြင်ကြီးစွာဖြင့် ဝင်လာချင်တော့၊ တစ်နေ့ ရွှေကျီးညိုရဲ့ အဖေ ရွာမျက်နှာဖုံး သူဌေးဦးကျီးညိုသည် ရပ်ရွာအတွင်းမှ သြဇာလည်းရှိ ဂုဏ်သရေလည်းရှိသော ရပ်မိရပ်ဖများကို ခေါ်လာကာ . . .သူ့ရဲ့ တစ်ဦးတည်းသောသား မောင်ရွှေကျီးညိုက မြထွေးရှင်ကို နှစ်သက်သဘောကျနေပါ၍ လာရောက်ကမ်းလှမ်းစကားဆိုရပါကြောင်း စကားစတင်ကာ . . .နယ်ပိုင် စည်းရိုးကာရန် တိုင်စိုက်တော့သည်။

ဒီလို ရွာမျက်နှာဖုံး သူဌေးကိုယ်တိုင်လာတော့ ဦးဘမောင်တို့





လင်မယား အံ့သြဝမ်းသာခဲ့ရသည်။ မိမိတို့က သာမန်လယ်သမားမျှသာဖြစ်သည်။ ဂုဏ်ယူစရာဆို၍ ချောမောလှပပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဒီသမီးလေးတစ်ဦးသာရှိသည်။ စည်းစိမ်ဥစ္စာ ရွှေငွေ ရတနာကား များများစားစား မရှိလှ။

ဟော . . .ခုတော့။

တစ်ရွာလုံးရဲ့ လူချမ်းသာ သူဌေးသား အဖေက သူ့သားနှင့် သမီးကို စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားခွင့်ပြုမည်ဆိုပါက ရှိရှိသမျှ ပိုင်ဆိုင်သမျှ လယ်ယာ၊ ဥယျာဉ်ခြံမြေအိမ်၊ အတွင်းပစ္စည်း၊ ကျွဲ၊ နွားမှ အစ အားလုံးကို လွှဲအပ်ပေးပါမည်တဲ့။ သူကတော့ အသက်ကြီးပြီမို့ ဘုရားတရားကိစ္စမှာ လုံးပန်းချင်ပါသည်တဲ့ . . .။

ဤကဲ့သို့ အလုံးစုံဆိုသော မက်လုံးကြီးကို ဗြုန်းစားကြီး ကြားလိုက်ရသောအခါ အံ့သြခြင်းနှင့်အတူ ဝမ်းသာခြင်း ဒီရေသည် ရင်ခေါင်းကျော်သည်အထိ တက်လာခဲ့၏။

သူတို့ သမီးချောလေး . . . သူဌေးချွေးမ ဖြစ်ရမည့် ဇာတာခုစန်းလက်ခဲ့ပြီ။

သို့နှင့် . . .ကိုယ်လည်း သိက္ခာမပျက်ရအောင် မယုတ်မလွန် အနေဖြင့် . . .ကျွန်မတို့ကတော့ ကန့်ကွက်စရာ သိပ်မရှိပါဘူး . . .ရှင် . . . ခုလို မိသားဖသားပီပီ လာရောက်ကမ်းလှမ်းကြောင်းလမ်းစကားကြားရတာနဲ့ ဝမ်းသာပါရဲ့ . . .လူငယ်ချင်းကလည်း ရင်းနှီးပြီးသားဆိုတော့ . . .ငြင်းကြမယ်လည်း မထင်ပါဘူး . . .အားလုံး အဆင်ပြေအောင် လူငယ်များ မေးမြန်းပြီး . . .အကြောင်းပြန်ပါမယ် . . .ဦးကျီးညို . . .ဟု ပြောလိုက်ယုံမျှနှင့် သူဌေး ဦးကျီးညို ဝမ်းသာအူမြူးလို့မဆုံး . . .

သည့်နောက်ပိုင်းမှ အစပြု၍ အမေက မြထွေးရှင်ကို နေ့စဉ်နားချသည်။

''မောင်ကျီးညိုလေး ခမြာလည်း . . .သမီးကို အလွန် သံယောဇဉ်ကြီးရှာပါတယ်၊ သမီးရယ်၊ ဒါလေးလည်း သမီးထည့် စဉ်းစားပါအုံး''



www.burmeseclassic.com

www.burmeseclassic.com



"သမီး အမြဲ စဉ်းစားနေပါတယ် အမေ၊ ကိုရွှေကျီးညိုဟာ လူတော်လည်း မဟုတ်ဘူး၊ လူကောင်းလည်း မဟုတ်ဘူး၊ သူဟာ အရက်သမား ထန်းရေသမား၊ ပြဿနာပေါင်းစုံနဲ့ ရှုပ်နေတဲ့လူ၊ ဒီလို နာမည်ဆိုးနဲ့ ကျော်နေတဲ့လူနဲ့ သမီး လက်မထပ်နိုင်ဘူး အမေ. . ."

"ဒါကလည်း. . .ခဏပါ သမီးရယ်၊ လင်ရယ် မယားရယ် ဖြစ်လာခဲ့ပြီးရင် သူလည်း အနေအထိုင်ဆင်ခြင်သွားမှာပါ၊ သမီးတစ်ခု စဉ်းစားကြည့်လေ. . .သမီး. . .မောင်ရွှေကျီးညိုလို လူကို လက်ထပ်လိုက်ရင် သမီးဘဝတစ်သက်လုံး မဆင်းရဲတော့ဘူး၊ သူ့အဖေ ဦးကျီးညိုက လည်း သမီးမှသမီး ဖြစ်နေတာသမီးရဲ့၊ တော်ကြာ လက်လွတ်သွားမှ ဖြင့်. . ."

"သူ့လို လူမျိုးလွတ်ရင် သမီးအနာဂါတ် စိတ်ချမ်းသာစရာပေါ့ အမေ. . .၊ သူ့အဖေ ပစ္စည်းဥစ္စာမက်ပြီး သူ့သားရုပ် ကြည့်ရမှာကိုက တစ်စက်ကလေးမှ ကျက်သရေမင်္ဂလာ မရှိဘူး. . .၊ သူ့ကို လူတကာက အော့နှလုံးနာ ရွံမုန်းနေကြတာ အမေရဲ့၊ ဒီလို လူစားကိုသာ လင်တော်ရရင် ကျွန်မ တစ်သက်လုံးမျက်ရည်နဲ့ မျက်ခွက်နေရမှာ ကျွန်မလုံးဝ လက်မခံနိုင်ဘူး အမေ. . . ဒါပဲ. . ."

"ဒါဖြင့်. . .ညည်းက ဘယ်သူ့ကို ယူမှာတုန်း. . ."

ဒေါ်မိန်းကလေးက သမီးစိတ်ဓါတ် အကဲကို သိလို၍ ချက်ခနဲ မေးလိုက်သည်၊ မြထွေးရှင်က ဘာမှမပြောပဲ. . .ခေါင်းငုံ့၍သာ နေခဲ့သည်။

"ပြောလေ. . .ညည်းတစ်နေ့ အိမ်ထောင်ပြုရမှာ. . .ဘယ်သူ့ကို ယူမတုန်း"

"ဘယ်သူမှ. . .မယူဘူး"

"ညည်းက. . .အပျိုကြီး လုပ်မယ်ဆိုတဲ့ သဘောလား၊ ငါ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ မြထွေးရှင်၊ ငါတို့အားလုံး မျက်နှာပျက်ရမဲ့ အရှက်ကွဲရမဲ့ အလုပ်မျိုး အချိုးမျိုး လုပ်ခဲ့ရင်တော့လား. . .ဟင်း. . . ညည်းလည်း ငါ့အကြောင်းသိပါတယ်၊ မိန်းကလေးတဲ့. . .တစ်ခါထဲ ရွာထဲမှာ





ထမိအလံတူပစ်လိုက်မယ်သိလား. . .၊ ဒါပဲ ညည်း. . .အမြန်စဉ်းစား။ ငါ တို့ကတော့ ညည်းကို မောင်ရွှေကျီးညိုနဲ့ပဲ သဘောတူတယ်"

အမေက သူမကို ဒီစကားမျိုး၊ နားပူ နားကွဲမတတ် နေ့စဉ် ပြောသည်။ နှစ်ယောက်တည်းများ မတွေ့နှင့် တွေ့သည်ဆုံသည်နှင့် ရွှေကျီးညို ဓါတ်ပြားကို ဖွင့်သည်။ သူမကလည်း ရွှေကျီးညိုအသံများ ကြားလျှင်. . . ကျောချမ်းလွန်းလှ၍ ခေါင်းကို တွင်တွင်ရမ်းခဲ့သည်။

သို့နှင့်. . .အချိန်များ ကြန့်ကြာလာသောအခါ. . .

ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့သည် လွန်းမောင်ကို မသင်္ကာ ချင်သလိုလို ရှိလာ၍. . .တစ်နေ့ မြထွေးရှင် မရှိခိုက် ခေါ်၍ တီးခေါက် မေးမြန်းရသည်။

"မောင်လွန်းမောင်. . .ရေ"

"ခင်ဗျာ. . .ဒေါ်ကြီး"

"ငါ့တူကြီးကို. . .ဒေါ်ကြီးတို့ မေးစရာရှိလို့ကွဲ. . .မောင်လွန်း မောင်ရဲ့"

"မေးလေ. . .ဒေါ်ကြီး. . .ဘာကိစ္စလဲ. . .ပြော. . ."

လွန်းမောင်က ခါတိုင်းနေ့များလိုပဲမှတ်၍ ရေ့နားမှာ ရှိရှိသေသေ ထိုင်ပြီး နားစွင့်လိုက်သည်။

"မင်းနှမ. . .မြထွေးရှင်အကြောင်း မင်းဘာများကြားသလဲ ငါ့တူ ရယ်"

"ဗျာ. . .ဘယ်. . .ဘယ်. . .လို ဒေါ်ကြီး. . .ကျွန်တော်. . .နား နားမရှင်းဘူး ခင်ဗျ. . ."

"ဒီလိုဟဲ့. . .လွန်းမောင်ရဲ့၊ ငါတို့မေးတာက နင့်နှမ မြထွေးရှင် တစ်ယောက်၊ ဒီရွာထဲမှာ ဒါမှမဟုတ် ဒီရွာနီးဝန်းကျင်ရွာမှာ ချစ်သူရည်းစား များ ရှိနေတာကြားလားလို့ မင်းကို တိုးတိုးတိတ်တိတ် မေးတာဟဲ့. . . လွန်းမောင်ရဲ့. . ."

လွန်းမောင် ရင်ထဲမှာ ထိတ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . .အဲ. . .အဲ. . .မကြား. . .ပါ. . .ဘူး. . .ဒေါ်ကြီး"

"မင်း. . .ငါ့ကို မညာနဲ့နော်. . .လွန်းမောင်"

သူ့ရင်သည် စတင်၍ ခုန်စပြုလာ၏။ သူနှင့် မြထွေးရှင်တို့ တိတ်တဆိတ် ချစ်သူဖြစ်နေသည့်ဘဝ သူတို့ ရိပ်မိသွားကြပြီလား. . . သိသွားလျှင် သူ့ဘဝ အိုးစားကွဲရတော့မည်၊ သူ့ရင်သည် တဒိတ်ဒိတ် ခုန်လာခဲ့ပြီ. . .

"ကျွန်. . .ကျွန်. . .တော်. . .မ. . .မသိ. . .ပါဘူး. . .ဒေါ်ကြီး ခင်ဗျာ. . ."

ဒေါ်မိန်းကလေးက သူ့မျက်နှာကို ဆေးပေါ့လိပ်မီးခိုးများကြားမှ အကဲခတ်ရင်း. . .

"အေးလေကွယ်. . .တို့များက မင်းများ သိလေမလားလို့ပါ၊ မင်းတို့က ကာလသားတွေမဟုတ်လား။ လူငယ်တွေအကြောင်းဆိုတာ လူငယ်တွေပဲ သိကြတော့ လူကြီးဆိုတာကလည်း လူငယ်များ ပြောမှမေးမှ သိရတာကိုး. . .ဒေါ်ကြီးတို့ကလည်း ကိုယ့်သမီး ချောချောလှလှ နုနုထွတ်ထွတ်ကို မဟုတ်ကဟုတ်က. . .ကလေကဝ တန်ဘိုးမရှိတာမျိုးတွေနဲ့ ဖြစ်သွားမှာ စိုးရိမ်လို့ပါ. . .ကွယ်. . .ဒါပါပဲ. . .ကိုင်း. . .မင်းသွားနိုင်ပါပြီ"

ဒေါ်မိန်းကလေးရဲ့ နောက်ဆုံးပြောလိုက်သည့် စကားကြောင့် လွန်းမောင်ရင်ထဲမှာ 'ကျဉ်'ခနဲ ဖြစ်သွားခဲ့ရသည်။ ကိုယ့်သမီး ချောချောလှလှ နုနုထွတ်ထွတ်ကို မဟုတ်က ဟုတ်က၊ ကလေကဝ တန်ဘိုးမရှိတာတွေနဲ့ ဖြစ်သွား ငြိစွန်းသွားမှာ စိုးလို့တဲ့ . . .

ဆိုရက်လိုက်ကြတာ. . .

ကြည့်ရတာ. . .သူနှင့် မြထွေးရှင်တို့ အခြေအနေကို မသက်ာ၍ စစ်ကြောမေးမြန်း အကဲခတ် စုံစမ်းတီးခေါက်ပြီးပြီဆိုရင်တော့ ဒီလောက်ကြာကြာ ဒီအိမ်ရိပ်မှာ ထားလိမ့်မည်မဟုတ်။

အခု ကြားနေရသည်က မြထွေးရှင်ကို သူဌေးသား ရွှေကျီးညို





ဆိုသည့် လူနှင့် ပေးစားဖို့ စီစဉ်နေရာချနေသည်ကို ကြားရသည်။

ချစ်သူ မြထွေးရှင်ကို မေးကြည့်တော့. . .သူမ ဒီကိစ္စကို လုံးဝ စိတ်မဝင်စားဖူးဟု ဆိုခဲ့၏။ ချစ်သူအရေးအတွက် လွန်းမောင် ညစဉ် အိပ်မပျော်နိုင်ခဲ့။

အိပ်လို့ မပျော်ရသည့်ကြားထဲ တစ်နေ့ ရွှေကျီးညို သူ့ထံ ပေါက်ချလာသည်။ အဲဒီနေ့က. . .သူ လယ်ထဲမှာ ကန်သင်းရိုး မြေဖို့နေသည့်အချိန်။

ရွှေကျီးညို ပေသီးနှင့် နောက်တိုးတို့ သုံးဦး ထန်းရည်မူးမူး နှင့် သူ့ရှိရာသို့ ယိမ်းယိုင်ယိမ်းထိုး ရောက်ချလာခဲ့ကြသည်။ လွန်းမောင်က ရွှေကျီးညိုအကြောင်းသိနေသည်မို့ စကားမပြောပဲ ကိုယ့်အလုပ်ကိုယ် အာရုံစိုက်နေလိုက်သည်။

"လွန်း. . .မောင်"

"အေ့. . .လွန်း. . .မောင်"

ရွှေကျီးညိုက ထန်းရည်မူးနေသောလေသံနှင့် ရေ့တည့်တည့်မှ ရပ်ပြီး လွန်းမောင် နာမည်ကိုခေါ်လိုက်သည်။ လွန်းမောင် သူ့အမည် ခေါ်နေမှန်း သိတော့ အလုပ်ကိုရပ်၍ မော့ကြည့်လိုက်၏။ ရွှေကျီးညို ထန်းရည်နံ့နှင့် အရက်ဆီရစ်နေသည့် သွားခေါခေါ မျက်နှာမည်းမည်း အစ်အစ်မို့မို့ကြီးကို မသတီစရာ တွေ့လိုက်ရသည်။

"ကိုရွှေကျီးညိုပါလား. . .ဘယ်လဲ. . .ခင်ဗျ"

လွန်းမောင်. . .ရွာခံလူစွာလူမိုက်များမှန်း သိနေ၍ ပမာမခန့် မလုပ်ပဲ. . .ရိုရိုသေသေ လေးလေးစားစား ပြန်နှုတ်ဆက်လိုက်သည်။

"ဘယ်ကိုမှ မဟုတ်ဘူး. . .မင်းဆီ တည့်တည့်လာတာပဲ၊ မင်းကို ငါ. . .မေး. . .စရာရှိတယ်. . .အေ့. . .ဒီ. . .ဒီမှာ. . .လွန်း. . .မောင်"

"ဘာလဲ ကိုရွှေကျီးညို"

"မင်း. . .နဲ့. . .မြ. . .ထွေး. . .ရှင်. . .ကြိုက်. . .နေ. . .သလား"

"ဟာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . .ဟား . .ဟား . .ဟား . .ဟား"

ရွှေကျီးညိုက ဆိုင်းမဆင့် ပုံမဆင့် တဲ့တိုးကြီး မေးချလိုက်၍ လွန်းမောင် အံ့အားသင့်သွားသည်။ ဒါကိုကြည့်၍ ရွှေကျီးညိုက ခွက်ထိုး ခွက်လန်အော်ပြီး ရယ်သည်။ ပြီးနောက် အရယ်ရပ်ပြီး သုံးဦးသား သူ့မျက်နှာကို ဝိုင်းပတ်စိုက်ကြည့် အကဲခတ်နေကြသည်။

"ဟာတွေ . .ဗျာတွေ . .လုပ်မနေနဲ့ လွန်းမောင် . .မင်းနဲ့ မြထွေးရှင် . .ကြိုက် . .နေ . .ချစ်နေ . .သလား၊ ဒါပဲ ငါသိချင်တယ်၊ ပြော . .မှန် . .မှန်ပြောနော်၊ မင်း . .မင်း . . .ငါတို့အကြောင်း . .ကြားဖူးပါတယ်၊ အေ့ . .ဝေါ့"

ဟုတ်ကဲ့ . . .ကြိုက်နေချစ်နေပါတယ်လို့ ဗျာ။ အမှန်အတိုင်း ပြောလိုက်လျှင် ဘယ်လိုများ လုပ်ကြလိမ့်မလဲ မသိ။ ခုလည်း လုံ့ဖျား ပုဇွန်း နားနေရသလို ရွှေကျီးညိုနှင့် မြထွေးရှင်ကို လူကြီးချင်း တရားဝင် စကားကမ်းလှမ်းကြောင်းလမ်းထားသည်ကို ကြားရသည်။

ဆိုရရင်တော့ . .မြထွေးရှင်ကသာ လက်ခံလျှင် . .ရွှေကျီးညို က သတို့သားလောင်း၊ ခုတော့ . .ဘာ 'အလောင်း' မှန်း မသေချာ မရေ ရာ၊ ရွှေကျီးညိုဘက်ကတော့ ကျိန်းသေသည်။ ဖိတ်စာတောင် ရိုက်ချင် နေပြီ . .

သည်တော့ မစဉ်းစားနိုင်လျှင် . .အလွန်တော့ အန္တရာယ်ကြီး သည့်ကိစ္စ၊ ဒါတော့ လွန်းမောင် သဘောပေါက်သည်။ ရွှေကျီးညိုကား ငွေကိုရေလိုသုံးဖြုန်းပြီး မိဘအရှိန်အဝါဂုဏ်နှင့် မိုက်လုံးကြီး ထင်ရာစိုင်း တစ်ရွာလုံး တစ်နယ်လုံး ဘယ်သူမှ 'ထီ' မထင်သလို လုပ်နေသည့် လူစား။

"ပြော . .လေ . .ကွာ . .ဘာလဲ"

"မ . .မကြိုက်ကြပါဘူးဗျာ . ."

ရွှေကျီးညိုက လွန်းမောင်မျက်နှာနား မျက်နှာချင်းကပ်၍ ရိသဲ့သဲ့ နှင့် မေးလိုက်သည်။

"တကယ်"





"တကယ်ပါ"

"ဘုရား . .ရှူး"

"အဲ . .အဲ . .ရှူး . ."

"ဟား . .ဟား . .ဟား . .ဟား"

"ဝါး . .ဟား . .ဟား . .ဟား . .ဟား"

"ဟီး . .ဟီး . .ဟီး . .ဟီး . .ဟား . .ဟား . .ဟား . .ဟား"

သုံးယောက်သား သူ့မျက်နှာကို ကြည့်၍ ဝါးလုံးကွဲရယ်ကြသည်။ သူတို့ ရယ်သံများက အဓိပ္ပါယ်များပြားလွန်းလှ၍ လွန်းမောင်သူတို့ကို ကြည့်ပြီး ကျောထဲမှာ စိမ့်၍ တက်လာသည်။ ဘုရား . .ဘုရား သူညာ နေတာကို သူတို့ သိသွားကြရော့သလား . .ဒုက္ခပါပဲ . . .။

သူ ဘာလုပ်ရမှန်းမသိ။ ရယ်လို့လည်း မခက်၊ ငိုဖို့လည်း စောသေး၊ သည့်နောက် ဟန်ကိုယ့်ဖို့လုပ်ကာ . .ပေါက်တူးရိုးကို စုံကိုင် ၍ အသင့်ရပ်နေလိုက်သည်။

"အေး . .မကြိုက်တာ . .ကောင်း . .တယ်၊ ပြီးတော့ မချစ် တာ . .မှန်တယ်၊ ကိုယ့်အနာဂတ် . .ကိုယ် . .သိတဲ့ . .လူဟာ၊ မြထွေး ရှင်လို ကလျာဖူးစသစ်ကို မချစ်တာ . .မကြိုက်တာသည် . .အသက်ရှည် အောင် နေရနည်း ဆေးတစ်ပါးပဲ၊ ရှင်းရှင်းပြောရရင် . .အန္တရာယ် အ . . ကင်း . .ဆုံးပဲ၊ အေ့ . .အေ့ . .ဝေါ့ . .ဖွီ . .ကြားတယ်နော်၊ ဒီ . .ဒီမှာ ဟော့ကောင် . .မင်း . .မင်း . .ငါ . .နဲ့ မြထွေးရှင် တစ်နေ့ယူကြတော့ မယ် . .ဆိုတာတော့ ကြားမှာပေါ့နော် . .အဟဲ . .ဟဲ . .:ဟဲ"

"ကြားပါတယ်"

"ကန့်ကွက်ချင်တဲ့ ဆန္ဒများ . .ရင်ထဲမှာ . .အပင်ပေါက်ချင် နေသလား . .လွန်းမောင်"

"ဒါ . .ဒါ . .ကျုပ် . .ကျုပ်နဲ့ မဆိုင်ဘူး . .ကိုရွှေကျီးညို ဒါက ခင်ဗျားတို့ချင်း ကိစ္စ၊ ခင်ဗျားတို့ခြင်း ကြိုက်နေရင် ချစ်နေရင် ဒီညနေ ယူလည်း ကျုပ်အပူ တစ်ပဲသားမှ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အော့. . .အေး. . .အေး၊ ဆိုင်များ ဆိုင်သလားလို့ မေးကြည့်တာပါ မောင်ရာ. . .မဆိုင်တော့. . .ငါ့အနေနဲ့ ဖိတ်စာ အမြန်ရိုက်ရတာ ပေါ့. . .အော့. . .ဝဝစား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့တဲ့၊ မြန်မာစကားပုံ ကြားဖူးတယ်နော်၊ ရွှေကျီးညိုဆိုတဲ့ကောင်က မြထွေးရှင်. . .နဲ့ ပတ်သက်လာရင် ဟန့်တားတဲ့လူ၊ ဂလန်ဂဆန် လုပ်တဲ့လူ. . .မှန်သမျှ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းရမှ နေပျော်သေပျော်တဲ့ ရွှေကျီးညိုကွ၊ ဒီရာဇသံကို မင်းခေါင်းထဲမှာ ထာဝစဉ် ရှင်သန်နေအောင် အမြဲတန်းရေလောင်းပြီး နောက်ချေး ချပေးထားကြားလား. . .ဟား. . .ဟား. . .ဟား. . .ဟား. . .ဟော့ကောင်တွေ လာ. . .သွားမယ်. . .အော့. . .ဟော့. . .ဝေါ့. . .ထွီ"

မူးမူးရူးရူးနှင့် ပြောချင်သမျှ ရင်ရှင်းအောင် အကုန်ပြောပြီး ပြန်အလှည့် ဂဏန်းကျစ်တခဲကို ခလုတ်တိုက်၍ မှောက်ယက်လဲရာ ဖင်ဗူးတောင်းပါ ကန့်သင်းရိုးပေါ် ထောင်နေသည်။ ပုဆိုးက ဆန်တက်၍ မျက်နှာနှင့် ခေါင်းကို စွပ်နေသဖြင့် ဖင်မည်းမည်းကြီး ပေါ်နေရာ ပေသီးက ကပျာကယာ ဆွဲချပြီး သူ့ဆရာကို ပွေ့ထူလိုက်သည်။

သည့်နောက် နှစ်ယောက်သား တွဲခေါ်သွားနေသည့်ကြားမှ အသားလွတ် နောက်ပြန်လှည့်၍ ကြိမ်းဝါးသွားလိုက်သေးသည်။ လွန်းမောင်မနည်းကို သည်းခံနေရ၏။

နောက်နှစ်ရက်ကြာသောအခါ မြထွေးရှင်က. . .လွန်းမောင်ကို နှစ်ဦးသား ဒီရွာမှ ထွက်ပြေးကြဖို့ ပြောတော့သည်။ သည်စကား ကြားလိုက်ရတော့ လွန်းမောင် ရင်ထဲမှာ အကြီးအကျယ် တုန်လှုပ်သွားခဲ့ရသည်။

မဖြစ်နိုင်သေးသည့် အခြေအနေကို လွန်းမောင်က ချစ်သူအားနားဝင်အောင် ရှင်းပြသည်။ မြထွေးရှင်က ဖွတ်မှ ဖွတ်. . .။

"ဒီမှာ အကို. . .မချစ်မနှစ်သက်တဲ့လူရဲ့ လက်ထဲမှာ တစ်သက်လုံး မျက်ရည်နဲ့ မျက်ခွက်ရင်းပြီး အသက်ရှည်နေရတာထက်၊ ချစ်တဲ့သူနဲ့ ရောက်ရာဘဝမှာ လောကဓံကို ရဲရဲရင်ဆိုင်ပြီး ကြွေအတူ နေအတူ သေအတူ





ရှိကြတာက မြတ်ပါတယ် အကို. . .အကို ယောကျ်ားမဟုတ်ဘူးလား၊ အကို မြထွေးရှင်ကို တကယ်ချစ်ရဲ့လား. . .ဟင် ဟင်. . .အကို"

သည်တုံးက အိမ်မှာ မြထွေးရှင်နှင့် သူနှစ်ယောက်ထဲ ရှိသည့်အချိန် လူကြီးများက ဆွမ်းကျွေးသို့ သွားနေကြသည်။ မြထွေးရှင်က ပြောရင်း လွန်းမောင် ရင်ခွင်ထဲသို့ ခေါင်းဝင်ဖက်ထားရင်း တသိမ့်သိမ့် ငိုသည်။

"ပြော. . .ပါ. . .အကို. . .အကို. . .သတ္တိမရှိဘူးလား. . .ယောကျ်ားမဟုတ်ဘူးလား၊ အကို မစွန့်စားရဲဘူး မဟုတ်လား၊ အေးပေါ့လေ၊ အကိုက ညီမကို ဟန်ဆောင်ချစ်ခဲ့တာကို. . .ချစ်သူကို စွန့်ပစ်ပေးလိုက်ရဲတာ. . .တကယ့်ယောကျ်ားကောင်း တစ်ယောက်ရဲ့ သူရဲကောင်း စိတ်ဓါတ်ပေါ့ ဟုတ်လား. . .အကို. . .ဟင်. . .ဟင်. . .အကို. . ."

မြထွေးရှင်က သူ့ကို ကိုင်လှုပ်၍ မေးခဲ့သည်။ နောက်ဆုံး သူ့ချစ်သူရဲ့ ဖုထစ်နေသည့် ကိုယ်လုံးကို ရင်ခွင်ထဲမှာ အိနစ်ဝင်သွားအောင် ဖက်ထားရင်း. . .ခေါင်းညိတ်လိုက်သည်၊ သည့်နောက် နှစ်ဦးသား လူချင်းခွာ၍ မျက်ရည်များကို သုတ်လိုက်ပြီးနောက် အစီအစဉ်များကို တိုးတိုးကျိတ်၍ ရေးဆွဲလိုက်ကြတော့သည်။

"ဒါကြောင့်. . .ငါတို့. . .မင်းတို့ရွာမှာလည်း ကြာရှည်ပဲဖြစ်ဖြစ် နှစ်ရက်သုံးရက်ပဲ ဖြစ်ဖြစ် နေလို့ မရနိုင်တာပါ ချစ်ခင်. . .၊ ဒီတစ်ညအိပ်ပြီးရင် ကင်ပွန်းချိုဘက်ကို ကူးမယ်၊ ရွှေကျီးညိုဆိုတဲ့ကောင်က စိတ်ချရတဲ့ ကောင်မဟုတ်ဘူး၊ မစားရတဲ့ အမဲ သဲနဲ့ ပက်မဲ့ကောင်၊ လူမိုက်၊ ပိုက်ဆံကလည်း ရှိတော့. . .ဒီကောင် ငြိမ်ခံနေမှာ မဟုတ်ဘူး၊ ငါတို့နှစ်ဦးကို ကျိန်းသေ မြေလှန်ရှာမှာပဲ. . .ကင်ပွန်းချိုကနေ အခြေအနေနားစွင့်ပြီး. . .ခရမ်းကို ထွက်မယ်. . .၊ အဲဒီကနေ ပဲခူးကို အရောက်သွားပြီး ငါတို့ ဧရာဝတီဘက်ကို ခဏရှောင်နေဖို့ အစီအစဉ်ရှိတယ် သူငယ်ချင်း"

သူငယ်ချင်း လွန်းမောင်ရဲ့ ရှင်းပြချက် အစအဆုံးကို ကြား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ. . .ချစ်ခင် စိတ်မကောင်း။ လွန်းမောင်တို့ရဲ့ အချစ်ရေး အိမ်ထောင်ရေးကား အသက်နှင့် ရင်းရသည့် အချစ်ရေးပါကလား. .

သည် မရမ်းဘေးရွာကတော့ စိတ်ချရပါသည်၊ သုံးခွမြို့ပေါ်နှင့် မရမ်းဘေး ရွာသည် မိုင်ပေါင်းအလွန်ဝေးလှ၏။ သန်လျင်–ဆေးလုံးကြီး လိုရွာနှင့်ဆိုလျှင် ခရီးတာက မနည်းလှ. . .ဝေးမှဝေး။

ချစ်ခင်က ဒီရွာမှာရောက်သည့်အခိုက် စိတ်ချလက်ချနေဖို့ ပြောရသည်။ ဒီကောင်တွေ သတ္တိကောင်းလို့ ဒီမရမ်းဘေးကို လိုက်လာခဲ့လျှင် မရမ်းဘေးချောင်းနှင့် ပင်လယ်ထဲမှာ ခေါင်းမပါပဲ. . .ကိုယ်ချည်း သက်သက်မျောရသည့် ဘဝရောက်သွားမည်ဟု အာမခံချက်ပေးသည်။

နောက်ဆုံး. . .သူငယ်ချင်းမောင်နံ့ရဲ့ ဆန္ဒအတိုင်း ပဲခူးနယ် အရောက် အကူအညီပေးမည်ဟု ဂတိပြုခဲ့သဖြင့်. . .ထိုညက ကြင်နာဦး စ ချစ်သူမောင်နံ့တို့၏ မင်္ဂလာဦးညသည်. . .မရမ်းဘေးမှာပဲ စတင် နိဒါန်း ပျိုးခဲ့လိုက်လေသည်။

◆◆◆◆◆

ရွှေကျီးညိုတို့ သုံးဦးကလည်း တစ်ရွာဝင် တစ်ရွာထွက် လိုက် စုံစမ်းသည်။ တာဝ သူဌေးကွင်း၊ ပုလဲ၊ ရေကျော်၊ ချောင်းစောက်မှသည် သုံးခွမြို့၊ ခရမ်းမြို့၊ ကျောက်တန်းမြို့များသို့တိုင် ခြေရာမထပ်ရအောင် စုံစမ်းခဲ့သည်။

တွေ့သည့်နေရာမှာ သတ်ပစ်မည်ဟု ကြိမ်းဝါးရင်း လှည်းတစ် တန်၊ လှေတစ်တန်. . .မော်တော်တစ်တန် ငှား၍ လိုက်ခဲ့သည်။

အသံကြားရာ အရပ်သို့ ဖွဲနဘဲ ကြီးစွာလိုက်ခဲ့သော်လည်း ကိုယ်လည်းရောက် သူလည်းပျောက်နှင့် နောက်ဆုံး လွန်းမောင်တို့ ခြေရာ ပျောက်သွားခဲ့သည်။

သူတို့. . .နဂါးအမှတ်ဖြင့် မြေလျှိုးသွားလေသလား။





ဂဠုန်အမှတ်ဖြင့် မိုးပျံသွားလေသလား။

ဖွဲကတော့ မလျှော့. . .သူ့ရင်ထဲမှာ တစစ်စစ် နာကျင်နေသည်။ သူ့လို ရွာမျက်နှာဖုံး နာမည်ကြီးသူဌေးသားတစ်ယောက် အပေါ်မှာမှ ဂတုံးပေါ်ထိပ်ကွက် လုပ်သွားကြခြင်းသည်. . .နှပ်ပစ်ခံရသည့် အဖြစ်. . .

ဒီကိစ္စနှင့် ပတ်သက်၍ ရွှေကျီးညိုသာမက. . .ရွှေကျီးညိုရဲ့ အဖေ ဦးကျီးညိုလည်း ဒေါသဖြစ်နေသည်။ ခွေးဖြစ်ချင်တဲ့ မျိုးဟာ. . .ခွေးတော တိုးတာပဲဟု နောက်ဆုံး ရင့်ရင့်သီးသီးပြောရင်း. . .သူ့သားကို ဒီ့ထက် ဆယ်ဆ ပိုချော ပိုလှသည့် မိန်းမရှာ၍ ပေးစားမည်ဟု ကြုံးဝါးသည်။

တကယ်လည်း ကိုယ်တိုင် ချွေးမအရှာထွက်သည်၊ ချွေးမလောင်း ချောချောလှလှများ တွေ့ရလျှင် သားလုပ်သူကိုပြ၍ နားချသည်။ ရွှေကျီး ညိုကလည်း အရက်မူးမူးနှင့် ခေါင်းရမ်းကာ ငြင်းပယ်ခဲ့သည်၊ သူ့အသည်း ထဲ ရင်ထဲမှာ မြထွေးရှင်ပဲ ရှိသည်။

ရွာထဲမှာတော့. . .လွန်းမောင်နှင့် မြထွေးရှင်တို့ ခိုးရာလိုက်ပြေး ကြသည်ကို မြထွေးရှင် သူငယ်ချင်းများ ဖြစ်ကြသော မြရင်၊ လှခင်၊ ကုလားမ၊ ဖွေးတုတ်နှင့် ခွေးပုမတို့က အလွန့်ကို ဝမ်းသာနေကြသည်။ အချို့က ထ၍ပင်ကကြသေး၏။

လွန်းမောင်ရဲ့ သူငယ်ချင်းများကလည်း ကျေနပ် ပျော်ရွှင်ကြ သည်။

အစကနဦးတုံးကတော့ သူတို့နှစ်ဦးအတွက် အားလုံးက စိုးရိမ် နေကြ၏။ အကြောင်းကား. . .သူတို့နှစ်ဦးနောက်သို့ ရွှေကျီးညိုတို့ လိုက် နေသည့် သတင်းသဲ့သဲ့ကြားရ၍ ဖြစ်သည်။

ဒီလိုနှင့် နာရီကို ရာသီက ဝါးမျိုစားသောက်ခဲ့သည်။

နွေမိုး. . .ဆောင်းတို့. . .အကျီအသစ်လဲခဲ့သည်မှာ နှစ်ကြိမ် ရှိခဲ့ပြီ။ ခုတော့. . .ရွှေကျီးညိုလည်း အချစ်အတွက် အသည်းကွဲကာ အရက်သမားကြီးဘဝနှင့် ရင်ကွဲနာကျနေသည်။ အရက်မူးလာတိုင်း သူက မြထွေးရှင် အမည်ကို တကြော်ကြော်အော်ခေါ်သည်။ တစ်နေ့ မြထွေးရှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီ ပြန်လာလိမ့်မည်ဟု နိမိတ်စကားများ မူးမူးနှင့် ဆိုခဲ့သည်။

နှစ်. . .နှစ်ဆိုသည့် ကာလအတွင်း လူ့ဘဝဖြစ်ရပ်တွေ အမျိုးမျိုး ပြောင်းလဲသွားသည့်တိုင် ရွှေကျီးညိုရင်ထဲမှာတော့ မြထွေးရှင်ရဲ့ ပုံရိပ်သည် စွဲမြဲခိုင်ကျည်စွာ စူးနစ်နေရာ ယူထားဆဲပါလေ. . .။

◆◆◆◆◆

၃

## ဖြေပြမမိုးပေါ် ကျသည်မျက်ရည်

သမီးလုပ်သူ ယောကျ်ားနောက်လိုက်သွားသည့် အချိန်မှစ၍ ဒေါ်မိန်းကလေး စိတ်ထိခိုက်ကာ အိပ်ယာထက်လဲခဲ့ရသည်။ တစ်ဦးတည်းသော အချောအလှ သမီးလေးကို အဖေရော အမေရော တုန်နေအောင် ချစ်ခဲ့ရသည်။

သူဌေးသား ရွှေကျီးညိုနှင့် ပေးစား လက်ထပ်လိုစိတ် ပြင်းပြခဲ့ရသည်မှာလည်း သမီးဘဝတစ်သက်လုံး ကောင်းစားရေးကို ရှေးရှုသည့် မိဘစေတနာပဲ ဖြစ်သည်။

ခုတော့. . .သူတို့ မျှော်လင့် ရည်မှန်းသလို ဖြစ်မလာခဲ့။

သမီးလုပ်သူက. . .အိမ်က သူရင်းငှား(သူ့ချစ်သူ)နှင့် လိုက်ပြေးသွားမှန်း သိရသောအခါ ရက်လွန်းဒေါသထွက်လွန်း၍ နှစ်ဦးစလုံးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်သတ်ပစ်ချင်စိတ်များ ဖြစ်ခဲ့ရသည်။

ရှက်လွန်း၍ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရဲ။

သမက်လောင်း ရွှေကျီးညိုကလည်း ဒေါသပေါက်ကွဲပြီး ဓား ကြိမ်း ကျိန်းခဲ့သည်။ အဲဒီနောက် စိတ်နာလွန်းလှ၍ သင်းတို့ နှစ်ဦးစလုံး ကို သေခန်းပြတ်ဟု ကြွေးကြော်ခဲ့၏။

ကြွေးကျော်ပြီးသည့် အချိန်မှစ၍ အိပ်ယာထဲ လဲခဲ့သည်။ သမီးစိတ်နှင့် ထမင်းမစားနိုင်ခဲ့. . .ကြာတော့ အားပြတ်၍ မထနိုင်သည့် အခြေအနေသို့တိုင်ရောက်လုခမန်း ဖြစ်ခဲ့ရသည်။

ယောက်ျားလုပ်သူက မြန်မာသမားတော်ကြီး ဦးနီခင် အိမ်ပင့် ပြီး မနည်းကုယူရသည်။ အိမ်နီးနားချင်းများ လူကြီးသူမများနှင့် ရွာဦး ကျောင်း ဆရာတော်တို့က. . .တရားပြ. . .နားချလွန်းမက ချတော့မှ ဒေါ်မိန်းကလေး နားလည်သဘောပေါက်စပြုလာခဲ့သည်။ ဩော် လူဆို တာ. . .ကိုယ့်ဘဝကံကို ကိုယ်စီရင် ကြတာတဲ့. . .

နှစ်နှစ်ခန့် အချိန်ကာလအတွင်း တစ်နှစ်ခန့် ကြပ်ကြပ်မတ်မတ် ကုသလိုက်တော့မှ ဒေါ်မိန်းကလေး ပြန်၍ နလံထူနိုင်တော့သည်။ သူမ ရဲ့ ရင်ထဲမှာ အချစ်ဆုံးသမီးကို တစ်နေ့ တစ်နာရီမျှ မေ့ပျောက်လို့မရ၊ ဒီသမီးက တစ်ဦးတည်းသော သမီး. . .။

အခု. . .ချစ်သမီးလေး. . .ဘယ်များ ရောက်နေသလဲ မသိ၊ ကြောက်ကြောက်လန့်လန့်နှင့် ဦးတည်ရာမဲ့ ဖွတ်ရွတ်ပြေးလေရော့သလား၊ သူတို့ စားရေးသောက်ရေး ဘယ်လိုများ ရှိကြပါလိမ့်၊ မိဘအိမ်မှာတုန်း ကလိုမှ စားရဝတ်ရရဲ့လား၊ ခြေဖွေးမီးမလောင် လက်ဖွေးမီးမလောင်မှ နေရရဲ့လား. .

ကျန်းကျန်းမာမာရော ရှိရဲ့လား. .ဆွေမဲ့မျိုးမဲ့အကြား တစ်ကောင် ကြွက် တစ်မျက်နှာဘဝနှင့် မျက်စေ့သူငယ် နားသူငယ် ဖြစ်နေရှာမလား၊ လင်သားလုပ်သူက အလိုမကျ၍ နှိပ်စက်ကလူ ပြုနေရှာရော့သလား၊ စိုးရိမ်စိတ်များ နေ့စဉ်ပွားခဲ့ရသည်။





တစ်ခါ တစ်ခါတော့ ပြန်စဉ်းစားကြည့်သည်။

ဒီကိစ္စ ဒီပြဿနာသည် ငါတို့ ငွေမက်လို့ ဂုဏ်မက်လို့ ဖြစ် ရသည့် နောက်ဆက်တွဲ အပူသောကများ သမီးအလိုအတိုင်း သူချစ်တဲ့ သူနှင့် အိမ်ထောင်ချပေးလိုက်လျှင် ဒီသမီးနဲ့ ရင်ကွဲလည်း မကွဲရ၊ မခွဲရ၊ ဥမကွဲ သိုက်မပျက်နေကြပြီး တစ်စီးပွားတည်း ဒိုးတူဘောင်ဘက် လုပ်ကိုင် စားသောက်ရင် စိတ်မချမ်းသာကလား. .ငါတို့ရဲ့ မက်မောမှု အမှားများ ကြောင့် ကြွေရုပ်လိုလှပြီး ဝါဂွမ်းလို နူညက်သည့် သမီးနုနုကလေး မိဝေး ဖဝေးနှင့် ဟိုး အမည်မသိ တစ်နယ်တစ်ကျေးမှာ ချွေးနှင့် ရုန်းကန်နေရ ရှာရော့မည်။

သို့ကလို စဉ်းစားမိတိုင်း ကိုယ်ကိုယ်ကိုယ်သာ အပြစ်တင် မဆုံးနိုင်ခဲ့။

အခုတော့. . .အဖေလုပ်သူလည်း. . .နောင်တရလို့ မဆုံးနိုင်။

အချိန်ရဲ့ နာရီအကြားမှာ ရွှေကျီးညိုရဲ့ စာရိတ္တသဘောလည်း စောကြောသိရှိလာခဲ့ရပြီး ကြာလေ. . .လင်မယားနှစ်ယောက် သမီးကို သတိရလေနှင့် ဦးဘမောင်လည်း ပုတီးစိပ်ပြီး တရားနှင့် ဖြေရတော့သည်။

သို့သော် အာရုံက ပုတီးထဲ မရောက်။ သမီးထံပဲ ရောက်နေ သည်။ လင်မယားနှစ်ယောက် ထမင်းဝိုင်းမှာ မျက်နှာချင်းဆိုင်မိလျှင် တစ်ယောက်ကို တစ်ယောက် အပြစ်ဖို့ရသည်မှာလည်း နေ့စဉ်နှင့် အမျှ။

ဒေါ်မိန်းကလေးက ''ရှင့်ကြောင့်''ဟုပြောလျှင်. . . ဦးဘမောင် ကလည်း ငါ့ သမီးဒုက္ခရောက်ရတာ. . .နင်ငွေမက်လို့ မိန်းကလေးရဲ့'ဟု လက်ညှိုးထိုးပြီး ရန်ထောင်လေ့ရှိတော့သည်။ အိပ်ယာထဲဝင်လည်း မအိပ် မချင်း ဒီကိစ္စနှင့် တကျက်ကျက်၊ အစကနဦးတုံးကတော့ သူဌေးဦးကျီးညို တို့ အသိုင်းအဝိုင်းကလည်း ရစရာ မရှိအောင် ကဲ့ရဲ့ရှုံ့ချကြသည်။ ရွှေကျီး ညိုကလည်း ဒေါသူပုန်ထ၍. . .ကြုံးနေကြိမ်းနေဆဲ. . .။

ခုတော့. . .နှစ်နှစ်ဆိုသည့် အချိန်ကာလအတွင်း မုန်တိုင်းတစ်ခု သည် ငြိမ်သက်လို့ သွားခဲ့ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိန်းကလေးနှင့် ဦးဘမောင်တို့လည်း သမီးနှင့်သားမက် အကြောင်းကို စုံစမ်းစနည်းနာခဲ့ကြသည်။ အင်း. . .တောင်းဆိုးပလုံးဆိုးသာ မကောင်းလျှင် စွန့်ပစ်ရရိုး ထုံးစံရှိသည်။ သားဆိုး သမီးဆိုးကား မပစ်ရက်နိုင်ကြ၊ ဒါက မိဘရဲ့ မေတ္တာ၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ဝါးဖတ်တော် အဆီအနှစ်နှင့် လူဖြစ်အောင် မွေးခဲ့ရသည့် မိဘရဲ့မေတ္တာ။

ခုဟာ. . .က ဒီသမီးသည် သားဆိုးသမီးဆိုးမဟုတ်။

မချစ်မနှစ်သက်သူနှင့် အတင်းအဓမ္မ ပေးစားလိုသော အချစ်မှာ ကိုယ်ချင်းစာနာစိတ် ကင်းမဲ့ခဲ့သော တစ်နည်း၊ စေတနာမေတ္တာ ရေလိုက်လွှဲခဲ့သည်။ မိမိတို့ နှစ်ဦးသာ မိဆိုးဖဆိုးစာရင်း နောက်ဆုံးဝင်သွားခဲ့သည်ဟု ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခဲ့လိုက်တော့သည်။

ဟိုဟိုဒီဒီ ခရီးထွက်ရင်း ရောက်လေရာအရပ်မှာ ဦးဘမောင်ကလည်း တီးခေါက်စုံစမ်းသည်။ ခရမ်း၊သုံးခွ ဘက်ရှိ အမျိုးများထံ စုံစမ်းမေးမြန်းရသည်။

လွှန်းမောင်ကတော့ မြောင်းမြသားဟု သိရသည်။ မြောင်းမြများ ရောက်နေကြရော့သလား. . .၊ မြောင်းမြသွားသည့် ဧရာဝတီ လူကြုံတွေ့တိုင်း သမီးလေး မြထွေးရှင်တို့အကြောင်း စုံစမ်းပေးကြပါရန် မှာရသည်မှာ မမောနိုင်ခဲ့။

သူတို့အမေ. . .က သမီးစိတ်နှင့် အိပ်ယာထက်လဲခဲ့သည်မှာ မှသေယုံတမည်။ ခုမှ ကံကောင်း၍ နေကောင်းကာစရှိသည်။ ခုနေ သူ့သမီးနှင့်များ ပြန်တွေ့လိုက်လျှင် စိတ်ရောကိုယ်ပါ ဒီထက်ချမ်းသာ ကျန်းမာကောင်းပါမည်။ ခုတော့ လယ်အလုပ်ကတစ်ဘက် ဇနီးကျန်းမာရေးကတစ်ဘက် သမီးအတွက် ပူပန်ရသည့် ဇောကတစ်ဘက်နှင့် ဦးဘမောင်လည်း ပိန်ချုံးကျသွားခဲ့ရသည်။

ဒီလိုနှင့် အချိန်နှင့် မျှောလိုက်စီးပါနေခဲ့ကြရင်း. . .

တစ်နေ့. . .။ သူတို့လင်မယား ပဲခူးမြို့သို့ ဘုရားဖူးသွားကြရင်း ဒီမှာ မျှော်လင့်မထားပဲနှင့် မြထွေးရှင်ကို သွားတွေ့လိုက်ရတော့သည်။





အဲဒီတုန်းက မြထွေးရှင်က ပဲခူးဘုရားပွဲဈေးမှာ သနပ်ခါးတုံး သနပ်ခါးခဲနှင့် အမွှေးနံ့သာ ဘယဆေးပင် ဆေးမြစ်ဆေးဥများ ရောင်းနေသည်။ ဦးဘမောင်တို့ လင်မယားကလည်း ကြုံချင်တော့ အဲဒီဆိုင်ကိုမှ သနပ်ခါးတုံးဝင်ဝယ် မိကြသည်။

ဈေးသည်မိန်းကလေးက မျက်နှာကြီး တဘက်ပေါင်းလျှက်နှင့် သနပ်ခါးဈေးဝယ်များကို ဈေးခေါ်ပြောဆိုရောင်းနေသည်။ သူမရဲ့ အနောက်ဘက်မှာ ကျောပြောင်ကြီးနှင့် လူရွယ်တစ်ဦးက သနပ်ခါးတုံးများကို လွှနှင့်ဖြတ်ပေးနေသည်။

ဒေါ်မိန်းကလေးက ရှင်မတောင်ဘယ်လို ရောင်းသလဲဟု မေးလိုက်သည်။ သည်မှာ မျက်နှာကြီး တဘက်ပေါင်းထားသည့် ဈေးသည်မိန်းကလေးက ဒေါ်မိန်းကလေးကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဒေါ်မိန်းကလေး. . . ပြန်ပြောသံမကြား၍ နောက်တစ်ကြိမ် ဈေးသည်မျက်နှာကို ကြည့်ပြီးမေးလိုက်စဉ်. . .

"အ. . .မေ. . ."

"ဟင်. . . ညီး. . .ညီး. . ."

"အမေ. . . အ. . .ဖေ. . . အဖေ. . . သမီး. . . သမီးလေ အမေရဲ့ ဟီးဟီး" မျက်နှာတဘက်ကြီးပေါင်းထားသည့် မိန်းကလေးက ပါးစပ်မှ ကတုန်ကရင် ပြောရင်း တဘက်ကြီးကို လက်နှင့်ဖြုတ်ချလိုက်ရာ–

"ဟယ်. . . သ. . .မီး. . . မြ. . . ထွေး. . . ရှင်. . ."

"အမေ. . ."

"သမီး. . . သမီး. . . နော်. . ."

"ဟုတ်ပါကယ်. . . အဖေ. . . အမေ. . . အမေ့သမီးလေး ဟီးဟီး"

"သမီး. . . သမီး. . . ငါ့သမီး. . . အမလေး သမီးရဲ့. . .ဟီး. . . ဟီး"

မြထွေးရှင် အခြားဈေးဝယ်များကို ဂရုမစိုက်နိုင်တော့ပဲ သနပ်ခါး



www.burmeseclassic.com

www.burmeseclassic.com



တုံး ဝင်လာဝယ်သည့် မိခင်နှင့်ဖခင်ကို မြင်တွေ့သွားကာ မိခင်ကြီးရဲ့ ခြေအစုံကို ပြေးဖက်လိုက်ရင်း အားရပါးရ ငိုချလိုက်သည်။ သနပ်ခါးတုံးများ လွှနှင့် တိုက်နေသည့်လူသည် ငိုသံများကြောင့် အံ့အားသင့်ကာ လွှတိုက်ကိုရပ်ပြီး လှမ်းကြည့်လိုက်သည်။

"အဖေ. . ."

"သမီး. . . သမီး. . . ငါတို့. . . သမီးကို ပြန်တွေ့ရပြီ. . ."

အဖေနှင့်အမေတို့က မြထွေးရှင်ကို ပွေ့ဖက်၍ မျက်ရည်များ စီးကျလာခဲ့ကြသည်။

"အမေနဲ့ အဖေ. . . နေ. . . နေကောင်းကြတယ်နော်. . . အမေ. . ."

"ကောင်းပါတယ် သမီးရယ်၊ အခုတော့ ကောင်းသွားပါပြီ၊ ဖြစ်မှ ဖြစ်ရလေ သမီးလေးရယ်၊ ငါ့သမီး သနပ်ခါးတုံး ရောင်းနေတယ်ဟုတ်လား ဒါ. . . ဒါနဲ့. . . လွန်းမောင်. . . လွန်း. . .မောင်ရော. . ."

"ဟိုဟာ. . . ကို. . . ကို. . . လွန်းမောင်ပဲ အဖေ. . .၊ ကိုလွန်းမောင် အကို. . ."

မြထွေးရှင်က လွှကိုင်လျက်နှင့် ငေးကြောင်ကြည့်နေသည့် ချစ်လင် လွန်းမောင်ရှိရာသို့ လက်ညှိုးထိုးပြရင်းမှ. . . အသံပြုလိုက်သည်။ လွန်းမောင်သည်တော့မှ မှတ်မိသွားပြီး. . . လွှကိုပစ်ချကာ မြထွေးရှင်နှင့် မြေပြင်မှာ ယှဉ်ထိုင်ပြီး ယောက်ခမနှစ်ဦးကို ရိုသေစွာ ရှိခိုးကန်တော့လိုက်သည်။

ဒေါ်မိန်းကလေး သမီးနှင့် သားမက်ရဲ့ အဖြစ်ကို ကြည့်၍ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက်ရှိ၏။ သေသေချာချာ ကြည့်လိုက်မှ သမီးကိုယ်ဝန် စတင်လွယ်ထားရမှန်း သိလိုက်ရသည်။ ဒေါ်မိန်းကလေး နှစ်နှင့်ချီ၍ ခွဲခွာခဲ့ရသည့် သမီးလုပ်သူရဲ့ ကိုယ်လုံးကို ပွေ့ဖက်ထားရင်း အကဲခတ်လိုက်သည်။

ဆံပင်များက အုန်းဆီနဲ့ ကင်းနေတာ ကြာပုံရသည်။ နီကျန်ကျန် ဖွာလံကျဲလို့၊ မျက်ကွင်းနှစ်ဘက်ကလည်း ချိုင့်။ အဟာရလဲ ချို့တဲ့လို့





လား။ အလုပ်ပဲ ပင်ပန်းလို့လား။ ကိုယ်ဝန်ကြောင့်ပဲလား မသိ။ နည်းနည်း ပိန်သလိုဖြစ်နေသည်။ သို့သော်. . . မျက်နှာပေါ်က အလှက ဟိုတုန်းက အတိုင်း လှပနေဆဲ. . .

အဝတ်အစားများလည်း ရွာမှာနေစဉ် အပျိုဘဝတုန်းကလို သန့်ပြန့် ကြော့ရှင်း လှပသစ်လွင်ခြင်း မရှိ။ တကယ့် အညာသူကြီးလို၊ ရင်ဖုံးလက် ပွကြီး အပေါ်ကထပ်ဝတ်ပြီး အညာတဘက်ကြီး ခေါင်းပေါင်းလျက်နှင့်-

သားအမိနှစ်ဦး ပွေ့ဖက်ပြီး မျက်ရည်ကျနေကြသည့် မြင်ကွင်းကို ဈေးဝယ်များ ဈေးသွားများက ဝိုင်းကြည့်သွားကြ၏။ ကြည့်လည်း မရှက်နိုင် ကြတော့။ ဖက်၍ အလွမ်းသယ်ကြသည်။ ဖခင်လုပ်သူက တော်ကြတော့ ပြန်တွေ့ကြပြီဥစ္စာ. . .ဟု သတိပေးလိုက်တော့မှ. . .ဒေါ်မိန်းကလေးရော မြထွေးရှင်ပါ အငိုပြိုင်တူရပ်၍ မျက်ရည်များကို သုတ်လိုက်ကြသည်။

"အကိုလွန်းမောင်. . . အဖေနဲ့အမေအတွက် လက်ဖက်ရည်နဲ့ မုန့်သွားဝယ်လိုက်ပါ အကို. . ."

"နေပါစေသမီး. . . အမေတို့ စောစောလေးကပဲ ထမင်းစားပြီး တာ"

"အို. . . အမေကလည်း စားပြီးပြီးပေါ့၊ ဒီမှာခဏ ထိုင်ကြဦး ပြီးမှ အိမ်ကို သွားကြမယ်. . ."

မြထွေးရှင်က မိဘနှစ်ဦးကို ဈေးဆိုင်နောက်ဘက်သို့ ခေါ်ခဲ့ပြီး ခုံပုနှစ်လုံးမှာ နေရာချပေးလိုက်သည်။ လွန်းမောင်ကား ဝမ်းလည်းဝမ်းသာ အားလည်း အားနာ၊ မျက်နှာလည်း ပူနှင့် လက်ဖက်ရည်ဆိုင်ရှိရာသို့ သွားဝယ်ရန် ချိုင့်ကို လှမ်းယူလိုက်သည်။

"လွန်း. . . မောင်. . ."

"ခင်. . . ခင်ဗျာ. . . ဦး. . . ဦးလေး. . ."

"သွားမဝယ်နဲ့. . .၊ ပြန်ထိုင်ကြ. . .၊ ဒါနဲ့. . . သမီးတို့ အခု ဘယ်မှာ နေကြတုန်း"

"အခု. . . ဒီပဲခူးမှာပဲ အဖေ. . .၊ ရွှေမော်ဓောဘုရား [illegible]ဘက်



www.burmeseclassic.com

www.burmeseclassic.com



နားတင်ပါ. . .''

''အပိုင်ဝယ်ထားတာလား သမီး. . .''

မြထွေးရှင် ဖခင်ရဲ့ အမေးကြောင့် လင့်မျက်နှာကို လှမ်းကြည့်ပြီး မျက်လွှာကို အသာချလိုက်သည်။

''ငှား. . . ငှား. . . နေတာပါ. . . ဦးလေး. . .''

''ဩော်. . .''

လွန်းမောင်ရဲ့ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း အဖြေစကားကြောင့် ဦးဘမောင် စိတ်မကောင်းသလို ဖြစ်သွားခဲ့ရသည်။ သမီးနဲ့ သားသမက်ရဲ့ ဘဝသည် နေပူစပ်ခါးနေ့ခင်းနှင့် ညဥ့်နက်သန်းခေါင် မီးရောင်မှိန်မှိန်အောက်မှာ ဈေးသည်ဘဝနှင့် အရိုးထုတ်၍ ရုန်းကန်နေရသည်။ ဩော်. . . အချစ် အချစ်. . . အချစ်။ တယ်. . . သတ္တိကောင်းတဲ့ အချစ်ပါကလား။

ဒေါ်မိန်းကလေး သူ့ယောက်ျား ကိုဘမောင်ရဲ့ မျက်နှာကို လှမ်းကြည့်လိုက်သည်။ ကိုဘမောင်ကလည်း သူ့မိန်းမရဲ့ မျက်ဝန်းအစုံကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်သည်။

''ကဲ. . . သမီး အမေတို့ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ သမီးတို့ကို လိုက်ရှာနေတာလည်း ကြာလှပြီ. . . အခုပြန်ရင် အမေတို့နဲ့ ပြန်လိုက်ခဲ့မလား၊ ပြော. . .''

''ရှင်. . .''

မိခင်လုပ်သူရဲ့ နှုတ်ဖျားမှ စကားကြောင့် မြထွေးရှင် အလွန် အံ့သြသွားခဲ့ရသည်။ အမေတို့ဘဝကို မျက်နှာမပြရဲအောင်၊ အကျိုးနည်းအောင် ရက်စက်ခဲ့သည့် သမီးအပေါ် အမေတို့ မမုန်းရက်သေးပါလား။ **အခု**. . . အမေတို့နဲ့ ပြန်လိုက်ခဲ့တဲ့. . .။

သူမ. . . တစ်ယောက်တည်းလား။

သူမရဲ့ စွယ်တော်တစ်ရွက်၊ တစ်ဝက်ချစ်လင် မပါဘူးလား။

သူမ. . . လွန်းမောင်ရဲ့ တုန်လှုပ်အားငယ်နေသော မျက်နှာကို လှမ်းကြည့်လိုက်သည်။





''ဟို. . . အ. . . အကို. . . လွန်း. . . မောင် အကိုလွန်းမောင် ရော ဟင်. . . ဟင်. . .လို့''

''အို. . . သမီးကလည်း ခေါ်မှတော့ သမီးတစ်ယောက်တည်း ခေါ်ပါ့မလား၊ မောင်လွန်းမောင်ရော လိုက်ခဲ့ရမှာပေါ့. . .''

''တကယ်. . .''

''တကယ်ပြောနေတာပါ. . . သမီးရယ်. . .''

''အို. . . ဝမ်း. . . ဝမ်း. . .သာ. . .လိုက်တာ. . . အမေရယ်''

သူမ မိခင်ကြီးကို တအားဖက်ရင်း မိခင်ပါးပြင်ကို ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်သည်။ အမေသည် ချစ်သမီးရဲ့ အနမ်းများကို မျက်ရည်စိုစိုရွှဲရွှဲနှင့် ခံယူရင်း ပီတိဖြစ်နေ၏။ လွန်းမောင်ကို 'သိမ်းလိုက်တော့ အကို' ဟု လှမ်းပြောလိုက်သည်။

လွန်းမောင်က သနပ်ခါးတုံးများ၊ အခဲများ. . . ဆေးဥသစ်ဖုများကို ထန်းခေါက်ဖာကောင်း တစ်ခုအတွင်းသို့ စုထုပ်၍ သိမ်းလိုက်သည်။

ဟိုစဉ်ကတည်းက လယ်ပိုင်ရှင် ကျေးဖူးရှင်အဖြစ် ရှိသေကြောက်ရွံ့ခဲ့ရသည့် သူများ ဖြစ်သည်မို့၊ ယောက္ခမများ ဘဝသို့ ရောက်ခဲ့သည်တိုင် လွန်းမောင် မလွန်ဆံရဲ။ ထန်းခေါက်ဖာ နှစ်လုံးထဲသို့ ပစ္စည်းပစ္စယများ အားလုံးကို စုထည့်ပြီး ကြိုးနှင့်ချီသိုင်း၍ ထမ်းပိုးနှင့် ထမ်းနိုင်သည့် အဆင့်ရောက်အောင် ပြင်ဆင်ထားလိုက်သည်။

''ဟ. . . မြထွေးရှင်တို့ လွန်းမောင်တို့. . . အစောကြီးရှိသေးတယ်၊ ဆိုင်သိမ်းပြီလား. . . ဟ. . .''

ဆိုင်နီးနားချင်းများက ထုတ်ပိုးသိမ်းဆည်းနေသည့် လွန်းမောင်တို့ လှုပ်ရှားမှုကို ကြည့်၍ မေးကြမြန်းကြရင်း အနားရောက်လာကြသည်။

''အေးဗျာ. . . သိမ်းပြီဗျို့. . .''

''ဘယ်လိုဖြစ်လို့. . . အစောကြီး သိမ်းရတာတုန်း ကိုလွန်းမောင်ကြီးရဲ့. . .''

သူတို့လို ဘဝတူ သနပ်ခါးသည် အမျိုးသမီးတစ်ဦးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကူသိမ်းမလို လုပ်ရင်း ဝင်မေးပြန်သည်။ သည်မှာ မြတ္တေးရှင်က. . .

"မမဲတူရေ. . . ဒါ. . . ကျွန်မရဲ့ အဖေနဲ့အမေလေ. . ."

မြတ္တေးရှင်က ပြုံးရယ်နေသည့် မိဘနှစ်ပါးအား ဆိုင်နီးနားချင်း ဈေးသည်ဘဝတူ အပေါင်းအသင်းများနှင့် မိတ်ဆက်ပေးလိုက်သည်။ ဆိုင်နီးနားချင်းများသည် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ မြလက်စွပ်၊ ရွှေနားဋောင်းဖြင့် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရှိလှသော မြတ္တေးရှင်ရဲ့ မိဘများကို မြင်လိုက်ရသောအခါ အားလုံး အံ့သြဝမ်းသာ ဖြစ်ကုန်ကြသည်။ လေးလည်း လေးစားသွားကြသည်။

"ဟင်. . . ဒါ. . . ဒါ မြတ္တေးရှင်ရဲ့ အဖေနဲ့ အမေ. . ."

"ဟုတ်တယ်. . . တူမတို့ရဲ့. . ."

"ဒါကြောင့်. . . စောစောတုန်းက ငိုကြရယ်ကြ ဖြစ်ကြတာကိုး။ မြတ္တေးရှင်တော့ ပျော်နေမှာပဲဟေ့. . .၊ ကိုလွှန်းမောင်ကြီး ရှင်ရော. . ."

"အဟဲ. . ."

"အခု. . . မြတ္တေးရှင်တို့ကို အပြီးလာခေါ်တာလား. . ."

"အေးကွယ့်. . . တူမရဲ့. . ."

"ဟောတော့ ကျုပ်တို့တော့ ပျင်းကျန်ရစ်ခဲ့ပြီပေါ့တော်. . .၊ ကိုလွှန်းမောင်တို့ မြတ္တေးရှင်တို့ကလည်း လိုက်သွားတော့မှာပေါ့နော်. . ."

"ဟုတ်တယ်. . . မမဲတူ. . . ဟိုမှာက လယ်တွေကိုင်းတွေ အဖေတစ်ယောက်တည်း မနိုင်ဘူး. . .၊ ဒါကြောင့် ပြန်လိုက်သွားတော့မယ်. . ."

"ငါတို့တော့ လွမ်းကျန်ရစ်ခဲ့ပေါ့ အေ. . .၊ စကားပြောဖော် ကောင်းကောင်းဆိုလို့ ညီးတို့ပဲရှိတာဥစ္စာ. . . ခုတော့. . ."

"နောင်များကျမှ ပြန်ဆုံကြတာပေါ့. . . မမဲတူတို့ ကိုစိန်ပန်းတို့ ဖိုးသာအောင်တို့ရေ. . .၊ ကဲ. . . အချိန်ရှိတုန်း အိမ်မှာလည်း သိမ်းဆည်းစရာရှိနေလို့ အားလုံးပဲ နှုတ်ဆက်ပါတယ်တော်. . . ပြန်အုံးမယ်နော်၊ အကိုတို့. . . အမတို့ရေ. . ."





အားလုံးက မျက်ရည်စမ်းစမ်းနှင့် ရောက်လာ ဝိုင်းဖွဲ့နှုတ်ဆက်ကြသည်။ မြတ္တေးရှင်ကို ဖက်၍ နမ်း၍ နှုတ်ဆက်ကြသည်။ လွှန်းမောင် ကျောကိုထု၍ တိုးတိုးပြောပြီး ကြိတ်ရယ် နှုတ်ဆက်စကားဆိုကြသည်။ ရွှေမော်ဓော ခြေတော်ရင်းမှ မျက်ရည်ဖာတ်သိမ်း၍ အပြုံးလိမ်းခြယ်သည် ညနေပိုင်း ရှုခင်း။

"အေး. . . အေး. . .၊ ဝမ်းသာတယ် လွှန်းမောင်နဲ့ မြတ္တေးရှင် ရေ. . .၊ မင်းတို့ကတော့ ကိုယ်မြို့ကိုယ့်ရပ်ကို ပြန်ရောက်ပြီး ကိုယ့်မိကိုယ့် ဖနဲ့ ပျော်ပျော်နေနိုင်ခွင့် ရခဲ့ပြီပေါ့ကွယ်. . .၊ ငါတို့ကတော့ မြို့တကာ၊ နယ်တကာ၊ ဘုရားပွဲတကာ လှည့်ရောင်းရမယ့် ဈေးသည်ဘဝက မကျွတ်နိုင် သေးတော့. . .၊ ရွာလည်းဝေး. . .၊ ရပ်လည်းဝေး. . . ဝဋ်ကျွေး ကျေအောင် ဆပ်ရဦးမယ်ဟေ့. . .၊ ကိုင်းကိုင်း သွားကြ. . . သွားကြ၊ ကျန်းမာရေး ဂရုစိုက်ကြနော်. . ."

သူတို့အားလုံးကို လက်ပြနှုတ်ဆက်ပြီး ငှားနေသည့် အိမ်ရှိရာသို့ မိသားစု ပြန်လာခဲ့လိုက်သည်။ ကျဉ်းမြောင်းသည့် လမ်းကျဉ်း လမ်းသွယ် များကို ကွေ့ကျော်ပြီးနောက် သူတို့ ခပ်ကုတ်ကုတ် အိမ်တစ်လုံးရှိရာသို့ ရောက်ခဲ့ကြသည်။

အဖေနှင့်အမေကို အိမ်ရှေ့ခဏထိုင်နိုင်းပြီး စားအိုးစားခွက် အနည်းအကျဉ်းနှင့် စောင်၊ ခေါင်းအုံး ခြင်ထောင်များတို့ကို ထုပ်ပိုးလိုက် သည်။ ဖာတစ်ထုပ်ကို မြတ္တေးရှင်က ရွက်၍ လွှန်းမောင်က ဘယ်ညာ ဆိုင်းထမ်းပိုးနှင့် ထမ်းရင်း ရေဆိပ်ရှိရာသို့ ဆင်းလာလိုက်ကြတော့သည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# ၄

## ပီတိရသဆောင်းသံနှင့် ဘီလူးဆိုင်းကကွက်တီးလုံး

လွန်းမောင်နှင့် မြထွေးရှင်တို့ ဘုရားဖူးသွားသည့် သူ့မိဘများနှင့်အတူ ဆေးလုံးကြီးကျေးရွာသို့ ပြန်လည်လိုက်ပါ ရောက်ရှိလာသည့် သတင်းသည် ရွာထိပ်လှည်းဝင်သည်နှင့် ချက်ချင်းကို အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့သည်။

ကွမ်းတောင်၊ ပန်းတောင်ကိုင်ဘက် သူငယ်ချင်းများ ဖြစ်ကြသည့် လှခင်၊ မြရင်၊ မြရီ၊ လှကြည်၊ ဖွေးတုတ်၊ ဖွေးပုမနှင့် ကုလားမတို့ မယ်ဖဲလှတို့အပျိုအုပ်စုမှာ အပြေးအလွှား ရောက်လာကြသည်။

"မြထွေးရှင်. . . ရေ. ."

"ဝေး . . မြရင်လားဟေ့. . ."

'အေးဟေ့. . . ညီးတို့ ရွာကို အပြီးပြန်လာတာနော်. . .သူငယ်ချင်း'





လှရင်က ချွေးသီးချွေးပေါက်များကို သုတ်ရင်းဝမ်းသာ အားရမေးသည်၊ ကျန်လူများကလည်း တစ်ယောက်တစ်ပေါက် မေးချင်တာ မေးကြသည်၊ ဝမ်းသာလွန်း ပျော်လွန်း၍ ဘာအရင်ဖြေရမှန်းမသိ"

"အေးပေါ့ဟဲ့. . .၊ အဖေနဲ့အမေက ရှိသေးဥစ္စာ ပြန်လာရတာပေါ့. . ."

"ဝမ်းသာလိုက်တာ မြထွေးရှင်ရယ်. . .၊ ဟေ့ ဖွေးတုတ်တို့ ကုလားမတို့ ဖွေးဖွေးတို့ရေ. . . မြထွေးရှင် ပြန်ရောက်ပြီဟေ့. . ."

မြရင်က ရွာလမ်းမများဘက်သို့ လှည့်ရင်း ခုနစ်သံချီဟစ်လိုက်သည်။ မြရင်ရဲ့ ခုနစ်သံချီနှင့် ဗျို့ဟစ်သံကြားသောအခါ ကြားကြသမျှ အပျိုများ ဝမ်းသာအားရ ပြေးလာကြသည်။ ငယ်ပေါင်းများ ပြန်တွေ့၍ လက်ပံပင် ဇရက်ကျသလို ညံနေသည်။ သူတို့အားလုံးအသံသည် ရွာကို ဖုံးလုမတတ်ရှိနေသည်။

သည့်နောက် လှည်းပေါ်မှာ ပါလာသည့် ဝန်စည်စလှယ်ပစ္စည်းများကို အားလုံး ဝိုင်းကူချပေးကြသည်။ အောင်ဘုတို့ လှအောင်တို့ လှစိန်တို့လည်း အပြေးအလွှားရောက်လာပြီး လွန်းမောင်ရဲ့ လက်ကို ဖျစ်ညှစ်ကိုင်ဆုပ်ကာ ဝမ်းသာကြည်နူးဖြစ်နေကြသည်။

"လယ်ပိုင်ရှင် သားသမက်ကြီးကွ. . ."

လွန်းမောင် လှအောင်ရဲ့ ပြုံးစေ့စေ့ စကားသံကြောင့် အဘိုးကြီး အဘွားကြီးများ ကြားသွားပြီမှတ်၍ . . .

"ဟာ. . .ဟေ့ကောင် လှအောင်. . .ရှုးတိုးတိုးလုပ်ပါကွ၊ ကြားသွားမှဖြင့်ကွာ"

"ကြားကြားကွာ. . .ဟုတ်တာပြောတာ ဥစ္စာ. . .နော်ကွာ လှစိန်"

"အင်းလေ. . .သားမက်ကြီး အကြီးဆုံးကြီး ရောမကြီး"

"ဒုက္ခပါပဲကွာ. . .ခုမှ ယောက်ခမအိမ်ထက် သားမက် မတက်ဝံ့ ဝံ့ တက်ဝံ့ဝံ့ရှိနေရတဲ့ အထဲကွာ. . .မင်းတို့က တမျောင့်ကွာ. . .လှစိန့် တို့ရ. . ."



www.burmeseclassic.com

www.burmeseclassic.com



''ဟား. .ဟား. .ဟား. .ဟား. .မံငယ်စေရပါဘူး မောင်လွန်း မောင်ရာ မင်းယောက်ခမကလည်း လယ်တွေယာတွေ အများကြီး ရှိပါတယ်ဗျာ၊ ရှေ့လျှောက်ပြီး မင်းမျက်နှာ စကောလောက်ကို ကြီးတော့ ထွားတော့ ကားတော့မှာပါ. . .မောင်ရာ၊ ဖယ်ပါ. . .ဖယ်ပါ. . .လယ်ပိုင်ရှင် သားသမက်ကြီး အနားယူတော်မူပါ၊ အိမ်တော်ပါ ကျွန်တော်မျိုး များကပဲ အကျီ်ထမီထန်းခေါက်ဖာ စားအိုးစားခွက်များကို သယ်ခဲ့ပါမယ်ခင်ဗျား၊ ကိုယ်တော်ကြီးသာ နှမတော်နဲ့ ရွှေလက်တွဲပြီး. . .ရွှံ့ထဲက လျှောက်တော်မူပါခင်ဗျာ''

''ဝါး. . .ဟား. . .ဟား. . .ဟား. . .ဟား. . .လှအောင်တို့ကတော့ ပိုင်တယ်ကွာ၊ အပြောမှာ ဘိုးစိန်ပဲဟော့. . .''

သည့်နောက်ပါလာသည့် ပစ္စည်းများကို လှအောင်တို့ လှစိန်တို့ ယောက်ျားလေးအုပ်စုကပါ. . .အပျိုအုပ်စုနှင့် ဝိုင်းကူသယ်ပေးကြသည်။ ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့ကား သမီးနှင့် သမက်လုပ်သူတို့ ဝမ်းသာပျော်ရွှင်နေကြသည်ကို ကြည့်၍ အလိုလို စိတ်ရောကိုယ်ပါ ချမ်းသာနေကြသည်။ ဇနီးသည်ရဲ့ မျက်နှာသည် ကြည်နူးရိပ်များနှင့် ပြုံးနေသည်။

''ဟဲ့. . .မြထွေးရှင်. . .''

လှခင်က မြထွေးရှင်ရဲ့ ဗိုက်ကိုကြည့်ပြီး ရယ်ကျဲကျဲ စပ်ဖြဲဖြဲ မျက်နှာနှင့် လှမ်းမေးလိုက်သည်။

''ဘာလဲဟဲ့. . .လှခင်ရဲ့. . .''

''ညည်း. . .ညည်း. . .ဟို. . .ဟိုဒင်း. . .အဲလေ. . .ဗိုက်က. . . ပူလှချည်လား အေ. . .''

''သေနာမရဲ့. . .အဲဒါ ဘာဖြစ်လဲ''

''ကိုယ်ဝန် ရှိနေတာပေါ့နော်. . .နော်''

''အေး. . .ဟုတ်တယ်''

''အဲဒါ. . .ဘယ်လို လုပ်ရတာလဲ. . .ဟင်''

''ဟင်. . .ကဲဟာ. . .ကဲ. . .ကဲ. . .သေနာကျမ. . .နောက်အုံး





ပြောအုံး. . .'' သူငယ်ချင်းများက မြထွေးရှင်ရဲ့ ပူဖောင်းစပြုနေသည့် ဝမ်းဗိုက်ကို လက်နှင့် မတို့ရဲ တို့ရဲ ဟန်လုပ်ပြီး တို့လိုတို့ အသာအယာ ပွတ်သပ်သူက ပွတ်သပ်နှင့် ဝိုင်းစကြနောက်ကြသည်။ ပါးစပ်ကလည်း မကြားဝံ့ မနာသာပြောသည်. . .၊ မြထွေးရှင်က နားရှက်လွန်း၍ သူတို့ ကျောကုန်းကို တဘုန်းဘုန်းလိုက်ထုပစ်ပြီး. . .ရယ်နေလိုက်ရတော့သည်။

''ဘယ်နှစ်လ ရှိပြီလဲဟဲ့. . .''

မြထွေးရှင်က လက်သုံးချောင်းထောင်ပြလိုက်သည်။ မအေလို လှပြီး. . .ဖအေလို ချောမဲ့ ငါးရှဉ့်ဟု ပြောကြပြန်သည်။ အားလုံး အိမ်ပေါ်မှာ နေသားကျအောင် အခန်းဖွဲ့၍ ချပြီးသောအခါ. . .စားဖို့ သောက်ဖို့ အားလုံးက ရွာဓလေ့အတိုင်း ဝိုင်းကူကြသည်။

ဆန်ဆေးသူကဆေး၊ ရေခပ်သူကခပ်၊ မီးမွှေးသူက မီးမွှေး၊ နောက်ဖေးခြံထဲဝင်၍ အသီးအရွက်ခူးသူက ခူး. . .

''ဦးလေးဘမောင်. . .''

''ဘာတုံးဟ. . .လှအောင်ရ. . .''

''ဒီနေ့ အိမ်တက်ပွဲမှာ. . .ဘာဟင်းချက်ရမှာလဲ. . .ဦးလေးရ''

''ဟာ. . .ဒီတိရိစ္ဆာန်ကောင်လေးနှယ်. . .မင်းတို့ ကြိုက်ရာချက်ကြကွာ''

''ဒါဆို. . .ကျုပ်တို့က. . .အိမ်အောက်က ကြက်နှစ်ကောင် ဖမ်းချက်လိုက်မှာနော်. . .''

''လောက်ပါ့မလားတော့၊ ဗူးသီးသုံးလုံးရော နေဦးမယ်''

လှအောင်ရဲ့ အပင့်ကို ဗွေးတုတ်က ဆင့်၍ တွန်းလိုက်ပြန်သည်။

''ဟဲ့. . .အကုသိုလ်ကောင်တွေ. . .ဒီကိစ္စ လူကြီးကို ပြောရသလားဟဲ့. . .နင်တို့ ဖာသာ. . .ချက်ချင်ရင် ကြိုက်သလို လုပ်ကြပါလား. . .ဘာလို့ ငရဲအဖော် လာဆွယ်တာတုံး အနာကျကောင်တွေရဲ့''

''ဟား. . .ဟား. . .ဟား. . .ဟား. . .ခွင့်တောင်းတာပါ ဒေါ်ကြီးရာ၊ မပြုလဲ. . .ကျုပ်တို့က ချက်မှာပါပဲ၊ ဒါပဲနော်. . .ဒီကိစ္စနဲ့ မပြီးသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



မဂ်လာဆွမ်းနဲ့ ကလေးခေါင်းဆေး တစ်ပြိုင်နက်ကျွေး. . .အေး. . .အေး အဲ့. . .အဲ့''

''ဒေါင်. . .''

''အ. . .မယ်. . .လေး. . .ဗျ''

''ဝါး. . .ဟား. . .ဟား. . .ဟား. . .ဟား. . .တည့်တည့်ပဲ ဒေါ်ကြီးရေ ကောင်းလိုက်တာတော်၊ မြိန်လိုက်တာတော်၊ ခံတွင်းတွေ့လိုက်တာတော်၊ မြထွေးရှင်ရယ် ညည်း ဒန်ခွက်နဲ့ မပေါက်ရဘူးဟဲ့၊ ငြုပ်ကျည်ပွေ့နဲ့ ပစ်ရမှာဟဲ့. . .မှတ်ထား''

မြထွေးရှင်က ရေချိုးဒန်ခွက်နှင့် ကောက်ပေါက်လိုက်ရာ ဒန်ခွက်သည် မင်္ဂလာဆွမ်းကျွေးနှင့် ကလေးခေါင်းဆေး တပေါင်းတည်းကျင်းပကျွေးစေလိုသော လုအောင်ရဲ့ နဖူးပြောင်ပြောင်ကို မှန်ကာ ကြမ်းပြင်ပေါ်သို့ ပြန့်ကျလာခဲ့သည်။ အပျိုအုပ်နှင့် ကာလသားအုပ်တို့ရဲ့ ရယ်သံကား . . . မရပ်မနားနိုင်ကြသေး။

ထိပ်ပြောင်လုအောင်ကား. . .သူ့ထိပ်ကို လက်ဝါးနှင့် အုပ်ရင်း အိမ်အောက်ဘက်သို့ ဆင်းပြေးတော့သည်။ မကြာခင် အိမ်အောက်မှ ကြက်ဖမ်းသံများ ကြားရသည်။ သည့်နောက် ဝဝတုတ်တုတ် ကြက်နှစ်ကောင်ကို ခြေထောက်မှ ဆွဲ၍ နောက်ဖေးမီးဖိုဆောင်သို့ လုအောင် ထွက်သွားသည်။

မြထွေးရှင်နှင့် လွန်းမောင်တို့ ဇနီးမောင်နှံကား အမောမပြေနိုင်အားရေမိုးချိုးချင်ပေမင့် မချိုးနိုင်အားသေး နှစ်နှစ်ခန့် ကွဲကွာနေကြသည့် ချစ်သူငယ်ချင်းများ အပေါင်းအသင်းများရဲ့ မေးခွန်းပေါင်းစုံကို ဒိုင်ခံဖြေရင်း လျှာထွက်လုမတတ် ဖြစ်နေရလေသည်။

◆ ◆ ◆ ◆ ◆



ရွှေကျီးညို တုန်ရင်သောလက်နှင့် အရက်ခွက်ကို ပါးပြင်အရောက်တွေ့ပြီး ဂွပ်ခနဲ မော့ချလိုက်သည်။ သည့်နောက် အမဲခြောက်ဖုတ်ကို ကောက်မြည်းလိုက်သည်။ သူ့ရုပ်သည် အရက်ရှိန် အရက်ဆီနှင့် အကျည်းတန်နေ၏။ နှုတ်ခမ်းမွေးများ ပါးရိုင်းမွေးများသည် ကြမ်းတမ်းနေ၏။ မရိတ်ပဲ ထားသဖြင့် ရှည်လျားကောက်ကွေးနေ၏။

လူတစ်ကိုယ်လုံးလည်း ချွေးနဲ့အရက်နဲ့ ချေးနံ့နှင့် နံဟောင်နေ၏။

''အေ့. . .ဝေါ့''

''အေ့. . .အေ့''

''ဆရာကျီး. . .ဆရာကျီး''

''အေ. . .''

''ဆရာကျီးညို. . .ဆရာကျီးညို''

''ဘယ်. . .သူ. . .လဲ. . .ကွ၊ မင်း. . .တို့. . .ပထွေး. . .နာမည်ကို တကြော်ကြော်အောင်. . .ခေါ်. . .နေတာ. . .ဟေ. . .ဘာလဲ. . .သေမလို့. . .လား. . .အေ့. . .ဝေါ့''

''ကျုပ်တို့ပါ၊ ဆရာကျီးရေ. . .ပေသီးနဲ့ နောက်တိုးပါ. . .လိုက်ရှာလိုက်ရတာဗျာ''

''ဘာ. . .သောက်ကိစ္စ ပေါ်လာပြန်ပလဲ. . .မင်းတို့နှစ်ယောက်ဟာ ပြဿနာကောင်တွေကွ. . .တကယ့် ပြ. . .ဿ. . .နာ. . .ကောင်တွေ ထွီ. . .''

နောက်တိုးနှင့် ပေသီးတို့က သူတို့ဆရာကို မြင်ရတော့၊ ပြောချင်ရာပြော၊ အနားက ကွပ်ပစ်မှာ ဝင်ထိုင်လိုက်ကြသည်။ သည့်နောက် ရွှေကျီးညိုရဲ့ မျက်နှာကို မှုရလာသော မျက်နှာ အပြုံးမျိုးနှင့် ကြည့်၍ ငူးနံ့နေလိုက်ကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထို့. . .ဘာလဲ. . .ဘာလဲ. . .ဘာ. . .ကိ. . .စ္စ. . .လဲ"

"ဆရာကျီးကို. . .ဝမ်းသာစရာစကား. . .ပြောစရာ ရှိလို့ဗျ. . ."

"အေ့. . .ဘာ. . .ဝမ်း. . .သာ. . .စရာ. . .စကား. . .လဲ၊ ငါ့ဘဝမှာ ဝမ်းသာစရာ ဘာ. . .မှ. . .မ. . .ရှိ. . .ဘူး။ သွား. . .သွား. . .မင်းတို့ မျက်နှာ ငါမကြည့်ချင်ဘူး။ ထွက်. . .သွား. . .ဝေ့ါ"

"တကယ်. . .ဝမ်းသာစရာဖြစ်ရင်. . .ဆရာကျီး. . .ကျုပ်တို့ နှစ်ယောက်ကို ဒီနေ့ အမှုးတိုက်မှာလား. . .ပြော. . ."

ရွှေကျီးညိုက အူမြူးနေသည့် သူ့တပည့်နှစ်ဦးကို ရီဝေနေသော မျက်လုံးအစုံနှင့် အတန်ကြာအကဲခတ်၍ ကြည့်နေလိုက်သည်။

အမြဲတန်း ဆရာလုပ်သူနှင့် ရင်ဘောင်တန်း၍ ညစ်လုံးလုံးနေသည့် တပည့်နောက်လိုက် နှစ်ဦးသည် ဒီနေ့ ဘာဘယ်လို ဖြစ်နေကြသည်မသိ။ တစ်ယောက်ကြည့် ပြုံးစိစိ၊ တစ်ယောက်ကြည့်တော့. . . ယောက်ခမသေ၍ အမွေရလိုက်သည့် မျက်နှာမျိုး. . .

"ပြော. . .ဝမ်းသာစရာ. . .တကယ်. . .တကယ်. . .ဖြစ်. . .ရင် တိုက်မယ်. . .ပြောတော့. . .သိပ်. . .မရှည်နဲ့. . .ကြားလား"

"စိတ်ချပါ ဆရာကျီးရ. . .ဒီမှာ. . .ဆရာကျီး. . .ဆရာကျီးရဲ့ မြထွေးရှင်ဆိုတဲ့ ကောင်မလေးမျက်နှာကို အခုနေ အနီးကပ် မြင်ရရင် ဘယ်လိုနေမလဲဟင်. . .ဟင်"

"ဖွီ. . .သူ့ရဲ့ မျက်နှာကို. . .ခု. . .နေ. . .အနီးကပ်. . .မြင်. . . လိုက်ရရင် ဟုတ်လား. . .ဟား. . .ဟား. . .ဟား. . .ဟား. . .မိုးလမင်း လိုချင်တဲ့ကလေးလိုပဲ. . .ဟား. . .ဟား. . .ဟား. . .ဟား. . .တကယ်သာ မြင်လိုက်ရရင် ရွှေကျီးညို ဝမ်းသာလုံးဆို့ပြီး. . .ရူးပြီ. . .ရူးပြီ. . .ရူးပြီ"

"စိတ်ချ. . .မကြာခင်. . .ဆရာကျီး. . .ရူးတော့မယ်. . .ဒီမှာ ဆရာကျီးရဲ့ ခင်ဗျားရဲ့ အချစ်တော် မြထွေးရှင် အခုစောစောကပဲ ရွာကို ပြန်ရောက်နေပြီဗျ. . ."

"ဘာ. . .ဘာ. . .ပြော. . .ပြော. . .တယ်"





ရွှေကျီးညို မမျှော်လင့်သောစကားကို နားနှင့် ဆတ်ဆတ်ကြား လိုက်ရသောအခါ သောက်မည့်တန်းလန်း အရက်ခွက်ကို ဂွပ်ခနဲ ပြန်ချ ရင်း ပေသီးရဲ့မျက်နှာအား အနီးကပ် ဆွဲယူလိုက်သည်။

"ပေသီး. . .ခုနက. . .စကား အပီအပြင်. . .ပြန်ပြော. . .စမ်း"

"မြထွေးရှင်. . .သူ့အိမ်ပြန်ရောက်နေပြီ. . .ဆရာကြီးရဲ့"

"မြ. . .ထွေး. . .ရှင်. . .သူ့. . .အိမ်. . .ပြန်. . .ရောက်. . .နေပြီ ဟုတ်ရဲ့လား. . .မင်း. . .မင်းတို့. . .ငါ့. . .ငါ့ကို. . .နောက်. . .ပြောင်နေကြ တာလား. . .ဟင်. . .ဟင်"

"ဘုရားစူး. . .မိုးကြိုးပစ်. . .အရက်နှင့် အံ့ဖတ်ဆို့ သေရစေရဲ့ဗျာ မယုံရင်. . .နောက်တိုးကိုသာ မေးကြည့်တော့"

"ဟုတ်တယ်. . .ဆရာကျီးရဲ့ ကျုပ်တို့ကိုယ်တိုင် မျက်စေ့နဲ့ တပ်အပ်ကို တွေ့ခဲ့ရတာ၊ အခု. . .သူတို့အိမ်မှာ ငယ်ဖော် သူငယ်ချင်း တွေနဲ့ တရုန်းရုန်းချက်ပြုတ် စားသောက်ကြလို့ဗျ. . ."

ဒီစကားကို အမှန်အကန် ထောက်ခံချက်များနဲ့ ကြားလိုက်ရ တော့ ရွှေကျီးညို အံကို ကြိတ်လိုက်ပြီး. . .ခေါင်းတညိတ်ညိတ်လုပ်လိုက် သည်။

"မြ. . .ထွေး. . .ရှင်. . .ပြန်ရောက်နေပြီ. . .မြထွေးရှင်. . .ပြန်. . . ရောက်. . .နေ. . .ပြီ၊ ဟား. . .ဟား. . .ဟား. . .ဟား. . .ငါ့မယ်သီတာ လေး ပြန်ရောက်နေပြီ၊ ဟား. . .ဟား. . .ဟား. . .ဟား. . .ဒါ. . .ဒါ. . . ငါ့ဘဝအတွက်. . .မင်္ဂလာစကားပဲ. . .ကျက်သရေအရှိဆုံးစကားပဲ. . .ဟေ့ ကြီးစိန်. . ."

"ဗျာ. . .ကိုရွှေကျီးညို"

"ဒီနေ့ တစ်နေ့လုံး တစ်ညလုံး. . .ငါ့ကောင်နှစ်ကောင် ကြိုက် သလောက် သောက်ပစေ. . .ဘာ အမြည်းကျန်သေးလဲ"

"ငကျည်းကျပ်ခြောက်ကြော်. . .ငါးရှဉ့်ကြော်နဲ့. . .ဖားသား ကျန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာ အကုန်ချ"

"ဟုတ်. . .ဟုတ်. . .ကဲ. . .ကိုရွှေကျီးညို"

အရက်ဆိုင်ရှင် ကြီးစိန်က. . .အရက်နောက်ထပ် တစ်ပုလင်းနှင့် အမြည်းများကို လာချပေးသည်။ နောက်တိုးနှင့် ပေသီးက အရက်ကို အငမ်းမရငှဲ့လိုက်ပြီး တစ်ယောက်တစ်ခွက် ကျိုက်ချလိုက်သည်။ ဟားခနဲ သန်းထုတ်ပြီး. . .ငါးရှဉ့်ကြော်ကို ကောက်ဝါးလိုက်သည်။

သူတို့သည်. . .ဒူးနံ့ပြီး ပါးရိုင်းမွေး မုတ်ဆိတ်မွေးများကို ပွတ်သပ်ကာ တပြုံးပြုံးနှင့် စိတ်ကူးတွေ ယဉ်နေသည့်. . .သူတို့ဆရာ ရွှေကျီးညိုရဲ့ မျက်နှာကို ကြည့်ပြီး အကျိုးဆောင်ရကျိုးနပ်လို့ သောက်လို့ ခံတွင်းတွေ့နေကြသည်။

သူတို့ဆရာသည်. . .အချစ်ကြောင့်. . .ဘဝကို ပစ္စလက်ခတ်ထားကာ အရက်သမားဘဝ လုံးလုံးဖြစ်ခဲ့ရသည်။ အချစ်သစ်ကို ပြောင်းရှာစမ်းပါ ဆရာကျီးရာဟု. . .အတန်တန် တိုက်တွန်းခဲ့ကြ၏။ ဆရာရဲ့ အဖေ ဂုဏ်ရှိန်ဓနရှိန်နဲ့ ကြိုက်ရာမိန်းမယူလို့ ရပါတယ်ဗျာဟု. . .နားချသည့်တိုင်၊ မျှော်လင့်ချက် မရှိတော့သည့် မြထွေးရှင်ကိုပဲ အရူးအမူးတမ်းတရင်း အသည်းကွဲ အရက်သမားဘဝ သူတို့ဆရာ ရက်ပေါင်းများစွာ ခံယူခဲ့သည်ကို ကြည့်၍ အံ့သြခဲ့ရသည်။

သူတို့ဆရာသည် ဒီကောင်မလေးကို တမ်းတမ်းစွဲ ချစ်နေရှာပါကလား. . .သူတို့က အချစ်ရဲ့ ဝေဒနာကို မခံစားဘူးလား မသိ. . .။ သူတို့ဆရာကို အချစ်ရူးဟူ၍သာ သတ်မှတ်ခဲ့သည်။ အခု မင်္ဂလာသတင်းကောင်းကြားရ၍ သူတို့ဆရာ အတွေးသစ်များနှင့် ပီတိဖြစ်နေသည်ကို ကြည့်ပြီး သူတို့လည်း ပျော်ရွှင်ကြနပ်နေသည်။

"ဒါနဲ့. . .ဟိုကောင်. . .လွန်းမောင်ဆိုတဲ့ ကောင်ရော. . .ပါလာသလား"

"ပါတာပေါ့ဗျာ"

"ဗွီ. . .တောက်"





လွန်းမောင်ဆိုသည့် အသံကို ကြားရသောအခါ ရွှေကျီးညို ဗွီခနဲ တစ်ချက် ထွေးလိုက်ပြီး တောက်တစ်ချက် ခတ်ကာ နားထင်ကြောများ လက်မောင်းကြောများ၊ မေးကြောများထောင်၍ ထလာခဲ့ပြီး. . .ခါးကြား မှ ပုစွန်းကို လက်နှင့် စမ်းသပ်လိုက်သည်။

"လွန်းမောင်. . .လွန်း. . .မောင်. . .ငါ့အချစ်ကို သွေးဆောင်ဖြားယောင်း လိမ်လည်လှည့်ဖျား ယူသွားတဲ့ကောင်"

"ဆရာကျီး. . .အဲဒီကိစ္စ ဘယ်လိုစီစဉ်ကြမလဲ. . ."

ရွှေကျီးညို. . .နောက်တိုးရဲ့ မေးခွန်းကို မဖြေနိုင်သေး၊ မျက်စေ့ထဲမှာ မြထွေးရှင်ရဲ့ အပြုံးမျက်နှာ ငွေလမင်းက ထိန်ထိန်ဝင်း၍ ပေါ်လာနေသည်။ သည့်နောက် လွန်းမောင်ရဲ့ မျက်နှာလင်ပုတ်ကို မြင်လိုက်ရပြန်သည်။ သူ့မျက်နှာ ချက်ချင်း ရှုံ့မဲ့သွားသည်။

"ဆရာကျီး. . ."

"ဆရာ. . .ကျီး. . ."

"ဟော. . .ဟော"

"အရှင်လတ်လတ် သတိလစ်နေသလားလို့ ဆရာကျီးရယ် ကိုယ့်စိတ် ကိုယ်ထိန်းစမ်းပါ ဆရာကျီးရာ. . .ခင်ဗျားရဲ့. . .အချစ်ကလေးလည်း အနီးမှာ ရောက်နေပါပြီ. . .ဘယ်လို စီစဉ်မလဲ၊ ဘာဆက်လုပ်ကြမလဲ. . .ဆိုတာသာ စဉ်းစားဆုံးဖြတ်စမ်းပါ. . .အော့. . ."

"အချိန်တွေက. . .အတော့်ကို လွန်ခဲ့ပြီပဲ. . ."

ရွှေကျီးညိုက လူကြီးလေသံနှင့် နှိုင်းနှိုင်းဆဆပြောလိုက်သည်။

"ဒါဖြင့်. . .ဆရာကြီးက. . .ချစ်ဦးသူလေးကို မေ့နိုင်ပြီပေါ့"

"ဘယ်. . .မေ့. . .မလဲ. . .တပည့်ကြီးရာ၊ ကေဝင်္ဂပုဏ္ဏားဟာ သူ့နဖူးက အမာရွတ်ကို မြင်တိုင်း လက်နဲ့စမ်းမိတိုင်း၊ မဟော်သဓာကို အညိုးမပြေ အစဉ်သတိရနေသလိုပေါ့. . .ရွှေကျီးညိုလည်း အသည်းနှလုံးက အသားမာကျီးပေါင်းကို လက်နဲ့ စမ်းမိတိုင်း အသက်ရှုလို့ ခံစားရတိုင်း လွန်းမောင်နဲ့ မြထွေးရှင်ကို အချိန်နဲ့ အမျှ သတိရနေတာပါ၊ ဘာဆက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလဲဆိုတာက. . .အချိန်ယူ စဉ်းစားရမယ်၊ ဒီကိစ္စ ချက်ချင်း အကြံပ်ကိုင်လိုက်ရင်. . .ငါတို့ လက်ချက်မှန်း တစ်ရွာလုံးက သိသွားမယ်၊ ဒီမှာ ပေသီးနဲ့ နောက်တိုး. . .အလိမ္မာသုံးကွ၊ အလိမ္မာသုံး. . .ဒီကောင်နဲ့ ကောင်မ ငါတို့ သတ်ကွင်းထဲကို ရောက်နေပြီ. . .အချိန်မရွေး စာရင်းရှင်းလို့ ရနေပါပြီ. . . မင်းတို့နှစ်ယောက် နားလည်သဘောပေါက်ဖို့က ငါဟာ မြထွေးရှင်ကို အသည်းနင့်အောင် ရင့်ပွင့်အောင်ချစ်တယ်၊ လွန်းမောင်က မြထွေးရှင်ကို ချစ်တာရဲ့ အဆပေါင်းရာထောင်သောင်းသိန်း ငါက ပိုချစ်တယ်၊ အဲဒီအချစ်အတွက် ငါနှစ်နဲ့ချီပြီး ခံစားစောင့်စား မျှော်လင့်ခဲ့ရတာ၊ မြထွေးရှင် ကလေးဆယ်ယောက် အမေဖြစ်နေပါစေ. . . ရွှေကျီးညိုက ချစ်နေ မြတ်နိုးနေမှာပဲ. . . အေ့. . . ငါ့ရဲ့ ယုံကြည်ချက်ထဲမှာ တစ်နေ့မြထွေးရှင် ငါ့မယားဖြစ်ကိုဖြစ်ရစေ့မယ်. . .စိတ်ချ. . .တစ်ခုတော့ ရှိတယ်. . .''

''ဘာလဲ ဆရာကြီး''

သည်မှာ ရွှေကျီးညိုက ဘေးလူများ မကြားရအောင် ခေါင်းငုံ့၍. . .

''သူ့မယားလိုချင်ရင်. . .သူ့လင် လုံနဲ့ထိုး. . .ဆိုတဲ့ စကားပုံရှိတယ်. . .အဲဒီအတွက်. . .ငါတို့ အချိန်ယူရလိမ့်မယ်''

◆◆◆◆◆

၅

## ရွှေကျီးညိုနှင့် ဧဈေးနက်ကြီး ဂူဇာတို

ဦးဘမောင်တို့ လင်မယားက သမီးနှင့် သားမက်တို့ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ဖို့. . .ရွာမြောက်ပိုင်းက ဝယ်ထားသည့် မြေကွက်ကို သမီးတို့ ဖနီးမောင်နှံအား မင်္ဂလာလက်ဖွဲ့အဖြစ် ပေးလိုက်သည်။ လယ်လုပ်ငန်းကိုလည်း လင်မယားနှစ်ယောက် ဦးစီးဦးကိုင်ပြု၍ လုပ်ကိုင်ရန် အပ်လိုက်သည်။

ဒါ့ကြောင့်. . .သောကြာနေ့က ရွာမြောက်ဖျားမြေကွက်မှာ အိမ်သစ်တစ်လုံးဆောက်ကြသည်။ ရွာဓလေ့ထုံးစံအတိုင်း လက်သမားကငှားစရာမလို၊ လက်သမားတတ်သူများက လည်းကောင်း၊ ရွာခံ ကာလသားကာလသမီးများကလည်းကောင်း အသီးသီး ကိုယ်ကျွမ်းကျင်ရာနှင့်လာရောက် ဝိုင်းအုံကူညီကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေကျင်းတူးသူက တူး၊ တိုင်သယ်သူက သယ်၊ စိုက်သူက စိုက်၊ ခနိသယ်သူက သယ်နှင့် အလုပ်ကိုယ်စီ ဝိုင်းလုပ်အားပေးကြသည်။ ဘာမျှ မကြာလိုက် လူအုပ်လူအုံအားကောင်းသဖြင့် အမိုးအတွက် အချင်ဝါးများ တင်ပြီး သွားခဲ့သည်။ သို့နှင့် ခပ်ပေါ့ပေါ့ပါးပါး ကာလသားလူရွယ်များနှင့် လှအောင်တို့အုပ်စုက အပေါ်တက်၍ ခနိမိုးကြသည်။

လှရင်တို့ လှခင် မြရင်တို့ အုပ်စုကို မြထွေးရှင်က ဦးဆောင်ပြီး အိမ်ဆောက် လုပ်အားပေးအဖွဲ့ကို စားဖို့ ကြက်သားကာလသားချက်ချက်သည်။ ချဉ်ပေါင်ရွက်ကို လယ်ပုဇွန်ဆိတ်ကလေးများနှင့် အစပ်ကြော်သည်၊ အရည်သောက်အဖြစ် ကြက်ရိုးကြက်ခေါင်းများနှင့် ငွေးတောက်ရွက်ကို ဟင်းချိုချက်လိုက်သည်။

ပြီးတော့ ငါးပနော်မီးဖုတ်ပြီး ခပ်ထားသည့် ငါးပိဖျော်ရည်နှင့်တို့စရာအဖြစ် သခွားသီး ရှမ်းပတီသီးပြုတ်၊ ခရမ်းကျွတ်သီး. . .စသည့်စုံအောင် လုပ်၍ ထမင်းဝိုင်းကြီးကို အိမ်ခေါင်းရင်း ကုက္ကိုပင်အောက်မှာနှစ်ဝိုင်းပြင်လိုက်ကြသည်။

အိမ်ဆောက်လုပ်အားပေးက မနည်း စုစုပေါင်း ယောကျ်ားမိန်းမ (၁၂)ဦးကြီးများတောင်ရယ်၊ အားလုံး အလုပ်များကို ခဏရပ်နား၍ ထမင်းဝိုင်းမှာ ထိုင်ကြတုန်း ရှိသေးသည်။ အိမ်ရှေ့သို့ အထူးဧည့်သည်များ ရောက်ရှိလာကြတော့သည်။

ဧည့်သည်များကို မြင်လိုက်သည်နှင့် ဦးစွာ လှုပ်ရှားလိုက်သည်ကား ခွေးနက်ကြီး ဂုတ်တိုပဲဖြစ်သည်။ ဂုတ်တိုသည် ရွှေကျီးညို ပေသီးနဲ့နောက်တိုးတို့ သုံးဦးကို မြင်လိုက်သည်နှင့် စားတော့ ဝါးတော့ မတတ်ထိုးဟောင်ပြီး ဆွဲမလို ကိုက်မလို လုပ်နေ၍ လွန်းမောင်က ထဆွဲ ကြိုးချည်ထိန်းထားလိုက်ရသည်။

ဒါတောင် ဂုတ်တိုက ကြိုးချည်ထားရင်း တန်းလန်းမှ ရွှေကျီးညိုကို ကြည့်ပြီး တဟဲဟဲ. . .တဂဲဂဲလုပ်၍ မာန်စောင်နေသည်။

"လွန်းမောင်တို့. . .ပြန်ရောက်နေပြီဆိုကွ. . ."





ခွေးဟောင်သံတိတ်သွားသည်နှင့် ရွှေကျီးညိုက ခြံဝမှ ဝင်လာရင်း လှမ်းအော်မေးလိုက်သည်။ ပြဿနာကောင် သုံးယောက်မှန်းသိကြ၍ အသံကြားရာသို့ လှည့်ကြည့်ကြပြီး. . .အားလုံးရင်တုန်ချင်သလိုလို ဖြစ်ကုန်ကြသည်။ လွန်းမောင်နှင့် မြထွေးရှင်တို့လည်း. . .နည်းနည်းလန့်ဖြန့် စိုးရိမ်သွားကြသည်။ အားလုံးကလည်း သူတို့သုံးဦးကို မျက်တောင်မခတ် ဝိုင်းကြည့်နေလိုက်ကြသည်။

ရွှေကျီးညိုတို့ သုံးဦးသည် ခါတိုင်းတွေ့နေကြသကဲ့သို့ မဟုတ်။

ရွှေကျီးညိုဆိုလျှင် ပါးရိုင်းမွေး နှုတ်ခမ်းမွေးများကို ပြောင်စင်အောင်ရိပ်၍ ခေါင်းကဆံပင်ကို ခေါင်းလိမ်းဆီမွှေးအကောင်းစား လိမ်းကျံကာ. . . သပ်သပ်ရပ်ရပ်ဆံပင်ခွဲ၍ သထား၏။ ကိုယ်ပေါ်မှာလည်း ရှပ်လက်ရှည် ဘလေဇာကုတ်အင်္ကျီအသစ်ကို ဝတ်ဆင်ထားပြီး ပုဆိုးကလည်း ဘန်ကောက်တစ်ပတ်ရစ် အသစ်နှင့် တကယ့်ကို ရှိုးကအပြည့်. . .

ရွှေကျီးညိုပုံစံသည် ခါတိုင်းနေ့စဉ် လမ်းပေါ်မှာ ထန်းရေဆိုင်မှာ မြင်နေရသည့် ရှုးရှုးမှုးမှုး စရိုက်ကြမ်းကြမ်း ရွှေကျီးညိုမဟုတ်။

အလွန်တရာကို သန့်ပြန့်သားနားနေသည့် သူဌေးသားရွှေကျီးညိုစစ်စစ်ကို ပေါက်ရောက်ပေါ်လွင်နေသည်။ သူ့အဝတ်အစားများမှ ရေမွှေးရနံ့သည် ချွေးသံရွှဲရွှဲနှင့် ထမင်းဝိုင်းမှာ ထိုင်နေကြသည့် လူများကို ဖုံးအုပ်လွှမ်းမိုးသွားခဲ့သည်။ သူတပည့် နောက်လိုက်နှစ်ဦးကလည်း ပေပေတေတေ ညစ်ညစ်ပတ်ပတ်မဟုတ်။ အဝတ်အစားအသစ်များနှင့် တင့်တယ်ဂုဏ်မြောက်လို့. . .

"လွန်းမောင်. . . နေကောင်းရဲ့လား. . . ယောက်ဖကြီး"

မြတ်စွာဘုရား. . .ဘယ်တုန်းကမှ ယဉ်ကျေးသိမ်မွေ့သော စကားတစ်လုံး မပြောဖူးသည့် ရွှေကျီးညိုရဲ့ ပါးစပ်မှ အံ့ဖွယ်ကောင်းသော ယဉ်ကျေးသိမ်မွေ့သော စကားကို ကြားလိုက်ရသောအခါ လွန်းမောင်နှင့် မြထွေးရှင်တို့သာမက၊ လှအောင်တို့ အောင်ကြီးတို့ စိန်ကုလားတို့အပြင် လှခင်၊ မြရင်နှင့် ဗွေးတုတ်တို့ အပျိုအုပ်စုကပါ ပါးစပ် ဟောင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်သွားခဲ့ရသည်။

ရွှေကျီးညိုသည် . . . ခွေးရန်မရှိတော့၍ ရဲရဲတင်းတင်း ဝိုင်းထဲဝင်းထဲဝင်လာလိုက်သည်။ လွန်းမောင်က ထမင်းဝိုင်းနားအထိ လက်နှစ်ဘက်နောက်ပစ်ပြီး ပြုံးကာ ရယ်ကာ. . .နှုတ်ဆက်ကာ ဝင်လာသည့် ရွှေကျီးညိုကိုကြည့်ပြီး. . .တုန်နေသည့်ရင် နည်းနည်းငြိမ်သွားသည်။

"နေကောင်းပါတယ်. . .ကိုရွှေကျီးညို. . .ထိုင်ကြပါခင်ဗျား . ထမင်းဝင်စားသွားပါဦးလား"

သူက ယဉ်ကျေးနေ၍ ကိုယ်က ရိုင်းလို့မဖြစ်။ ကန္တကောဇ လုပ်ဖို့မသင့်။ သည်တော့ အလိုက်အထိုက် ကောင်းကောင်းမွန်မွန် ပြန်ဆက်ဆံရသည်။

"မထိုင်ပါဘူး . . .ငါ့ညီရာ. . .ငါ့ညီများ ပြန်ရောက်နေတယ်ကြားလို့. . .လာသတင်းမေးတာပါဗျား. . .ဒါနဲ့ မြထွေးရှင်ရော. . .ဟာ".

"ရှိတယ် ကိုရွှေကျီးညိုရေ့. . ."

ရွှေကျီးညိုက ထူးထူးကဲကဲ ငြင်သာပျော့ပြောင်းသော စကားလုံးများဖြင့် ဝင်ရောက်နှုတ်ဆက်စကားဆိုနေသဖြင့် အားလုံး အံ့အားသင့်နေကြသည်။ သည်အတွက်ကြောင့်. . .မြထွေးရှင်ကလည်း တစ်ရွာထဲသားချင်း. . .တစ်နေ့ထဲ တွေ့ရမဲ့အလုပ်မဟုတ်၊ အစဉ်အမြဲ တွေ့ကြရမည်ဖြစ်သဖြင့်. . .နောက်ကြောင်းကို မေ့ပစ်လိုက်ကာ. . .လေးလေးစားစား တုံ့ပြန်ခဲ့သည်။

"ငါ့နှမ. . .နည်းနည်းပိန်သွားသဟ. . ."

ရွှေကျီးညိုက မြထွေးရှင်ရဲ့ တစ်ကိုယ်လုံးကို မသိမသာ သိမ်းကျုံးအကဲခတ်ရင်း တကယ့်အကိုကြီးတစ်ယောက် လေသံနှင့် ဂရုဏာစကားကို ဆိုလိုက်သည်။

"ဟုတ်တယ် ကိုရွှေကျီးညို၊ တနယ်တစ်ကျေးရောက်ပြီး ရာသီဥတုက မတူတော့၊ ခဏ နေမကောင်းဖြစ်သွားလို့လေ၊ ထမင်းဝင်စားပါလား၊ ဟင်းတွေလည်း အများကြီးပဲ၊ ပေသီးတို့ နောက်တိုးတို့ရော၊ ဟဲ့





လှခင်တို့ မြရင်တို့. . .ပုဂံအသစ်ပြင်လိုက်ကြပါဟဲ့. . ."

"နေ. . .နေ. . .ငါ့နှမ. . .နေ. . .မစားတော့ဘူး. . .ဟ၊ နင်တို့ပြန်ရောက်နေတာကြားလို့၊ ဆရာကျီးက. . .သွားသတင်းမေး နှုတ်ဆက်ရအောင်ဆိုတာနဲ့ ရောက်အောင်လာခဲ့တာပဲဟေ့. . .အခုလို ကိုယ့်အိုးကိုယ့်အိမ်နဲ့ ဖြစ်သွားတော့ နေရတာ ပိုလွတ်လပ်တာပဲဗျာ. . .အားကျတယ်ဟာ. . .တကယ်ပဲ. . .အဟီး . . ."

ကြည့်စမ်း၊ ပေသီးကလည်း စကားပြော ယဉ်ပါပေ့ဗျာ၊ အလျင်ကလို စကားပြောရင် အဆဲပါမှ ဒါမှမဟုတ် လက်ပါရမှ စကားဖြစ်သည့်လူမိုက်များက အခုတော့ အသွင်သဏ္ဍာန်များ ပြောင်းလဲကုန်ကြသည်။ သူတို့ကိုယ်မှ အရက်နံ့အစား ရေမွှေးနံ့များ ကြိုင်လှိုင်မွှေးပျံ့ အီမြိုင်နေသည်။ သူတို့ အတိတ်ကို ခဝါချခဲ့လိုက်ပြီထင်ရဲ့. . .ရုပ်လုံးပေါ်စပြုနေသည့် အိမ်ကလေးကိုကြည့်၍ သဘောတွေကျနေကြသည်။

"ဝမ်းသာတယ်ဟေ့. . .ဒီလိုမြင်ရတာ တကယ့်ကို ရင်ထဲမှာဝမ်းသာတာ၊ ငါ့ညီရော. . .ငါ့နှမရော. . .ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာတော့. . . ကိုယ့်မိဘများလည်း သောကမများတော့ဘူးပေါ့ကွာ၊ ဒေါ်ကြီးမိန်းကလေးက နင်တို့စိတ်နဲ့ အိပ်ယာထဲ နှစ်နဲ့ချီလဲခဲ့တာဟ၊ ခုတော့အားလုံး စိတ်ချမ်းသာသွားကြပြီ၊ ကဲ. . .ပြောစမ်း. . . ငါတို့က ဘာအကူအညီများ ပေးရမလဲ၊ ပြော. . .မင်းတို့ လိုအပ်တာပြောကွာ. . ."

လက်သမားဦးချစ်ဖီးသည် ရွှေကျီးညိုနှုတ်မှ မကြုံစဖူးလွှတ်သဘောကောင်းသည့် စကားများကြားရ၍ စားနေရင်းတန်းလန်းမှ လှအောင်တို့ဘက်သို့ ကြည့်ပြီး မျက်ခုံးကို ပင့်ပြလိုက်သည်။ လှအောင်ကလည်းသဘောပေါက်၍ ခေါင်းငြိတ်ပြလိုက်သည်။

"အံမယ်. . .လှအောင်မို့လား. . .ဟိုဟာကရော. . .လှစိန်မို့လား"

ရွှေကျီးညိုက ထမင်းငုံ့စားနေသည့် လှအောင်နှင့် လှစိန်အနားသို့ တိုးသွားလိုက်သည်။ လှအောင်က ကျောမချမ်းပေမင့်။ လွန်းမောင်ရဲ့ သူငယ်ချင်း တိုးတိုးဖော် တိုင်ပင်ဘက် လှစိန်က ပါးနှစ်ဘက် မှေး



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျောမှုားချမ်းစပြုလာသည်။

"မင်းတို့ နှစ်ယောက်က. . .ငါ့တောင် ထမင်းစားမခေါ်ဘူး။ ဘာလဲ လွန်းမောင်တို့ ရောက်လာတာနဲ့ ငါတို့ကို စိမ်းကားတော့မယ် ဒီလိုလား ကွဲ့ဟေ. . ."

"မ. . .မဟုတ်. . .ပါဘူး ကိုရွှေကျီးညိုရာ. . .ကိုရွှေကျီးညိုတို့ စကားကောင်းနေလို့ ဝင်. . .ဝင် မပြောတာပါ ခင်ဗျ။ အဟဲ. . .အဲ. . .အဲ လာပါဗျာ။ ကျုပ်တို့ ညီအကိုတွေ ကြုံတုန်းကြုံခိုက် လက်ဆုံလေးစား ကြရအောင်ဗျာ. . .ကိုရွှေကျီးညို. . .လာဗျာ'

"စားပါဗျာ. . . စားကြပါ. . . ငါ့ညီများ၊ ငါ့လူများ။ ငါ့နှမများ ပျော်ကြတာမြင်ရ၍ ကျုပ်လည်း ပျော်ရပါသဗျာ၊ ကဲ. . . ပြောပါအုံး လွန်းမောင်နဲ့ မြထွေးရှင် မင်းတို့ အခုချိန်ကစပြီး ကိုယ့်အိမ် ကိုယ့်ယာနဲ့ ဖြစ်လာပြီ၊ ဘာလိုအပ်သလဲပြောပါ. . . နွားလိုလား၊ ကျွဲလိုလား၊ ထွန်တုံး ထွန်တံလိုသလား. . . ငါ လိုအပ်တာကို မဂ်လာလက်ဖွဲ့မယ်ဟေ့၊ အားမနာ နဲ့ ပြောသာပြော. . ."

"ကျေးဇူးတင်ပါတယ် ကိုရွှေကျီးညိုရာ. . . မြထွေးရှင်တို့ မိဘများကလည်း လိုလေသေးမရှိ ကူညီစီစဉ်ပေးလို့ ပြည့်စုံပါပြီဗျာ. . .၊ လိုအပ်တာ ပြောရရင်တော့. . . ကျွန်တော်တို့ နှစ်ယောက်ကို ကိုယ့်ညီလို ကိုယ့်နှမလို အစဉ်အမြဲ စောင့်ရှောက်ပါလို့ ပြောချင်တာပါပဲဗျာ. . ."

"ဒါများ. . . ပြောစရာလား လွန်းမောင်ရာ. . .၊ မင်းလည်း အခု ငါတို့ရွာသူနဲ့ညားပြီး ငါတို့ရွာသားဖြစ်သွားခဲ့ပြီ၊ ငါ့နှမလည်း သူကြိုက်တာ သူရလို့ စိတ်ချမ်းသာနေပါပြီ ဒါတွေ ပြီးခဲ့ပါပြီကွာ. . .၊ အတိတ်ကို အတိတ် မှာထားခဲ့လိုက်ကြပါ၊ မင်းတို့ ငါတို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နားလည်မှုရှိပြီး . . . ဖေးဖေးမမ ခင်တွယ်စောင့်ရှောက် နေကြထိုင်ကြ ရင် ဘာပြဿနာမှ မရှိပါဘူးကွ. . .၊ အခက်အခဲရှိရင်လည်းပြော. . .၊ အားနာ စရာမလိုဘူး၊ ငါကူညီနိုင်တာ အကုန်ကူညီမယ် ကဲ ကဲ. . . စားကြ. . . စားကြ၊ လုပ်အားတော့ပေးချင်ပါ့ကွာ. . .၊ သွားစရာလေးလည်း





ရှိနေလို့ လွန်းမောင်ရေ. . . ဟော့ဟော့. . . ဟော့. . ."

"ဟုတ်ကဲ့. . . ကိုရွှေကျီးညို. . . ဟုတ်ကဲ့. . ."

"မြထွေးရှင်ရေ နှမလေး. . ."

"ရှင်. . . အကိုကျီးညို. . ."

"သွားမယ်ဟေ့. . .၊ ကိုယ့်ကျန်းမာရေးလည်း ကိုယ်ဂရုစိုက် နှမ ရေ. . ."

"ဟုတ်ကဲ့ အကို. . .၊ ရေနွေးသောက်ပြီးမှ သွားပါလား၊ ဒီမှာ လက်ဖက်လည်း သုတ်နေတယ် ဥစ္စာ. . ."

မြထွေးရှင်ကလည်း လောကွတ်စကားများဖြင့် တုံ့ပြန်သည်။ သည့်လို တုံ့ပြန်စကားလေး အနီးကပ်၍ ချိုသာကြည်နူးစွာ ကြားရသည်နှင့် ရွှေကျီးညိုရင်သည် စမ်းချောင်းရေ စီးသွား ဖြတ်သွားဘိသကဲ့သို့ အေးမြ နေ၏။

"မသောက်တော့ပါဘူးဟာ၊ အဖေ ဘုန်းကြီးကျောင်းသွားနေလို့ ငါတို့လည်း ဘုန်းကြီးကျောင်း လိုက်သွားအုံးမယ်. . .၊ သွားပြီ လှအောင်နဲ့ လှစိန်တို့ရေ. . ."

"ဟုတ်ကဲ့ ကိုကျီးညိုရေ. . ."

လှအောင်နှင့် လှစိန်တို့က ထမင်းစားရင်းတန်းလန်းမှ ပလုပ်ပ လောင်းသံနှင့် ပြောလိုက်သည်။ ရွှေကျီးညိုက ထမင်းဝိုင်းကို မြို့စားရွာစား ကြီးဟန်နှင့် တစ်ဖတ်ဖတ်ကြည့်ပြီးနောက်. . . ပါးစပ်ကြီးဖောင်းနေအောင် ငုံ့လွေးနေသည့် လှခင်ကို ငုံ့၍ကြည့်လိုက်သည်။

"ဒါ. . . လှခင်မို့လားဟေ့. . ."

"ရှင်. . . အင်. . ."

"အမ်မယ်. . . နင်က. . . နင့်သူငယ်ချင်း ပြန်ရောက်တယ်ဆိုပြီး မာန်တက်လို့ ငါတို့လာတာတောင် မေးထူးခေါ်ပြော မလုပ်ဘူးပေါ့ ဟုတ် လား. . ."

"အဲ. . . အဲ. . . ဟို. . . ဟိုလေ. . . အဲ. . . အဟွတ်. . ."



www.burmeseclassic.com

www.burmeseclassic.com



အဟွတ်. . . ဖူး. . . မ. . . မဟုတ်. . . ပါဘူး. . . အကိုကျီးညို. . .၊ ထ ထမင်း. . . စားကောင်းလွန်းလို့. . . စားနေတာနဲ့. . . အကိုတို့ကို နှုတ် မ. . . မ. . . ဆက်မိတာပါ. . . အကို. . . ကျီးညို နေ. . . နေ ကောင်းတယ်နော်. . . နော်. . . အဟီး''

''အမ်မယ်. . . သေနာမ. . .၊ ခုမှ ကိုကျီးညို နေကောင်းတယ်နော် တဲ့၊ တလောက သေမလိုဖြစ်နေတာ လာသတင်းမေးဖော်မရဘူး. . . နေပါအုံး. . . နင်ကရော ဘယ်လိုလဲ. . .''

ရွှေကျီးညိုက လည်ပင်းပေါ်မှ မဟာဖလာကို လက်နှင့်ပွတ်ဆွဲ ရင်းမှ. . . လုခင်ကို နောက်လိုက်ပြန်သည်။ သို့နှင့် ထမင်းစားဝိုင်းက ပိုစည်ပြီး ပျော်လာကြပြန်သည်။ စကားပြောနေရင်းမှာပင် ရွှေကျီးညိုကို လူရမ်းကားတစ်ယောက် သူဌေးသား လူ့ကလေကချေ အဖြစ် မမြင်တော့ ပဲ၊ ပျော်ပျော်နေတတ်သည့် လူတစ်ဦးကဲ့သို့ အားလုံးက မြင်လာခဲ့ကြသည်။

''ပြောလေ. . . နင်ရော. . . ဘယ်လိုလဲ. . .''

''ဘာလဲလို့. . . အကိုကျီးညိုကြီးကလဲ. . . သွား. . .''

''ဟ. . . နင့်ကို. . . ဒီလိုပဲ နေသွားတော့မှာလားလို့ မေးနေတာ နင့်ထက်ငယ်တဲ့ မြထွေးရှင်တောင် လင်နဲ့သားနဲ့ ဖြစ်နေပြီ. . .''

''အိုတော်. . . ကျုပ်က. . . လင် မယူချင်သေးပါဘူး. . .''

''ဟား. . . ဟား. . . ဟား. . . ဟား. . . မယူသေးပါဘူးတဲ့၊ မရသေးလို့ပါ၊ ရရင် အဲဒီကောင် သက်သာမှာ မဟုတ်ဘူး၊ မပူပါနဲ့ဟာ နင့်ကို ကြိုက်မယ့်လူရှိပါတယ်ဟ. . .''

''အဟီး. . . အကိုကျီးညိုကလည်း. . . မဟုတ်ကဟုတ်က. . . အဟွတ် အဟွတ်. . . ပြောပါတော့မယ်. . . နားရက်ပါတယ်တော်. . .''

''ငါ့တပည့် ပေသီးကလည်း နင့်အကြောင်းပဲ ပြောပြောနေတာ ဟ. . .''

''အို. . . ကိုကျီးညိုနော်. . . သွားပါတော့ရှင်. . . တောင်းပန်ပါ တယ်တော့. . .''





''ဟုတ်တယ် မို့လား ပေသီး. . .''

''အဟီး. . . ဟီး. . . အဟင်. . . ဟင်''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟား. . .''

''အဟင့်. . . အဟွတ်. . . အဟွတ်. . . အဲ. . . အဲ. . .''

''ဟား. . . ဟား. . . ဟား. . . ဟား. . .''

ပေသီးရဲ့ အဟီး. . . အဟင့်. . . ဆိုသော မူလချီ ပြာလကြောင် စကားသံကြောင့် အားလုံးက ပွဲကျသွားကြသည်။ ပေသီးခမြာ ရှက်လွန်း လှ၍ ပုဆိုးအသစ်ကို ခဏခဏ ပြင်ပြင်ဝတ်ကာ ချွေးပျံနေသည်။ သူတို့ ဆရာ ရွှေကျီးညိုကတော့ သူတို့ကို ရွာသူကာလသားများရှေ့မှာ တွန်းပို့ ဒုက္ခပေးနေပြီ. . .

''အကို ကျီးညိုကြီး. . .၊ မကောင်းဘူး. . . သွား. . . သွား. . .''

''ဟား. . . ဟား. . . ဟား. . . ဟား၊ ငါ့ညီမတွေ ငါ့ညီလေးတွေ ကို အကိုကျီးညိုက ချစ်လို့ ခင်လို့ ပျော်လို့ နောက်တာပါကွာ. . .၊ အပျိုကြီးဘဝနဲ့ နေရင် အပူအပင်ကင်းပြီး ဒုက္ခငြိမ်းတာပဲဟ. . . လုခင်ရဲ ငါ့ကိုကြည့်လေ. . . လူကြီးဘဝနဲ့ ဘယ့်သလောက် အေးချမ်းလွတ်လပ် သလဲ. . . အဟဲ. . . အဟဲ. . . အဲ. . . အဲ. . . နင့်အနေနဲ့ကတော့ အပျိုကြီးဘဝနဲ့ မနေချင်လို့ အိမ်တောင်ပြုချင်ရင်လည်း. . . ပေသီး. . .''

''အိုး. . . တော်. . . သွားပါတော့. . . အကိုကျီးညို. . . ကန်တော့ပါမယ်ရှင် သွားပါတော့''

လုခင်က စားရင်းတန်းလန်းမှ ရယ်ရင်း၊ ရယ်ရင်းမှ ရှက်လာပြီး ရွှေကျီးညိုကို လက်အုပ်ချီ တောင်းပန်ရတော့သည်။ ရွှေကျီးညိုက စိတ်ဆိုးနိုင်ခဲ့သည်။ လုခင်ရဲ့ ဦးခေါင်းဆံပင်ကို လက်ဝါးနှင့် မနာအောင် ပုတ်ရင်း ပွတ်ရင်း. . . ရယ်ကာမောကာ ထွက်သွားတော့သည်။

''ဝုတ်. . . ဝုတ်. . . ဝေါင်း. . . ဂရီး. . . ဟဲ. . . ဟဲ. . .''

''အမလေးဗျ. . .''

''ဝုန်း. . . ဟဲ. . . ဟဲ ဂရဲ. . .''



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီး ကုပ်တိုက ကြိုးတန်းနှင့် ဝပ်နေရာမှ ရွှေကျီးညို ထွက်လာသည်ကို မြင်လိုက်သည်နှင့် မတ်တပ်ရပ်၍ ခုန်ခုန်ဟောင်တော့ ဟိန်းတော့သည်။ ပေသီးနှင့် နောက်တိုး ခွေးနက်ကြီး လှုပ်ရှားမှုကိုကြည့်၍ လန့်သွားကြသည်။

ရွှေကျီးညိုက သူ့ကို ရန်လိုမုန်းတီးဖြစ်နေသည့် ခွေးနက်ကြီး ကုပ်တိုအား လက်ဖျစ်တီး၍ ချော့ရင်း. . . အားလုံးကို လက်ပြကာ. . . ရွာလမ်းအတိုင်း ဘုန်းကြီးကျောင်းရှိရာသို့ ရင်ဘောင်တန်း၍ ထွက်သွားကြတော့သည်။

"အံ့သြစရာပဲကွ. . ."

"ဟုတ်တယ်ဟေ့. . .၊ ကိုရွှေကျီးညို ဒီလောက် ယဉ်ကျေးပြီး သဘောကောင်းတာမျိုး တစ်ခါမှ ကျုပ်တို့ မတွေ့ဖူးဘူး။ ဝင်လာစက ဒင်းတို့မြင်တော့ ဘာပြဿနာရှာမလဲဆိုပြီး လန့်သွားလိုက်ရတာရယ်၊ လှခင်ကိုတောင် ထိပ်ပုတ်ခေါင်းပုတ် နောက်ပြောင်လို့ရယ်. . ."

"နောင်တတွေများ. . . ရသွားခဲ့ပြီလား မသိဘူး. . ."

လှအောင်က သို့ကလို ကောက်ချက်ချသည်။

"ဝတ်စားထားတာကတော့. . . မြို့ပေါ်က အရာရှိလား မှတ်ရတယ်တော့. . ."

လှရင်က. . . ပန်းကန်များဆေးရင်း လှည့်၍ချီးမွမ်း နေပြန်သည်။

"သူဌေးသားကိုးဟ. . . ဒီလောက်တော့ ဝတ်နိုင်တာပေါ့။ ဘာလဲ နင်က သဘောကျနေလို့လား. . . လှရင်. . ."

"ဟွန်း. . . ဒင်းများလား. . ."

လှရင်က. . . မေးရွဲ့၍ပြရင်း ထမီကို ခါသလို လုပ်ပြသဖြင့် ဖွေးတုတ်က မျက်စောင်းထိုးရင်း လုပ်ပြီဟာ. . .၊ ဆဲပစ်လိုက်သည်။ သည်မှာ လက်သမား ဦးချစ်တီးက. . .

"လူဆိုးလူသွမ်းတစ်ယောက်. . . လူလိမ်မာ အဖြစ်၊ လူယဉ်ကျေး အဖြစ် သိမ်မွေ့ ပြောင်းလဲလာတာကို အားလုံးက ကြိုဆိုရမှာပဲ. . .၊ ဒါကို





ဥပက္ခာပြုထားလိုက်ရင်၊ အပေါင်းမလုပ်၊ မခေါ်မပြောဘဲ ကျဉ်ထားခဲ့လိုက်ရင် သူက သူ့ဘဝသူ စိတ်နာယုံသာမက ပတ်ဝန်းကျင်ကိုပါ စိတ်နာပြီး ပိုရိုင်းသွားနိုင်တယ်၊ အခုလို သူ့ဘက်က ပြုပြင်ပြောင်းလဲပြီး. . . လိုက်လျောညီထွေ ဆက်ဆံလာတာကို တို့ဘက်က ဝိုင်းပစ်လို့မဖြစ်ဘူး။ ရေးကြီးတာက. . . ရေရှည်မှာ သူဒီလိုပဲ. . . ယဉ်ကျေးသိမ်မွေ့ပြီး လူကောင်းတစ်ယောက် ကေန်မုချ ဖြစ်မဖြစ်ဆိုတာကိုတော့ အချိန်နှင့်အမျှ စောင့်ကြည့်အကဲခတ်ဖို့ လိုတာတော့ အမှန်. . ."

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ၆

## ဆံတောက်ပင်တောင်း၊ ချစ်ခြင်းမယား၊ ဂုဏ်ထားလှလှ၊ အသူရာ့ခေတ်

ရွာထိပ်မှာ အိမ်ကလေး ဆောက်ပြီးတော့၊ အိမ်တက်ပွဲလေး အသင့်အတင့် လုပ်သည်။ ရွာဦးကျောင်း ဆရာတော်ပင့်၍လည်း ဆွမ်းကပ်တရားနာကြသည်။ မင်္ဂလာဆွမ်း မဟုတ်တော့သည့်တိုင် အားလုံးကို အသိအမှတ်ပြုစေချင်သည့် သဘောလေးလည်း ပါဝင်အောင် အိမ်တက်ပရိတ်နာ ညှော်ခံသဘောမျိုးကလေး လုပ်ခဲ့လိုက်သည်။

ရွာဓလေ့အတိုင်း ထမင်းနှင့်ဝက်သားဟင်း၊ မဲဇလီဟင်းချို၊ ငါးပိရည်တို့စရာ၊ အချိုအချဉ် လက်ဖက်၊ ရေနွေးကြမ်းနှင့်. . .

မြထွေးရှင်ရဲ့ ငယ်သူငယ်ချင်းများဖြစ်ကြသော လှရင်၊ မြရင်၊ လှခင်၊ ဖွေးတုတ်၊ အေးမိစံ၊ ကုလားမ၊ ငွက်ထော်၊ အေးကြည်မတို့လည်း





လာကြသည်။ ကိုလွန်းမောင်ရဲ့ သူငယ်ချင်း မိတ်ဆွေများဖြစ်သော လှစိန်၊ လှအောင်၊ အောင်ဘ၊ ခွေးညို၊ ကုလားကြီး၊ စံကုလား၊ ပဲသီးနှင့် ဘုတိုတို့လည်း လာကြသည်။ ရွာထဲက သက်ကြီးဝါကြီး ရပ်ဆွေရပ်မျိုးများ အားလုံးလာကြသည်။

အိမ်ပေါ်မှာ ရွာဆွေရွာမျိုး ရပ်ရွာပရိသတ်များသည် စားကြသောက်ကြ၊ မေးကြမြန်းကြ၊ အော်ကြဟစ်ကြနှင့် ဆူညံပျော်ရွှင်နေကြသည်။ လူကြီးတွေက ခေါင်းရင်းခန်းမှာ ကွမ်းအစ်၊ ရေနွေးကြမ်း လက်ဖက်နှင့် ဝိုင်းဖွဲ့ကြ၊ စကားပြောကြ။

လူငယ်တွေကလည်း ကြမ်းကပြင်ဝိုင်းမှာ စားရင်းသောက်ရင်း ဟိုအကြောင်း ဒီအကြောင်းပြောလို့ မကုန်နိုင်ကြ၊ ရယ်သံများ မဆုံးနိုင်ကြ၊ ထည့်လို့လည်း မလောက်နိုင်ကြ။

မကြာခင် အိမ်ခြံဝမှ ခွေးနက်ကြီးကုပ်တိုရဲ့ ကျားစီးဖားစီး ဆွဲမယ်ကိုက်မယ်၊ ဟိန်းဟောက်အသံများကြောင့် အိမ်ပေါ်မှလူများ ခြံဝသို့ ခေါင်းလှည့်၍ ကြည့်လိုက်ကြသည်။

"လွန်းမောင်ရေ . . ယောက်ဖကြီး . . လုပ်ပါအုံးဟ. . . ယောက်ဖရေ . ."

"ဟဲ့. . . ဟဲ့. . .၊ မြ. . . ထွေး . . ရှင်တို့. . . နင်တို့ခွေးကြီး ထိန်းကြပါအုံးဟ. . ."

ကြည့်လိုက်တော့ ရွှေကျီးညို ပေသီးနှင့် နောက်တိုးတို့ သုံးယောက်သား အဝတ်အစား အသစ်များဝတ်၍ ရှူးအပြည့်၊ ဂိုက်အပြည့်နှင့် ခြံဝမှာ ရပ်နေကြသည်။ ခွေးနက်ကြီးကုပ်တိုသည် အသားမည်းမည်း သွားခေါ်ခေါ် ဘန်ကောက်ပုဆိုး ဘလေဇာတုတ်အသစ်နှင့် မာဖလာကို လည်မှာပတ်၍ ကတ္တီပါမိန်းကန်းကိုစီးကာ မြို့က တက္ကသိုလ်ကျောင်းသားလိုလို၊ မြို့ပိုင်လိုလို စတိုင်လ်ဖမ်းနေသည့် ရွှေကျီးညိုကို မျက်စေ့စပါးမွေးမူးကာ ပြေးဟပ်ခုန်ကိုက် ဆွဲမည်တကဲကဲ လုပ်နေသဖြင့် ဆူညံနေသည်။

"ရွှေကျီးညိုတို့အဖွဲ့လာတယ်. . . လွန်းမောင်ရေ့. . ."



www.burmeseclassic.com

www.burmeseclassic.com



လှအောင်က ဟင်းလိုက်နေရာမှ ချိုင့်ကိုင်ရင်းနှင့် လှမ်းအော်သည်။

''ကုန်ပြီလို့ ပြောလိုက်. . .''

''ကုန်. . . ပြီ. . . ဟော့. . . အဲ. . . အဲ. . . ကုန်. . . ကုန်. . .''

''ဟဲ. . . ဟဲ. . . သောက်ပလုပ်တုတ်. . .''

သည်မှာ လှခင်က ယောင်တတ်သည့် ဖွေးတုတ်ခါးကို လက်ညှိုးနှင့်ထိုးပြီး 'ကုန်ပြီ'ဟု အော်လိုက်လို့ပြောရာ တို့ရင် ယောင်တတ်သည့် ဖွေးတုတ်က ခါးထောက်၍ 'ကုန်ပြီ'ဟု ဟစ်လိုက်ရာ လှခင် သူ့အတတ်နှင့်သူ ဖွေးတုတ်ကို မနည်းပါးစပ်ပိတ်၍ ဘရိတ်အုပ်ရသည်။

ဖွေးတုတ် ဖရူးဂရူးနှင့် လှခင်ကို ကျိန်ဆဲတော့သည်။ ဟိုကများ ကြားသွားရင် သူတို့လာမှ 'ကုန်ပြီ' ပြောရမလားဆိုပြီး စိတ်ဆိုးလို့ အိုး၊ ပန်းကန်များ ရိုက်ခွဲမှဖြင့် ဒုက္ခ။

''ဟ. . . လွှမ်းမောင်ရ. . . မင်းတို့ခွေးကို ကြိုးချည်ပါအုံးဟ သောက်ကျိုးနဲမှ. . .''

''မကိုက်ပါဘူး ကိုရွှေကျီးညိုရ. . .''

''ဟား. . . မကိုက်ပေလို့ပေါ့ကွာ. . .၊ ကိုက်များကိုက်ရင် ငါသေပြီ နတ်စိမ်းဖြစ်တာ ကြာပေါ့မောင်ရာ. . .၊ အဖေ မအားလို့ ငါသွားပါဆိုတာနဲ့ လာခဲ့ရတာပဲ ဟော့. . .''

''အိမ်ပေါ်တက်ကြဗျာ. . . ကိုရွှေကျီးညိုတို့ ပေသီးတို့. . .''

ခွေးကို ထိန်းထားလိုက်မှ သူတို့သုံးယောက် အိမ်ပေါ်သို့တက်လိုက်ကြသည်။ လှအောင်တို့ အုပ်စုက ထုံးစံအတိုင်း တစ်ယောက်ကို တစ်ယောက်ကြည့်၍ မျက်နှာပေးနှင့် မေးငေါ့ အကဲခတ်ကြသည်။

ဖွေးတုတ်၊ မြရင်၊ လှခင်နှင့် ကုမတို့အုပ်စုကလည်း သူတို့သုံးဦးကို မြင်သည်နှင့် အသီးသီး နှာခေါင်းရှုံ့ မေးရွဲ့၊ မျက်စောင်းထိုး၊ ဝေါ့. . . အော့. . . လုပ်ကြတော့သည်။ ပြောင်တော့ မလုပ်ရဲ။ မသိမသာ စောင်းကာ ထေ့ကာရယ်။ အဲဒီလို မေတ္တာများထားကြ၏။

မနေ့ညနေက အဖေတို့အမေတို့က သူဌေးဦးကျီးညိုကိုလည်း





ဖိတ်ပါဆို၍ သွားဖိတ်ခဲ့သည်။ မျက်နှာပူစရာ ရာဇဝင် အကြွေးများရှိခဲ့ပါသော်လည်း အချိန်တွေကြာခဲ့ပြီမို့ ပြေချိန်တန်ပြီ အမှတ်ဖြင့်၊ သွားဖိတ်ခဲ့ပါ၏။ ချန်ထားခဲ့လျှင် ကိုယ့်ဘက်က အလွန်ရိုင်းသည်။

သို့သော် သူဌေးဦးကျီးညိုက မလာခဲ့။ လွန်ခဲ့သည့် အချိန်ကာလတုန်းက ဒီရပ်ဒီရွာက ရပ်ရွာမျက်နှာဖုံး လူကြီးများနှင့်အတူ ဒီမိသားစုထံမှာ သမီးချွေးမ သွားတောင်းခဲ့ဖူးသည်။ တစ်နည်း ရွာ အချမ်းသာဆုံး သူဌေးတစ်ယောက်က သာမန်လယ်ပိုင်ရှင် တစ်ဦးရဲ့အိမ်မှာ သားမျက်နှာအတွက် စကားတွေ အောက်အကျို့ယုံတမည် ပြောခဲ့ရသည်။

. သို့ပေမယ့် မျှော်လင့်ချက်နှင့် ရည်မှန်းချက်များ တစ်လွဲဖြစ်ခဲ့ရပြီး၊ သူတို့ သားအဖ ဒီရွာနီးချုပ်စပ်မှာ မျက်နှာပျက် အရှက်ကွဲခဲ့ရသည်။ ဦးကျီးညိုအနေဖြင့် အဲဒီအချိန်ကစ၍ ရင်ထဲမှာ အတော့်ကို ခံစားခဲ့ရသည်။

ဘမောင်တို့ မိန်းကလေးတို့သမီးက သူ့သားသူဌေးသားကို အရေးမလုပ်ဘဲ ဘာမဟုတ်သည့် လယ်သူရင်းငှား ခြေသလုံးသမန်းချေးတတ်သည့် လူစားမျိုးနှင့် ခိုးရာလိုက်ပြေးသည့်အတွက် ဦးကျီးညို အံ့ဩလို့ ရင်နာလို့ မဆုံးနိုင်ခဲ့။ သူ့အဖေ ဤမျှ ကျိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရလျှင်. . .။

သူ့သား ရွှေကျီးညိုရင်ထဲ ကမ္ဘာမီးလောင်မတတ်ခံစား နေရမည်ကို ဦးကျီးညို နားလည်သဘောပေါက်ခဲ့ရသည်။

အဲဒီအချိန်တုန်းက သူ့သား ရွှေကျီးညိုက အရက်ကြောင့် ဒေါသများ ပေါက်ကွဲကာ ဓားမြှောင်ခါးကြားထိုးပြီး မြို့နှင့်ရွာစုံအနှံ့ မြေလှန်၍ သင်းတို့ကို ရှာခဲ့သည်။ ဒေါသလက်လွန် မှားမှားယွင်းယွင်းများ ဖြစ်ကုန်မှာစိုး၍ ဦးကျီးညိုက မနည်းကို ဟန့်တားခဲ့ရသည်။

သည့်နောက်ပိုင်း အလှူကြီး အတန်းကြီးကိစ္စများမှလွဲ၍ ဟိုဟိုဒီဒီ သိပ်မသွားတော့။ အလှူငွေထည့်စရာရှိလျှင် ထည့်လိုက်သည်။ သူ့အချစ်ဆုံးသားလည်း မြတွေးရှင် ခိုးရာလိုက်သွားသည့် အချိန်မှစ၍ အချစ်စိတ်နှင့် အရက်သမား လူပေလူတေဘဝသို့ ရောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယား ဒီရွာကို ပြန်ရောက်သည့် သတင်းစကား ကြားတော့၊ ဦးကျိုးညို ရင်ထဲမှာ အရက်၊ အနာအဆာ၊ ဒဏ်ရာဟောင်း များ ပြန်နိုးထလာခဲ့ချင်သလို ရှိသော်လည်း. . .။

သူ့သားရွှေကျိုးညိုကာ. . . အပြုံးမပျက်ခဲ့။ အံ့ဩစရာကောင်း သည်ကား သူတို့ရောက်ပြီးသည့် အချိန်မှစ၍ ရွှေကျိုးညို အပြင်ထွက်လျှင် မင်းသားကဲ့သို့ ပြင်ဆင်ထွက်၏။ ခုမှ သူဌေးဦးကျိုးညိုသား သူဌေးသား ရွှေကျိုးညို စတိုင်လ်လုံးလုံး ပေါက်တော့သည်။

အပြောအဆိုကလည်း ယခင်ကလို ဆဲရေး တိုင်းထွာခြင်းမရှိ။ ယဉ်ကျေးသိပ်မွေ့လို့ အရက်တောင်ညဘက် ဟိုကောင်နှစ်ကောင်နှင့် တိုးတိုးတိတ်တိတ် ကြိတ်သောက်သည်။ ဒီကောင် ဘာအကြံများ ရှိနေ သည်မသိ။ စဉ်းစားရ ကြပ်လှ၏။ သို့သော် အကောင်းဘက်ကို ယိမ်းယိုင် လာ၍ ဝမ်းသာ၏။

တစ်ချက်တော့ စဉ်းစားစရာ ရှိသည်။

သူ့သား ရွှေကျိုးညိုက ပြောရလျှင် ဒီမိန်းကလေးကို အရူအမူး စွဲလန်းခဲ့ဖူးသည်။ ဒဿဂီရိက မယ်သီတာကို စွဲလန်းမူးယစ်သလို ယစ်မူး စွဲလန်းခဲ့သည်။ လူချင်း နှလုံးသားချင်း မပေါင်းဖက်ရသော်ငြားလည်း ရွာထဲပြန်ရောက်၍ မျက်နှာလေး မြင်နေရသည်ကိုလဲ ရွှေကျိုးညိုက အတော် စိတ်ချမ်းသာနေသည်။ ဦးကျိုးညို ဖြေပါသည်။ သူ အချစ်ဆုံးတစ်ဦးတည်း သောသား. . .။ အရက်သမား လူပေလူတေ ဘဝနှင့် ရေတိမ်နစ်မည့် အစား။

ခုလေးမျိုးလေး. . .။ စိတ်ကူးယဉ် ပျော်ရွှင်ကြည်နူးခွင့်ရနေသည် ကို မြင်ရလျှင်ပဲ. . .။ ရင်အမောတော့ ပြေခဲ့ရသည်။

မနေ့ညနေက သူတို့ အိမ်တက်ဆွမ်းကျွေးလာဖိတ်သည်။ အရင် လို အခြေအနေမျိုးကို သူက ခေါင်းရင်းခန်းမှာ အကျအနထိုင်၍ ချမ်းသာ ကြီးပွားခြင်းအကြောင်းကိုလည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ လက္ခဏာရေးသုံး ပါးနှင့် ဗြဟ္မာစိုရ တရားလေးပါးတို့အကြောင်းကို စကားထွားထွားခန့်ခန့်





မို့မို့မောက်မောက်နှင့် ပြောမည်သာဖြစ်သည်။

ခုတော့. . . ဦးကျိုးညို မသွားချင်တော့။ လူများလျှင် ဦးတေမိ လုပ်ချင်သည်။ နှုတ်ဆိတ်နေချင်သည်။ ဒါကြောင့် ရွှေကျိုးညိုကိုပဲ လွှတ်လိုက်သည်။ ကောင်းကောင်းမွန်မွန်သွား အမှတ်များများ ရအောင် လုပ်ခဲ့ဟု ဆုံးမသတိပေးစကားလည်း ဆိုလိုက်ခဲ့သည်။

လွန်းမောင်တို့ မြဝေထွေးရှင်တို့။ ဦးဘမောင်နှင့် ဒေါ်မိန်းကလေး တို့ကလည်း သူဌေးဦးကျိုးညိုရဲ့ သားပဲဥစ္စာ။ သူ့ကိုယ်စား သူ့သား ရွှေကျိုးညိုလာသည်ဆိုတော့ အပြုံးမပျက် ဖော်ဖော်ရွေရွေ ဆီးကြိုနှုတ် ဆက် နေရာပေးရသည်။ ရွှေကျိုးညိုကလည်း ရှိုးစမိုး ဂိုက်ဆိုက်အပြည့်။ မွှေးမွှေးကြိုင်ကြိုင် ရနံ့များနှင့်ဆိုတော့ ရွှေကျိုးညို ဒီပွဲမှာ ခန့်ငြားထည်ဝါ သွားခဲ့ပါသည်။ သူကတပည့် နှစ်ဦးနှင့် ခေါင်းရင်း မကျတကျမှာ ထိုင်လိုက် သည်။

''အကို ကျိုးညို. . . မလာဖူးလားကွဲ့. . . မောင်ရွှေကျိုးညို. . .''

ဒေါ်မိန်းကလေးက အနားမှ ထိုင်ရင်း နှုတ်ဆက်စကား ဆိုလိုက်၏။

''အဖေ. . . ခေါင်းကိုက်နေလို့ အဒေါ်. . . ကျွန်တော့်ပဲ သွား လိုက်ဆိုတာနဲ့ လာခဲ့ရတာ. . .''

''အေးအေး. . . အသက်ကြီးပြီကိုးကွယ့်. . .၊ ကဲ ကဲ. . . စားကြ . . . စားကြ. . . ဟဲ့ လှရင်တို့ မြင့်ခင်တို့ ညီးအကိုများ စားပွဲကို ဂရုစိုက်ကြပါကွယ်. . .''

ဒေါ်မိန်းကလေးရဲ့ အသံပြုလိုက်သံကြောင့် လှရင်နှင့် မြခင်တို့ မြဝေထွေးရှင်ကို မေးငေါ့ မျက်နှာရှုံ့ပြရင်း ချဉ်ရေဟင်းချိုင့်ကြီးနှင့် အနားသွား ရပ်နေလိုက်တော့သည်။

''စားနော်. . . ကိုရွှေကျိုးညို''

''စားမှာပေါ့. . . ယောက်ဖကြီးရော. . .၊ ဒါ ဘယ်သူ့လက်ရာလဲ ကွ. . . မြဝေထွေးရှင်လား''

''ဟုတ်ဘူးတော့်. . . အဲဒါ ကျုပ်လက်ရာ. . .''



www.burmeseclassic.com

www.burmeseclassic.com



ဖွေးတုတ်က ရွဲ့၍ ပြောလိုက်ရာ ချဉ်ရေဟင်းကို သောက်ရင်း မျက်နှာကိုရှုံ့၍ ပါးစပ်ကိုလက်ဝါးနှင့် အုပ်လိုက်သည်။ သူကြားချင်သည်က မြထွေးရှင်လက်ရာလေ. . . ဆိုသည့်စကား။ ခုတော့. . . ဖွေးတုတ်လက်ရာဆို၍ ချက်ချင်း သွားများ ကျိန်းသွားခဲ့ရသည်။ ထိုစဉ် မြထွေးရှင် အနားရောက်လာပြီး. . .

"စားလို့ မြိန်ရဲ့လား. . . ကိုရွှေကျီးညို. . ."

"မြိန်ပါ့ဗျာ မြိန်ပါ့. . . ဒီလက်ရာမျိုးစားချင်နေတာကြာပါ့. . ."

သို့ကလိုပြောပြီး ကြက်သားဟင်း ပန်းကန်ကို ဇွန်းနှင့်ခပ်တော့ လှရင်၊ မြခင်နှင့် ဖွေးတုတ်တို့က နှာခေါင်းရှုံ့ပြီး ချဉ်ရေဟင်းချိုင့်နှင့် ရွှေကျီးညိုခေါင်းပေါ် လောင်းချမည့်ဟန် လုပ်ပြရာ မြထွေးရှင် မျက်လုံးများ ပြူးသွားခဲ့ရသည်။

"ပေသီးနဲ့ နောက်တိုး စားကြနော်. . . အားမနာနဲ့"

နောက်တိုးနှင့် ပေသီးတို့ကလည်း ဝက်သားဟင်းတုံးများ ခပ်၍ ထည့်၍ ပလုပ်ပလောင်းကို ကြိတ်သည်။ ကြိတ်သမှ ငတ်ကြီးကျနေသည့်အတိုင်း ခေါင်းမဖော်စတမ်း ကြိတ်သည်။

အရေးထဲ. . . ပေသီး ထမင်းနင်နေ၍ ကုလားမက 'သေပြီဟ' ဆိုပြီး. . . ပေသီးကျောကို ထုပေးလိုက်ရာ ပေသီးပါးစပ်ထဲမှ ထမင်းများ ပြန်အန်ထွက်လာခဲ့သည်။

"ဟဲ့. . . ဟဲ့. . . ကုလားမရဲ့ ဖြေးဖြေး ထုပါဟဲ့. . ."

"ပေသီး. . . ပေသီး ဘယ်လို ဖြစ်တာလဲ. . ."

"နင်. . . နင်. . . လို့ပါ ဗျာ. . . အား. . . အား. . . အား ဆရာကျီး ... ကျွန်တော့် ကျောကွဲပြီနဲ့ တူ. . . ပါ. . . ရဲ့ဗျာ. . . အမလေ အား. . . အား. . . အား. . ."

"ကန်တော့တော် ကန်တော့. . . ကျုပ်က တော်ထမင်းနင်ပြီး သေမှာစိုးလို့ပါ"

ကုလားမက သန်လည်းသန်သည်။ ထုချက်ကလည်း ပြင်းသည်။





ဒီကောင် ပေသီးကို ထုချင်နေသည်မှာလည်း ကြာပြီ. . . ခုမှ ထုခွင့်ရ၍ ကြုံကြုံကြိုက်ကြိုက် အားရပါးရ ထုပစ်လိုက်ရာ သင်းကောင် ခေါင်းပင် မတည်နိုင်တော့ လက်ဆများသွားမှန်းသိပြီး မနည်းတောင်းပန်ရသည်။

"အေး. . . အေး. . . တော်. . . တော်. . . ပါတော့ဟာ၊ မ. . မထုပါနဲ့ ရ. . . ရ. . . ပါပြီ"

သည့်နောက် ထမင်းစားသောက်ပြီး ခေါင်းရင်းခန်းမှာ ဝိုင်းဖွဲ့ကာ အတန်ကြာ လေချကြသည်။ ရွှေကျီးညိုက ဦးဘမောင်တို့ လင်မယားနှင့် လေချရင်း မြထွေးရှင် သွားလေရာ လှုပ်ရှားလေရာကို လိုက်ကြည့်နေလိုက်သည်။ လွန်းမောင်က သည်မျက်စေ့ ကစားချက်ကို အလေးအနက် သတိမထားမိသော်လည်း. . . ကာယကံရှင် မြထွေးရှင်နှင့် အပျိုအချို့က အကြည့်ဆုံတိုင်း သတိထားမိနေကြသည်။

အကြည့်ချင်းဆုံတိုင်း ရွှေကျီးညိုက နင့်ကို ငါချစ်နေတုန်းပါပဲ မြထွေးရှင်ရယ်. . . ဆိုသည့် စကားကို ပြောသည့် မျက်လုံးများအား တွေ့မြင်ရသည်။

ထိုအခါ မြထွေးရှင်က ကပျာကယာ မျက်နှာလွှဲပြီး အခြားသူများ စားသောက်နေသည့် ဝိုင်းသို့ ဟင်းပွဲများ ချပေးနေတာမျိုး၊ လဲပေးနေတာမျိုး လုပ်နေလိုက်ရသည်။ နာရီဝက်ခန့်ကြာသော် စကားပြောဆိုပြီးနောက် သူတို့စကားဝိုင်းကို သိမ်းလိုက်ကြသည်။

"ပြန်မယ်. . . ယောက်ဖရေ. . ."

ရွှေကျီးညိုက လွန်းမောင်ပခုံးကို အသာပုတ်၍ ပြောရင်း ထလိုက်သည်။ ဦးဘမောင်တို့ ဒေါ်မိန်းကလေးတို့လည်း နှုတ်ဆက်သည်။

"မြထွေးရှင်ရေ. . . ပြန်တော့မယ်ဟေ့. . ."

"ပြန်ပေါ့တော်. . ."

"အယ်. . ."

ဖွေးတုတ် အရှုံးအနှမ်းမက မြထွေးရှင်ကို နှုတ်ဆက်ကာကြည့်ပြီး "ပြန်ပေါ့တော်" ဟု လုပ်၍ ရွှေကျီးညို ကြောင်အန်းအန်းဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



လှခင်တို့ အုပ်စုက ဝိုင်းရယ်ကြ၏။ မြထွေးရှင်ပါ. . . သူ့ကိုစကားအရေးလုပ် မပြောချင်သော်လည်း သူကကောင်းကောင်းမွန်မွန် နှုတ်ဆက်နေသဖြင့် မချစ်သော်လည်း အောင့်ကာနမ်းသော အနေဖြင့် ဟန်ဆောင်ပြုံးလေး ပြုံးကာ ပြန်စကားပြောရတော့သည်။

"မင်းနှမနဲ့ ညီကိုလည်း စောင့်ရှောက်ပါ မောင်ရွှေကျီးညိုရယ်"

ဒေါ်မိန်းကလေးက သူတို့ ဝမ်းတွင်းစိတ်ကို အကဲခတ်မိ၍ လိုရမယ်ရ စကားလေးသုံးလိုက်ရသည်။

ရွှေကျီးညိုကလည်း ဒီစကားကြောင့် ရင်ထဲမှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီ. . .

"စိတ်ချပါ ဒေါ်လေးရာ. . .၊ ကျွန်တော် ပြောပြီးပါပြီဗျာ၊ ဘာအကူအညီလိုလို ပြောလို့တောင် ပြောပြီးသားပါဗျ. . .၊ ဒီရွာမှာ နေသရွေ့ ကျွန်တော်တို့တာဝန် လုံးလုံးရှိပါတယ် ဒေါ်လေးရာ. . .၊ သွားပြီနော်. . . ဟေ့. . . လှရင်၊ လှခင်တို့ မြရင်တို့ သွားမဟေ့. . ."

"သွား. . . သွား. . . မြန်. . . မြန်. . . သွားတော့. . ."

"ဟာလုပ်ကရော့မယ်. . . ဟော့ကောင်ပေသီး ကုလားမကို နှုတ်ဆက်လိုက်လေ. . ."

ပေသီးက သူ့ ကျောကုန်းကို ဖြောထုသကဲ့သို့၊ ကြေးစသည် ထုသကဲ့သို့ ထုထုပြီး ပြုစုလိုက်သည့် ကျေးဇူးရှင် ကုလားမမျက်နှာကို အညှိုးကြီးစွာသော မျက်လုံးနှင့် လှမ်းကြည့်လိုက်ပြီး. . .

"ကုလားမ. . ."

"ဘာတုံးတော့. . ."

"နောင်ကို နင်ရှိတဲ့ အလှူဆွမ်းကျွေး ငါလာမစားတော့ဘူး"

"ဝမ်းသာလိုက်တာတော်. . .၊ အနည်းဆုံး ဆန်နို့ဆီဗူး လေးလုံး ချက်လောက်တော့ အကုန်သက်သာ သွားပြီပေါ့တော်. . . အနင်းအနှိပ် ခံသွားပါအုံးလားတော့. . ."

"တော်. . ."





"အဟီး. . . ဟီး. . . ကျုပ်က. . . စေတနာနဲ့ပါ. . ."

"အေး. . . ဝေါ့. . ."

ပေသီးက ရွံ့ရှာသည့်ဟန်နှင့် အသားက သပိတ်ရောင် မည်းမှောင်ကာ စဥ့်အိုးကြီးကဲ့သို့ ဝိုင်းဝိုင်းဝဝပုပု မျက်နှာပြံပြံကြီးနှင့် ပြုံးကြည့်နေသည့် ကုလားမမျက်ခွက်ကိုကြည့်ကာ အော့ အန်သလို လှည့်ပြေးသဖြင့် အနားရှိ လူများက သဘောကျပြီး ဝိုင်းရယ်ကြသည်။

သူတို့ ခြံဝင်းထဲမှ ဆင်းသွားတော့ ခွေးနက်ကြီး ဂုတ်တိုက သံကြိုးများ ချည်ထားသည့်ကြားမှ ဝုန်းကနဲထပြီး ကိုက်မည်ဆွဲမည် လုပ်လေရာ သုံးယောက်သား အလန့်တကြား လှည့်ကြည့်ပြီး ခလုတ်တိုက်လဲလုမတတ် ပြေးကြလေတော့သည်။

◆ ◆ ◆ ◆ ◆

ပြောရလျှင် ရွှေကျီးညိုသည် လူပါးလူနပ်ဖြစ်သည်။ သူသည် သူ့ရည်မှန်းချက် အောင်မြင်ရေးအတွက် ပြုန်းစားချည်း အကြမ်းနည်းကို မသုံးသေး။

ရှေးဦးစွာ အနုနည်း အယဥ့်နည်းကို စတင်အသုံးပြုသည်။

သူသည် လွန်းမောင်လယ်ထဲသို့ ဆင်းသွားချိန် အိမ်မှာ မြထွေးရှင် တစ်ယောက်တည်း ရှိနေသည့် အချိန်မျိုးကို ရွေးခြယ်၍ သွားလည်လာလည်လုပ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလာလည်တိုင်း မြထွေးရှင် စိတ်ညစ်ရသည်။ လယ်နှင့် အိမ်ခြံသည် အတော်အတန် ဝေးသည်။ နာရီဝက်ခန့်ကြာအောင် လျှောက်မှ အိမ်ကနေ လယ်ကိုရောက်သည်။

မြထွေးရှင်က ထမင်းပို့ချိန်တစ်ခေါက်၊ ထမင်းတောင်းရွက်ပြီး လယ်ထဲရှိ လင်လုပ်သူရှိရာသို့ သွားရသည်။ ချစ်လင်ကို ခူးခပ်ကျွေးမွေးပြီး တောင်းရွက်၍ အိမ်ပြန်လာရသည်။ အိမ်မှာ အိမ်စောင့်အဖြစ် ဂုတ်တိုပဲ ကျန်ရစ်ခဲ့သည်။

အဲဒီအချိန်မျိုးမှာမှ ရွှေကျီးညိုက ရောက်ချလာတတ်သည်။ သူလာသည်နှင့် ခွေးနက်ကြီး ဂုတ်တိုကလည်း ကိုက်မည်ဝါးမည်တကဲကဲ သူကလည်း ခွေးကိုက်လို့ သေချင်သေရော မပြန်။ သို့ဖြစ်၍ မြထွေးရှင်က ခွေးကို ကြိုးချည်ပြီး ထိန်းရသည်။

ပြောလိုက်ရင်တော့. . . လမ်းကြုံလို့ ဝင်လာတာ မြထွေးရှင်ရဲ့ ဟူ၍လည်းကောင်း နေလို့ ထိုင်လို့ အဆင်ပြေကြရဲ့လား လာမေးတာ ဟူ၍လည်းကောင်း. . . စကားရောဖောရောလုပ်ရင်း အချိန်တန်ဘိုး နားမလည်ဘဲ အိမ်ပေါ်မှာ ထိုင်လေ့ရှိသည်။

တစ်ကြိမ်နှစ်ကြိမ်တော့ မြထွေးရှင်က အားနာ၍ ညှော်ခံစကား **ပြောပါ၏**။ အကြိမ်များလာသောအခါ ညှော်ခံစကား ပြောချင်စိတ် မရှိတော့ **ပါလည်း** သူက အလိုက်မသိ။ စကားမရှိ စကားရှာ အလုပ်မရှိ အလုပ်ရှာ **ရောက်**လာသည်။

ဘာဘာညာညာ ရမယ်ရှာမရလျှင် ဝက်သားတွဲလေးတစ်တွဲဆွဲ၍ ငါ့. . . ယောက်ဖကြီးအတွက် လာပို့တာ. . . ဟုဆိုရင်း ရောက်လာတတ်သည်။

မြထွေးရှင်က မလိုချင်ဘူး၊ မစားချင်ဘူး၊ ပြန်ယူသွားပါဆိုသည့်တိုင်. . . ရွှေကျီးညိုက စေတနာနှင့်ပေးတာပါဆိုပြီး ကြမ်းပေါ်ချထားပစ်ခဲ့သည်။ သူပြန်သွားသည်နှင့် မြထွေးရှင်က ဝက်သားတွဲကို ချက်မစားဘဲ ဂုတ်တိုစားမည့် ခွေးစားခွက်ထဲသို့ အတုံးလိုက် ထည့်ပေးလိုက်သည်။





သင်းက အိမ်ကိုလာတိုင်း ယောက်ျားတန်မယ့် စကားနာလည်း ထိုးလိုက်သေးသည်။ ရွှေကျီးညိုက အခွင့်ရသည်နှင့် အတိတ်နောက်ကြောင်း ရာဇဝင်ကို ပြန်လှန်လေ့ရှိ၏။ ဒါ. . . သူ့ အလွမ်းလား. . .။ မမေ့နိုင်သော ခံစားချက်လား။ သူက ဤခံစားချက်များကို ရင်နာနာနှင့် ရွတ်ပြလေ့ရှိ၏။

"နှင့်ကို ငါ. . . အပျိုတုန်းက. . . တကယ်ချစ်ခဲ့တာပါ. . . မြထွေးရှင်ရာ. . ."

"ကိုရွှေကျီးညို. . ."

"ဘာလဲဟ. . ."

"ရှင်. . . ကျွန်မကို ဒီအချိန်မှာ ဒီစကားတွေလာ မပြောပါနဲ့တော့. . ."

"ဟုတ်ပါတယ်၊ ဒီအချိန်မှာ ဒီစကား မပြောသင့်မှန်း နားလည်ပါတယ်"

ဒါပေမယ့် နှင့်ကို ငါတကယ်ချစ်ခဲ့ဖူးတဲ့အကြောင်း၊ အပေါ်ယံကြော အချစ်မဟုတ်ကြောင်းတော့. . . နင်သိစေချင်လို့. . . ခုမှ ပြန်ပြောရတာပါ. . .

"ကျွန်မ. . . မကြားချင်ဘူး. . .၊ နောင်ကို ဒီစကားမျိုး ဒီအိမ်ပေါ်မှာရော ဘယ်နေရာမှာပဲဖြစ်ဖြစ် လုံးဝမပြောပါနဲ့. . .၊ ကျွန်မယောက်ျား ကြားသွားရင် ပြဿနာတတ်ကုန်လိမ့်မယ် သိလား. . ."

"လွှန်းမောင်လား. . . ဒီကောင်များ စကားထဲ ထည့်မပြောလို့ဟာ ထွီ. . ."

ရွှေကျီးညိုက စကားပြောရင်း ရင်ထဲမှ အဖျတ်ကို မသိမသာ **လှန်၍** ပြသည်၊ ထိုအခါ မြထွေးရှင်က ယောက်ျားကို ထိလာပြီမို့ မခံနိုင် **ဘဲ** ဒေါသထွက်သော မျက်လုံးနှင့် ပြန်ရင်ဆိုင် ကြည့်ပစ်လိုက်သည်။

"ဒီစကားမျိုး နင်မကြိုက်မှန်း ငါသိတယ်. . .၊ ငါကတော့ ငါ **မသေ**ခင် နှင့်ကို ရင်ဖွင့်ပြရမှာပဲ ဒီရင်ဖွင့်ချက်နဲ့ ပက်သက်ပြီး ထိတ်တုံး ပဲ **ခတ်**ခံရ. . . ခံရ၊ အချုပ်ထဲပဲ ရောက်ရောက်၊ ဂရုမစိုက်ဘူး. . . နှင့်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



အပျိုဘဝကတည်းက စွဲစွဲလန်းလန်း ချစ်ခဲ့တာပဲ၊ အခု . . . အအိုဘဝ ရောက်လို့ ကလေး . . . တစ်ယောက်အမေလဲ ဖြစ်တော့မယ့် ဘဝရောက် သည့်တိုင် နှင့်ကို ငါ အသဲယောဇဉ် ရှိနေတုန်းပဲ . . . ဒါကို နှင် . . . အမြဲ တမ်း သဘောပေါက်စေချင်တယ်၊ မြထွေးရှင် . . .''

''ကိုရွှေကျီးညို . . . ရှင် ပြန်ရင်ကောင်းမယ် . . .''

''ငါ ပြောတာရော နှင် သဘောပေါက် လက်ခံရဲ့လား . . .''

''ကျွန် . . . မ . . . ကျွန်မ . . . သည်းမခံနိုင် . . . တော့ . . .ဘူး ဂုတ်တိုကို ကြိုးဖြေလွှတ်လိုက်ရမလား . . . ပြော . . .''

မြထွေးရှင် အကြီးအကျယ် ဒေါပွလာခဲ့ပြီ . . .

''ဟား . . . ဟား . . . ဟား . . . ဟား . . . နှင်က . . . ငါ့ကို ဂုတ်တိုနဲ့ ခြောက်တာကိုး အေးလေ . . . နှင့်တို့ ဂုတ်တိုကလည်း ငါ့များ ဆို နှင့်ထက်တောင် မုန်းသေးရဲ့ . . .၊ နှင့်ထက်သာတယ် . . . အဟင်း ဟင်း . . . ဟား . . . ဟား . . . ဟား . . . ဟား . . .''

''ကျွန်မကို ရှင် ခွေးနဲ့ မနှိုင်းနဲ့''

''သဘောပြောတာပါ၊ ငါကတော့ အချိန်နဲ့အမျှ စောင့်နေဦး မှာပဲ၊ တကယ်လို့များ နှင်နဲ့ လွန်းမောင် အကြောင်းမညီညွတ်လို့ ကွဲသွား တဲ့နေ့မျိုး . . .''

''ရွှေ . . . ကျီး . . . ညို . . .''

မြထွေးရှင် ကြုံး၍ အော်ရင်းမှ အသားများ ဆတ်ဆတ်တုန်လာ ကာ နောက်ဆုံး ဂုတ်တိုရဲ့ လည်ပင်းမှ ကြိုးကို ဖြေရန် ပြေးသွားလိုက် သောအခါ ရွှေကျီးညို မျက်လုံးနှစ်လုံး ပြူးပြီး . . .

''ဟ . . . ဟ . . . မ . . . မ . . . လုပ်ပါနဲ့ . . . ဟ . . . ငါ . . . ငါ ပြန် . . . ပြန်ပါမယ် . . . မြ . . . ထွေး . . . ရှင် . . . ရ . . . ဟဲ့ . . . ဟဲ့ ခွေးကို ကြိုးမဖြေလိုက်ပါနဲ့ . . . ဟဲ့ ခွေး . . . ဟဲ့ . . . ဟဲ့ . . . အမလေး . . . သောက် . . . ပလုပ်တုတ် . . .''

သည့်နောက် သူအိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းကာ





လှည့်ကြည့် လှည့်ကြည့် လုပ်နေစဉ် မြထွေးရှင်က ခွေးကို ကြိုးဖြေ ပေးလိုက်တော့သည်။

''ဝေါင်း . . . ဝေါင်း . . .''

''အောင်မယ်လေး . . . မြတ်စွာဘုရား . . . ကယ်တော်မူပါ . . . ဘုရား . . .''

''ဝေါင်း . . . ဝေါင်း . . .''

''ဟဲ့ . . . ဟဲ့ . . . အမလေး . . . အမေရေ . . . ဟဲ့ . . . ဟဲ့ . . . ဗုဒ္ဓေါ . . . ဗုဒ္ဓေါ . . .''

သူ ခြေကုန်သုတ်၍ ပြေးတော့သည်။ ပုဆိုးမှုပင် မနိုင်။ သူ ပြေးထွက်လာပုံကို ကြည့်၍ . . . ရွာမှကလေး အချို့က လက်ခုပ်တီးပြီး လှောင်ကြသည်။ သူက ရပ်မည်ကြံတိုင်း ဂုတ်တိုက ပြေးပြေးလိုက်လေရာ နောက်ဆုံး ရွှေကျီးညို ဘိနပ်ကိုမျှ ပြန်မကောက်နိုင်တော့ပဲ ရွာမြောက်ဖျားက ကိုတရုတ်ကြီးတို့ အရက်ဆိုင် အရောက်ပြေးခဲ့ရလေသည်။

လွန်းမောင် မရှိသည့်အခိုက် ရွှေကျီးညို အိမ်လာလည်လည်နေ သည့် သတင်းသည် ကြာသောအခါ လွန်းမောင်နားသို့ ပေါက်ကြား ရောက်သွားခဲ့သည်။ အစကနဦးက သည်းခံနိုင်ပေမယ့် ကြာတော့ သည်းမခံ နိုင်။ မချိမခံသာ ဖြစ်လာခဲ့ရပြီ . . .

''ဒီကောင် . . . ရွှေကျီးညိုက . . . အိမ်ကို ဘာလာလာလုပ်နေ တာလဲ မြကလေး . . .''

သည်မေးခွန်းမျိုး တစ်နေ့မဟုတ် တစ်နေ့ မေးလိမ့်မည်ကို မြထွေးရှင် သိပါသည်။

''လမ်းကြုံလို့ ဝင်လာတာတဲ့ အကို . . .''

''ဒီကောင်က ခဏခဏ လမ်းကြုံနေရတာက ဘာသဘောလဲ''

မြထွေးရှင် မဖြေနိုင်တော့။ ချစ်လင်ကိုသာ ချော့မော့ ဖျောင်းဖျရ သည်။

''လမ်းကြုံလို့ ဝင်လာတာ ဆိုတော့လည်း မပြောချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ညွှဲခံစကားပြောရတာပေါ့ အကို၊ ဒီကောင်တွေအကြောင်းလည်း . . အကို သိတယ်မို့လား . . .''

''သိလို့ ပြောနေတာပေါ့. . . မြကလေးရ . .၊ ဒီကောင်က. . . မင်းကို ခုထက်ထိ ကြိုက်နေတုန်း မဟုတ်လား . .''

''အို. . . အကို. . . ဘေးသူကြားရင် တစ်မျိုးထင်ကုန်ပါ့မယ် အကိုရယ်. . .၊ မြွှေထွေးရှင်. . . ဒီ. . . ဒီ. . . လို. . . သစ္စာမဲ့တဲ့. . . မိန်းကသားလည်း မ. . . မဟုတ်ပါဘူး အကို. . .၊ မြကလေ ဒီလို လူမျိုး ကို မကြိုက်လို့ အကို့နောက်ကို အရဲစွန့်ပြီး လိုက်ခဲ့တာ. . . အကို. . . သိ. . . ပါတယ်. . . အကိုရယ်. . .''

မြဲ့ထွေးရှင်က ချစ်လင် စိတ်မကောင်းဖြစ် မကြိုက်မှန်းသိ၍ သူမ ရင်ထဲက သစ္စာတရားကို ပြန်ဖွင့်ပြရင်း မျက်ရည်စို့ခဲ့ရသည်။ လွှန်းမောင်က လည်း သူ့မယားကို ယုံကြည်ပါသည်။ သူ့ မိန်းမသည် သူ့လို အညတရ တစ်ကောင်ကြွက်နောက်ကို စွန့်၍ လိုက်ခဲ့သည်မှာ သူ့ကို ချစ်လွန်းလို့မှန်း သိပါသည်။

သို့သော်. . . ဆံတစ်ပင်တင်။ ချစ်ခြင်းမယား။ ရည်းစားလူလု၊ အူနုကျွဲခတ် အဖြစ်မျိုး သူ မဖြစ်ချင်။ သူနှင့် မြွှေထွေးရှင်သည် ရပ်သိ နတ်သိ အကြင်လင်မယား။ ဒါကို အားလုံး နားလည်ကြပါလျက် ကယ်နဲ့ ဒီကောင်က သူ မရှိစဉ် အိမ်လာလာပြီး ဟိုစကားပြော၊ ဒီစကားပြော၊ ရောရောနှောနှော လုပ်နေတာကို သူ ကြားနေရသည်။

ထမင်းပို့အပြန် လမ်းခုလတ်က စောင့်ပြီး စကားပြော နှုတ်ဆက် လုပ်နေတာလည်း ကြားရသည်။ မှန်ရာ ပြောရလျှင် မြွှေထွေးရှင်ရဲ့ ရင်ထဲက သစ္စာတရားကို သူ ယုံကြည်ပါ၏။ မယုံကြည်ချင်တာက ရွှေကျီးညိုတို့ရဲ့ အပြုအမူ စရိုက်များပဲဖြစ်သည်။ ဒီလင်ရှိမယားက အတိတ်တစ်ခါက သူနှင့် အားပြိုင် လွန်ဆွဲခဲ့ရသည့် သမိုင်းကြောင်း ရှိခဲ့ဖူးသည်။

ဒီလို အတိတ်သမိုင်းကြောင်း ရှိခဲ့သည့် လင်ရှိမယား အိမ်ကို အရှက်မရှိ မျက်နှာပြောင်တိုက် ရမယ်အမျိုးမျိုးရှာရန် သူ လာသင့်သလား။





အခု သူလုပ်နေသည့် အပြုအမူများက မိမိကို တရားဝင်လင် အဖြစ် ယောကျ်ားအဖြစ် အသိအမှတ် မပြုချင်တဲ့ သဘောလား။ ဒါမှ မဟုတ် လွှန်းမောင်လို တစ်ကောင်ကြွက်ကို ဂရုစိုက်စရာ မလိုပါဘူးဆိုသည့် သဘောနှင့် ပညာရှိ နှိပ်စက်နည်း လုပ်ပြနေတာလား။

''မင်း သူ့ကို လက်ခံစကားပြောဖို့ မသင့်တော့ဘူး မြကလေး''

လွှန်းမောင်က သူ့မယားရဲ့ မျက်နှာကို တည်ကြည်စွာ တစ်ချက် စိုက်ကြည့်ပြီး နောက်ဆုံးရင်ထဲက ဆန္ဒကို ပြောင်ဖွင့်ပြောချလိုက်သည်။

''ကျွန်မလည်း . . သူ့ကို လုံးဝစကားမပြောချင်ပါဘူး အကို၊ အိမ်ကို လာမလည်ဖို့လည်း ပြောပြီးသားပါ၊ နှင်လည်း လွှတ်တာပါပဲ၊ ကျွန်မ ယောကျ်ားသိရင် အထင်တစ်မျိုးလွဲလိမ့်မယ်လို့လဲ ပြောခဲ့တာပါပဲ''

''ဒီတော့ ဒီကောင်က ဘာပြောလဲ. . .''

ရွှေကျီးညိုပြောသည့်စကားကို အမှန်အတိုင်း ပြောပြလိုက်၍ သူ့လင်နှင့် ရွှေကျီးညိုတို့ အချစ်အတွက် ဓားခုတ်ပွဲ ဖြစ်သွားနိုင်သည်။ မယားထိ ဓားကြည့်ဆိုသည့်စကား ရှိသည်ကို. . .။ သူမ ပြဿနာတွေ မဖြစ်စေချင်။ ကျော်မကောင်း ကြားမကောင်းလည်း မဖြစ်စေချင်။ ဒီကိစ္စမျိုး က ရှက်ဖို့ အလွန်ကောင်းသည့် ကိစ္စ။

''ကျွန်. . . မ. . . ဂုတ်တိုကို. . . ကြိုးဖြည်ပြီး ရှူးတိုက်ပေး လိုက်တယ်. . .''

''အေး. . . ကောင်းတယ်. . . သိပ်ကောင်းတယ်. . .၊ ဒီလို အရှက်နည်းတဲ့ကောင်မျိုးက ဂုတ်တိုလို သွေးဆာနေတဲ့ ကောင်နဲ့တွေ့မှ ကောင်းတယ်. . .၊ နောင်ကို. . . ဒီကောင် လာခဲ့ရင် ဂုတ်တိုနဲ့သာ ရှူး တိုက်လွှတ်ပေးလိုက်၊ အဲဒါဆို ငါတို့လည်း အနေသာပဲ. . .၊ ထွီ. . . ဘာကောင်မှန်းလဲ မသိဘူး. . .၊ အရှက်မရှိ. . . မျက်နှာပြောင်တိုက် တိုက်လွန်းပါဗျာ. . .၊ ငါနဲ့သာ ပက်ပင်းဆုံရင် ဒီကောင် မလွယ်ဘူး. . . ဟင်း. . .''

လွှန်းမောင်က အံကို ကြိတ်ရင်း လက်သီးကို ဆုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကို ထိန်းပါ အကိုရယ်. . .၊ ဒေါသလက်လွန် မဖြစ်ကြပါနဲ့၊ ရှက်စရာ ကောင်းမှာစိုးလို့ပါ. . .၊ ကျွန်မ သူ့ကို ပြောပြီးပါပြီ အိမ်ကို မလာပါနဲ့လို့. . .၊ ဒီမှာအကို အကြောင်းကြောင်းကြောင့် လာခဲ့သည့်တိုင် မြထွေးရှင်က အကို့အပေါ်မှာ အစဉ်ထာဝရ သစ္စာရှိနေမယ့် မယားကောင်းတစ်ဦး၊ အသက်စွန့်ပြီး ချစ်သွားမယ့် မိန်းမဆိုတာ အကို ယုံကြည့်စမ်းပါ အကိုရယ်. . . ဟီး. . . ဟီး. . . ဟီး. . . ဟင်း. . . အဟင့်. . . ဟီး. . ."

ပြောရင်းမှ စိတ်ထိန်းကိုလွန်း၍ မြထွေးရှင် ငိုချပစ်လိုက်သည်။ ကိုယ်လေးလက်ဝန်နှင့် မယားလုပ်သူ ခုလို စိတ်ညစ်ပြီး ငိုတာမြင်ရတော့ လွန်းဇမောင် စိတ်မကောင်း ပြန်စဉ်းစားသည်။ ငါ့ မိန်းမသည် ငါ့ရင်သွေးကို ဝမ်းဗိုက်မှာ လွယ်ထားရသည်။

ဒီဘဝ ဒီပုံစံနှင့် သူ့မယားက ဖောက်ပြန် သစ္စာမဲ့မည်တဲ့လား။ ဟိုကောင် ရွှေကျိုးညိုကရော ကိုယ်ဝန်ရှိနေသည့် မိန်းမကို လှည်းကျိုးပြောင်ဝင်ထမ်းလုပ်ရန် ကြံရဲ စည်ရဲ ပါမည်လား. . .။

ကြံတုန်းကြံခိုက် စကားနာထိုးလိမ့်မည်။ ဒီထက်တော့ ပိုနိုင်ဖွယ်မမြင်။ သူ အကောင်းဘက်က ကြည့်၍ ပြန်တွေးကြည့်သည်။ မြထွေးရှင်ပြောသလို စကားနည်း ရန်စဲက ကောင်းပါသည်။ သူ မျက်ရည်များစီးကျပြီး ရှိုက်နေသည့် ဇနီးသည်ရဲ့ ပခုံးကို ဆွဲယူပြီး ရင်ခွင်ထဲမှာ ဖက်ထားလိုက်သည်။

"မြကလေးရယ်. . . အကို မင်းကို ယုံနိုင်ပါတယ်၊ ဒါပေမယ့် သူများတွေကြားရင် ကဲ့ရဲ့စရာ စကားတင်းဆိုစရာ ဖြစ်မှာစိုးလို့ အကိုက ပြောရတာပါ၊ အကိုက တစ်ကောင်ကြွက်ပါ၊ ဒီမယားရဲ့ မျက်နှာကို အားကိုးပြီး ဒီရွာမှာ အချောချိနေရသူပါ၊ ဘယ်သူနဲ့မှလည်း ပြဿနာ မဖြစ်ချင်ပါဘူး။ ဘယ်သူလက်ညှိုးထိုးကဲ့ရဲ့ရှုံ့ချ စကားတင်းဆိုတာကိုမှလည်း မလိုလားပါဘူး မိန်းမရယ်. . .၊ အချစ်ခြင်းတူရင်. . . အကိုက မြကလေးကို အသက်စွန့်ပြီး ချစ်ပြသွားမှာ ယုံပါ မြကလေးရယ်. . . နော်. . ."

◆◆◆◆◆

၇

## အရှက်ကို အသက်နှင့် လဲမည့်သူများ

ရွှေကျိုးညိုက အရက်အပြည့်ခွက်ကို တဂွတ်ဂွတ်နှင့် ရေသောက်သကဲ့သို့ မော့ချလိုက်ပြီး ဖွံ့းကနဲ တံတွေးတစ်ချက် ထွေးလိုက်ကာ အမဲချောက်တစ်ဖတ်ကို ကောက်ဝါးလိုက်သည်။ ပေသီးနှင့် နောက်တိုးကလည်း ကုန်သွားသည့် ဖန်ခွက်ထဲသို့ အရက်ကို ဖြည့်ပေးပြီး. . . သူတို့လည်း တစ်ခွက်စီ ဂေါ်ရင်ကျိုမော့ တစ်ရှိန်ထိုး မော့ချလိုက်သည်။

လူမိုက်သံခဲကတော့ အိမ်ရှင်ပီပီ လိုလေသေးမရှိ ညှော်ခံ ညှော်ဝတ်ပြုနေ၏။ နေရာက စစ်ပင်ကွင်းရှိ လူမိုက်သံခဲအိမ်မှာ ဖြစ်သည်။ သည်အိမ်က ရွာစွန်မှာကျ၍ ဆိတ်ငြိမ်သည်။ အိမ်ဝန်းကျင်မှာလည်း. . . လူရှင်းသည်။

သည်နေရာလေးသည် သူတို့လေးဦး အကြောင်းကြီးငယ်ရှိတိုင်း ဆုံတွေ့ကြသည်။ အောင်မြေ ဘူမိနက်သန် ဖြစ်သည်။ ဒီလူမိုက်သံခဲရဲ့ အိမ်မှာ သူတို့ နွားခိုးရေး၊ ကြက်တိုက်ရေး၊ လူရိုက်ရေး၊ ဓားပြုလက်လော



www.burmeseclassic.com

www.burmeseclassic.com



ချရေးသည့် ဒုစရိုက်လုပ်ငန်းများကို အကြွမ်များစွာ တိုင်ပင်ပြီး အကောင်အထည် ဖော်ခဲ့ဖူးသည်။

အခုလည်း မကောင်းမှု အကုသိုလ် ဒုစရိုက်အမှုတစ်မှုကို အကောင်အထည်ဖော်ရန်အတွက် မိစ္ဆာနတ်ဆိုးလေးဦး ခေါင်းခြင်းဆိုင်ကာ ဉာဏ်နီဉာဏ်နက်များ ထုတ်ကြသည့် သဘောဖြစ်သည်။ ဒီမှာ ခေါင်းဆောင်က ဆေးလုံးကြီးရွာသား ရွှေကျီးညို. . .

ရွှေကျီးညိုက နဂိုကတည်းက အကြံအစည်ရှိပြီးသား ဖြစ်၏။ သူ့ရည်ရွယ်ချက်က သူ့မယားလိုချင် သူ့လင်လုံနဲ့ ထိုးရသည့် စီမံချက်၊ သူ့ဘဝကို အရှက်ကွဲအောင် အသည်းနှလုံး ကြေကွဲဆို့နင့်အောင် လုပ်ခဲ့သည့် လွန်းမောင်ဆိုသည့်ကောင်ကို အပြတ်ရှင်း၍ မြထွေးရှင်ကို တစ်နေ့နေ့ တစ်ချိန်ချိန် လက်ရသိမ်းပိုက်ရေးပဲ ဖြစ်သည်။

မြထွေးရှင်သည် သန့်စင်သည့် ပန်းတစ်ပွင့်တော့မဟုတ်။

သူများ ပန်ပြီးသား။ ဝတ်ရည် ကြေပြီးသား။ ပွင့်ဖတ် နွမ်းပြီးသား။ အနွမ်းပန်းတစ်ပွင့် မှန်းသိသည်။ ဒီလို သူများပန်ပြီးသား ပန်တော်ကျတစ်ဦးအတွက် ရင်းနှီးရမည့် အရင်းက မနည်းလှ။

သို့သော် သူ့ရင်ထဲမှာ တစစ်စစ် နာကျင်နေသည်။ နှစ်နှစ်ဆိုသည့် ကာလကို မနေ့တစ်နေ့ကလိုပဲ ထင်မှတ်ယုံကြည်နေမိသည်။ ထိုခံစားချက် ဝေဒနာသည် အရိုးစွဲသက်ရင့်နေပြီ။

လွန်းမောင်ဆိုသည့် ကလေကာဝ အညတရကောင်က ရွှေကျီးညိုဆိုသည့် သူဌေးသား ဒေါင်းအလံစိုက် ရာဇမတ်ကာထားသည့် ဖနီးလေးကို ခိုးယူပေါင်းသင်းခဲ့သည်။ မြထွေးရှင်ကို သူချစ်သည့် အချစ်သည် တာနေ့ယက္ခထက်သာ၏။ ဒဿဂီရိလိုလည်း စွန့်ရဲ၏။ သည်အချစ်သည် အသည်းနှလုံးသားမှာမက နံကြိုနံကြား၊ အူကြိုအူကြားပါမကျန် စီးဆင်းစီးဝင် နေသည်။ သာမန်အချစ်မဟုတ်၊ ကလေးဘဝကတည်းက နှစ်သက်ခဲ့ရသည့် အစွဲအလန်းအချစ်။

မြထွေးရှင်ရဲ့ မျက်နှာကို မြင်ရတိုင်း နဖူးက အမာရွတ်ကို စမ်း





မိသည်။ ကေးဝဠ်ပုဏ္ဏားလို လွန်းမောင်ဆိုသည့် (မဟော်သဓာ အယောင်ဆောင်ကောင်)ကို ချက်ချင်းလက်ငင်း ရှင်းပစ်လိုက်ချင်သည်။

ဒီကောင်ကို အပြတ်ရှင်းဖို့ သူတို့လေးဦး ဟိုးလွန်ခဲ့သည့် နှစ်နှစ်က သန့်လျှင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း တောကြိုအုံကြားမကျန် မြေလှန်ရှာခဲ့ဖူးသည်။ အဲဒီတုန်းက ဒီကောင်လွန်းမောင် အပြေးကောင်းလို့။ လျင်လို့။ မြန်လို့။ ပါးနပ်လို့. . .။ အသက်ချမ်းသာ ရသွားခဲ့တာ. . .။

ရက်ပေါင်း ခုနစ်ရာကျော်ကြာအောင် သူတို့ ရှာခဲ့သည်။

ဟင်း. . . ဒီကောင်. . . တစ်ရွာသားက ခြေကျလက်ကျ မြန်လှသည်။ ဒီကောင် မစားကောင်းသည့် အသီး။ တစ်နည်း သူနှင့် လူကြီးချင်း စေ့စပ်စကားဆိုထားသည့် မိန်းမကိုမှ ကြံရဲသည့်ကောင်. . .။ သိသိနှင့် ပြောင်လုပ်ချသွားခဲ့သည့်ကောင်။ သင်းက လူစွမ်းကောင်းလုပ်ပြီး. . . အရှဲ့တိုက်သွားသည်။ တောက်. . .။

ဒီဆေးလုံးကြီး ရေမြေပေါ်မှာ အနှစ်နှစ်ဆယ်ကျော် ကြီးပြင်းပြီး လက်မထောင် မိုက်တွင်းနက်ခဲ့သည့် သူလို လူစားမျိုးကိုမှ ခုလို ကြောသွားခြင်းသည် ကျားကို ခွေးကိုက်သည့် အဓိပ္ပါယ်. . .။

သင်းက ရွှေကျီးညိုကို ပခုံးချင်းယှဉ်တိုက်။ နားရွက်တံတွေးဆွတ်သည့် သဘော. . .။ ပြိုင်ဖိုက်ဖို့ သင်းက တိုင်စိုက်ပြီး အလံထူသည့် သဘော. . .။ ဟင်း . . ရွှေကျီးညိုကို ဂရုမစိုက်ဘူးတဲ့လား. . .။ ရတယ် အချိန်နဲ့အမျှ သူ စောင့်ခဲ့သည်။

အခု. . . သင်းတို့ ဒီရွာမှာ ပြန်ရောက်နေကြပါပြီ။

မော့မော့ ကြော့ကြော့ လုပ်နေသည်။ ထောင်ထောင် ထောင်ထောင် လုပ်ချင်နေသည်။ မြထွေးရှင်နှင့် နှစ်ပါးစုံတွဲပြီး ရွာထဲလမ်းသလား။ ကွင်းထဲလမ်းများ။ အပြုံးတွေ တဖွားဖွားနှင့် ပျော်နေလိုက်ကြတာ. . .။ အချစ်နှစ်ပါးသွားပြိုင် နေ့ရောညရော ကနေလိုက်ကြတာ. . .။

ကိုင်း. . . မြေလှန်လို့ ရှာစရာမလိုတော့. . .။

မြေရှိုးလို့လည်းမရ။ မိုးပျံလို့လည်း မကြွ။ မျက်စေ့ရှေ့ အခန့်သား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီ။ ဒါပေမယ့် သူချက်ချင်း ကလဲ့စား မချေခဲ့။

အလိမ္မာလေးနဲ့ ပေါင်းခဲ့သည်။ အယဉ်ကျေးဆုံး ချဉ်းကပ်ခဲ့သည်။ အသိမ်မွေ့ဆုံး ဆက်ဆံခဲ့သည်။ သူ့ကို လူကြမ်းကြီး ဗီလိန်ကြီးအဖြစ် ပရိသတ်က မမြင်ကြစေလို။ ရွှေကျီးညိုရဲ့ ပရိယာယ်ဗျူဟာကို ဘယ်သူမျှ မရိပ်မိကြ။ သို့ဖြစ်၍ အံ့သြကုန်ကြသည်။ ရွှေကျီးညို လိမ္မာသွားပြီတဲ့ ..။

"ဟား . . ဟား . . ဟား . . ဟား . . ရွှေကျီးညို လိမ္မာသွားပြီတဲ့ . . ဟား . . ဟား . . ဟား . . ဟား . . အခု မြတွေးရှင် မိန်းမဖြစ်ဖို့ နီးလာပြီ . . ."

ဒီအချိန်မှာ ဒီကောင်ကို ရှင်းပစ်ရမည်။ မရှင်းလို့မဖြစ် . . ။ မြတွေးရှင်ဆီ သူသွားသွားလည်သည့်ကိစ္စ ဒီကောင်က အတာမကြေ ဖြစ်နေသည်ဟု ကြားရသည်။ ငြူငြူစူစူ စောင်းစောင်းမြောင်းမြောင်း၊ ကြိမ်းကြိမ်းမောင်းမောင်း လုပ်နေသည်ဟု . . . လူယုံအချို့ထံမှ ကြားရသည်။

ဒါကြောင့် အမြန်ရှင်းမှ ဖြစ်တော့မည်။

ဒီကောင်ကို ရှင်းပစ်ရေးက ပထမ။ မြတွေးရှင်ကို သိမ်းပိုက်ရေးက ဒုတိယ။ မွေးလာသည့် ကလေးကို ကျူငုတ်မကျန် သုတ်သင်ရေးက တတိယ။ သူမကို အနုနည်းနှင့်ကိုင်၍ မရလျှင်၊ အကြမ်းနည်းကိုင်ရမည်။ အဲဒီကျမှ . . .

ရွှေကျီးညို ပဲကြားကြော် ကလော်ထုတ်ထားသည့်ပါးကို ဘယ်ပြန်ညာပြန် နမ်းနိုင်းမည်။ ကျီးညိုရဲ့ အချစ်ကိုလည်း အဲဒီကျမှ အစွမ်းကုန်ပြမည်။ ကျီးညိုက အဲဒီလောက်ချစ်ရဲ့သားနဲ့မှ ကျီးညိုကို ဆက်ပုန်းနေဦးမည်ဆိုလျှင် . . . သူမလည်း မြေကြီးသြဇာ ဖြစ်ရဖို့မည်။

ဒီကိစ္စ လက်တွေ့အကောင်အထည်ဖော်ဖို့ တပည့်နှစ်ဦးဖြစ်သည့် နောက်တိုး ပေသီးတို့နှင့် ရက်အတန်ကြာ တိုးတိုးတိတ်တိတ် တိုင်ပင်ဆွေးနွေးခဲ့သည်။ လုပ်ရမည့် ကိုင်ရမည့် အစီအစဉ်ကိုလည်း စနစ်တကျ ရေးဆွဲပြခဲ့သည်။

တစ်ချိန်က ဒီကောင်ကြောင့် ရွှေကျီးညိုဘဝ ပျက်လုခမန်း ဖြစ်ခဲ့





ရသည်။ ဒီတစ်ခါ လွှန်းမောင်ဘဝ အစိပ်စိပ်အမွှာမွှာ ဖြစ်ကိုဖြစ်ရမည်။

နောက်လိုက်တပည့် ကပ်တီးမှူးလဲ နှစ်ဦးကို အသေစည်းရုံးကာ လက်ရဲဖက်ရဲ နိုင်လှသည့် စစ်ပင်ကွင်းသား လူမိုက်သံခဲကိုပါ အဖော်ညှိခဲ့လိုက်သည်။

"ငါ . . ဟိုတစ်နေ့က ပြောတဲ့ အစီအစဉ် ဘယ်လိုသဘောရလဲ သံခဲ . . ."

"ကိုရွှေကျီးညိုကသာ ရှေ့ကဆောင်ရင် သံခဲက ငရဲကြီးရှစ်ထပ်ကို ထွမ်းထိုးဆင်းဖို့ အသင့်ပါဗျ . . ."

"ဟား . . ဟား . . ဟား . . ဟား . . ဒီလိုမှပေါ့ကွ သံခဲရဲ့ သေဖော်သေဖက် ရဲဘော်ရဲဘက်ဆိုတာ အဲဒီလို သတ္တိမျိုးရှိမှဗျ . . ပေသီးကရော . . ."

"ဆရာကျီးသာပါရင် . . . အဝီစိကို သွားလဲ ဘိနပ်ခါးကြားထိုးလိုက်မှာပါဗျ . . ."

"ဟား . . ဟား . . ဟား . . ဟား . . . မိုက်ပါပေ့ကွာ၊ ရွှေကျီးညိုတပည့် တကယ်ပီသပါပေရဲ့ဗျာ . . ."

လူမိုက်သံခဲက ပေသီးရဲ့ အပြောကို သဘောကျ၍ အားရပါးရ ရယ်ရင်း . . . ချီးကျူးလိုက်၏။

"ပေသီးကတော့ ဟုတ်ပါပြီတဲ့၊ ဟိုဆရာ . . နောက်တိုးကရော ခင်ဗျာ အဟဲ့ . . ."

"နောက်တိုးက ကြောက်ရိုးထုံးစံ မရှိပါဘူး ဆရာကျီးရဲ့ ကောက်ရိုးအဟူစားရင်တောင် အရင်ကုန်မယ့် အကောင်ပါ . . ."

"ဟား . . ဟား . . ဟား . . ဟား . . ကြိုက်တယ်ကွာ . . စကားလုံးတွေကတော့ ပြောင်မြောက်ပါပေရဲ့၊ ရွှေကျီးညိုဆိုတဲ့ကောင်ကလည်း ပြိုင်မိုက်မယ်ဆိုရင် တိုင်စိုက်ပြီး အလံထူတဲ့ကောင်ကွ . . ၊ အဲဒီလို သေရဲသတ်ရဲမှ ကြိုက်တာ . . ၊ ဒီနေ့တစ်နေ့ကုန် သောက်မယ် . . ၊ စားမယ် . . ၊ ဒီမှာ ပေသီး၊ နောက်တိုးနဲ့ သံခဲရဲ့ ငါ့ အကြံအစည်များ



www.burmeseclassic.com

www.burmeseclassic.com



ကင်းကင်းလွတ်လွတ် အောင်မြင်ခဲ့ရင်လား . .၊ မင်းတို့ သုံးယောက်ရဲ့ ကျေးဇူးကို ငါနောင်ဘဝရောက်သည့်တိုင် မေ့မှာမဟုတ်ဘူး . . ဆိုတာ ခေါင်း . . ထဲမှာ . . စွဲအောင်မှတ် . .ကြ . . ကြားလား . .''

''ယုံပါတယ်ဗျာ . . ဘုရားစူး . . မိုးကြိုးပွတ် . . ယုံပါတယ် ကိုရွှေကျီးညိုရာ . .''

''ဟား . . ဟား . . ဟား . . ဟား . . အေ့ . . ဝေါ့ . . ဝေါ့''

''ဒီမှာ ကျုပ် . . တို့ . . သတိထားရမှာ . . တစ်ချက်ရှိတယ် ဆရာကျီးရဲ့ . .''

နောက်တိုးက အရက်ခွက်ကို ကိုင်ထားရင်းမှ ပညာရှိလေသံနှင့် ပြောလိုက်၍ အားလုံး ငြိမ်ကျရကာ နောက်တိုးရဲ့ စကားကို အာရုံစိုက် ငံ့လင့်လိုက်ကြသည်။

''ဘာလဲကွ . . နောက်တိုး . . ရ . . မင်းဟာက . . အေ့''

''သူတို့ အိမ်ကိုတိုက်ရင် . . ဟိုခွေးနက်ကြီး ဂုတ်တိုကို အထူး သတိထားရမယ်ဗျ . .''

''အင်း . .''

''ဒီကောင်ကြီးကို ကြို . . ရှင်း . . လိုက်ရင် . .မကောင်း . . ဘူးလား . . ကိုကျီး''

''ကြည့်လုပ်ကြတာပေါ့ကွာ . .''

သို့နှင့် အရက်များကို ပြိုင်တူ မော့သောက်လိုက်ပြန်သည်။

''လွှန်းမောင်သေပြီး . . မြထွေးရှင်နဲ့ ဆရာကျီး မင်္ဂလာဆောင်တဲ့ နေ့ကျရင် ကျုပ်တို့ လူပျိုရံလုပ်မှာနော် . .''

''ဟား . . ဟား . . ဟား . . ဟား . . မင်းတို့ နှစ်ယောက်က မင်းတို့ဆရာ ရွှေကျီးညိုရဲ့ မင်္ဂလာပွဲမှာ လူပျိုရံဟုတ်လား . . ဟား . . ဟား . . ဟား . . ဟား . . ကြိုးကြိုးချိတ်နဲ့ တောင်ရှည်နဲ့ ရင်ဖုံးတိုက်ပုံနဲ့ ပေါ့ . . ဟား . . ဟား . . ဟား . . ဟား . . မျက်လုံးထဲ တွေးမြင်ပြီး ရင်ခုန်လိုက်ပါဘိ တပည့်ကြီးတို့ရာ . . ဟား . . ဟား . . ဟား . .





ဟား . .''

''ဝါး . . ဟား . . ဟား . . ဟား . . ဟား . .''

''အေ့ အဟတ် . . အဟတ် . . ဟား . . ဟား . . အေ့ . . ဝေါ့ . .''

သောက်လို့ဝ၊ အန်လို့ဝကြသောအခါ၊ သူတို့ ထမင်းစားကြသည်။ထမင်းစားပြီးနောက် လုပ်ရကိုင်ရမည့် နေ့ရက်၊ အချိန်နာရီတို့ကို ပြန်လည် ညှိနှိုင်းလိုက်ကြပြီးနောက် . . အတည်ပြုကာ . . လူစုခွဲလိုက်ကြလေသည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

၈

## ချစ်ခြင်း၏ အာကြွင်းမဲ့ရူပကာဗြ

လဆုတ်(၉)ရက်နေ့ညမို့ ရွာရဲ့ညရှိရာသို့ လ သည် နောက်ကျပြီး ထွက်သည်။ သက်ရှိတို့သည် လရောင်အောက်မှာ သောကကင်းဝေးစွာ အိပ်မောကျနေ၏။ လူသံ သူသံလုံးဝ မကြားရတော့။ ငြိမ်သက်တိတ်ဆိတ်လို့။ မကြာခင် ရွာမြောက်ဖျားမှ တွန်လိုက်သည့် သန်းခေါင်ကြက်တွန်သံကြောင့် ရွာထဲရှိ အိမ်ကြက်များ အသီးသီး လိုက်၍ တွန်ကြတော့သည်။ သန်းခေါင်ကြက်တွန်သံများကြောင့် ညဉ့်သည် အသက်ပြန်ဝင်လာခဲ့သည်။

မကြာခင် ကြက်တွန်သံများ ပြန်ငြိမ်ကျသွားကာ ညသည် စောစောကအတိုင်း အသက်ကင်းမဲ့သလို ငြိမ်သက်သွားခဲ့သည်။

လရောင်သည် ရွာလမ်းမနှင့် လယ်ကွင်းအနှံ့ ဖြာ၍ကျနေ၏။ ကုက္ကိုပင်အရွက်များသည် လရောင်ဟပ်ပြီး ငွေရောင်လျှပ်နေ၏။ ပါးပိုးပင်ကိုင်းများရှိ အရွက်များက ခပ်ပြေပြေ နားရွက်ခတ်နေသည်။ လေညှင်းနှင့်





အရွက်လေးများ ဘယ်ညာလူးလွန့်နေကြ၏။

ငြိမ်းချမ်းသာယာနေသည့် ရွာကလေး။

ညရိပ်လေညှင်းသွဲ့သွဲ့နှင့် ဆင်းလဲ့လဲ့လှနေသည့် ရွာကလေး။

သည်ရွာရဲ့ ညအလှကို ဖျက်ဆီးရန်အတွက် လူလေးဦးတို့သည် မျက်နှာကို အဝတ်နက်များစည်း၊ ဓားရှည်များ၊ ဓားမြှောင်များ ကိုင်ဆောင်၍ လွန်းမောင်တို့ အိမ်ရှိရာ ရွာမြောက်ဖျား အစွန်ရှိခြံထဲသို့ ခြေလှမ်းကျဲများနှင့် ဦးတည်လာနေကြသည်။

လွန်းမောင်တို့သည် ရွာတန်းရှည်တစ်တန်း၏ ဟိုး အစွန်ဆုံးမှာဖြစ်သည်။ အခြားအိမ်များနှင့် အနည်းငယ် အလှမ်းဝေးသည်။ သူတို့အိမ်ခေါင်းရင်းဘက် တစ်ခေါ်လောက်မှာ ရွာဦးဘုန်းတော်ကြီးကျောင်း ရှိသည်။ ရှေ့ကိုဆက်ကြည့်လျှင် ကျယ်ပြန့်သော လယ်ကွင်း၊ ချောင်းလမုတောနှင့် ကျူရိုင်းတောပဲ ရှိတော့သည်။

မကြာခင် သူတို့လေးဦး လွန်းမောင်တို့ ခြံဝသို့ ရောက်ရှိခဲ့သည်။ သူတို့နံဘေးဝဲယာကို မျက်စေ့ကစားလိုက်ပြီး ခြံစည်းရိုးတံခါး ဂလန့်ကို ဖြုတ်လိုက်ကြသည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်ဝုတ် . . ."

"ဝုတ် . . . ဝုတ် . . . ဂရိ . . . ဟဲ . . . ဝေါင်း . . ."

အဝတ်နက်များ မျက်နှာစီးထားသည့် လူလေးဦးကို မြင်လိုက်ရသောအခါ ခွေးနက်ကြီးဂုတ်တိုသည် အိမ်အောက်မှ ပြေးထွက်လာပြီး တစ်ရှိန်ထိုးဟောင်ကာ ဆွဲမလို လုပ်တော့သည်။ လူမိုက်သံခဲသည် အလွန်ကြီးမားပြီး လရောင်အောက်မှာ နက်ပြောင်ချောနေသည့် ခွေးနက်ကြီးကို ကြည့်ပြီး ကြက်သီးများထကာ ဓားကိုဝင့်လိုက်သည်။

ဂုတ်တိုက ရှေ့ဆုံးမှ ဝင်လာသည့် ရွှေကျီးညိုကို လှမ်းဆွဲရန် ပြေးဝင်လာရာ ရွှေကျီးညိုက လက်ထဲက ဓားရှည်နှင့် လှမ်းခုတ်လိုက်သဖြင့် ခွေးနက်ကြီးက လျှင်မြန်စွာ နောက်ဆုတ်ရှောင်ရင်း ခပ်လှမ်းလှမ်းမှ ထိုး ဟောင်နေသည်။ နောက်ဆုံး ဓားရှည်နှင့် အတင်းနှင်းလိုက်ခုတ်ရေမှ



www.burmeseclassic.com

www.burmeseclassic.com



သင်း ထွက်ပြေးတော့သည်။

အိမ်ရှေ့မှ ခွေးနက်ကြီး ဂုတ်တိုရဲ့ ဆူဆူညံညံ ဟောင်သံများကြောင့် လွန်းမောင်အိပ်ပျော်ရာမှ လန့်နိုးပြီး လှမ်းအော်လိုက်သည်။

"ဂုတ်တို ဘာဖြစ်နေတာလဲ. . ."

ဂုတ်တိုသည် အိမ်နောက်ဖေး ခြံစည်းရိုးအစပ်မှ မဟောင်ရဲ ဟောင်ရဲ ဟောင်နေသည်။

"ဂုတ်တို. . ."

လွန်းမောင်က အိပ်ယာထဲမှ အသံပြုလိုက်ပြန်သည်။ လွန်းမောင် အသံကြောင့် အိပ်ပျော်နေသည့် မြထွေးရှင် လူးလွန့်ရင်း နိုးလာကာ. . . အပြင်မှ အသံဗလံများကို နားစွင့်နေမိကြသည်။

"လွန်းမောင် နိုးပလားဟေ့. . ."

ပေသီးက ပါးစပ်ထဲမှ ကွမ်းသီးငုံပြီး အသံဖျက်၍ မေးလိုက်သည်။ အိမ်ထဲမှ လူးလွန့်သံအချို့ ကြားရသည်။ လွန်းမောင် ဝေါက်ကနဲ ထထိုင်လိုက်သည်။

"ဘယ်သူလဲကွ. . .၊ အချိန်မတော်၊ ဘာကိစ္စရှိလို့လဲ. . ."

"ငါပါဟ. . . လှအောင်တို့ပါ. . . မင်းယောက်ခမ အဘိုးကြီး လေဖြတ်သလို ဖြစ်သွားလို့ မင်းတို့ကိုလာခေါ်တာ တံခါးဖွင့်ပါကွ. . ."

"ဟင်. . . အဖေ. . . အ. . . ဖေ. . . လေ. . . ဖြတ်သွားလို့ မြတ်စွာဘုရား. . . ကိုလွန်းမောင်. . . ကိုလွန်းမောင်. . . တံခါးမြန်မြန် ဖွင့်ပေးလိုက်ပါ. . . ဘုရား. . . ဘုရား. . . ဒုက္ခပါပဲတော်. . ."

မြထွေးရှင်က သူ့အဖေ လေဖြတ်သည်ဟု ကြားလိုက်ရသဖြင့် အကြီးအကျယ် စိုးရိမ်သွားကာ မိုက်ကြီးတစ်ခွဲသားနှင့် ကုန်းထလိုက်သည်။ နှုတ်မှလည်း ဖခင်အတွက် စိုးရိမ်ကြီးစွာ ဆုတောင်းနေမိသည်။ လွန်းမောင် ကလည်း ယောက်ခမဖြစ်သည်ဟု သိရတော့ မယားနည်းတူ စိုးရိမ်သွားခဲ့ကာ ဦးစွာ မီးခြစ်နှင့် ရေနံဆီမီးခွက်ကို ထွန်း၍ ခုံပေါ်မှာတင်ပြီး ထလိုက်သည်။

သည့်နောက် တံခါးတစ်ချပ်ကို အလျင်စလို ဖွင့်လိုက်သည်။





တံခါးမတစ်ချပ် ဖွင့်လိုက်သည်နှင့် ရှေ့ဆုံးမှလူက လွန်းမောင်ရဲ့ ရင်ဝကို ဓားမြှောင်နှင့်တေ့ကာ တွန်းလိုက်သည်။ နောက်တစ်ယောက်က လွန်းမောင် နောက်မှ ဖြတ်ကနဲ ခုန်ဝင်လိုက်ပြီး လွန်းမောင်ရဲ့လည်ပင်းကို လက်ဖြန့်နှင့် သိုင်း၍ ပါးစပ်ကို ပိတ်ထားလိုက်ကာ လက်ပြန်ကြိုး ကြိုးနှင့်တုတ်လိုက်ကြ၏။

"ဟင်. . . ရှင်. . . ရှင်. . . တို့. . . ဒါ. . . ဒါ. . . ဘာ. . ."

"ဖျန်း"

"အာ. . . အာ. . ."

တစ်ယောက်က အသံထွက်နေသည့် မြထွေးရှင်ပါးကို လက်ပြန် ရိုက်ချလိုက်သဖြင့် မြထွေးရှင် ဘေးတိုက်လဲကျသွားသည်။ လဲကျရင်းမှ သူ့ယောက်ျားကို ဓားနှင့်ထောက် ကြိုးနှင့်တုတ် ရိုက်ပုတ်နေသည့် မြင်ကွင်း ကြောင့် အော်ရန်ပြင်လိုက်စဉ်. . . လူဆိုးတစ်ယောက် ပြေးဝင်လာပြီး ပါး စပ်ကို လက်ကြမ်းကြီးနှင့် ပိတ်လိုက်သည်။ အော်မရသည့်အဆုံး မြထွေးရှင် ရုန်းကန်သည်။

ကျောချမှ ဓားပြမှန်း သိရပြီး. . .

ချွန်မြသော ဓားဦးချွန်သည် လွန်းမောင်ရဲ့ ဝမ်းပိုက်ကို အတန်ငယ် စူးနစ်ဝင်နေသည်။ သည်မှာ မယားလုပ်သူ မြထွေးရှင်ရဲ့ စူးစူးဝါးဝါး အော်သံ ကို ကြားလိုက်ရသောအခါ မယားအတွက် အစိုးရိမ်ပိုသွားခဲ့ပြီး. . . မိုက်မိုက် ကန်းကန်း ရုန်းကန်လိုက်သည်။

"ကိုင်း"

"ခွပ်. . ."

"အား. . ."

"အ. . . မ. . . လေး. . . ဂူး. . . ဂူ. . . အူး. . ."

လွန်းမောင်အရှန်းမှာ ဓားနှောင့်တစ်ခုသည် လွန်းမောင်ရဲ့ နားထင် ပေါ်ကျသွားကာ နားထင်မှ နီရဲသောသွေးများ စီးဖြာကျလာသည်။ လင်လုပ် သူရဲ့ နဖူးမှ နီရဲသောသွေးများ စီးကျလာသည်ကို ရုတ်ချည်းမြင်လိုက်ရ သောအခါ မြထွေးရှင် စူးစူးဝါးဝါး အော်ဟစ်ရုန်းကန်ရင်း သတိလစ်၍ လဲကျ



www.burmeseclassic.com

www.burmeseclassic.com



မေ့မြောသွားခဲ့လေသည်။

လွန်းမောင်လည်း အားပါချက်ပြင်းလှသည့် ဓားနှောင့်ထုချက်ကြောင့် ခေါင်းချာချာလည်ကာ. . . စိုက်ကျသွားခဲ့သည်။ သွေးများကနဖူးမှ ရင်ပတ်ပေါ်သို့ ပွန္နေးစွာ စီးကျလာခဲ့သည်။ သည်မှာ လူနှစ်ဦးက သူ့ပါးစပ်ထဲသို့ အဝတ်စတစ်ခုကို လုံးထွေး၍ အတင်းထိုးထည့်လိုက်သည်။ ပြီးနောက် လည်ပင်းကို လျှော့ကွင်းနှင့် ခွေးချည်သလိုချီပြီး ကြိုးကိုတောင့်ထားလိုက်ရာ. . . အသက်ရှူမဝချင်သလို ဖြစ်သွားခဲ့ရသည်။

လူဆိုးများသည် မြထွေးရှင်ပါးစပ်ထဲသို့လည်း အဝတ်စများထိုးထည့်ကြသည်။ ပြီးနောက် မေ့နေသူကို ပွေ့ထူပြီး အိမ်လည်တိုင်မှာ ကြိုးနှင့် ချည်တုတ်ထားလိုက်ရာ ကြိုးချည်ရက်နှင့် မြထွေးရှင် ငုတ်တုတ် မေ့မြောနေခဲ့၏။

သည့်နောက် လူဆိုးနှစ်ဦးက စကားလုံးဝမပြောဘဲ လွန်းမောင်၏ နံကြားဝမ်းဗိုက် စသည်တို့ကို ဓားရှည်၊ ဓားမြှောင်များနှင့် ထောက်ကာ အိမ်ပေါ်မှ ဒလကြမ်း ဆွဲခေါ်ချသွားကြသည်။

လွန်းမောင်က မျက်လုံးဖြင့် တောင်းပန်စကား ဆိုခဲ့သော်လည်း လူဆိုးများက လက်မခံ။ ခွေးဆွဲဝက်ဆွဲ ဆွဲချသွားတော့သည်။

ကျန်လူဆိုးနှစ်ဦးက အိမ်ပေါ်မှာရှိသမျှ သေတ္တာများကိုဖွင့်၍ ရွှေငွေလက်ဝတ်လက်စား စသည်များကို ပါလာသည့် အိတ်ထဲသို့ အားလုံးသိမ်းကျုံးထည့်လိုက်ကြသည်။ ပြီးနောက် အိမ်ပေါ်မှ ခုန်ဆင်း၍ ရှေ့မှသွားနေသူများနောက်သို့ ခပ်သုတ်သုတ် လိုက်သွားခဲ့တော့သည်။

ခွေးနက်ကြီးဂုတ်တိုသည် သူ့သခင်လွန်းမောင်ကို ကြိုးတုတ်ရိုက်နှက်၍ အဓမ္မ ဒလကြမ်း ခေါ်သွားသည်ကို မြင်ရသောအခါ မနီးမဝေးမှ ဟောင်ရင်း နောက်ယောက်ခံ၍ လိုက်သွားခဲ့သည်။ လူလေးဦးသည် ကြိုးတုတ်ထားသည့် လွန်းမောင်ကို အရှေ့လယ်ကွင်းလမ်းအတိုင်း ဆွဲသွားရင်း လမုပင်ချောင်းရိုးစပ် လူသူဝေးရာ၊ ကင်းရာ၊ ရှင်းရာသို့ အညွှာတာ ကင်းမဲ့စွာ ကန်ကြောက် ထိုးကြိတ် ရိုက်နှက်၍ ခေါ်သွားကြသည်။





အတန်ကြာတော့ ဇရာမ သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာသည်။ ယခုအချိန်အထိ လူဆိုးလေးဦးသည် စကားတစ်လုံး မပြော။ ရှေ့မှာလည်း တမာပင်ကြီးတစ်ပင်။

သူတို့က လွန်းမောင်ကို ဝိုင်းထားပြီး မျက်နှာ၊ ရင်ခေါင်း၊ နံကြားဝမ်းဗိုက်၊ အရှိုက် စသည်တို့ကို လက်သီးများ တံတောင်များ ဒူးများနှင့် တိုက်၊ ထိုး၊ ရိုက်၍ နှိပ်စက်ကြရာ မကြာခင် သွေးသံရဲရဲနှင့် လွန်းမောင် ဒူးထောက် လဲကျသွားတော့သည်။

သည်မှာ တစ်ယောက်ပြေး၍ ခြေနှင့်ဆောင့်ကန်လိုက်ရာ မြေကြီးပေါ်သို့ နှစ်ပတ်သုံးပတ်လိမ့်၍ ကျပြီး ပက်လက်ဖြစ်သွားခဲ့သည်။ ပက်လက်ဖြစ်သွားတော့မှ နံကြားနှင့် ဝမ်းဗိုက်၊ မျက်နှာများကို ထပ်ဆင့် ကန်ကျောက်ကြပြန်ရာ သွားတွေလည်း ကျွတ်ထွက်ကုန်ပြီ. . .။ နားထဲ၊ ပါးစပ်ထဲမှ သွေးများလည်း စီးလိမ့်၍လာကာ အသက်ကို မနည်းရှူနေရတော့သည်။

သူ့ပါးစပ်မှ အဝတ်များ ထွက်သွားခဲ့ပြီ။ သူ ပါးစပ်နှင့် အသနားခံ စကားဆိုရင်း တောင်းပန်သည်။ မိမိမှာ ဘာအပြစ်မှ မရှိပါ၍ အသက်ကို ချမ်းသာပေးပါရန် တောင်းပန်သည်။ ဘယ်လိုမှပြော၍ တောင်းပန်၍ မရမှန်း သိသောအခါ. . . သူ ဖြစ်ချင်ရာဖြစ် ချောင်းထဲသို့ ခုန်ချရန်. . . ထပြေးလိုက်သည်။

''ခွပ်. . .''

''အား. . . အား. . . အ. . . အ. . . ကျွတ်. . . ကျွတ်''

ဓားနှောင့်တစ်ချက်က သူ ကျောင်းကိုဝင်ပြီး သူ ဒလိမ့်ကောက်ကွေး လဲကျသွားခဲ့ပြန်သည်။ မျက်လုံးကြားမှ သွေးများ စီးကျလာခဲ့သည်။ သည်မှာ ခေါင်းဆောင် လုပ်သူသည် သူ့ရင်ဝကို ခြေဖနောင့်နှင့် ဖိရင်း လည်မြိုကို ဓားရှည်ဓားဦးနှင့် တေ့လိုက်စဉ်. . .

''ဝေါင်း. . .''

''အ. . . မလေး. . . ဗျ. . .''

''ဝေါင်း. . . ဂရို. . . ဝေါင်း. . .''



www.burmeseclassic.com

www.burmeseclassic.com



''ဟ. . . ဟ. . . ချကြပါ. . . ဟ. . .''

ခွေးနက်ကြီးဂုတ်တိုသည် သူ့သခင်ကို ရက်ရက်စက်စက် သတ်ဖြတ်နေမှန်း သိသွားသောအခါ ရင်ဝပေါ်ခြေတင်ပြီး ဓားဦးနှင့် လည်မြို ထိုးရန် လုပ်သည့် လူဆိုးရဲ့ ကိုယ်ပေါ်သို့ အလစ်မှာ ခုန်အုပ်လိုက်သည်။ လူဆိုးကလည်း လျင်သည်။ အသံကြားသည်နှင့် ကြောက်လန့်တကြား လက်ထဲမှ ဓားရှည်နှင့် ဖမ်း၍ ထောက်လိုက်ရာ. . . ဓားဦးသည် ဂုတ်တိုရဲ့ ရင်ညွန့်တည့်တည့်ကို စူးဝင်သွားတော့သည်။

ဂုတ်တို စူးစူးဝါးဝါး အော်ဟစ်ရင်း ဓားအနုတ်မှာ လွန်းမောင်အနီးသို့ ပြုတ်လဲကျသွားခဲ့သည်။ ဂုတ်တိုရဲ့ ရင်ဝမှ သွေးများ တပွက်ပွက် ထွက်နေသည်ကို လရောင်နှင့်လွန်းမောင် ကြေကွဲစွာ မြင်လိုက်ရသည်။ လွန်းမောင် နာကျင်လွန်းလှသည့် ဝေဒနာကို အံကြိတ်ခံစားရင်း အကြောဆွဲနေသည့် သူ့အနီးမှ သူ့ငယ်ပေါင်း သားချစ်ကြီး ဂုတ်တိုကို ဖက်ရန်ပြင်လိုက်စဉ်. . .။ စောစောက လူဆိုးရဲ့ မျက်နှာပေါ်မှ စည်းထားသည့် လက်ကိုင်ပုဝါ အဝတ်သည် သူ့ရှေ့မှာ ရုတ်တရက် ပြုတ်လျှော၍ ကျသွားခဲ့သည်။

သည်မှာ လွန်းမောင် လူဆိုးရဲ့မျက်နှာကို သစ်ပင်ရိပ်အကြားမှ ကျနေထိုးနေသည့် လရောင်နှင့် တွေ့လိုက်ရပြီး အကြီးအကျယ် အံ့ဩသွားခဲ့ရတော့သည်။

''ဟင်. . . ခင်. . . ခင်ဗျား. . . ကို. . . ရွှေ. . . ကျီး. . . ညို''

လွန်းမောင် ရွှေကျီးညိုရဲ့မျက်နှာကိုတစ်လှည့် အကြောဆွဲပြီး မျက်လုံးပြူးလျက် ညီးငြူနေသည့် ခွေးနက်ကြီးဂုတ်တို တစ်လှည့်. . . ကျန်လူဆိုးသုံးယောက်ကို တစ်လှည့်. . . ကြည့်ပြီး တုန်လှုပ်ချောက်ချားကာ အတင်းလူးလဲ ထလိုက်သည်။

''ဩြော. . . မင်းက ငါ့မျက်နှာကို မှတ်မိသွားခဲ့ပြီကိုး. . . အေး မှတ်မိမှတော့. . . မထူးပါဘူးကွာ. . . ဒီနေရာမှာပဲ လက်စတုံး ရှင်းပစ်လိုက်တာ ကောင်းပါတယ်. . . ကိုင်းဟေ့. . . စကြစို့. . .''





''ဟို. . . ဟို. . . ကို. . . ကိုရွှေကျီးညို. . . မ. . . မ. . . မလုပ်ပါနဲ့ဗျာ. . . မ. . . မလုပ်ကြပါနဲ့ ကျုပ်. . . ကျုပ်. . . တောင်း. . . တောင်းပန်ပါတယ်ဗျာ. . . နော်. . . အကို. . . နော်''

''ဟား ဟား ဟား ဟား. . . လွန်းမောင်. . . လွန်းမောင်. . . ငါ့ရဲ့. . . အချစ်ဆုံး သဲဦးပန်းလေး ဇနီးလောင်းလေးကို လုပြေးတုန်းက မကြောက်တဲ့ကောင်. . .၊ ငါ့ကို တစ်သက်လုံး အရှက်တကွဲဖြစ်အောင် လုပ်ခဲ့တဲ့ကောင်၊ မင်းကြောင့်. . . ငါ အသည်းနှလုံးတွေ တစ်စစီကြေကွဲကြေကွဲပြီး လူတောထဲ မျက်နှာတောင် မပြရဲခဲ့ရတဲ့ဘဝ၊ သူများတွေရဲ့ အလှောင်အပြောင် အရှိအထေ့ ခံခဲ့ရတဲ့ဘဝ ရောက်ခဲ့ရတယ်. . .၊ ရွှေကျီးညို ဆိုတဲ့ကောင်က. . . သူ့ဘဝကို နာကျည်းကြေကွဲအောင်၊ မျက်ရည်ကျအောင်လုပ်ရင်. . . အဲဒီလူကို သားအစဉ်မြေးအဆက် လူ့ပြည်မှာ ကြာရှည်နေခွင့် မပေးဘူး လွန်းမောင်. . .၊ မြတွေးရှင်ကို ငါလက်ကလုပြီး ချစ်ခဲ့တဲ့ မင်းရဲ့ ချစ်ခြင်း နောက်ဆုံးရလာဒ်. . .၊ တစ်နည်း ငါပေးချင်တဲ့ မင်္ဂလာလက်ဖွဲ့က ဟောဒီလို. . . ဟောဒီလို. . . ဟောဒီလို. . .''

''ကို. . . ရွှေ. . . ကျီး. . . ညို. . .''

''ခွပ်''

''အ. . .''

''ရှီး. . .''

''အမလေးဗျ. . .''

''ဒုတ်. . .''

''အွတ်. . .''

''ကိုင်. . . ကွာ. . .''

''ရှို. . . ခွပ်. . .''

''အ. . . အ. . . အ. . .''

သူ နာကျင်စွာ လူးလွန့်ညီးညူရင်း ရိုးပြတ်မြေပြင်ပေါ်မှာ သွေးချင်းချင်းရဲနှင့် လူးလွန့် သူးလိမ့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားချက်ပေါင်းများစွာသည် လွန်းမောင်ကိုယ်မှာ စူးဝင်ရှထိနေသည်။ သွေးသံရဲရဲ ဟက်တက်ကွဲ ဟက်တက်ပြဲ ဓားဒဏ်ရာများ အကြားမှ သေငယ်ဇောနှင့် လူးလွန့်ရင်း. . . နောက်ဆုံး အားကိုးရာ သေဘော်သေဘက် သူ့အချစ်ဆုံး ငယ်ပေါင်း ခွေးနက်ကြီးဂုတ်တို ရှိရာသို့ လူးလိမ့်၍ သွားလိုက်သည်။

သွေးအိုင်သွေးကွက်ထဲမှာ လူးလွန့်လူးလိမ့်၍ သွားပြီးနောက် အသက်ပျောက်နေသည့် ခွေးနက်ကြီး ဂုတ်တိုရဲ့ လည်ပင်းကို အားကိုးကြီးစွာ ချစ်ခင်မြတ်နိုးစွာဖက်ရင်း သူ အသက်ထွက်သွားခဲ့လေသည်။

ရွှေကျီးညိုက ခွေးနက်ကြီးကို ဖက်ရင်း မျက်လုံးပြူး၍ ငြိမ်သက်နေသော လွန်းမောင်ကို ခြေနှင့်ကန်၍ လှုပ်ကြည့်လိုက်သည်။ ကျန် လူသုံးယောက်ကလည်း ခုမှ မျက်နှာမှာ စီးထားသည့် အဝတ်များကို ချွတ်၍ ချွေးများသုတ်ရင်း သူတို့ဆရာနည်းတူ လွန်းမောင် အခြေအနေကို အကဲခတ် ကြည့်နေကြသည်။

ချင်းချင်းနီနေသော လူသွေးနှင့် ခွေးသွေးတို့အကြား လွန်းမောင် မနိုးသော အိပ်စက်ခြင်းဖြင့် ငြိမ်သက်နေ၏။ သူသည် သူ့အချစ်တော် ခွေးနက်ကြီးကို ဖက်၍. . . တမလွန်ဘဝသို့ ကူးသွားခဲ့ပြီ. . .

''ကိစ္စချောပါပြီ. . . ဆရာကျီးရေ. . .''

''သေသေချာချာ စစ်ပါကွာ. . . တော်ကြာ. . .''

ရွှေကျီးညိုက စိတ်မချ၍ ထပ်ပြောလိုက်သဖြင့် လူမိုက်သံခဲက လွန်းမောင်ကိုယ်လုံးကို ခြေနှင့်ကန်လှုပ်ရင်း. . .

''ဒီလောက်များတဲ့ ဒဏ်ရာတွေနဲ့ ခင်ဗျားကောင် အသက်ရှင်နိုင်စရာမရှိပါဘူး. . . ကိုရွှေကျီးညို. . .''

''ဒါဖြင့်လည်း သွားကြစို့. . .၊ သဲလွန်စမကျန်အောင် ဂရုစိုက်ကြနော်. . .''

သူတို့လေးဦး နဖူးမှ ချွေးသီးများကိုသုတ်ပြီး အတန်ငယ်လှမ်းသည့် ချောင်းရိုးထဲသို့ လာခဲ့ကြသည်။ ၎င်းနောက် ချွေးသွေးများ ပေကျံနေသည့် ကိုယ်ပေါ်မှ အဝတ်အစားအားလုံးကို ချွတ်၍ ကသစ်ပင်အောက် မြေကြီးကို ဓားဦးများနှင့် တူးဆွကာ အတန်ငယ်နက်တော့မှ အားလုံး အဝတ်အစားများကို ထည့်မြှုပ်လိုက်သည်။ ရွှေကျီးညိုက လူသတ်ရာမှာ သုံးသည့် လက်နက်များနှင့် မျက်နှာစည်း အဝတ်များကိုပါ ကျင်းတစ်ကျင်း တူးပြီး မြေဖို့မြှုပ်၍ လက်စသိမ်းလိုက်သည်။

ပြီးသည်နှင့် ချောင်းရေထဲမှာ ကိုယ်လက်သုတ်သင်သန့်စင်ပြီး တစ်ယောက်ကိုတစ်ယောက် သွေးစသွေးန ပေကျံမှုရှိမရှိ၊ ဒဏ်ရာဒဏ်ချက်ရှိမရှိ၊ အပြန်အလှန် စစ်ဆေးကြပြီး ညတွင်းချင်း ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြသည်။ သံခဲကိုလည်း ညတွင်းချင်းပင် သူ့ရွာသို့ ပြန်နိုင်းလိုက်သည်။ ရလာသည့် လက်ဝတ်လက်စားများကိုတော့ မကြာခင် အားလုံးကို ဝေခြမ်းပေးမည်ဟု ပြောပြီး. . . အသီးသီး လူစုခွဲလိုက်ကြလေသည်။

◆◆◆◆◆





www.burmeseclassic.com

www.burmeseclassic.com

# ၉

## ငွေမျှားတောကျားနိုင်သည့်အခါ

အရှေ့အရပ်မှ နေရောင်သည် ဆေးလုံးကြီးရွာပေါ်သို့ တောက်ပစွာ ဖြာကျနေသည်။ ရွာဓလေ့အတိုင်း မိုးလင်းသည်နှင့် နွားထုတ်သံ၊ ကျွဲမောင်းသံ၊ ကလေးငိုသံ၊ ဈေးသည်အော်သံများနှင့် စီစီညံနေ၏။

သူများတွေ အသီးသီး အိပ်ရာမှနိုး၍ လုပ်ငန်းခွင်ရှိရာသို့ သွားနေကြသည်။ လွန်းမောင်တို့ အိမ်က တိတ်ချက်သားကောင်းနေ၏။

"ဝေး လွန်းမောင်။ မထကြသေးဘူးလား ဟ. . ."

အိမ်ရှေ့မှ လှအောင်က လူသံရော ခွေးသံရောမကြား၍ လှမ်းအော်လိုက်သည်။

"လွှန်းမောင်၊ မြထွေးရှင်. . . ဟေး လွန်းမောင်တို့. . ."

အထဲမှာ မည်သည့် ထူးသံမှမကြား၍။ ဒီလင်မယား ခရီးလည်း





သွားတယ် မကြားပါဘူး။ အထူးသဖြင့် ခွေးနက်ကြီးဂုတ်တိုရဲ့ ဟောင်သံလည်း မကြားရခြင်းပဲ ဖြစ်သည်။ သို့နှင့် လှအောင်အိမ်ထဲသို့ အသံပြုရင်း ဝင်လာ လိုက်သည်။ သည်မှာ သူ လှေခါးအဆင်းမှာ နီရဲသောသွေးစက် အချို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အံ့သြတုန်လှုပ်သွားခဲ့၏။ ဒါ. . . ဘာများပါလိမ့်။

"ဟော့. . . လွန်းမောင်တို့. . ."

ထိုစဉ် အိမ်ထဲမှ ကြမ်းပြင်ကို ထုနေသည့် တဒုံးဒုံးအသံကို ကြားရ၍ လှအောင် စေ့ထားသည့်တံခါးကို တွန်းကာ အိမ်ပေါ်သို့ တက်လာ ခဲ့လိုက်သည်။

"ဟာ. . ."

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် လှအောင် အကြီးအကျယ် တုန်လှုပ်အံ့သြ သွားခဲ့ရသည်။ မြထွေးရှင်သည် ပါးစပ်မှာ အဝတ်ဆို့ခံထားရပြီး တိုင်မှာ လက်ပြန်ကြိုးတုတ်ချည်ခံထားနေရသည်။ ဆံပင်များသည် မျက်နှာပေါ်မှာ ဖွာလံကျဲပြီး မျက်နှာကို အချို့တဝက်သာ မြင်စေရသည်။ အင်္ကျီများလည်း စုတ်ပြဲပေကျံလို့။

သူမသည် ပါးစပ်မှ စကားပြောမရသောအခါ ကြမ်းပြင်ကို ခြေဖနောင့်နှင့် ဆောင့်၍ အချက်ပေးသလို လုပ်နေရာမှ လှအောင်ကို တွေ့ရသောအခါ၊ နှာခေါင်းသံနှင့် 'အူး. . . အူး' လုပ်၍ ခေါင်းငြိမ့် အချက်ပြခေါ်လိုက်သည်။

လှအောင် ဖြန်းကနဲဆိုတော့ လန့်ပြီး နောက်ကို တစ်လှမ်းဆုတ်မိလိုက်၏။ မြထွေးရှင်က ခေါင်းပေါ်မှာ ဆံပင်များကို ဇက်လှည့်ရမ်းပြီး အားကိုးကြီးစွာသော မျက်လုံးအစုံနှင့် လှမ်းကြည့် အသနားခံနေသည်။ သူ မြထွေးရှင်ပါးစပ်မှာ ဆို့ထားသည့် အဝတ်လုံးစများကို အလျင်ဦးစွာ ဆွဲထုတ်ပေးလိုက်တော့မှ မြထွေးရှင် အသက်ကို အားရပါးရ ရှူနိုင်ပြီး မျက်ရည်များ ကျလာတော့သည်။

"မြထွေးရှင်. . . လွန်းမောင်. . . လွန်းမောင်ရော. . . ဒါ. . . ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ကြတာလဲ ဟင်. . .''

''ကို. . . ကို. . . လှ. . . အောင်. . . ဟို. . . ဟို. . . လူ လူဆိုးတွေ ညက ကိုလွန်းမောင်ကို ကြိုးတုတ်ပြီး ရိုက်နှက်. . . ခေါ်. . . ခေါ်သွား အီး. . . ဟီး. . . ဟီး. . .''

''ဟင်. . . လူဆိုးတွေ ဖမ်းသွားတယ်. . . ဟုတ်လား. . .''

''အင်. . . အင်. . . ဟီး. . . ဟီး. . . အကို. . . လွန်းမောင်ရေ ဟီး. . . ဟီး. . .''

''နေအုံး. . . နေ. . . အုံး နော် မြထွေးရှင်. . . ခဏလေး. . .''

လှအောင်ကြိုးကို ဖြည်မပေးနိုင်သေးဘဲ အိမ်ရှေ့သို့ အမြန်ဆုံး ပြေးထွက်ကာ အိမ်နီးနားချင်းများကို အကြောင်းကြားပြေးခေါ်ရသည်။ လွန်းမောင်တို့အိမ် ဓားပြတိုက်ခံရသည့်အကြောင်း ခုမှ. . . အိမ်နီးနားချင်းများလည်း သိရှိကြကာ ပြေးထွက်လာကြတော့သည်။

မကြာခင် ဆယ်အိမ်ခေါင်း ရာအိမ်မှူးနှင့် သူကြီး ဦးကျောက်ခဲတို့ပါ ရောက်ရှိလာကြတော့သည်။ ကျေးရွာလူကြီးများနှင့် အသိသက်သေများ ရှေ့ရောက်တော့မှ မြထွေးရှင်ကို ကြိုးဖြည်ပေးပြီး အကျိုးအကြောင်းကို မေးရသည်။

မြထွေးရှင်က ညသန်းခေါင်ကျော်မှာ သူ့အဖေ လေဖြတ်၍ အိပ်ယာမှ မထနိုင်သဖြင့် လာခေါ်ရကြောင်း တံခါးဖွင့်ပါဆို၍ ဘယ်သူလဲ မေးတော့ 'လှအောင်ပါ'ဆိုသောကြောင့် အဖွင့်မှာ ဓားပြလူဆိုးများဖြစ်နေပြီး ကန်ကြောက် ထိုးကြိတ် ရိုက်နှက်ကြကြောင်း၊ လွန်းမောင်ကိုလည်း ကြိုးနှင့်တုတ် ဓားနှင့်ခုတ်၍ သွေးများ ထွက်သည်ကိုမြင်ပြီး မိမိလည်း ပါးနားအရိုက်ခံရကာ မေ့မြော့ သတိလစ်သွားစဉ် အခုလို လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောပြလိုက်သောအခါ အားလုံးတုန်လှုပ်ချောက်ချား အံ့သြကြရကုန်၏။

သူကြီးနှင့် လူကြီးများ ပွရှုပ်နေသည့် လှန်လှောရှာသွားသော ပစ္စည်း ဖရိုဖရဲများကို မြင်နေရသည်။ စစ်ဆေးလိုက်တော့. . . ရွှေငွေပစ္စည်း





များ ပါသွားခဲ့သည်။

''ကိုလွန်းမောင်. . . ကျွန်မ. . . ယောကျ်ားကို. . . ရှာပေးကြပါရှင်. . . ဟီး. . . ဟီး. . .''

မကြာခင် မြထွေးရှင်ရဲ့ မိဘများဖြစ်သော ဦးဘမောင်နှင့် ဒေါ်မိန်းကလေးတို့သည် ငိုကြီးချက်မနှင့် ရောက်ရှိလာပြီး သမီးအဖြစ်ကို မြင်ရသောအခါ ဖက်၍ ငိုကြတော့သည်။ မြထွေးရှင်ကလည်း ဗိုက်တစ်ခွဲသားနှင့် ငို၊ မိခင်ကလည်း ငို. . . ရွာသူတွေကလည်း စိတ်မကောင်းကြ။

သူ့လင် လွန်းမောင်ရဲ့ အမည်ကိုသာ အရူးမလို တကြော်ကြော် အော်ခေါ်ရင်း သတိလစ်သလို ဖြစ်နေ၍ ရွာသူမကြီးများက ခြေမချိုး၊ လက်မချိုး၊ ယပ်ခပ်၊ ရင်ဖိနှင့် မနည်းကို လုပ်ယူရသည်။ သတိရလာသောအခါ သူကြီးက ချက်ချင်း ရှာပေးပါမည် စိတ်ကိုထိန်းပါ. . .တူမရယ်ဟု ပြောပြီး ယောကျ်ားအားလုံး လွန်းမောင်ကို ရှာရန် ထွက်လာခဲ့ကြသည်။

သူကြီးမင်း ဦးကျောက်ခဲသည် နှစ်လုံးပြူးသေနတ်ကို ပြန်ယူပြီး ရာအိမ်မှူး၊ ဆယ်အိမ်ခေါင်းများနှင့် လူအင်အားထပ်ဖြန့်ကာ လူပျောက်ရှာထွက်ကြသည်။

ပထမ. . . ကိုင်းတောထဲသို့ လိုက်ရှာကြသည်။ ယင်အုံနေသည့် နေရာတစ်ခုကို တွေ့သောအခါ အားလုံးသတိနှင့် ချဉ်းကပ်၍ ကြည့်ကြသော်လည်း. . . လူမဟုတ်ဘဲ အမဲခိုးပေါ်ထား၍ ကျန်သည့်ခေါင်းနှင့် အရိုးများကိုပဲ တွေ့ရသည်။

သည့်နောက် ချောင်းရိုးတစ်လျှောက် လိုက်ရှာကြပြန်သည်။ အဲဒီမှာလည်း သွေးစသွေးန သဲလွန်စဘာမှ မတွေ့. . .။

ထိုစဉ်. . . လယ်ကွင်းတစ်နေရာမှာ ကျီးကန်းများ ဝဲနေသဖြင့် သူတို့အုပ်စု ကျီးဝဲနေသည့် နေရာသို့ အမြန်ဆုံး ခြေကုန် နှင်လာခဲ့ကြသည်။

''ဟော့. . . ရှေ့ကဟာ. . . ဘာတွေလဲကွ. . . ကြည့်ကြစမ်း''

ဆယ်အိမ်ခေါင်း မောင်ပိန်က တစ်နေရာကို လက်ညှိုးထိုးပြ၍ အားလုံး အပြေးအလွှား သွားကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

"အမလေး. . ."

"အ. . . လာ. . . လာ. . . မြတ်စွာဘုရား. . . ကယ်တော်မူပါ"

"ဟယ်. . . ဒါ. . . ဒါ. . ."

"သူကြီး. . . သူကြီး. . . ဒီ. . . ဒီမှာ. . . လွန်းမောင်နဲ့ ဂုတ်တို ဂုတ်တို. . ."

အားလုံးသော ယောက်ျားများသည် လယ်ကွင်း ရိုးပြတ်များကြားမှ မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်နှာကို ကိုယ်စီလက်ဝါးနှင့်အုပ်ပြီး ဘုရားတ၊ ရင်တုန်ကြ၊ စုပ်သပ်ကြ။ တောက်ခတ်ကြ။ ဖြစ်ကုန်သည်။ အချို့ မကြည့်ဝံ့၍ နောက်ဆုတ်သွားကြ၏။

လွန်းမောင်သည် မျက်နှာမှာရော ကိုယ်ပေါ်မှာပါ ဓားဒဏ်ရာဖြင့် အဝတ်အစားများ စုတ်ပြတ်လွင့်စင်ကာ ရက်ရက်စက်စက် အသတ်ခံရပြီး အသက်ပျောက်လျက်ရှိသည်။ သူ့ငယ်ပေါင်း ခွေးနက်ကြီးဂုတ်တိုလည်း အနားမှာ ရင်ပွင့်၍ သူနှင့်ဖက်ရက် သေဆုံးနေကြသည်။

မကြာခင် ရွာထဲမှ ယောက်ျား၊ မိန်းကလေးများ ရောက်လာကြည့်ကြသည်။ သူကြီးလည်း အကြီးအကျယ် တုန်လှုပ်သွားခဲ့ပြီ။ မြင်ရသူများလည်း လန့်၍ ပြေးကြပြီ. . .။ ရှိုက်၍ ငိုကြသည်။ ဟစ်၍ အော်ငိုကြသည်။ ရွာသူ သူငယ်ချင်းများကား အလောင်းကိုကြည့်၍ ဖြေမဆည်နိုင်ကြ. . .။

သည့်နောက် အလောင်းအနီးမှာ လူစောင့်အချို့ထားခဲ့ပြီး ဤကိစ္စ မြို့ဂတ်ကို အကြောင်းကြားရန်၊ ကာယကံရှင်များကို အသိပေးရန် အမြန်စီစဉ်ကြရတော့သည်။

သူတို့. . . ရွာထဲသို့ ညှိုးငယ်သော မျက်နှာများနှင့် ပြန်ဝင်လာကြပြီး မြွေထွေးရှင် အိမ်သို့ တန်းဝင်လာခဲ့ကြသည်။

"အဘ. . . သူကြီး. . . အကို. . . လွန်းမောင်. . . ကို. . . တွေ့ခဲ့ကြလားဟင်. . . ဟင်လို့"

မြွေထွေးရှင် မျက်ရည်များ စီးကျပြီး မိခင်လက်မှ ရုန်းထွက်ကာ





သူကြီးဦးကျောက်ခဲ ခြေအစုံကိုဖက်၍ အလျင်စလို မေးလိုက်သည်။

"ဘ. . . သူကြီး. . . ကျွန်မ. . . ယောက်ျားရော. . . ဟင်. . . ဟင်လို့"

သူကြီး မျက်ရည်လည်ရွဲ ဗိုက်ကြီးတပြ၊ ဆံပင်ဖွာလံကျဲနှင့် မျှော်လင့်အားကိုးကြီးစွာ ကိုင်လှုပ်မေးနေသော မြွေထွေးရှင်အဖြစ်ကို ကြည့်၍ ပါးစပ်မှ ပြောမထွက်နိုင်ခဲ့။ သူလည်း တံတွေးကို မြိုချရင်း မြွေထွေးရှင်ကိုသာ ကြေကွဲစွာ စိုက်ငေးကြည့်နေမိသည်။

"ဦးလေး. . . ကိုပိန်. . . ကိုလှအောင်တို့. . . ကိုလွန်းမောင်ရော ကိုလွန်းမောင်. . . ကျွန်မကို ပြောကြပါအုံး. . . ပြောကြပါအုံးရှင့်. . . ဟီး ဟီး. . . ဟီး. . ."

ဆယ်အိမ်ခေါင်းကိုပိန်က လှအောင်ကို လက်တို့၍ မင်းပဲပြောလိုက်ကွာဟု မေးဆတ်ပြသည်။ လှအောင် မြွေထွေးရှင်အနီးမှာ လေးတွဲစွာ ထိုင်ချရင်း. . . မြွေထွေးရှင် ပခုံးကိုဖေးကိုင်၍. . .

"မြွ. . . ထွေး. . . ရှင်. . . ညီမ. . ."

"ရှင်. . . အကိုလှအောင်. . . ကိုလွန်းမောင်ကို တွေ့ခဲ့ကြလား ဟင်"

"တွေ့ခဲ့တယ်. . . ညီမ. . ."

"တွေ့တယ်. . . အကို. . . ဘယ်မှာလဲဟင်. . . သူ. . . သူအခု ဘာဖြစ်လို့လဲ. . . ဟင်"

"ညီမလေး. . . စိတ်ကို နိုင်နိုင်ထားပါ ညီမရယ်နော်. . ."

"အို. . . ဘာဖြစ်လို့လဲ. . . ကျွန်မယောက်ျား ဘာဖြစ်နေလို့လဲ"

"လွန်းမောင်. . . လွန်း. . . မောင်. . . သေ. . . သွား. . . ပြီ ညီ. . . မ. . . ဟီး. . . ဟီး. . . ဟီး"

"ဟင်. . . အကိုလွန်း. . . မောင်. . . ကျွန်မယောက်ျား အကို လွန်းမောင် သေ. . . သေ. . . သွား. . . ပြီး. . .ဘုရား. . .ဘုရား. . .အကို သေသွားပြီ. . .သေ. . .သွား. . .ပြီ. . .အမလေး. . .အကို လွန်းမောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟီး. . .အစ်. . .အစ်. . .အစ်''

''ဟဲ့. . .ဟဲ့. . .သမီး. . .မြထွေးရှင်''

ဒေါ်မိန်းကလေးက သတိလစ်၍ တက်သွားသည့် သမီးကို ရင်ခေါင်းရင်ကွဲသံနှင့် အော်ခေါ်ရင်း ရွာသူများကို လုပ်ကြပါအုံး၊ ကျွန်မ သမီးကို လုပ်ကြပါအုံးဟု ငိုယိုပြောဆိုကာ ကိုင်လှုပ်သည်။

ရွာသူသက်ကြီး မိန်းမများက ခြေချိုးလက်ချိုးလုပ်ရင်း. . .တစ်ဦးက ပါးစပ်ထဲသို့ သံပုရာသီး အရည်များ ညှစ်ထည့်ပေးကြသည်။ လှအောင်သည် မပြောရက် မပြောချင်သည့်စကားကို ပြောလိုက်ရ၍ စိတ်ထိခိုက်ပြီး တိုင်နှင့်ခေါင်းကို ဆောင့်ကာ ငိုပစ်လိုက်သည်။

မြရင်၊ လှခင်၊ လှရင်တို့ အုပ်စုကလည်း လွန်းမောင် အသတ်ခံရသည့် သတင်းကြားရသောအခါ မြထွေးရှင် အနီးမှာ ရှိုက်၍ဟစ်၍ လိမ့်၍ ငိုကြပြန်သည်။ ထို့နေ့ နံနက်က လွန်းမောင်တို့အိမ်သည် ငိုသံများနှင့် ကြွက်ကြွက်ညံနေ၏။

ဆေးလုံးကြီးရွာသည် တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်သတင်းဆိုးများကြောင့် လမ်းမမထွက်ရဲလောက်အောင် ဖြစ်ကုန်ကြသည်။

မကြာခင် ရွှေကျီးညိုနှင့် ပေသီးတို့ အပြေးအလွှားရောက်ချလာကြသည်။

''လှအောင်. . .လှအောင်''

လှအောင် အိမ်ရှေ့လူအုပ်နောက်မှ ရွှေကျီးညိုရဲ့ ခေါ်သံကြောင့် ခေါင်းထောင်ကြည့်လိုက်သည်။

''လွန်း. . .မောင်. . .လွန်း. . .မောင်. . .အသတ်ခံရတယ်ဆို ဟုတ်. . .ဟုတ်ရဲ့လားကွာ''

ရွှေကျီးညို မျက်လုံးပြူးမျက်ဆံပြူးနှင့် မေးလိုက်သည်။

''ဟုတ်တယ်. . .ကိုရွှေကျီးညို''

''အို. . .ကျွတ်. . .ကျွတ်. . .ကျွတ်. . .ဘယ်သူတွေ သတ်တာလဲဟင်''





''ဒါတော့ မသိသေးဘူး. . .ရဲစခန်းသွားကြတယ်၊ မြထွေးရှင်ကိုလည်း ပါးစပ်ထဲ အဝတ်ဆို့ ရိုက်နှက်ကြိုးတုပ်ခဲ့တယ်၊ လက်ဝတ်လက်စားနဲ့ ရွှေငွေမှန်သမျှ အကုန်ယူသွားကြတယ်၊ တောက်. . .မိုက်ရိုင်းရက်စက်တဲ့ ခွေးတွေကွာ. . .''

''ဟင်. . .ဖြစ်မှ ဖြစ်ရပလေ ယောက်ဖကြီးရာ. . .ဖြစ်ရပလေ. . .ကွ. . .ဟီး၊ အခု. . .မြထွေးရှင်ရော. . . ဘယ်လို အခြေအနေရှိလဲ''

''မြထွေးရှင် သတိလစ်နေလို့ လူကြီးတွေ ပြုစုနေရတာပေါ့ဗျာ၊ အပေါ်မတက်ပါနဲ့တော့ဗျာ၊ သူကြီးလည်း မြို့ဂါတ်ကို သွားအကြောင်းကြားနေပါပြီ''

''ဘယ်ရွာမှာ ဖြစ်တာတဲ့လဲ. . .အလောင်းကရော၊ ပြောပါကွာ လှအောင်ရ. . .''

''ရွာအရှေ့ဖျားက လမုပင်ချောင်းရိုးတောင်ဘက် ဘိုးရွှေအုန်းတို့ လယ်ပွဲစပ် ကမာပင်အောက်မှာ''

ရွှေကျီးညို. . .ဝိုင်းကြည့်အကဲခတ်နေသည့် လူအုပ်ကို မျက်ကွယ်ပြု၍ ဟိုး အရှေ့တွင်းဘက် ဘိုးရွှေအုန်းတို့ လယ်ပွဲရှိရာသို့ အပြေးလာခဲ့သည်။ ခွေးသံရွဲရွဲနှင့် ပြေးလာသည့် ရွှေကျီးညိုနှင့် ပေသီးကို တွေ့ကြသောအခါ ရာအိမ်ခေါင်း ဆယ်အိမ်ခေါင်းနှင့် ရွာသားများက အံ့သြသွားကြ၏။

ရွှေကျီးညိုသည် ဟန်မပျက် မူမပျက် ပုဆိုးပြင်ဝတ်ပြီး လူအုပ်ကို တွန်းဖယ်ကာ လွန်းမောင်ရဲ့ အသက်မဲ့ ရုပ်ခန္ဓာ ခါးဒဏ်ရာ ဗလပွ အလောင်းအနီးသို့ တိုးကပ်သွားလိုက်သည်။ သူသည် ရုပ်ပျက်ဆင်းပျက် မြင်မကောင်း ရှုမကောင်းဖြစ်နေသည့် လွန်းမောင်ရဲ့ အလောင်းကို မြင်ရသောအခါ. . .ကြက်သီးမွေးညှင်းများ ဖျန်းခနဲ ထသွားခဲ့လေသည်။

''လွန်းမောင်. . .ယောက်. . .ဖ. . .ကြီး. . .လွန်းမောင် ယောက်ဖကြီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး''

ရွှေကျီးညို ဒူးထောက်၍ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ပေါက်ကြီးငယ်ကျအောင် ငိုပစ်လိုက်သည်။ ပါးစပ်မှလည်း အဖြစ်ဆိုး လှချည်လား. . .ယောက်ဖကြီးရဲ့ဟု ပြောလိုက်သေး၊ နှပ်ညှစ်လိုက်သေးရဲ့။

''ခုတော့ ငါ့နှမလေး မုဆိုးမဖြစ်ချေပြီ. . .ယောက်ဖရဲ့''ဟု ချွဲချွဲပြစ်ပြစ် ငိုသည့်ရှိသော် ရွာသူရွာသားအချို့က ရွှေကျီးညိုကို ကြည့်၍ အလွန်ကို အံ့အားသင့်ကြ၏။ အချို့သော လူကြီးများက ရှိုက်ကြီးတငင် ပြောလိုက် ငိုလိုက်လုပ်နေသည့် ရွှေကျီးညိုကို ကြည့်ပြီး စိတ်မကောင်းကြ၍ ဖြစ်ပြီးတာ ဖြစ်ပြီးပြီ. . .အနိစ္စ အမြဲမရှိ. . .ရှိစေတော့၊ အရေးကြီးတာက လူသတ်တရားခံ ပေါ်ပေါက်ရေးမှာ အားလုံးဝိုင်းဝန်းကူညီကြကွယ်. . .ဟု ဆိုကြသည်။

ထိုအခါ ရွှေကျီးညိုသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးနောက် ကြည့်နေသည့် ရွာသားများဘက်သို့ လှည့်ကာ. . .

''ငါ. . .ယောက်ဖကြီး. . .ကို. . .သတ်. . .တဲ့ကောင်တွေ. . .ငါ ကိုယ်တိုင်ဖော်. . .ထုတ်မယ်. . .လက်ရဖမ်းမယ်. . .မင်းတို့ ပြေးနိုင်ရင် ပြေးကြ. . .ပြေးကြ. . .ရွှေကျီးညိုနဲ့ တွေ့မယ်ဟေ့. . .''

သူ့အသံဝါကြီးနှင့် မိုးခြိမ်းသည့်အလား အော်ဟစ်ကြွေးကြော် လိုက်သည်။ သူ့ဟစ်ကြွေးသံသည် ကွင်းထဲမှာ ဟီးဟီးထနေသည့် အချို့ များ ကြက်သီးပါ ဖျန်းခနဲ ဖြစ်သွားခဲ့ကြသည်။ သူ့ကြိမ်းဝါးသံကို ကြား ရသောအခါ. . .မိစ္ဆာနတ်ဆိုးများက ပြုံးကြလေ၏။

♦ ♦ ♦ ♦ ♦

မွန်းတည့်ကာနီးရောက်တော့ မြို့ဂါတ်မှ ရာဇဝတ်အုပ် ဦးအောင် ကြီး ဆားပုလင်းနှင့် တာဝန်ရှိသူ ရဲသားများ ရောက်ရှိလာကြသည်။ သူကြီးလည်း ပါလာသည်။

သူတို့အားလုံး အတိုက်ခံရသည့် အိမ်မှသည် လူသတ်မှုဖြစ် သည့် နေရာသို့ သွားရောက်စစ်ဆေးကြသည်။

ရဲလုပ်ငန်းနှင့် စပ်လျဉ်းသည်များဖြစ်သည့် နေရာဝန်းကျင် အနေ အထား တိုင်းထွာစစ်ဆေး မှတ်တမ်းတင်ကြသည်။ ပြီးနောက် အလောင်း ကို မြို့ဆေးရုံသို့ ပို့ပြီး ဆရာဝန် ဆေးစစ်ချက်ရယူဖို့ လုပ်ရမည်ဆို၍ လှည်းတစ်စီး အမြန်ပြင်ကာ အလောင်းကိုတင်ပြီး မြို့သို့ပို့ရန် စီစဉ်ရသည်။

မြထွေးရှင်က သူ့ယောကျ်ားအလောင်းကို ကြည့်ပါရစေဟု ရှန်းကန် အော်ဟစ်ရင်ထု၍ တောင်းဆိုသည်။ အလောင်းရဲ့ ရုပ်ပျက်ဆင်းပျက် အနိဋ္ဌာရုံကို တွေ့ရလျှင် ကိုယ်ဝန်ကြီးနှင့် ကြောက်လန့်သွေးပျက် ရူးသွပ်သွား နိုင်သဖြင့် မကြည့်ရန် အတန်တန် မေတ္တာရပ်ခံရသည်။

အလောင်းကို ရွာလည်လမ်းမမှ လှည်းနှင့် တင်မောင်းသွားသည် ကို မြင်ရသောအခါ မြထွေးရှင် 'အကိုရေ. . အကိုရဲ့. . .'ဟု ရင်ဘတ်ထု အော်ဟစ်ရင်း လဲကျသွား၍ ဝိုင်းပွေ့ယူသွားကြရပြန်သည်။ သြော်. . . အနိစ္စ ဒုက္ခ. . .။ အလွန်ရိုင်းသည့် မီးပါတကား. . .။

ဦးဘမောင်ကား သားသမက် မတရား အသတ်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ တောက်တခတ်ခတ်။ ဒေါ်မိန်းကလေးမျာမှာလည်း သမီးမုဆိုးမ ဘဝ နေ့ချင်းညချင်း ရောက်ရသည့် အဖြစ်အတွက် ရင်ကွဲ၍ မဆုံးနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးရှိ ရွာသူရွာသား ကလေးလူကြီးမကျန်က ရက်စက်ကြမ်းကြုတ်သည့် လူသတ်သမားများကိုသာ အချိန်ပြည့် မေတ္တာပို့လျှက်ရှိနေတော့သည်။

မကြာခင် သူကြီးအိမ်မှ ဆင့်ခေါ်သံများ ကြားရတော့သည်။ သေသူနှင့် ရန်ငြိုးရန်ဘက် ဒီရွာမှာ ဘယ်သူရှိသလဲဆိုသည့် ရာဇဝင်ကို ခြေရာခံ၍ စစ်ဆေးရန် ရွာထဲမှာ နာမည်ပျက်ရှိသူများ အလုပ်မရှိအကိုင်မရှိ တစ်ရေးကိုး တစ်ရာ့တစ်ဆယ်များကို ရာဇဝတ်အုပ်မင်းက ခေါ်ယူစစ်ဆေးမေးမြန်းတော့သည်။

သည်မှာ ရွာထဲမှ ရွှေကျီးညို၊ ပေသီး၊ နောက်တိုး၊ ကြွက်သိုး၊ ဇော်ဖေ စသည့် လူတေလူလွင့် နာမည်ဆိုးနှင့် ကျော်ဇောစပြုသူများကို ခေါ်ယူစစ်ဆေးသည်။

ရွှေကျီးညိုကို မြို့ဂါတ်မှာ ရာဇဝတ်က ခေါ်ယူစစ်ဆေးမေးမြန်းသည်ဆို၍ အဖေလုပ်သူသူဌေး ဦးကျီးညို ဒေါသပုန်ထကာ နောက်ပါတပည့်ဖိုးတုတ်ကိုခေါ်၍ သူကြီးအိမ်သို့ အပြေးလိုက်ချလာသည်။

"သူကြီး . . . သူကြီး . . ."

"သြော် . . . သူဌေး ဦးကျီးညိုပါလား . . . ကြွပါဗျာ . . . ကြွပါ"

"နေစမ်းပါအုံး သူကြီးရ ခင်ဗျားက ကျုပ်သား ရွှေကျီးညိုကို . . လွန်းမောင် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မသင်္ကာလို့ ခေါ်စစ်မယ်ဆိုဗျ ဟုတ်သလား . . ."

"မသင်္ကာလို့တော့ မဟုတ်ပါဘူး ဦးကျီးညို့ . . ၊ ရာဇဝတ်အုပ်မင်းများက တရားခံ အစစ်အမှန်ပေါ်ပေါက်ဖို့အတွက် ဒီရွာက လူငယ်လူရွယ် အချို့ကို ခေါ်ယူမေးမြန်းသည့်သဘောပါ၊ လာဗျာ . . . ခင်ဗျားနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါမြို့ဂါတ်က ရာဇဝတ်အုပ်မင်း ဦးအောင်ကြီးပါ . . ၊ ဒါက ဆားပုလင်း မောင်ဉာဏ်ကျယ်ပါ . . . ရာဇဝတ်အုပ်မင်းခင်ဗျာ . . . ဒါ . . . ဆေးလုံးကြီးရွာက သူဌေးဦးကျီးညိုပါ၊ ဒီကလေး မောင်ရွှေကျီးညိုရဲ့ အဖေပါ ခင်ဗျာ . . ."





"သြော် . . . ဦးက . . . မောင်ရွှေကျီးညိုရဲ့ ဖခင်လား၊ ထိုင်ပါ ထိုင်ပါ၊ ကျွန်တော်တို့ကလည်း ရဲလုပ်ထုံးလုပ်နည်း ဥပဒေကြောင်းအရ ခုလိုခေါ်ယူစစ်ဆေးမေးမြန်း ရတာပါ၊ ဒီလို . . ရွာထဲက လူရွယ်လူငယ်များကို မေးမြန်းမှလည်း သဲလွန်စကို ခြေရာခံရရှိနိုင်ပြီး လူသတ်တရားခံ အစစ်အမှန်ကို အမြန်ဖော်ထုတ် ဖမ်းမိနိုင်မှာပါ၊ ဦးကျီးညိုရဲ့သား ဒီအမှုကိစ္စမှာ ပါဝင်ပတ်သက်မှု လုံးဝမရှိရင် ဘာမှမဖြစ်စေရပါဘူး၊ အခြားလူငယ်များလည်း ဒီအတိုင်းပါပဲ . . ၊ ကျွန်တော်တို့က ဒါပြီးရင် . . . ဒီနယ်တစ်ဝိုက်က ရာဇဝတ်မှုကြီးများ ကျူးလွန်လေ့ရှိသူ ထောင်ထွက်များကိုလည်း ခေါ်ယူမေးမြန်းရဦးမှာပါ . . ၊ စိတ်ချပါ . . . ဦးကျီးညိုအကြောင်းလည်း ကျွန်တော်တို့ ကြားသိပြီးသားပါ ခင်ဗျာ"

ရာဇဝတ်အုပ်မင်း ဦးအောင်ကြီးက သူဌေးဦးကျီးညို မျက်နှာကို ကြည့်ပြီး လေးလေးစားစား ပြောလိုက်သည်။ ရွှေကျီးညိုသည် သူ့အဖေကိုယ်တိုင် လိုက်လာသည်မို့ အားတော့တက်သွားခဲ့သည်။ အဖေသည် သူ့ရဲ့ပြဿနာပေါင်းစုံကို အဆင်ပြေချောမွေ့အောင် လုပ်နိုင်ခဲ့၏။ အဖေမလုပ်နိုင်တာ ဘာမှမရှိ။

"လိုအပ်လို့ ခေါ်ယူမေးမြန်းတာတော့ ကိစ္စမရှိပါဘူး ရာဇဝတ်အုပ်မင်းရဲ့၊ တော်ကြာ မလိုသူတွေ ချွန်တွန်းတာနဲ့ ယုံထင်ကြောင်ထင်ဖြစ်ပြီး မဖြစ်သင့်တာ ဖြစ်မှာစိုးလို့ပါ၊ ကျွန်တော်သား ဒီလောက်ဆိုးသွမ်း ရက်စက်တဲ့ လူလည်း မဟုတ်ပါဘူးခင်ဗျာ၊ ဒါအတွက် ကျွန်တော် လုံးဝတာဝန် ယူပါတယ် ရာဇဝတ်အုပ်မင်းရဲ့ . . . ဒါနဲ့ . . ."

သူဌေးဦးကျီးညိုက ရာဇဝတ်အုပ်မင်း ဦးအောင်ကြီးကို ပြောနေရာမှသည် သူကြီး ဦးကျောက်ခဲဘက်သို့ လှည့်ရင်း . . .

"ကိုကျောက်ခဲ . . . မြို့က ရာဇဝတ်အုပ်မင်းများအတွက် **စားရေး**သောက်ရေး ဘယ်လို စီစဉ်ထားသတုန်း . . ."

သူကြီးဦးကျောက်ခဲက ရောက်ကတည်းက မအားမနားရသေး၍ ဘာမှ မစီစဉ်ရသေး။ သူတို့လည်း ရောက်တာ မကြာသေးမို့ မှုခင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာ လိုက်ပို့နေရတာနှင့် ဘာဘယ်လို ညှော်ဝတ်ပြုရမှန်းမသိသေး။ သို့ဖြစ်၍ ဦးကျိုးညို အမေးကို အဖြေပေးရန် အို့တို့အန်းတန်း ဖြစ်နေသည်။

"အဲ. . . အဲ. . . ဟို. . . ဟို. . . ဗျာ. . . ဒီနေ့ နံနက်စာ. . . အိမ်. . . အိမ်. . ."

"အို. . . သူကြီးမင်း မိသားစုက အလုပ်များနေပါမယ် ကိစ္စမရှိဘူး ဒီကိစ္စ ကျုပ်တာဝန်ယူမယ်ဗျာ. . ."

"အိုးဟိုး. . . ကိစ္စမရှိပါဘူး. . . သူဌေးရောသူကြီးရောခင်ဗျာ တော်ကြာစစ်ဆေးပြီး ပြန်မှာပါခင်ဗျာ. . . မလုပ်ကြပါနဲ့. . ."

ရာဇဝတ်ဦးအောင်ကြီးက သူကြီးအလုပ်များ နေမှန်းသိ၍ ပြာပြာသလဲ ကြားဖြတ်လှမ်းပြောလိုက်သည်။ ဆားပုလင်းနှင့် ပုလိပ်သားများကား ကွပ်ပျစ်ပေါ်မှာ ထိုင်၍ တောင်ကပ်ပျောသီးမှည့်များကို ရေနွေးကြမ်းနှင့် အဆာပြေ စားသောက်နေကြ၏။

"အိုတွေ. . . ဟိုတွေ. . . မလုပ်ကြပါနဲ့တော့ဗျာ၊ ကိုယ့်ရပ်ကိုယ့်ရွာ အရေးကိစ္စနဲ့ ရောက်လာကူညီကြတာဥစ္စာ၊ ကိုယ့်ရွာသားကိစ္စ ကျုပ်တို့က ကူညီအကျိုးဆောင်ရမှာပေါ့၊ ဒါကျုပ်တာဝန်လို့မှတ်၊ ဒီမှာသူကြီး အားလုံးကို နံနက်စာ ကျွေးမွေးညှော်ခံဖို့ ကျုပ်တာဝန်ယူ စီစဉ်မယ်. . . ဟေ့. . . ဖိုးတုတ်. . ."

သူဌေးဦးကျိုးညိုက "ဖိုးတုတ်"ဟု အသံမြှင့်၍ ခေါ်လိုက်သောအခါ အိမ်တော်ပါ ငယ်ကျွန်ကြီး ဖိုးတုတ်သည် ကိုယ်ကိုကိုင်း၍ ရှိ၍ရှေ့မှာ ဒူးတုတ်မတတ် ရောက်ရှိနေ၏။ သူသည် အရှင်သခင် သူဌေးမင်း၏ အမိန့်ကို နာခံရန် အသင့်ဖြစ်နေသည်။

"အမိန့်ရှိပါ သူဌေး. . ."

"အိမ်ကို ပြန်. . . မြို့က ရာဇဝတ်အုပ်မင်းနဲ့ အမှုထမ်းများ အားလုံး သူကြီးနဲ့ ရာအိမ်မှူးများအားလုံး မနက်စာစားဖို့ သောက်ဖို့ကိစ္စ ဘာတစ်ခုမှ လိုလေသေးမရှိအောင် အမြန်သွားစီစဉ်ပါ. . .ကြားလား. . ."

"မှန်ပါ ကြားရှိပါသူဌေးခင်ဗျာ. . .၊ ကျွန်တော် ခုချက်ချင်း စီစဉ်





လိုက်ပါ့မယ် ခင်ဗျ"

"အို. . . အားနာစရာကြီးဗျာ. . . ဦးကျိုးညိုရာ. . ."

"ဘာကို အားနာရမှာလဲဗျ. . . ရာဇဝတ်အုပ်မင်းရဲ့ ဒီလောက် ညှော်ဝတ်ပြုရတာ ဘာမှအပန်းမကြီးပါဘူး၊ ညနေစာ စားပြီးမှ ပြန်ချင်လည်း ပြန်ပေါ့. . ."

"နေပါစေဗျာ. . .၊ နေပါစေ. . .၊ ကျေးဇူးတင်ပါတယ်. . .၊ ကဲ ကဲ. . . ဦးကျိုးညို ထိုင်ပါ၊ နားပါခင်ဗျာ. . .၊ သားတော်မောင်အတွက်လည်း သိပ်စိတ်မပူပါနဲ့ဗျာ. . . စိတ်အေးအေး ခေါင်းအေးအေးထားပါ၊ ကဲ. . . လိုအပ်တာလေး မေးမြန်းစစ်ဆေးပါရစေခင်ဗျာ. . ."

သည့်နောက် ရာဇဝတ်အုပ်မင်းက မှတ်စုစာအုပ်ကိုထုတ်၍ မေးမြန်း ရေးမှတ်သည်။ ဦးစွာရွှေကျိုးညိုကို စတင်၍မေးခဲ့သည်။

"မောင့် နာမည် ဘယ်လိုခေါ်ပါသလဲကွယ်. . ."

"ရွှေကျိုးညိုလို့ ခေါ်ပါတယ် ခင်ဗျ. . ."

"အဘအမည်ကရော. . ."

"ဦးကျိုးညိုပါ. . ."

"အသက်. . ."

"(၂၅)နှစ်ပါ. . ."

"အိမ်ထောင်ရှိပါသလား. . ."

"မရှိပါခင်ဗျာ. . ."

"အလုပ်အကိုင်. . ."

"မှီခိုပါခင်ဗျာ. . ."

"နေရပ်လိပ်စာ. . ."

"ဒီ. . . ဒီ. . . ဆေးလုံးကြီးကျေးရွာမှာပဲ နေပါတယ်. . ."

"သေသူ လွန်းမောင်ကို သိပါသလား. . ."

"သိပါတယ် ခင်ဗျ. . ."

"ဘယ်လို သိကြတာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



''ဒီရွာမှာ သူ သူရင်းငှားလာလုပ်နေတာ ကြာပြီမို့ သိမြင်နေတာပါ ခင်ဗျ. . .''

''မောင်ရွှေကျီးညိုနဲ့ မောင်လွန်းမောင်တို့ အရင်တုန်းက ရန်ငြိုး ရန်စများ ရှိခဲ့ဖူးပါသလား. . .''

''အဲ. . . အဲ. . . လုံးဝ. . . မ. . . မရှိပါခင်ဗျ. . .''

ရာဇဝတ်အုပ်မင်း ဦးအောင်ကြီးက စာအုပ်ထဲမှာ ရေးမှတ်ရင်းမှ ရွှေကျီးညိုမျက်နှာကို အတန်ငယ်စိုက်ကြည့်ပြီး. . .

''ဒါနဲ့. . . မောင်ရွှေကျီးညိုနဲ့ သေသူ မောင်လွန်းမောင်ရဲ့ဇနီး မြထွေးရှင်ဆိုသူဟာ. . . တစ်ချိန်တစ်ခါက စေ့စပ်ကြောင်းလမ်းစကား ဆိုခဲ့ဖူးတယ်လို့ သိရတယ်၊ ဟုတ်ပါသလား. . .''

ဒီမေးခွန်းမေးလိုက်တော့ ရွှေကျီးညိုရင်ထဲမှာ နွေးကနဲ ဖြစ်သွားပြီး ဖခင်လုပ်သူကို လှမ်းကြည့်လိုက်သည်။ ဦးကျီးညိုက အသာခေါင်းညိတ်ပြ လိုက်သည်။

''ဟုတ်ကဲ့. . . မှန်ပါတယ်. . .''

''အဲဒီလို လူကြီးချင်း ကမ်းလှမ်းစကားဆိုတော့ မြထွေးရှင်က မောင်ရွှေကျီးညိုတို့ ကမ်းလှမ်းချက်ကို ငြင်းပယ်သလား၊ လက်ခံပါသလား''

''ဘာမှ အကြောင်းမပြန်သေးပါ ခင်ဗျာ. . .''

''သည့်နောက်. . . မောင်လွန်းမောင်နဲ့ မြထွေးရှင်တို့ နှစ်ဦးသဘော တူ လိုက်ပြေးသွားကြတယ်နော်. . .''

''ဟုတ်. . . ဟုတ်. . . ကဲ့. . .''

''အဲဒီ ကိစ္စဖြစ်သွားခဲ့တဲ့အတွက် မောင်ရွှေကျီးညို ရင်ထဲမှာ ဘယ်လိုခံစားခဲ့ရပါသလဲ. . .''

ရွှေကျီးညို အဲဒီအချိန်တုန်းက ရင်ထဲမှာ ငရဲအိုးပွက်ပွက်ထ၍ ပလောင်ဆူနေသည်၊ ဓားခါးကြားထိုးပြီး တွေ့ရာသချိုင်း ဓားမဆိုင်း သုတ်သင် ရန် မြို့ရွာအနှံ့ မြေလှန်ရှာခဲ့သည်။ ဒီကိစ္စ သူတို့ ကြားသိခဲ့ကြလေရော့ သလား. . .





''သူကြိုက်လို့. . . ကြိုက်တဲ့လူနောက် လိုက်ပြေးတာ၊ နေပေ့စေ လို့ပဲ သဘောထားခဲ့လိုက်ပါတယ်. . .''

ဒီစကားကြားရတော့ သူကြီးမင်း အပါအဝင် သူ့ဌေးဦးကျီးညို ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းနှင့် ရာဇဝတ်အုပ်မင်းတို့ကပါး ဦးခေါင်းတညိတ် ညိတ် လုပ်၍နေကြသည်။

''သည့်နောက်ပိုင်းမှာ မောင်လွန်းမောင်နဲ့ စကားကြီးခွန်းငယ် များဖူးပါလား. . .''

''တစ်ကြိမ်တစ်ခါမှ မများဖူးပါခင်ဗျာ. . .၊ တစ်ရွာလုံးအသိပါ မယုံလျှင် သူကြီးမင်းနှင့် ရာအိမ်ခေါင်းများကို မေးနိုင်ပါသည်ခင်ဗျ. . .''

''တစ်ယောက်အိမ် တစ်ယောက်ရော အဝင်အထွက် ရှိသေးလား''

''ရှိပါတယ် ခင်ဗျ. . .၊ မြထွေးရှင်ကိုရော သူ့ကိုရော ညီလိုနှမလို ဆက်ဆံမပျက် ရှိတာလည်း ရွာထဲက အပျိုလူပျို ကာလသားများအားလုံး အသိပါပဲ ခင်ဗျ. . .''

''မနေ့ညက မောင်ရွှေကျီးညို ဘယ်မှာရှိနေသလဲ. . .''

''အိမ်မှာပဲ အိပ်နေပါတယ် ခင်ဗျ. . .''

''ညက ရွာထဲမှာ ဆူဆူညံညံ အသံမကြားရဖူးလား. . .''

''မှန်ရာဝန်ခံရရင် အရက်သောက်ပြီး အိပ်ပျော်သွားသည်မို့ ဘာမှ မသိပါဘူး ခင်ဗျာ. . .''

''ဘယ်အချိန်လောက်ကျမှ. . . မောင်လွန်းမောင် အသတ်ခံ သေဆုံးရကြောင်း သိပါသလဲ. . .''

''မနက်မိုးလင်းပြီး အိပ်ယာကနိုးတော့မှ လမ်းသွားလမ်းလာများ အိမ်နီးနားချင်းများ ပြောလို့ သိရပါသည် ခင်ဗျာ. . .''

''ဒီလူသတ် ဓားပြတိုက်သည့်ကိစ္စနှင့် ပတ်သက်ပြီး မောင်ရွှေ ကျီးညိုတို့ လူငယ်များအနေနဲ့ ဘယ်လို ထင်မြင်ချက်ပေးနိုင်ပါသလဲ''

''အဲဒါ နားမလည်ကြောင်းပါ ခင်ဗျာ. . .၊ အံ့သြနေတာပဲ ရှိပါတယ် ခင်ဗျ. . .''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကဲ. . . တော်ပါပြီ. . . လိုလို့ မြို့ပေါ်ကဆင့်ခေါ်ရင် မောင်ရွှေကျီးညို လာရောက်တွေ့ဆုံပါ၊ ဒီအတောအတွင်း ခရီးဝေးဝေး မသွားကြပါနဲ့အုံး ကြားလား. . ."

"ဟုတ်. . . ဟုတ်ကဲ့ပါ. . . မင်း. . . ကြီး ခင်ဗျာ. . ."

ရွှေကျီးညို ရာဇဝတ်အုပ်မင်းအား လက်အုပ်ချီ ဂါရဝပြုပြီး ကိုယ်ကို ယို့၍ နောက်ဆုတ်ပေးလိုက်၏။

"နောက်တစ်ယောက်. . . မောင်ပေသီး. . ."

"ရောက်ရှိကြောင်းပါ ခင်ဗျာ. . ."

ရာဇဝတ်အုပ်မင်းက ပေသီးကိုလည်း ထုံးစံအတိုင်း အမည်နာမမှ စ၍မေးမြန်း မှတ်ယူထားလိုက်သည်။ ပေသီးသည် ဝိုင်းကြည့်နေကြသည့် လူကြီးများရဲ့ မျက်လုံးအောက်မှာ ဒူးတုန် ခြေတုန် ဖြစ်နေ၏။

"သေသူ လွန်းမောင်နှင့် ရင်းနှီးပါသလား. . . မောင်ပေသီး"

"သိပ်မရင်းနှီးပါ ခင်ဗျာ. . ."

"သေသူသည် နဂိုက ဘယ်ရွာသားဆိုတာရော သိပါသလား"

"မသိပါ. . .ခင်ဗျာ. . ."

"မြတွေးရှင်. . .ကိုရော သိပါသလား"

"သိပါတယ် ခင်ဗျား. . .တစ်ရွာထဲသူ တစ်ရွာထဲသားမို့ပါ"

"မြတွေးရှင်နဲ့ ရွှေကျီးညိုကို လက်ထပ်ပေးစားဖို့ ကမ်းလှမ်း စကားဆိုသည့် အကြောင်းများ မောင်ပေသီးကြားဖူးပါသလား. . ."

"ဟုတ်ကဲ့. . .ကြားဖူးပါသည် ခင်ဗျာ"

"ဘယ်ကကြားပါသလဲ. . ."

"သူငယ်ချင်း ရွှေကျီးညို ပြောလို့ရော ရွာထဲက လူကြီးများ ပြောကြလို့ရောပေါ့. . ."

"စေ့စပ်ကြောင်းလမ်းပွဲပျက်သွားတာရော ကြားပါသလား"

"ကြားရပါတယ် ခင်ဗျာ"

"ဘယ်လို ကြားရတာလဲ. . ."





"မြတွေးရှင်က သူ့အိမ်က လယ်သူရင်းငှား လွန်းမောင်ဆိုသူနဲ့ ခိုးရာလိုက်ပြေးသွားတယ်လို့ ကြားရပါတယ်၊ ဒါကြောင့် စေ့စပ်ပွဲ အလို လို ပျက်သွားပါပြီတဲ့. . ."

"အလျင်က လွန်းမောင်နဲ့ မြတွေးရှင် သမီးရည်းစားဖြစ်တာ သိကြပါသလား"

"လုံးဝမသိပါဘူးဗျာ. . ."

"အဲဒီလို. . .သူတို့နှစ်ဦး လိုက်ပြေးတော့၊ မောင်ရွှေကျီးညို ဘာတွေပြောပြီး. . .ဘာတွေ ဖြစ်ခဲ့တာ. . .မောင်မင်း မြင်ရကြားရသလဲ"

ပေသီး ဒီမေးခွန်းကြောင့် ဘာဘယ်လို ဖြေရမှန်းမသိ၍ ရွှေကျီးညို မျက်နှာကို မသိမသာ လှမ်းကြည့်လိုက်သည်။ ရွှေကျီးညိုကလည်း ဘာဟန် မှ မပြပဲ၊ မှင်ကောင်းကောင်းနှင့် တစ်ဘက်သို့ လှည့်၍ ဆေးလိပ်ဖွာနေလိုက် ၏။

"ပြောလေ. . .မောင်ပေသီး"

"ဘာမှ ထွေထွေထူးထူး မပြောပါဘူး. . .နည်းနည်း ရှက်ပုံ ရတာပဲ ရှိပါတယ်. . ."

"ဘာကြောင့် ရှက်ရတာလဲ"

"အဲ. . .အဲ. . .ဒါ. . .ဒါ. . .ကတော့ ခင်ဗျာ"

"ပြောပါ. . .ခန့်မှန်းမိသလောက်ပြောပါ"

"အားလုံးက သူဌေးသား သူနဲ့ညားမယ်လို့ ထင်ကြတာကိုး၊ တကယ်မညားတော့ ရှက်တာပေါ့. . ."

မြို့ပုလိပ်အဖွဲ့က သူ့အပြောကို သဘောကျ၍ ရယ်ကြသည်။

"မင်းတို့ အရက်ထန်းရည် သောက်တတ်သလား"

"နည်းနည်းပါးပါး သောက်ပါတယ်. . ."

"ဘယ်သူတွေနဲ့ သောက်လေ့ရှိကြသတုန်း. . ."

"ရွှေကျီးညို နောက်တိုးနဲ့ ရွာထဲက ကြုံရင်ကြုံတဲ့လူနဲ့ပါ. . ."

"အရက်သောက်ရင်း ဒီကိစ္စအကြောင်းများ မောင်ရွှေကျီးညိုက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်တာမျိုး မရှိခဲ့ဖူးလား''

''သူ ဘာမှ မပြောပါဘူး ခင်ဗျ''

ဒီအဖြေစကားကြောင့် ရွှေကျီးညို ပေသီးကို အလွန်ကျေးဇူးတင်သွားခဲ့သည်။ တပည့်မွေးရကျိုးနပ်ခဲ့ရသည်။ သူ အရက်ဆိုင် ထန်းရည်ဆိုင်နှင့် လူမိုက်သံခဲတို့ အိမ်မှာ ရင်နာနာနှင့် ကြိမ်းဝါးခဲ့သည့် ဝေါဟာရစကားလုံးများ တစ်စွန်းတစ်စ ပြောလိုက်ခဲ့လျှင် အဆက်အစပ်ရစရာလမ်းကြောင်းတွေ ဝင်သွားနိုင်သည်။

ခုတော့. . .တပည့်အလိမ္မာက ရေပိတ်စကားပြောလိုက်၍ ကိစ္စကပြတ်သွားခဲ့သည်။

ပေသီးကို စစ်ဆေးပြီးနောက် နောက်တိုးကို စစ်သည်။ နောက်တိုးကလည်း ရှေ့လူများ အစစ်ခံသွားခဲ့သည်ကို ကြားပြီးမို့ စကားကို လိုရင်းတိုရှင်းနှင့် ဘူးကွယ်ခဲ့လိုက်သည်။ လွန်းမောင်ကိုလည်း သိကြောင်း၊ ရွှေကျီးညိုကိုလည်း သိကြောင်း၊ သူတို့ တစ်ခါဖူးမှ ရန်ဖြစ်ခြင်း၊ စကားများခြင်း၊ အငြင်းပွားခြင်း၊ ရိထေ့ပြောင်လှောင် စောင်းချိတ်ခြင်းမရှိကြပဲ တစ်ယောက်နှင့် တစ်ယောက် ညီအစ်ကိုအရင်းကဲ့သို့ ဝင်ထွက်သွားလာနေသည်မှာ ကာလကြာပြီဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

သည့်နောက် သူတို့သုံးဦးကို ပြန်လွှတ်လိုက်သဖြင့် သုံးယောက်သား ရွှင်ပျံ့လျက်သားနှင့် အိမ်ပြန်လာခဲ့လိုက်သည်။

ထိုစဉ်. . .ဦးကျီးညိုတပည့် ဖိုးတုတ်ရောက်ချလာပြီး အားလုံးချက်ပြုတ်ပြင်ဆင်ပြီးပါသောကြောင့် သုံးဆောင်ရန် ကြွရောက်နိုင်ပြီ ဖြစ်ပါကြောင်းလာရောက် အကြောင်းကြားတော့သည်။ ဦးကျီးညိုက သူကြီးမင်းဦးကျောက်ခဲနှင့် ရာဇဝတ်အုပ်မင်းတို့အား ဒီကကိစ္စစိစ္စပြီးသည်နှင့် အားလုံးအိမ်သို့ကြွရောက် သုံးဆောင်နိုင်ပြီဖြစ်ကြောင်း ပြောပြီး အသင့်စားသုံးနိုင်ရန်နှင့် ပြန်လည်စစ်ဆေးရန် ဦးကျီးညို ပြန်ထွက်လာခဲ့လိုက်သည်။

သူကြီးအိမ်ဝိုင်းထဲမှာ လူရှင်းတော့မှ ရာဇဝတ်အုပ်မင်းက သေလူလွန်းမောင်ရဲ့ဇနီး မြထွေးရှင်နှင့် သူ့မိဘများကို သီးသီးသန့်သန့် ခေါ်ယူ





ပြီး ထပ်မံတွေ့ဆုံ၍ သိလိုသည့်အချက်များကို မေးမြန်းခဲ့ကြသည်။

မြထွေးရှင်သည် ကိုယ်ဝန်ကြောင့်လည်းတစ်ပိုင်း အချစ်ဆုံးလင်သား ရက်ရက်စက်စက်အသတ်ခံရသည့်အတွက် အားအင်ကုန်ခမ်းစိတ်နှလုံး ညှိုးနွမ်းနေရသည်လည်း တစ်ပိုင်းကြောင့် ဟန်ချက်ညီအောင်မရပ်နိုင်ပဲ မိဘများ အကူတွဲနှင့် လာခဲ့ရသည်။

ငိုထားရလွန်း၍ မျက်နှာကြီးတစ်ခုလုံး ဖူးအစ်ယောင်အန်းနေ၏။ ရာဇဝတ်မင်းက မြထွေးရှင်ကို တရားပြချော့မော့၍ မိမိသိသမျှ မြင်သမျှထင်သမျှကို ပြောပြရန် မေးခွန်းအချို့မေးခဲ့သည်။

''မောင်ရွှေကျီးညိုရဲ့ မိဘများက အရပ်လူကြီးများနှင့် တူမကြီးကို အိမ်မှာ ကြောင်းလမ်းစကားလာစဉ်အချိန်က မောင်လွန်းမောင်နဲ့ တူမကြီးတို့ ရည်ငံနေပြီလား''

''ဟုတ်. . .ဟုတ်. . .ကဲ့ရှင့်''

''အဲဒီလို. . .ရည်ငံနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ''

''အတော့်ကို ကြာခဲ့ပါပြီရှင်. . .''

''ဘယ်သူများ သိကြပါသေးလဲ. . .''

''ကျွန်မဘက်က ဘယ်သူမှ မသိကြပါဘူး၊ ကျွန်. . .မတို့နှစ်ယောက်ပဲ. . .သိ. . .သိကြပါတယ်. . .အင့်. . .''

''ရွှေကျီးညိုဟာ သူဌေးသားတစ်ဦးဖြစ်တယ်၊ သူ့အဖေကလည်း သူ့သားလက်ထပ်ပြီးရင် ရှိသမျှ စည်းစိမ်အကုန်အပ်ပြီး ပေးမယ်ဆိုတဲ့စကား လူကြီးများထဲကကြားရထားတယ်. . .၊ အဲဒီလောက် ချမ်းသာတဲ့ သူဌေးသားကို ဘာကြောင့် ငြင်းပယ်ရတာလဲ. . .''

မြထွေးရှင်က ကျလာသည့် မျက်ရည်ဥများကို လက်ခုံနှင့် သုတ်ရင်း ရာဇဝတ်အုပ်မင်းရဲ့ မျက်နှာကို မဝံ့မရဲ မော့ကြည့်လိုက်သည်။

''သူ့ရုပ်ရည်ရော. . .သူ့ အကျင့်စာရိတ္တရော မကြိုက်လို့ပါ''

''သူ့ အကျင့်စာရိတ္တက ဘယ်လို ရှိလို့လဲကွယ့်''

''သူ. . .သူက အရက်သောက်၊ ထန်းရည်မူး. . .မိန်းမလိုက်စား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစား ရှုပ်တယ်လို့ ကြားလို့ပါ. . .''

''တူမကြီးတို့ ခိုးရာလိုက်ပြေးတော့ ဘယ်အရပ်များမှာ ခိုနေကြပါသလဲ''

''သုံးခွ၊ ခရမ်းကနေ၊ မြောင်းမြ၊ မြောင်းမြကမှ ပဲခူးအထိ နှစ်နှစ်ကြာခဲ့ပါတယ်''

''ရွှေကျီးညိုတို့က ရက်စိတ်မှန်းစိတ်နဲ့ ရန်လိုက်မရှာကြဘူးလား''

''အဲဒါ. . .ကျွန်မ တိတိကျကျ မသိပါဘူး''

''ဘာလို့. . .ခရီးဝေးဝေးကို ရှောင်ရတာလဲ''

''မတော်တဆများ. . .ရန်ပြုမလားလို့ပါ. . .စိုး. . .စိုး. . .ရိမ်လို့ပါရှင်''

''ဘယ်လောက်ကြာမှ ဒီရွာကို ပြန်ရောက်သလဲကွဲ့''

''နှစ်. . .နှစ်ခန့်ကြာပြီး ဒီကလေး ကိုယ်ဝန်ရှိမှ ပြန်ရောက်ပါတယ်ရှင်''

''အဲဒီလို တူမတို့ ပြန်လည်းရောက်ရော. . .ရွှေကျီးညိုက ရန်စကား အညှိုးအတေးစကားနာ စကားများ ကြိမ်းဝါးပြောဆိုတာ ချိန်းခြောက်တာ ရှိသလား. . .''

''အဲဒီလိုတော့. . .မ. . .မ. . .ပြောခဲ့. . .ပါဘူးရှင်''

''မနေ့ညက. . .လူဘယ်နှစ်ယောက် အိမ်ထဲကို ဝင်လာသလဲ''

''အားလုံး ကျွန်မမြင်လိုက်ရတာ လေးယောက်ပါ''

''အဲဒီထဲက ဘယ်သူ့ကို မှတ်မိသလဲ. . .''

''မျက်နှာကို အဝတ်နက်များ အုပ်စည်းထားတဲ့အပြင် စောင်လိုမျိုးပါ ခြုံထားသည့်အတွက် ဘယ်သူဘယ်ဝါမှန်း မခန့်မှန်းနိုင်ပါဘူး''

''အသံရော မမှတ်မိဘူးလား''

''သူတို့ အိမ်ပေါ်ရောက်မှ စကားတစ်လုံးမှ မပြောဘူး''

''ဒါနဲ့ အိမ်အောက်ကနေ. . .မင်းယောက္ခမ လေဖြတ်လို့လို့ လှမ်းပြောတယ်ဆို. . .ငါ လှအောင်ပါလို့ ပြောတယ်ဆို. . .မနက်က သမီး





ပြောသေးမဟုတ်လား. . .''

''ဟုတ်. . .ဟုတ်ကဲ့. . .ဒါ. . .ဒါကလည်း အသံဗလုံးပထွေးကြီးနဲ့ ဆိုတော့. . .''

''လှအောင် အသံရော မဟုတ်ဘူးလား. . .''

''မပြောတတ်ဘူး. . .''

''လှအောင်လို့ရော. . .ယုံကြည်သလား''

''မယုံကြည်ပါဘူး. . .ကို. . .ကိုလှအောင်က. . .ဒီလိုမျိုး လုပ်မှာမဟုတ်ဘူး''

''ဘာပစ္စည်းတွေပါသွားသလဲ. . .ပြန်အသေးစိတ်ပြောပြပါ တူမ''

''ဆွဲကြိုးတစ်ကုံး. . .လက်ကောက်နှစ်ကွင်း လက်စွပ်တစ်ကွင်း ငွေစက္ကူ သုံးရာခန့်. . . ပါသွား. . . ပါ. . . တယ်. . . ရှင်''

''ဒါတွေက. . . သမီးတို့ ရှာဖွေထားတာလား''

''ဟင့်အင်း. . . ဒီရောက်မှ အဖေနဲ့အမေက ပြန်ဆင်ပေးထားတာပါ. . .''

''သူတို့ ဘယ်လို လုပ်ရှားသွားခဲ့သလဲ. . . မှတ်မိသမျှ ပြန်ပြောပါ''

''ကျွန်မတို့က အဖေလေဖြတ်တယ်ဆိုတော့ အရမ်းစိုးရိမ်သွားပြီး မီးထွန်းလို့ တံခါးအဖွင့်မှာ ဝုန်းကနဲ ဝင်လုံး၊ ဓားနဲ့တော့၊ ပါးစပ်ပိတ်ကြိုးနဲ့ ချီလုပ်တယ်၊ ရှန်းတော့ ဓားနှောင့်နဲ့ ရိုက်လိုက်တာ ကျွန်မယောက်ျားခေါင်းက သွေးတွေကျလာတယ်၊ ဒါကို ကျွန်မကအော်တော့ ကျွန်မကို ရိုက်လိုက်တယ်၊ ပြီးတော့ ကျွန်မသတိလစ် မေ့မြောသွားခဲ့ပါတယ်. . .၊ မိုးလင်းလို့ ကို. . . လှအောင်. . . လာအော်ခေါ်မှ. . . ပဲ. . . အီး. . . ဟီး. . . ဟီး ဟီး. . . ခုလိုသိ. . .''

မြထွေးရှင်က ပြောရင်း ဝမ်းနည်း၍ ငိုချလိုက်သည်။ ငိုရင်းတန်းလန်းမှ ချစ်လင်ရဲ့အမည်အော်ရင်း သူမတို့သားအမိပါ အပါခေါ်သွားပါတော့ဟု. . . ပြော၍. . . ခေါင်းကိုထုကာ ငိုသောကြောင့်. . . မိခင်လုပ်သူက မနည်းဆွဲထိန်းထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



''နောက်ဆုံးတစ်ချက်နှစ်ချက်ပဲ မေးပါမယ်ကွယ်. . . ဒီကိစ္စနဲ့ ပတ်သက်ပြီး တူမကြီး ဘယ်သူတွေအပေါ် သံသယ ဝင်ပါသလဲ. . .''

''ကျွန်မ. . . မ. . . မ. . . ပြောတတ်ဘူး. . . ဟီး. . . မ. . . မသိ ဘူး. . . အင်း. . . ဟီး ဟီး''

သို့နှင့် ရာဇဝတ်အုပ်မင်းက စစ်ဆေးရေးလုပ်ငန်းများကို ရပ်လိုက်သည်။ ဆားပုလင်းနှင့် ရဲသားများကလည်း သူတို့စစ်ဆေးတွေ့ရှိချက်များကို ရာဇဝတ်အုပ်မင်းနှင့် ပြန်လည်ညှိနှိုင်း၍ လစ်ဟင်းမှု မရှိစေရအောင် အသေးစိတ် လိုက်လံစစ်ဆေးကြသည်။

မကြာခင် သူဌေးဦးကျီးညို ရောက်ချလာပြီး အားလုံးသုံးဆောင်ရန် ကြွရောက်ဖို့လာခေါ်သည်။ သို့နှင့် သူကြီးကျောက်ခဲ ဦးဆောင်ပြီး ရာဇဝတ်အုပ်မင်းနှင့် အမှုထမ်းများ၊ ရာအိမ်မှူးများသည် သူဌေးဦးကျီးညို အိမ်ရှိရာသို့ လှမ်းခဲ့ကြသည်။

သူဌေးဦးကျီးညိုရဲ့အိမ်သည် အိမ်ကြီးရခိုင်ဖြစ်သည်။ ကျွန်းလုံးတိုင်ကြီးများဖြင့် နှစ်ထပ်ဆောက်ထားသည်။ အောက်ထပ်ညေ့်ခန်းမှာ သူတို့စားကြသည်။ အိမ်ပေါ်မှာလည်း စာအုပ်ဗီရိုများ၊ ကြည်ညိုဖွယ် ဘုရားခန်းနှင့် ရှေးဟောင်း ငွေထည်ကြေးထည်ပန်ထည် အလှအပ ပစ္စည်းများနှင့်။ တကယ် မြို့ကသူဌေးများ ဂိုက်ကဲ့သို့ ခမ်းနားမှန်းကို ရာဇဝတ်အုပ်မင်းက အကဲခတ်မိသည်။

အထူးသဖြင့် ဘုရားစင်သည် အလွန်ကြည်ညိုစရာ ကောင်း၏။ ဉာဏ်တော်အမြင့် တစ်တောင်ခန့်ရှိသော ကြေးဆင်းတုသည် မှန်ကျောင်းဆောင်နှင့် ရွှေပလ္လင်ပေါ်မှာ ဝင်းလက်တောက်ပသော ရောင်ခြည်တော်များနှင့် ကွန့်မြူးနေသလား ထင်ရ၏။ ဘုရားပန်းအိုးများကလည်း စစ်ပြီးခေတ်လက်ကျန် အမြောက်ကျည်ဆံ အခွံများကို ပြောင်လက်အောင်တိုက်၍ ပန်းများ ထိုးထားသဖြင့် ဘုရားခန်းက အရောင်ပြန်များနှင့် တင့်တယ်လှ၏။

နံရံမှာ ငှက်ကြီးတောင်ဓား နှစ်ချောင်း ကြက်ခြေခတ် ချိတ်ထား၏။ လုံရှည်တစ်ချောင်းလည်း ဝါးကျည်တောက်ထဲမှာ စိုက်လျှက်ရှိနေ၏။





ရာဇဝတ်အုပ်မင်းက ကျောက်စီဓားနှစ်လက်ကို သဘောကျ၍ အနီးကပ်ကြည့်နေမိ၏။ ဆားပုလင်းကလည်း သူတို့ဆရာ ဘာလုပ်နေသည်ကို သဘောပေါက်၍ သူတို့ကလည်း ဦးကျီးညိုအိမ်ကို ရောက်သည့် အခိုက် အထူးဂရုစိုက်၍ အကဲခတ်ကြသည်။

''ဓားတွေက လှ. . . လှချည်လား သူဌေးမင်းရဲ့ ကြည့်လို့ရမလား. . .''

''ရာဇဝတ်အုပ်မင်း သဘောကျလို့လား. . .၊ ကြည့်ပါဗျာ. . . ကြိုက်ရာ ကြည့်ပါ. . . ဟဲ. . . ဟဲ. . . ဟဲ. . .''

ပြောရင်းမှ ဦးရွှေကျီးညို ကျောက်စီဓားနှစ်လက်ကို နံရံမှဖြုတ်၍ ကမ်းပေးလိုက်သည်။ ရာဇဝတ်အုပ်မင်း ဦးအောင်ကြီးက ကျောက်စီအရိုးကွပ်ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီးနောက်. . . အလင်းရောင်မှာ ထောင်၍ အသေအချာကြည့်လိုက်သည်။ ဓားသွားကိုလည်းကောင်း၊ ဓားဦးကိုလည်းကောင်း ကြည့်သည်။ မြော့ချောင်းထဲနှင့် ဓားမင်းစိုက်ဝင်သွားရာ ဓားရိုးကိုလည်း အသေအချာ ကြည့်သည်။ လူအလစ်မှာ မသိမသာ နမ်းကြည့်လိုက်သည်။

ပြီးနောက် ဓားကို ဓားအိမ်မှာ ပြန်သွင်းပြီး နံရံမှာ ချိတ်ထားလိုက်၏။ နောက်တစ်ချောင်းကိုလည်း ထိုနည်းအတိုင်း စစ်ဆေးကြည့်သည်။

ဝါးကျည်တောက်ထဲမှာ စိုက်ထားသည့် လုံရှည်ကို ဆွဲထုတ်၍ ကြည့်လိုက်ပြန်သည်။ လုံသွားက ဆယ်လက်မခန့် ရှည်သည်။ အသွားမှာ သံချေးပင်တက်၍ မှိန်နေ၏။

''မောင်ရွှေကျီးညိုကရော ဘယ်မှာ အိပ်ပါသလဲ ခင်ဗျာ. . .''

''သားတော်မောင်က. . . အောက်ထပ်. . . ဟိုအခန်းပဲလေ၊ ရာဇဝတ်အုပ်မင်း ကြည့်ချင်လို့လား. . .''

''ကြည့်တော့ ကြည့်ချင်သားဗျာ. . . သူဌေးလည်း အားနာရသေးတယ် တော်ကြာ ကျုပ်တို့က သူဌေးအိမ် မသင်္ကာလို့ ဝင်စစ်ဆေးတယ်တွေ ဘာတွေ ဖြစ်မှာစိုးရိမ်လို့ပါ၊ ကြုံတုန်းဝင်ကြည့်ခဲ့လိုက်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေကျီးညိုအတွက် ပြည့်ပြည့်စုံစုံ ပြောနိုင်ပြီး သူ့အတွက် အပံ့အပိုး လေး ပေးနိုင်တာပေါ့. . . ဟုတ်ဘူးလား. . .''

''ဒါပေါ့ခင်ဗျာ. . . ဟုတ်တာပေါ့. . . လာ. . . လာ. . .''

သို့နှင့် ရာဇဝတ်အုပ်မင်းရဲ့ ပါးနပ်လိမ္မာသော စကားလုံးအကြား ဦးကျီးညို အနစ်ခံရပြီးနောက် မောင်ရွှေကျီးညိုအခန်းကို လိုက်ပြလိုက်လေသည်။ ဆားပုလင်းက သူ့အခန်းကို အသေအချာ ဂရုစိုက်၍ကြည့်၏။

''မောင်ရွှေကျီးညိုရော. . . ဘယ်ရောက်သွားတုန်း သူဌေး. . .''

''လူငယ်တွေ မဟုတ်လားဗျာ. . .၊ ရာဇဝတ်အုပ်မင်းရယ်. . .၊ ရဲမြင်တော့ မကြုံဖူးလန့်ကြောက်ကြတာပေါ့. . .၊ သူ့သူငယ်ချင်းများအိမ် လျှောက်ရောက်နေမှာပါ. . . အလိုရှိရင် ခေါ်ရှာပေးပါ့မယ်. . .''

''နေပါစေ. . . နေပါစေ ခင်ဗျ၊ သူတို့ဟာသာ လွတ်လွတ်လပ်လပ် နေကြပါစေဗျာ. . .''

သူတို့ ရွှေကျီးညိုရဲ့အခန်းကို ကြည့်ကြသည်။ အခန်းထဲမှာ အရက်ပုလင်းများ၊ ထန်းရည် ဝါးကျည်တောက်ဟောင်းနှစ်လုံး တွေ့ရသည်၊ အဝတ်အစားများကလည်း လူပျိုခန်းပီသစွာ ဟိုတစ်ခု ဒီတစ်ထည်ပစ်ထားလို့. . .။

ချဉ်စုတ်စုတ် အနံ့များကလည်း နံနေ၏။ သို့နှင့် နှာခေါင်းကို ပိတ်ထားရ၏။ အခန်းရဲ့အသွင် သဏ္ဌာန်က ခပ်ပေါ့ပေါ့နေ ပေါ့ပေါ့စားလူတစ်ယောက်ရဲ့ အခန်းလိုပင် ဖြုတ်စဗျင်းတောင်း မျက်စေ့မှုးနောက်ချင်စရာ. . .။

လက်နက်နှင့်တူ၍ ဘာမှမရှိ။ မသင်္ကာဖွယ် ညစ်စွန်းနေသော အကျီပုဆိုးမရှိ။ သူတို့ကလည်း ရဲကျင့်ဝတ်ကို စောင့်စည်းကာ. . . အကဲခတ်သလို ကြည့်ပြီး အခန်းထဲမှ ပြန်ထွက်၍ စားပွဲရှိရာမှာ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

စားပွဲပုပေါ်မှာ နိုင်ငံခြား အရက်ပုလင်း၊ တောချက်အရက်ပုလင်းနှင့် ဖန်ခွက်များ အစီအရီချထား၏။ အမြည်းကလည်း ကြက်သားဟင်း





ကြက်ခြေတောက် ဟင်းချို၊ ဘဲဥကြော်၊ ငါးဖုတ်ခြောက် ဆီဆမ်း၊ မြေပဲကြော်စုံလှ၏။

''မစားခင် အနည်းအကျဉ်းပေါ့ ရာဇဝတ်အုပ်မင်းရယ်. . .''

''အား. . . နာစရာဗျာ. . .''

ရာဇဝတ်အုပ်မင်းခင်ဗျာ. . . ပါးစပ်ကသာ အားနာနေရသည်။ နိုင်ငံခြားအရက်နှင့် စုံလင်လှသော အမြည်းများကို မျက်စေ့ရှေ့မှာ မြင်ရသော အခါ အလွန်ကို အလိုက်သိသည့် သူဌေးကြီးပါပဲလားဟု ချီးကျူးမိ၏။

ဆားပုလင်းနှင့် ပုလိပ်သားများကလည်း သွားရည်များပင် ကျနေပါပြီ။ သူတို့ဆရာ မမော့သေး၍ အတော်ကိုယ်ရှိန်သပ် နေရသည်။ သောက်ချင်လိုက်သမှ အူကိုယားလို့။ သို့နှင့် သူဌေးဦးကျီးညိုက နိုင်ငံခြား အရက်ပုလင်းဝီစကီကို ဖွင့်၍ ဖန်ခွက်ထဲမှာ ငှဲ့ပြီး ဆော်ဒါရောစပ်ပြီး ရာဇဝတ်အုပ်မင်းလက်သို့ ထည့်ပေးလိုက်သည်။

ရာဇဝတ်အုပ်မင်းက ဝီစကီကို တစ်ကျိုက် ကြိုက်လိုက်၏။ ပူရှိန်းခါးချိုအရသာသည် လည်ချောင်းမှသည် ရင်ထဲသို့ ဆေးကြောစီးဝင်သွားခဲ့၏။

သွေးတို့သည် ယမကာတစ်ခွက် ဝင်သွားသည်နှင့် ချက်ချင်း နိုးကြွ၍လာ၏။ သူကြီးမင်းကလည်း ရွာသူကြီး မော့–မော့ချပြီး ကြက်သားဟင်းကို ခပ်၍ဝါး၏။

ဟိုဘက်ဝိုင်းမှ ပုလိပ်သားများကလည်း တောချက်အရက်နှင့် ကြက်သားအမြည်းကို တစ်ခွက်ပြီး တစ်ခွက်တွယ်ကာ ရာအိမ်မှူးများနှင့် ပွဲကျနေကြ၏။

ဒီလိုနှင့် ဝီစကီတစ်ပုလင်းလည်း ကုန်၏။ ချက်အရက်ငါးလုံးလည်း ပြောင်၏။ အမြည်းများလည်း အရိုးမျှ မကျန်၏။အရက်လေး တွေလာပြီးဆိုတော့ ရာဇဝတ်အုပ်မင်းရော၊ သူကြီးမင်းရော၊ အလှူရှင် သူဌေး၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်၍ ချီးမွမ်းခန်းများ ဖွင့်သည်။ အူတွေ အာတွေ ရွှင်နေကြသည်။ ဒီအမှုကို ရက်ပိုင်းအတွင်း ဖော်ပြမည်လို့ ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကျေးဇူးတရားနှင့် ပတ်သက်၍ ဘာအကြောင်းရှိရှိပြောပါ။ အပြန်အလှန် ကူညီပါမည်ဟု ရာဇဝတ်မင်းက အင်္ဂလိပ်ခေတ် အရာရှိများ လေသံနှင့် ကတိပြု၏။

သည့်နောက် ထမင်းစားကြသည်။ ဦးဖိုးတုတ်ကလည်း အချက်အပြုတ် အစီအမံ ကောင်းလှသည်။ ဝက်သားနီချက် ချက်သည်။ ကြက်သားက ဆီပြန်၊ မြင်းခွာရွက်သုပ်၊ ပုဇွန်ချဉ်အသုပ်၊ တောတို့စရာ အတို့အမြှုပ်၊ ငါးပိဖျော်ရည်နှင့် လူ(၁၅)ယောက်ခန့် စားလိုက်ကြသည်မှာ ညနေအတွက် လိုလိုမယ်မယ်ချက်ထားသမျှပါ ပြောင်လုနီးပါး ဖြစ်သွားခဲ့၏။

ခံတွင်းမြိန်လိုက်တာ သူဌေးမင်းရယ်ဟု ရာဇဝတ်အုပ်မင်းက ဖွင့်ဆို၏။ ဦးကျီးညိုကလည်း နောင်ရောက်ရင် ဒီမှာ တည်းဖို့ စားဖို့ ဖိတ်၏။

စားလို့သောက်လို့ ပြီးပြန်တော့ လက်ဖက်၊ ဂျင်းသုပ်၊ ရွာမှီးရာမုန့်များနှင့် ရေနွေးကြမ်းဝိုင်းဖွဲ့ကြသည်။ နည်းနည်းပဲစားနိုင် ကြလေသည်။ ဒီမှာ စကားပြောရင်း ဦးကျီးညိုက သူ့သား မိတ်ဆိုးလေးကို ချစ်ရသည့်အကြောင်း၊ သနားစရာကောင်းအောင် ပြောတော့သည်။

သူ့သားသည် မိန်းမလိုချင်ရင်တောင် ရှည်းစားစကား လိုက်မပြောဘဲ ဖခင်ကို ဖွင့်ပြောပြီး မိသားဖသား တောင်းရမ်းနိုင်းသည့် သားဖြစ်ကြောင်း ပြောပြသည်။ တစ်နာရီခန့်ကြာပြီးနောက် သူကြီးမင်း အသင့်စီစဉ်နိုင်းထားသည့် နွားလှည်းများပေါ်သို့ တက်လိုက်ကြသည်။

"ရာဇဝတ်အုပ်မင်း. . . ဒါ. . . လမ်းမှာ နေပူခံသောက်ဖို့ ရေကြည် တော်များပ. . ."

ရာဇဝတ်အုပ်မင်း လှမ်းကြည့်လိုက်တော့ ပါကင်မဖွင့်ရသေးသည့် နိုင်ငံခြားဖြစ် ဝီစကီ လေးဒေါင့်ပုလင်းတစ်လုံး။ သူ မယားငယ်တစ်ယောက် လက်ဆောင်ရသည့်အလား. . . ဝမ်းသာအားရ လှမ်းယူပြီး. . . သူဌေးဦးကျီးညိုကို လက်ဆွဲ၍ အကြိမ်ကြိမ်အခါခါ နှုတ်ဆက်သည်။

ရွာသူရွာသားများသည် သူဌေးဦးကျီးညိုနှင့် မြို့ပေါ်မှ လူသတ်မှု လာရောက်စစ်ဆေးကြသော ပုလိပ်အရာရှိမင်းများ ဖက်လဲတကင်း ရှိနေကြသည်ကို မြင်ရသောအခါ ဦးကျီးညိုကို ပို၍ အထင်ကြီးသွားကြသည်။ ဦးကျီးညို ဤမျှအထိ ပေါက်ရောက်ပါကလား. . .

ဆိုရလျှင်တော့ ခေတ်က အင်္ဂလိပ်အစိုးရ အုပ်ချုပ်သည့်ခေတ် ငွေရှိသူများ၊ အရာရှိအရာခံများနှင့် အလွမ်းသင့်သူများ လူရာဝင်၍ ထင်တိုင်းကြလို့ကောင်းနေသည့် ကာလ။

သူတို့ နှစ်ခေါက်သုံးခေါက်ခန့် လာရောက်စစ်ဆေး မေးမြန်းကြ၏။ လာတိုင်းလည်း သူဌေးဦးကျီးညို အိမ်မှာ တည်းကြ၏။ စားကြ၏။ သောက်ကြ၏။ ပျော်ကြ၏။ ဦးကျီးညိုကလည်း လိုလေသေးမရှိ ညှော်ခံ၏။

အပြန်မှာ ဆန် အကောင်းစားများ၊ မြေပဲဆီပုံးများ စသည့်တို့ကို လက်ဆောင်အဖြစ် လှည်းနှင့် တင်ပေးလိုက်၏။

နောက်ဆုံးတော့ ငွေရှိသူ အာဏာရှိသူတို့ ထင်တိုင်းကြသည့်ခေတ်၊ ငွေက အာဏာကို ဦးထုပ်ကို ဆောင်းပေးသည့်ခေတ်မှာ ဦးကျီးညို၏ ပေါင်းသင်းပေးကမ်း ဆက်ဆံတတ်မှုကြောင့် လွှန်းမောင် ရက်ရက်စက်စက် ရုပ်ပျက်ဆင်းပျက် အသတ်ခံရသည့် ဓားပြတိုက် လူသတ်မှုသည် ဟံသာဝတီ အရှေ့ခြမ်းမှ လက်မရွံ့ သိန်းအောင်တို့ သတ်သလိုလို၊ သုံးတောင်ပြန် ငမဲတို့ သတ်သလိုလိုနှင့် တရားခံပြေး စာရင်းသွင်းသလိုလို အသံကောင်းဟစ်ကာ တရားခံလုံးဝမမိနိုင်ခဲ့။

အချိန်တွေသာ ရင့်ကြာလာသည်။ နောက်ဆုံး. . . တောက်ခတ်ကြေကွဲ မျက်ရည်ဝဲခြင်းဖြင့်သာ အလွမ်းဇာတ်သိမ်းရမလို ရှိတော့သည်။

◆◆◆◆◆






www.burmeseclassic.com

www.burmeseclassic.com

# ၁၀

## ထူးဆန်းသော အိပ်မက်များ

ကိုလွန်းမောင် အသုဘကိစ္စ ရက်လည်ပြီးသည့် နောက်ပိုင်းမှစ၍ လယ်ယာလုပ်ငန်းကိစ္စ၊ အိမ်မှုကိစ္စ၊ လူမှုရေးကိစ္စရပ်များ အားလုံး မြထွေးရှင် ခေါင်းပေါ်ကျလာခဲ့သည်။ လင်သားရှိစဉ်အချိန်က ဒီကိစ္စ ကိုယ့်အလုပ်ကြီး မဟုတ်။ ခုတော့. . . ကိုယ့်အလုပ်ချည်း အပူချည်း ဖြစ်လာခဲ့ပြီ။

အဖေနှင့် အမေက သမီးလုပ်သူကို စိတ်မချ၍ သူတို့နှင့် အတူလာ ရောက်နေထိုင်ဖို့ ခေါ်သည်။ ပြောသည်။

ငယ်ချစ်၊ ငယ်လင်ခေါင်းချရာ အိမ်ကို မြထွေးရှင် အစွဲအလန်း ကြီးခဲ့သည်။ မိဘများက မလုံခြုံဘူး။ အန္တရာယ်ရှိနိုင်သေးသည်ဟု ဆိုသည့်တိုင် လွန်းမောင်နောက်ကို သူမ လိုက်ရဲသည်ဟု ပြောရင်း ဖွတ်ပေ၍ ဒီအိမ်မှာပဲ နေခဲ့သည်။





သို့နှင့်. . . အဖော်အဖြစ် အမေ့ညီမ အဒေါ်မမြစည်ကို မြထွေးရှင်နှင့် အနီးကပ် အဖော်ထားပေးခဲ့သည်။ ကိုယ်ပိုင်လယ်ကွက်များကို လူငှား၍ လုပ်ကိုင်ရန် စီစဉ်ခဲ့သည်။

မြထွေးရှင် ချစ်လင်လွန်းမောင်ကို နေ့စဉ်သတိရပြီး ငိုခဲ့ရသည်။ အသက်ရှင်စဉ်အခါက လင်မယားနှစ်ယောက် အိမ်ရှေ့မှာထိုင်ပြီး ချစ်စကားတွေ၊ အမျှင်မပြတ်ပြောခဲ့ ကြည်နူးခဲ့သည့် နေ့ရက်များကို ပြန်လွမ်းသတိရနေသည်။

လွန်းမောင်က သူမကို ရင်နှင့်မဆန့် ချစ်ခဲ့သည်။ သူမကို အားလည်း အားကိုးခဲ့သည်။ သူ့ကို မနိမ့်ပါနဲ့နော် မြကလေးဟု. . . အမြဲ ပြောလေ့ရှိ၏။ မြထွေးရှင်က ချစ်လင်တစ်ရွာသူ ဆင်းရဲသား တစ်ကောင်ကြွက်ကို ဘယ်တုန်းကမှ မနိမ့်ခဲ့။ ရိုင်းရိုင်းပျပျ မဆက်ဆံခဲ့။ ရိုရိုသေသေနှင့် ချစ်မြတ်နိုးစွာ ဆက်ဆံခဲ့သည်။

စားဦးစားဖျားလေးများ ချစ်လင်ဖို့ချန်ပြီးမှ ဦးချပြီးမှ စားသည်။

ကိုလွန်းမောင်က လယ်တောမှ ပြန်လာလျှင် ငါးရှဉ့်များပါလာလေ့ရှိ၏။ ၎င်းငါးရှဉ့်များကို မီးမြှိုက်၍ ချေပြီး ငရုတ်သီးလေးစိပ်ကွဲနှင့် ဆီပြန်ပြန်လေး ချက်ပေးလျှင် ကိုလွန်းမောင်က အရမ်းသဘောကျသည်။ လက်ဖက်လည်း ကြိုက်သည်။

အိပ်ယာဝင်တိုင်း သူမရဲ့ ပါးလေးကို သူ့လက်ဝါးနှင့် ပွတ်သပ်ပေးနေတတ်သည်။ အဲဒီအရသာသည် ပါးကို နမ်းသည့် အရသာထက် ခံစား၍ ကောင်းလှသည်။

ကိုယ်လေးလက်ဝန်ရှိသည့် အချိန်မှစ၍ ကိုလွန်းမောင်က ဘာအလေးအပင်မှ မမ, ခိုင်းခဲ့။ ရေပုံးလေးတစ်ပုံးက အစ သူပဲ မ,ယူပေးသည်။ ရင်ခွင်ထဲမှာ မမြင်ရသေးသော ရင်သွေးကို ချစ်လွန်း၍ ဝမ်းဗိုက်ကို ကုန်းကုန်းနမ်းရသည်မှာလည်း သူမရက်၏။

အနည်းဆုံး ထမင်းအိုးမျှပင် ငှဲ့မခိုင်းချင်။ သူမက ''ရပါတယ် အကိုရယ် ဒီလောက်နဲ့ ဘာမှမဖြစ်ပါဘူး။ အကိုက သည်းကို သည်းလွန်း



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ''ဟု မျက်စောင်းလေးထိုး၍ ပြုံးစစနဲ့နှင့် ပြောလိုက်လျှင် မိုက်ကို လက်ညှိုးထိုးပြီး . .

''ငါ့သားလေး ထိခိုက်မှာစိုးလို့. . .''

''အကိုက. . . ဘယ်လိုလုပ်ပြီး . . သားမှန်းသိလို့လဲ. . . ကဲ ပြော. . ''

''ငါလိုချင်တာ. . . ငါပြောတာ. . . မိန်းမရေ့. . . အဟေ့. . . ဟေ့. . ''

''ကျွန်မကတော့. . . မိန်းကလေးပဲ. . .''

''အောင်မလေးဗျာ. . . မိန်းကလေးများ မလိုချင်ပေါင်. . .''

''ဘာဖြစ်လို့. . .''

''တော်နေကြာ. . . သူ့အမေလို အရမ်းချော အရမ်းလှလို့ ကွမ်းတောင်ကိုင် ဖြစ်ရာကနေ မတော်လို့များ ကိုယ်တို့လို သူရင်းငှားနဲ့ ခိုးရာလိုက် ညားမှဖြင့်. . .''

''ဩော်. . . တယ်တော်သတော်. . .၊ ကိုယ့်သမီး အလှည့်ကျမှ စိုးရိမ်တယ်ပေါ့။ ဦးဘမောင်နဲ့ ဒေါ်မိန်းကလေးများကြားရင် ဓားမနဲ့လိုက်နေ ပါ့မယ် အကိုရယ်. . . သိပြီလား. . . သိပြီလား. . . ဟင်. . .''

''အလကား. . . ပြောတာပါ မြကလေးရာ. . . မိန်းကလေးရရင် လည်း မြကလေး တိုးတိုးဖော်ရတာပေါ့. . .၊ ဒါလည်းကိစ္စ မရှိပါဘူး. . .၊ အခု သားမွေးပြီးရင် နောက်တစ်ခါက် မိန်းကလေး ကျိန်းသေဖြစ်အောင် မွေးပစ်မယ်. . .''

''အမယ်လေး. . . တော်. . .''

မြထွေးရှင်က ချစ်လင်ရဲ့ ရယ်ကျဲကျဲနှင့် လှမ်းပြောလိုက်သည့် ကားကြောင့် မိုက်ကိုလက်ဝါးနှင့် အုပ်ပြီး ချစ်လင်ထံ ပြေးသွားကာ ပေါင်တွင်း ကြောကို တအားဆွဲလိမ် ပစ်လိုက်သည်။ သူက အားရပါးရ တဟားဟား အော်ရယ်ရင်း မြထွေးရှင်ရဲ့ပါးကို နမ်းရန် ပြင်လိုက်သည်။

''အား. . .''





''ဟဲ့. . . ဟဲ့. . . ဘာဖြစ်လို့လဲ. . . မြကလေးဟင်. . . ဟင်''

''ဘာမှ မဖြစ်ပါဘူး. . . နမ်းမှာစိုးလို့. . .''

''ဟင်. . . ကဲ. . . ကဲ. . . ဉာဏ်များအုံး . . .များအုံး . . .ကဲ မှတ်ဟာ. . . မှတ်ဟ. . .''

သူကပြောရင်း မြထွေးရှင်ပါးပေါ် ဘယ်ပြန်ညာပြန် အနမ်းမိုးများ ဒလကြမ်းရွာပြစ်လိုက်သည်။ ပူနွေးသော နှာခေါင်းအငွေ့က နေ့ရောညရော သူမရဲ့ ပါးပြင်ပေါ်မှာ စီးမျောခဲ့ဖူး၏။

သူမ. . . ညာဘက်ပါးကို ယောင်ရမ်း၍ ပွတ်ရင်း. . . မျက်ရည်ဝဲ လာသည်။

အခု. . . အနမ်းရှင် ဘယ်ကိုများ ရောက်နေပါလိမ့်. . .

ကြင်နာယုယ သန့်စင်သော အနမ်းများနှင့် သူမဝေးခဲ့သည်မှာ ကြာပြီ

တစ်ချိန်က အချစ်များသည် ခုတော့ အိပ်မက်များ ဒဏ္ဍာရီများ ဖြစ်သွားခဲ့ပြီ။ သူမ နံနက်အစောကြီးလည်း ထငိုသည်။ အိပ်ယာဝင်ရင် လည်း ငိုသည်။ ထမင်းစားရင်လည်း ငိုသည်။ ဘယ်သွားသွား ဘာလုပ်လုပ် သူ့ကို သတိရသည့် အလွမ်းတွေက စိုးမိုးနိုင်လွန်းအားဖွဲ့ ကောင်းနေသည်။

ရက်လည်ပြီးနောက်ပိုင်း အထီးကျန်ဖြစ်နေသည့် သူမကို သူငယ် ချင်းများ လာစောင့်အိပ်ပေး ဝိုင်းကူလုပ်ပေးကြသည်။ ရေကအစ ဝိုင်းခပ်ပေး ကြသည်။

သူငယ်ချင်းများ အနားမှာရှိနေသည့်အချိန် အလွမ်းပြေသလို ရှိခဲ့ ပေမယ့် သူငယ်ချင်းတွေ သူတို့အိမ်ပြန်သွားပြီး ကိုယ်တစ်ယောက်တည်း ကျန်နေသည့်အခါ ချစ်လင်ကို သတိရသည်။ သူသာ ခုနေရှိလျှင်။

တစ်ခါတစ်ခါတော့လည်း အယောင် အမှားပဲလား၊ အမှန်တရားပဲ လား မသိ၊ ပြုမိတာတွေရှိခဲ့၏။ ထမင်းစားသည့်အခါ ဒေါ်လေးအပါအဝင် သုံးချပ်ထည့်မိ၏။ ဟဲ့. . . ဟိုပန်းကန်က ဘယ်သူစားမှာမို့လဲ. . . ဆိုမှ ဩော်. . . ငါ. . . ကိုလွန်းမောင် ရှိနေသေးမှတ်၍ သူ့အတွက်ပါ ထည့်မိပါ



www.burmeseclassic.com

www.burmeseclassic.com



ကလားဟု တွေးပြီး. . . မျက်ရည်ဝဲခဲ့ရရဲ့။

သူ့အတွက် ရည်စူးပြီး သူ့မွေးနေ့ ဗုဒ္ဓဟူးနေ့ရောက်တိုင်း ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်အမြဲပို့သည်။ အမျှပေးဝေခဲ့သည်။

တစ်ညှ. . .။

ဘုရားရှိခိုး. . . အမျှအတန်းပေးဝေပြီး. . . သူမ အိမ်ရှေ့မှာမှိန်းနေရာမှ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

"မြကလေးရေ. . . မြကလေး. . ."

"ဟော့. . . မြကလေး. . . မြထွေးရှင်ရေ. . ."

အိမ်ရှေ့ဆီမှ သူမရဲ့အမည်ကို တကြော်ကြော် အော်ခေါ်နေသည့်အသံများ နားထဲမှာ ကြားနေရသည်။ မြကလေးရေ. . .တဲ့။ ဒီလို ခေါ်သည့်သူသည်. . . ဟောဒီကမ္ဘာမှာ တစ်ယောက်တည်းပဲ ရှိသည်. . .။ အဲဒါ. . . ချစ်လင်ကိုလွန်းမောင်. . .။ သူမနားပြန့်စွင့်၍ ထလိုက်သည်။

"မြကလေး. . . မြကလေး. . . အိပ်နေသလား. . ."

အသံက အိမ်ရှေ့မှ အသံ။ ကိုလွန်းမောင်ရဲ့ အသံအစစ်။ သူမ ငေါက်ကနဲထ၍ အိမ်ရှေ့သို့ ဒရောသောပါး ပြေးလာလိုက်သည်။

"ဟင်. . .".

ဟုတ်မှဟုတ်ရဲ့လား မျက်လုံးကိုပွတ်၍ ကြည့်သည်။ သူမှသူအစစ်။ အကိုလွန်းမောင်. . .။ အကိုလွန်းမောင်က သူ့ကို ပြုံးပြုံးကြီးကြည့်၍ ခေါ်နေသည်။ သူမကြောင်၍ အံ့ဩ၍ ပါးစပ်ဟနေမိ၏။ သူ့နံဘေးမှာလည်း ခွေးနက်ကြီး ဂုတ်တိုလည်း ပါလာသည်။

ကိုလွန်းမောင်က ဂုတ်တိုရဲ့ ဦးခေါင်းကို ပွတ်သပ်၍ သူမကိုမြင်တော့ အားရဝမ်းသာ ခြံထဲသို့ လှမ်းဝင်လာသည်။

"ကို. . . အ. . . ကို. . . လွန်း. . .မောင်"

"မြကလေး. . ."

"အကို. . . အ. . . ကို. . ."

သူမ အိမ်ပေါ်မှ ပြေးဆင်းသွားပြီး ချစ်လင်ကို တအားဖက်ထား





လိုက်သည်။ ကိုလွန်းမောင်ကလည်း သူမကိုယ်လုံးကို လွတ်ထွက်သွားမှာစိုး၍ ဖျစ်ညှစ်ဖက်ရင်း ရင်ခွင်ကျယ်ကြီးထဲမှာ ဝှက်ထားလိုက်သည်။ ဖက်ထားရင်းမှ သူမရဲ့ နဖူးနှင့် ပါးနှစ်ဖက်ကို အငမ်းမရ မွတ်သိပ်စွာ နမ်းခဲ့သည်။

ရက်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသော သမုဒယ အနမ်းများကို သူမ ချိုမြိန်စွာခံစားရင်း. . . သူ ရင်ခွင်ထဲမှာ မိန်းမောနေခဲ့သည်။

"အကို. . . အကို. . . ပြန်လာပြီနော်. . ."

"ဟုတ်တယ်. . . မြကလေး. . ."

"တကယ်နော်. . . အကို. . ."

"နှစ်ကယ်. . . သုံးကယ်. . . လေးကယ်. . . ဟောဒီဗိုက်ထက်ကယ်. . . ကဲ. . ."

"ဝမ်းသာလိုက်တာ အကိုရယ်. . . မြလေးဝမ်းသာလိုက်တာ၊ မြလေးလေ. . . နေ့တိုင်း အကို့ကို မျှော်နေတာသိလား. . .၊ လာ အကို အိမ်ပေါ်တက်ကြမယ်. . .၊ အကို ပြန်လာတာများ အမေတို့ အဖေတို့ သိရင် မြလေးထက်ကို ဝမ်းသာကြမှာ အကိုရဲ့သိလား. . .၊ ဂုတ်တို. . . နင်တို့ ဆရာတပည့် ဘယ်လျှောက်သွားနေတာလဲဟင်. . ."

"အီ. . . အီ. . . အီ. . . အူ. . ."

"တွေ့မယ် နင်တို့ နှစ်ယောက်စလုံး ခြေရှည်တာ သိမယ်. . . လာ. . ."

မြထွေးရှင်က ချစ်လင်ရဲ့ လက်မောင်းကို အားရပါးရ ဖက်တွယ်ပြီး ခေါ်လိုက်သောအခါ လွန်းမောင်ကလည်း ဂုတ်တိုရဲ့ လည်ဂုတ်သားရေကို လက်နှင့်ဆုပ်ညှစ်လိုက်သည်။ ဂုတ်တိုသည် ပါးစပ်မှ တအီအီ လုပ်ရင်း သူမရဲ့ ခြေဖမိုးကို ကုန်း၍ လျှာကြမ်းကြီးနှင့် ယက်နေသည်။ ခြေဖဝါးထဲမှ ယားသော အရသာ ရင်ခေါင်းထဲအထိ ကူးစက်ခံစားရသည်။

"ဟဲ့ကောင် ဂုတ်တို. . .၊ အားလားလား. . . ယားတယ်. . . ဟဲ့. . . ဟဲ့. . . ယားတယ် ဂုတ်တိုရဲ့. . ."

ဂုတ်တိုက လျှာနှင့်ယက်ရင်းမှသည် သူမကိုယ်ပေါ်သို့ လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ထောက်၍ ခုန်တက်ပြန်သည်။ သူမက ဂုတ်တိုကို ချစ်စနိုးနှင့် လက်မှကိုင်၍ ပြန်ချပေးလိုက်ရင်း ချစ်လင်လက်ကို ဆွဲကာ အိမ်ပေါ်သို့ တက်လိုက်သည်။

"လာလေ. . . အကို. . ."

ကိုလွန်းမောင်က တုံ့ဆိုင်းတုံ့ဆိုင်း လုပ်နေရာမှ အိမ်ထဲသို့ မျက်စေ့ တစ်ချက် ဝေ့ကြည့်လိုက်ပြီး မရဲတရဲနှင့် လှမ်းတက်လိုက်သည်။

"ဘာဖြစ်နေတာလဲလို့၊ ကိုယ့်အိမ်ပေါ် ကိုယ်တက်တာဥစ္စာ လေကို. . ."

"အင်း. . . အဲ. . . ဟို. . . ဟို. . . အဲ. . . လေ. . ."

မြထွေးရှင်က ခပ်ကြမ်းကြမ်း ဆွဲတင်လိုက်မှ ကိုလွန်းမောင် အိမ်ပေါ်သို့ ကန့်လန့်ကန့်လန့် ပါလာသည်။ သည့်နောက် ခြေရင်းဘက်မှာ ထိုင်၏။ သူ့ပုံစံက ခုမှ ပြန်ရောက်လာသည့် ဧည့်သည်ပုံစံမျိုး။ ကြည့်စမ်းပါ အုံး ရှိုးတို့ ရှန်းတန့်။ ကြောက်ကြောက်ရွံ့ရွံ့။

အဲဒါတွေကြောင့် တစ်ခါ ဇာစ်ခါ သူ့ကို မြထွေးရှင်က အကြော မတည့်။ တည်တည်နေပါ။ ရဲရဲနေပါ။ အားမငယ်နှင့် ပြောသည့်တိုင်။ သူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းချင်သည်။ ဘယ်လို လူကြီးလဲမသိ။ တစ်အား လွှတ်မုန်းဖို့ကောင်းသည်။

"အကို. . . ထမင်းစား. . . မလား. . ."

"စားမယ်. . . မြကလေး. . ."

"ထိုင်နေနော်. . . ဒါမှမဟုတ် ရေချိုးချင်ချိုးလိုက် ညီမ ထမင်းပြင် လိုက်မယ်"

သူမ ချစ်လင်အတွက် ပျော်ရွှင်ကြည်နူးစွာ ထမင်းဟင်းများကို ခူးခပ်ပြီး အိမ်ရှေ့သို့ ယူလာလိုက်သောအခါ ကိုလွန်းမောင်ရော ဂုတ်တိုပါ မရှိတော့. . . ဘယ်များသွားကြပါလိမ့်။

"အကိုရေ. . . အကို. . ."

"ဂုတ်တို. . . သား. . . ဂုတ်တိုကြီး. . ."

"အကိုလွန်းမောင်. . . အကိုလွန်းမောင်ရေ. . ."





သူမ ထမင်းပန်းကန် ဟင်းပန်းကန်များကို ခုံပေါ်မှာ ချထားခဲ့ရင်း အိမ်ဝမှ အော်ခေါ်သည်။ ရှာသည်။ သည့်နောက် အိပ်ခန်းအတွင်းသို့ ဝင်ရှာသည်. . . မရှိ။ အိမ်နံဘေး ပဖော်ပတ်လည်ကို ပတ်၍လိုက်ရှာသည်။ မတွေ့. . .။ ကုက္ကိုပင်အောက်မှာ ရှိမလားဆိုပြီး သွားကြည့်သည် မရှိ။ ဘယ်များရောက်သွားပါလိမ့်. . .။ သူမရဲ့ ရင်သည် စိုးရိမ်သောကစိတ်များ မို့လျှံပြီး ခုန်လာသည်။

"အကိုရေ. . . အကိုလွန်းမောင်. . ."

"အကို. . . အကိုရေ. . . ဟီး. . . ဟီး. . ."

သူမ အသံကုန်ဟစ်၍ ခေါ်ရင်း ငိုလိုက်သည်။ ငိုရင်းမှ တတတ အော်ခေါ်ပြန်သည်။ အသည်းကွဲမတတ် အော်၍ခေါ်သည်။ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားမက အော်ခေါ်၍ငိုသည်။ အိမ်နီးနားချင်းများ ထွက်၍ ကြည့် ကြသည်။

"အကို. . . အကို. . ."

"အကိုရေ. . . အကိုလွန်းမောင်. . ."

"ဟဲ့. . . ဟဲ့. . . မြထွေးရှင်. . . မြထွေးရှင်. . ."

"အကိုရေ. . . ဟီး. . . ဟီး. . ."

"ဟဲ့ တူမကြီး. . . မြထွေးရှင်. . . မြထွေးရှင်လေး. . .၊ ဘာဖြစ်နေ တာလဲ. . ."

"ဟင်. . . ဟင်. . ."

"အိမ်ရှေ့မှာ အိပ်ရင်း တူမ ဘာတွေအော်နေတာလဲ. . . ပလုံး ပထွေးနဲ့"

"ဟို. . . ဟို. . . အကို. . . လွန်း. . . မောင်. . . ရော. . . ဟင် ဟင်. . ."

"ဘယ်က လွန်းမောင်ရှိရမှာလဲ. . . အေ. . . ညီး အိပ်ရင်း အိပ် မက်မက် ယောင်နေတာ ဖြစ်ပါလိမ့်မယ်. . . ကဲ. . . ထ၊ ဒီရေမန်းကို သောက်လိုက်. . .၊ ပြီးမှ အထဲမှာသွားအိပ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ကျွန်မ. . . အိပ်. . . မက်. . . မက်နေတာ. . . အိပ်မက်. . ."

သို့နှင့် အဒေါ်လုပ်သူ ဒေါ်မြစည်က ရေမန်းတိုက်ရင်းက ဖြစ်ပုံကို မေးသည်။ မြထွေးရှင် မဖြေသေးပဲ မီးခွက်အလင်းရောင်ကို စိုက်၍ကြည့်ပြီး ကျလာသည့် မျက်ရည်များကို သုတ်နေမိသည်။ ပါးစပ်ကလည်းသွားလေသူ အမည်ကို အရူးလို ရွတ်ဆိုနေမိသည်။ အတန်ကြာမှ. . .

"အိပ်မက်ထဲမှာ အကိုလွန်းမောင်နဲ့ ဂုတ်တိုတို့ ဝင်လာကြတယ် အဒေါ်. . ."

"အင်း. . . အဲဒီတော့. . . သူက. . . ဘာပြောသွားသလဲ. . ."

"အကိုက. . . ကျွန်မဆီကို သူပြန်လာခဲ့မယ်တဲ့. . ."

"မြတ်စွာဘုရား. . . ဒါဆိုရင် မဟုတ်မှလွဲရော. . . လွန်းမောင်မကျွတ်သေးဘူး၊ ကျွတ်ချင်လို့ ပြောတာနေမှာ. . .၊ ဒါ. . . ညီး ယောက်ျားဝင်စားချင်လို့ လာပြောတာအေ့. . ."

"ဟုတ်တယ်. . . ဒေါ်လေးရဲ့. . .၊ အိပ်မက်ထဲမှာ အကိုပြန်လာပြီတဲ့. . .၊ မြကလေးတို့နဲ့ အတူနေမှာလို့ ပြောပြီး အိမ်ပေါ်မှာထိုင်နေတယ်၊ ကျွန်မက သူစားဖို့ ထမင်းပြင်ပြီး ပြန်ထွက်အလာမှာ မတွေ့ရတာနဲ့ အော်ခေါ်နေတာဒေါ်လေးရဲ့၊ ရင်ကွဲမတတ်ပါပဲ. . . ဒေါ်လေးရယ်. . .၊ ဟီး. . . ဟီး. . . ဟီး. . .' သူ. . . သူ. . . တမလွန်. . . ဘဝရောက်သည်အထိ ကျွန်မအပေါ် သံယောဇဉ် ကြီးတုန်းပဲ ဒေါ်လေးရဲ့ ဟီး. . . ဟီး. . . ဟီး. . ."

မြထွေးရှင်က တစ်ရေးနိုးအိပ်မက်ကို ပြောပြပြီး သတိရကာ ငိုပြန်သည်။ အဒေါ်လုပ်သူက ပခုံးဖက်၍ ချော့ရဖျောင်းဖျရပြန်သည်။ ကောင်းမှုကုသိုလ်လုပ်တိုင်း အမျှအတမ်း အမြဲပေးဝေဖို့ ပြောပြရသည်။

"အင်း. . . အစွဲအလန်း. . . အစွဲအလန်း၊ ညီးတို့ နှစ်ယောက်စလုံး အစွဲအလန်းတွေနဲ့ချည်းပဲ၊ အေးပေါ့လေ. . .၊ သူပြန်ဝင်စားချင်လို့ ကြိုလာပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေ့ါ၊ စောင့်ကြည့်ကြသေးတာပေ့ါ၊ ဒုက္ခ. . . ဒုက္ခ သံသရာတွေလည်းကြဉ်း အုံးမယ်နဲ့တူပါရဲ့၊ အမျှ. . . အမျှ. . . အမျှ





လွန်းမောင်ရေ. . . တို့များပြုသမျှ ကုသိုလ်အစုစု မင်းကို အမျှပေးဝေပါတယ် ငါ့တူရယ်. . . အမျှ. . . အမျှ. . . အမျှ. . . လွန်းမောင်ရဲ့. . . ဟီး ဟီး. . . ဟီး. . . ဟီး. . ."

ထိုနေ့ညက တူဝရီးနှစ်ယောက် အိပ်စက်တစ်ရေးနိုး တစ်ယောက်ကို တစ်ယောက် ဖက်ရင်းငိုရင်း မျက်ရည်မိုးများ ဖြိုင်ဖြိုင်ရွာချခဲ့ကြလေသည်။ ထိုကဲ့သို့သော အိပ်မက်များသည် သံယောဇဉ် အစွဲကြီးသည့် မြထွေးရှင် အိပ်ယာသို့ မကြာခဏ အလည်လာလေ့ ရှိလေသည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

## အချစ်မှာ အရှက်မရှိပါ



"မြတွေးရှင်. . . မြတွေးရှင်. . ."

"ဝေ. . . ဘယ်သူများလဲဟေ့. . ."

ခြံဝမှ ခေါ်သံကြောင့် ဒေါ်မြစည်က မီးဖိုဆောင်ထဲမှာ ငရုတ်သီးထောင်းရင်း လှမ်းအသံပြု မေးလိုက်သည်။

"ကျွန်တော်ပါ ဒေါ်လေး မြစည်ရဲ့ ရွှေကျီးညိုပါ. . ."

ရွှေကျီးညိုဆို၍ ဒေါ်မြစည်က မြတွေးရှင်မျက်နှာကို လှမ်းကြည့်လိုက်သည်။ မြတွေးရှင်က မျက်နှာကိုရှုံ့၍ မေးငေါ့ မျက်နှာလွှဲပစ်လိုက်သည်။

ရွှေကျီးညိုသည် ပါးစပ်ကလည်း ပြောရင်း လက်ထဲမှာပါလာသည့် ပစ္စည်းပစ္စယများကို ပွေ့ပိုက်ကာ အိမ်ပေါ်သို့ လှမ်းတက်လိုက်၏။

"ထိုင်နှင့်ဦးနော်. . . မောင်ရွှေကျီးညို. . . ခဏလေး. . ."





"ရတယ်အဒေါ်. . . မြတွေးရှင်ရော. . . ဟင်. . ."

ရွှေကျီးညိုက ပါလာသည့် ပစ္စည်းများကို နံဘေးမှာချထားရင်း အိမ်အတွင်းဘက်သို့ မျက်လုံးကစား၍ မေးလိုက်သည်။

ရွှေကျီးညိုသည် ယခုအခါ မှဆိုးမ အသစ်ချပ်ချွတ်ကလေး မြတွေးရှင် ရှိရာသို့ မကြာခဏ လာလည်လေ့ရှိသည်။ လာလျှင်လည်း စားစရာ သောက်စရာ လက်ဆောင်ပစ္စည်း တစ်ခုမဟုတ်က အမြဲပါလေ့ရှိ၏။ စားစရာ သောက်စရာ မပါလျှင် လမ်းကြုံလို့ နေကောင်းကြလား၊ ဝင်မေးတာဟု ရမယ် အမျိုးမျိုးရှာ၍ ဝင်လမ်းဖြောင့်နေ၏။

ရောက်လျှင်လည်း အချိန်တော်တော်ကြာကြာ ဟိုစကား ဒီစကားများပြောပြီး အဒေါ်လုပ်သူ ရှေ့မှာပင် မြတွေးရှင်ကို သမာဓိပိုးလေးနှင့် ပိုး၍ မျက်စေ့အရသာခံ ခဲ့ရသည်။

မြတွေးရှင်က အချိန်ကုန်မခံနိုင်၍ အခန်းတွင်းဝင်သွားပြီး ပြန်မထွက်လာတော့မှ ဒေါ်မြစည်ကို နှုတ်ဆက်၍ မပြန်ချင့်ပြန်ချင် ပြန်သွားလေ့ရှိသည်။ ပြန်မှပဲဖြစ်မည် အနီးရှိ ဒေါ်မြစည်ပင် "ဟုတ်ပ". . ."**အင်း**ပေါ့". . . "အေးလေ". . . "ဒါပေါ့ကွယ်". . . စသည်ဖြင့်စကား**ထောက်**ပေးရင်း တဝါးဝါးသန်းခဲ့သည်မှာ အကြိမ်နှစ်ဆယ်ခန့် ရှိခဲ့ပြီကိုး။

သူလာတိုင်း တစ်ခုမဟုတ်၊ တစ်ခုတော့ ပါကိုပါသည်။ **သူ**ပေးသွားတိုင်း မြတွေးရှင်က မယူ။ အကုန် ပြန်ပေးပစ်သည်။ မယူလျှင် လွှင့်ပစ်သည်။ လွှင့်ပစ်လျှင် ရွှေကျီးညိုက ပြန်ကောက်ပြီး တဟဲဟဲရယ်ရင်း ဖွတ်ပြန်ပေးခဲ့သည်ချည်း. .။

ထိုကဲ့သို့ တင်းမာသော အခြေအနေမျိုး ကြုံလာလျှင် ဒေါ်မြစည်ကပင် ကြားဝင်၍ ကဲ. . . ကဲ. . . နင်တို့မယူရင် ငါပဲ ယူရမှာပေါ့**ဆိုကာ**ပေးသူလည်း စိတ်ချမ်းသာ ကျေနပ်သွားအောင် လက်ဆောင်ပစ္စည်း**များကို**အားနာပါးနာ ကောက်ယူသိမ်းလေ့ရှိ၏။

ဟိုး. . . အရင်တုန်းကတော့ ခွေးနက်ကြီး ဂုတ်တိုရှိ**နေ၍** သူ အလာကျဲ၏။ ခွေးနက်ကြီး ဂုတ်တိုသည် ရွှေကျီးညိုတို့ သုံးယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရယုံမက၊ အသံကြားသည်နှင့် ဘယ်ဘဝက ရေစက်ကြောင့် မသိ၊ တူးတူးခါးခါး မုန်းကာ ခြံထဲကို လုံးဝအဝင်မခံခဲ့. . .။ စားမည်ဝါးမည် ကိုက်မည် တကဲကဲ. . .။

အခု. . . အားကိုးရသည့် ခွေးနက်ကြီး ဂုတ်တိုလည်းမရှိ။

ငယ်ဖော်ချစ်လင် ကိုလွန်းမောင်လည်း. . . မရှိ။

ခုမှ. . . ရွှေကျီးညိုဘဝက လုံးဝလွတ်လပ်ရေးရရှိကာ တံခါးမရှိ၊ ဓားမရှိ၊ ဝင်ထွက်ခွင့် အဆင်ပြေနေ၏။ သူ ပို၍လည်း အတင့်ရဲလာ၏။ မိန်းမသားချည်း ဥစ္စာ ဂရုစိုက်ရမည့်သူ မရှိတော့. . .။ ဘယ်သူ ဘယ်ပတ်ဝန်းကျင်ကိုမှ ဂရုမစိုက်။ အရပ်က ဘာပြောပြော. . .။ လင်ရှိမယား အိမ် မဟုတ်. . .။ ဒါ. . . မုဆိုးမ အိမ်. . .။

မုဆိုးမဖြစ်သော်လည်း တစ်ချိန်တစ်ခါက အသည်းနှင့်အောင် ချစ်ခဲ့၊ ပိုးခဲ့၊ ပြိုင်ခဲ့ရသည့် ချစ်ရသူကလေးရဲ့ အိမ်ကိုဝင်တာ. . . ဘယ်သူ ဘာပြောချင်သလဲ. . .။ မပြောရဲကြ။ အားလုံးက ရွှေကျီးညိုရဲ့ 'ဇ'ကို သိနေကြသည်။ လွန်းမောင် သေသည့်ကိစ္စသည်ပင် ရွှေကျီးညို လက်ချက် မကင်းဟု အတွင်းကြိတ် ကြိတ်၍ ပြောကြသည်။ အခိုင်အလုံ သက်သေပြ၍ မပြောနိုင်လို့သာ ဖွင့်မပြောကြတာ. . .။

သို့ဖြစ်၍ သူတို့အားလုံးက အလိုက်အထိုက် ဆက်ဆံကြသည်။ အမုန်းမခံကြ။ ဒီလိုနှင့် အကြိမ်ပေါင်းများစွာ နေ့နေ့ညည ဝင်ထွက်သွားလာသောအခါ သူငယ်ချင်းများက မြထွေးရှင်ကို မေးမြန်းစူးစမ်း ကြတော့သည်။

"မြထွေးရှင် ညီးအိမ်ကို ဟိုအကောင် တယ်စက်ကျနေပါကလား"

"သူ့ဇာသာသူ ပိုးထိုးပြီး လာတာကိုးဟာ ဘာတတ်နိုင်မှာလဲ"

"ဟဲ့. . . သင်းဒီလို လာတိုင်း ညီးက လက်ခံရမလား မိန်းမရဲ့ ဟင်. . . ဒီရွှေကျီးညိုဆိုတဲ့ လူယုတ်မာအကောင်အကြောင်း ညီးရော ငါတို့ရော အသိမို့လား. . ."

"ငါကလည်း အိမ်ကိုမလာဖို့ အမြဲပြောပါတယ်၊ လုခင်တို့





ဖွေးတုတ်တို့ရယ်. . .၊ ဒါပေမယ့်. . . ဒီကောင်က အရှက်မရှိ မျက်နှာပြောင်တိုက်ကို တိုက်ရဲတာဆိုတော့. . ."

"နေပါအုံး. . . သူက ဘာသဘောနဲ့ ညီးဆီကို လာလာနေတာတုန်း. . ."

မြရင်က ရွှေကျီးညိုကို နဂိုကတည်းက ကြည့်မရသူမို့ ပြောင်ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်သည်။

"အပြောကတော့ ဖိုးစိန်– အောင်ဗလပါပဲအေ. . .၊ မြရင်ရယ် ကိုယ် နှမလေးလိုသဘောထားပြီး စောင့်ရှောက်နေတာပါတဲ့၊ လွန်းမောင် မျက်နှာကြောင့် စောင့်ရှောက်ရမယ့် ဝတ္တရားရှိနေလို့ပါတဲ့. . ."

မြရင်က မေးကြောများ တင်းသွား၏။ ဖွေးတုတ်က 'ငါနဲ့တွေ့ချင်လိုက်တာ'ဟု ကြိမ်းဝါး၏။ ကုလားမက 'ကိုယ်လုံးနဲ့ တက်ဖိထားလိုက်ချင်သည်'တဲ့. . .

"အမ်မယ်. . . သင်းကများ ကြီးကျယ်လို့ သူ့စောင့်ရှောက်မှတဲ့လား. . .၊ ငါတို့ တစ်ရွာလုံးကရော မစောင့်ရှောက်ပဲ နေလို့လား. . .၊ သင်းက ဘာကောင်မို့လဲ၊ ရာအိမ်မှူးလား၊ ထောင်အိမ်မှူးလား၊ မြို့ပိုင်လား၊ ထွီ. . ."

"တော်ကြပါတော့အေ. . .၊ တော်ကြာ ကြားသွားပြီး ရန်လုပ်နေပါ့မယ်. . ."

မြထွေးရှင်နှင့် လုခင်က စကားနည်းရန်စဲ သီးခံ၍ ရှောင်ဖို့ ပြောလိုက်ကြသည်။

"ဘာလဲ. . . မြထွေးရှင် ညီးက ကြောက်နေလို့လား. . ."

"ကြောက်တာတော့ မဟုတ်ဘူးပေါ့အေ. . .၊ ငါ့မှာလည်း မုဆိုးမ၊ မီးဖွားဖို့ကလည်း နီးနေပြီ. . . ဒါကြောင့်. . . ဘယ်သူ့ အမုန်းမှ မလိုချင်တော့ပါဘူး. . ."

"ဒါဖြင့်လည်း ယူလိုက်ပါလား အေ ဟွန်း. . ."

မြရင်က ပြောစရာရှိရင်ဝဲ့ဒိုး အားမနာတမ်း ပြောလေ့ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောချပစ်လိုက်သည်။

''ဟယ်. . . ကောင်မစုတ်ရယ်. . .၊ ဒီကောင်မျက်ခွက်ကြီးကိုများ ဝေါ့. . . နင်ယူလိုက်ပါလား. . . မြထွေးရှင်က ဗိုက်ကြီးနဲ့ညစ္စာ. . .''

မနေနိုင်၍ ကုလားမက ဝင်ဘုတောပစ်လိုက်သည်။

''ယူတော့ ယူလိုက်ချင်သားဟ၊ လင်တော်ချင်လို့တော့ မဟုတ်ပါဘူး ရေခပ်ထင်းခွဲ လယ်ထွန်နဲ့ ညဘက်အိပ်ချိန် ခြံဝမှ သူခိုးရန်ကင်းအောင် လည်ပင်းကြိုးနဲ့ချည် စောင့်ခိုင်းချင်လို့. . .''

''ဟော. . . ဟော. . . ဟိုမှာ. . . ရွှေကျီးညိုလာနေပြီ. . .''

ပြောကောင်းတုန်း ဖွေးတုတ်က ထအော်လိုက်ရာ မယ်ဒေါသမြရင် မျက်လုံးပြူးသွားပြီး. . .

''ဟင်. . . အင်. . . အင်. . . သောက်ပလုတ်တုတ်. . . ကြား ကြား. . . များ. . . သွားပြီလား. . . ဟဲ. . . ဟဲ. . . ဟဲ ကုလားမ. . . နေအုံး. . . ငါပါလိုက်မယ်. . . ဟဲ.'. .' ဘယ်မှာလဲဟိုကောင်. . .''

''ဟိုမှာဟဲ့. . . နင့်လင်ကြီး. . . ခြံထဲကို ဝင်လာနေပြီ၊ ကြားသွားလို့ လား မသိဘူး. . . ငါတို့ လစ်တော့မယ်. . .''

မြရင် လန့်နေသည်။ ပြောတုန်းကတော့ လင်တော်ချင်လို့ မဟုတ်ဘူး အိမ်မှာ ရေခပ်ထင်းခွဲ နွားချေးကျုံး၊ ခွေးလိုညဘက်စောင့်ဖို့ဟု သံကြိုး မောင်းကြီးနှင့် ဟစ်၍ပြောနေစဉ် ရွှေကျီးညို တကယ်ဝင်လာသည်ကို မြင်လိုက်ရသောအခါ ကြက်သီးမွေးညှင်းများ ထသွားပြီး ထိုင်လို့မရ၊ ထလို့မရ။ လန့်၍ အိမ်ပေါ်မှ ထပြေးအဆင်း. . . ခြံဝမှာ ရွှေကျီးညိုနှင့် တိုက်မလို ဖြစ်ပြီး ပက်ပင်းဆုံတော့သည်။

''ဟဲ့. . . မြရင်. . .''

''အောင်မလေး. . . သောက်ပလုပ်တုတ်. . .''

ရွှေကျီးညိုက ဝင်တိုးမလိုလုပ်ပြီး လန့်၍ ဝပ်သွားကာ ရှုံးတို့ ရှန်းတန့် ကျိုးတို့ကြောင်တောင် ဖြစ်နေသည့် မြရင်အနီးကပ် စိုက်ကြည့်၍ ပေးမြှန်းခံလိုက်ရသည်။





''မြရင်. . . နင်ဘာတွေ ဖြစ်နေတာလဲ. . .''

''ဘာ. . . ဘာမှ မ. . . မ. . . ဖြစ်ပါဘူးတော်. . . ဟို. . . ဟို သောက်. . . ပလုပ်တုတ်. . . အဲ. . .''

''ဘာမှ မဖြစ်ဘူး ဘာပြောတယ်. . . နင့်ပုံစံက သရဲနှင့် တွေ့လာသလိုဖြစ်လို့. . .''

''ဟုတ်. . . ဟုတ်တယ်. . . တော်. . . ဟို. . . ဟို. . . တော့်ကို တွေ့တာနဲ့. . .''

''ဘာ. . . ဘာ. . . ပြောလိုက်တယ်. . . မြရင်. . . ဟင်. . . ဟင်. . .''

''အဲ. . .အဲ. . . လေ. . . ဟို. . . ဟို. . . တော်. . . ဒီလိုပါ. . တော်နဲ့တွေ့မှ. . . အကြောက်ပြေချင်သလို ရှိ. . . ရှိလို့ပါ. . . အဟဲ. . . စောစောက လွန်းမောင် ခြောက်တဲ့အကြောင်း ပြောရင်း. . . ကြောက်နေကြတာတော့်. . . တော်ရောက်လာလို့. . . အကြောက်. . .''

''ငါရောက်မှ အကြောက်ပြေသွားတယ်ပေါ့. . .''

''အဲ. . . အဲ. . . ပိုပြီးလန့်လို့တော့်. . .''

''ဟာ. . . ဂန်းနာမ၊ ငါ့မြင်မှ လွန်းမောင် သရဲထက် ပိုလန့်သတဲ့ ကြည့်စမ်း. . . တယ်လေ၊ ငါလုပ်လိုက်ရရင်တော့. . .၊ နင် မြန်မြန် ငါ့ရှေ့က ထွက်သွားစမ်း မြရင်. . .''

''ကန်တော့တော်. . . ကန်တော့. . . ကိုရွှေကျီးညိုရယ်. . . ကျုပ်လည်း ဗြုန်းကနဲဆိုတော့ လွန်းမောင် တစ္ဆေဝင်လာတယ်မှတ်ပြီး လန့်ပြေးရာက ပြောမိပြောရာ ပြောမိတာပါ. . . ဗွေမယူပါနဲ့တော်. . . ကျုပ်တို့ ပြန်ပါရစေတော့. . . ဟို. . . ဟိုမှာ ရှင့်ကိုမျှော်. . .''

''အမ်မယ်. . . ငါ့ကို မျှော်နေတယ်. . .၊ မှန်းဘယ်သူများပါလိမ့် ကုလားမလား. . .''

''မဟုတ်ပါဘူးတော်. . . တော်. . . မြ. . . မြထွေးရှင်. . .ပါ''

''အင်. . . မြထွေးရှင်. . . တကယ်. . . အဟီ. . .''



www.burmeseclassic.com

www.burmeseclassic.com



''တကယ်တော့. . . ရှင့်ပါးစပ်က ကျနေတဲ့သွားရေတွေ သိမ်းပြီး ရင် သွားတော့နော်''

''ဟာ. . . ဂန်းနာမ. . .''

မြရင်က ရွှေကျီးညို လက်အမြှောက်မှာ ခေါင်းပေါ်လက်ဝါးနှင့် အုပ်ပြီး၊ အမလေး သရဲတော့ဟု အော်ကာ ရွာလမ်းမအတိုင်း လှည့်မကြည့်ဘဲ ပြေးတော့သည်။ လုရင်လည်း ကပ်လိုက်၍ပြေး. . .

ရွှေကျီးညိုကား ပြာယာခတ် မျက်စေ့နောက်လောက်အောင် ဖြစ်နေသည့် အပျိုဟိုင်းနှစ်ယောက်ကို ကြည့်၍ မိန်းမယူချင်စိတ် ကုန်ချင်သလို ဖြစ်သွားခဲ့၏။

ဆိုရလျှင် ရွှေကျီးညို အဲဒီလို နောက်ပိုးကြေးနှင့် မျက်နှာပြောင် တိုက် လာလာလည်နေသည်ကို တစ်လမ်းလုံးလည်း သိသည်။ တစ်ရွာ လုံးကလည်း ရိပ်မိသည်။ သူကြီးအိမ်ကလည်း ကြားသည်။ ကာလသားများ က 'မသာနှင့် နာမွှေးတစ်ခြားစီ'ဟု ဂုဏ်ပြု၏။

အခုလည်း အိမ်ပေါ်ရောက်နေပြန်ပြီ. . .

''ဘယ်က လှည့်လာတာတုန်း. . . မောင်ရွှေကျီးညို. . .''

ဒေါ်မြစည်က ရွာသူဌေးသားလည်းဖြစ်၊ မိုက်တိမိုက်ကန်းလည်း ရှိသော လူ့တဖောက်ကန်းကို မချစ်သော်လည်း အခြေအနေအကြောင်း ကြောင်းအရ အောင့်ကာ နမ်းသည့်သဘောမျိုးနှင့် အလိုက်အထိုက်လေး ပေါင်းသင်းဆက်ဆံနေရသည်။

''ဒီဘက်ပဲ ဒေါ်လေးမြစည်. . .၊ မြထွေးရှင်ရေ ဒီမှာ သူမီးဖွားရင် လိုရမယ်ရ သုံးရအောင် ကလေးအနှီးပိတ်နှင့် ကလေးအင်္ကျီလေးတွေရယ် မြို့ကအပြန်မှာ ဝယ်လာခဲ့လိုက်တယ်လေ၊ ဒီမှာ ကြည့်စမ်းပါအုံး. . ထဘီ တွေလည်းပါရဲ့. . .''

ရွှေကျီးညိုက ထဘီစများ ပိတ်ဖြူများနှင့် ကလေးဝတ်အင်္ကျီလေး များကို တစ်ခုချင်း ဖြန့်ခင်းပြလိုက်သည်။

''အေးဟယ်. . .၊ ဒီ သရက်ထည်ထဘီ အဆင်ကလေးက





လှလိုက်တာကွယ်၊ အပွင့်ကြီးတွေကို ကြွနေတာပဲ၊ ဒေါ်လေးဖို့လားဟင် မောင်ရွှေကျီးညို. . .''

''အဲ. . . အဲ. . . ဟုတ်. . . အဲလေ. . . အဲဒါ. . . မြထွေးရှင်ဖို့ လေ ဒေါ်လေးရဲ့. . . အဟဲဟဲ''

''ဟွန်း. . .၊ ဒီ ရှန်သားလေးကရော. . . ဒေါ်လေးနဲ့ဆို. . .''

''ဩော်. . . ဒါလား၊ အဲဒါ. . . မြထွေးရှင် အသားနဲ့ဟပ်မယ် ထင်လို့ မှန်းပြီး ဝယ်လာတာ ဒေါ်လေးရဲ့. . . အဟဲ. . . ဟဲ. . . ဟဲ. . . လှတယ်နော်. . .''

''ဟင်း. . . မင်းဟာကလည်း. . . မြထွေးရှင်ဖို့ချည်းပဲ၊ ဘယ်မှာ လဲ. . . ငါ့ဖို့. . .''

ဒေါ်မြစည်က လှပသည့် ထဘီပိတ်စများကို မကျေနပ်သလို ခေါက်ရင်းမှ မေးလိုက်သည်။

''အဟီး. . . ဒေါ်လေးမြစည်အတွက် ပါတယ်ဗျ. . . ဟို. . . ဟို. . . အိမ်မှာ. . . မေ့. . . မေ့ကျန်ခဲ့လို့၊ ညည. . .ညကျမှ. . . ယူခဲ့မယ် နော်. . . ဒေါ်လေး. . . အဟဲ. . . အဟီး. . . ဟီး. . .''

''မင်း ငါ့ကို မလိမ့်တစ်ပတ် မလုပ်နဲ့နော်''

''ဘုရားစူး. . . မိုးကြိုးပွတ်. . .''

''ပစ်. . . လုပ်ပါဟဲ့. . .''

''ပစ်လို့ မှန်ရင် သေမှာပေါ့ဗျ. . . အဟီး. . . 'ပွတ်'ဆိုမှ အနား ကနေကပ်လွဲပြီး. . . အဟဲ. . . ဟဲ. . . ဟဲ. . . တော်ကြာနေ ပြန်ယူပေး ပါ့မယ် ဒေါ်လေးရာ. . . မြထွေးရှင်ရောဟင်. . . ဟင်. . . ဟင်. . . လို့''

''ရှိတယ်. . . ရှိတယ်. . .''

ဆောင့်ကြီးအောင့်ကြီးသံနှင့် ပြောရင်းမှ အတွင်းသို့လှည့်၍. . .

''မြထွေးရှင်ရေ. . . မြထွေးရှင်. . . ခဏလေးထွက်ခဲ့ပါအုံး တူမ ရယ်. . .''

မြထွေးရှင်က ဒေါ်လေးမြစည့် ခေါ်သံကိုကြားသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်ယောင်ဆောင်ပြီး မထွက်ဘဲ နေလိုက်သည်။ ဒီဠင်းတ(လင်းတ) မျက်ခွက်ကို လုံးဝမကြည့်ချင်။ သင်း. . . မျက်နှာကို မြင်ရတိုင်း သွားလေသူ ချစ်လင်ကို သတိတရ ဖြစ်ရသည်။

"ဟဲ့. . . မြထွေးရှင်. . ."

"ရှင့်. . ."

"ခေါ်နေတယ်လေ. . . ထွက်ခဲ့စမ်း. . ."

အခေါ်လုပ်သူရဲ့ ခပ်မာမာ အသံကြောင့် ဒေါသထွက်ချင်သလိုလို ဖြစ်ပြီး ခြေတစ်ချက်ဆောင့်ကာ မျက်နှာကြီး စူပုတ်လုပ်၍ အိမ်ရှေ့သို့ မထွက်ချင်ထွက်ချင် ထွက်လာလိုက်သည်။ ရွှေကျီးညိုသည် မြထွေးရှင် မျက်နှာလေးကို မြင်သည်နှင့် စန္ဒာငွေလမင်း သူ့ရင်ထဲ အပြေးဝင်လာသည်သို့ စိတ်နှလုံးများ ချမ်းမြေ့ အေးမြသွားခဲ့၏။

"မြထွေးရှင် ဒီ. . . ဒီမှာ. . . ညီမ မီးဖွားရင် သုံးဖို့ထဘီ အင်္ကျီ အနီးပိတ်တွေ အကိုကျီးညို မြို့ကြီးဝင်လာခဲ့တယ်. . ."

"ကိုရွှေကျီးညို. . ."

"ဘာတုန်း. . . မြထွေးရှင်. . . ဟင်. . ."

"နောင်ကို. . . ကျွန်မတို့ မိသားစုအတွက် ဘာပစ္စည်းမှ ဝယ်လာလက်ဆောင်ပေးတာ လုံးဝ မလုပ်ပါနဲ့ ကိုရွှေကျီးညို. . .' အခု ဝယ်လာတာလည်း လက်မခံနိုင်ဘူး ပြန်ယူသွား. . ."

"ဟယ်. . ."

"ဟင်. . ."

မြထွေးရှင်ရဲ့ မာထန်ထန်မျက်နှာပေးနှင့် ပြောလိုက်သံကြောင့် ရွှေကျီးညို ပါးစပ်အဟောင်းသား ဖြစ်သွားရသကဲ့သို့ ဒေါ်မြစည်လည်း မျက်နှာပူအားနာ၍ ဘယ်လိုလုပ်ရမှန်း မသိဖြစ်သွားခဲ့၏။

"ငါ. . . ငါက. . . ငါ့နှမလေး. . . မုဆိုးမဘဝနဲ့ မျက်နှာမငယ်ရအောင်. . . စောင့်ရှောက်ကူညီ ဖြည့်ဆည်းပေးတာပါ၊ စေတနာနဲ့ပါ. . . မြထွေးရှင်ရယ်. . .၊ ငါ့ ရင်ထဲနှလုံးသားထဲက သန့်စင်တဲ့စေတနာကို နင်





နားလည်သင့်ပါတယ်. . .၊ နင်တို့ ငါတို့ဟာ တစ်ရွာထဲသား ငယ်သူငယ်ချင်းတွေဥစ္စာ၊ ငါတို့လိုလူမှ မစောင့်ရှောက်ရင် ဘယ်သူက ကူညီမှာလဲပြော"

"ပေါမှပေါပဲ. . . ဒီကိစ္စနဲ့ ပတ်သက်ပြီး. . . ရှင်ပူစရာ မလိုဘူး"

"ပူရတာပေါ့ဟာ. . .၊ ငါဟာ နင့်ကို ငယ်ငယ်ကလေးကတည်းက. . . ခင်မင်သံယောဇဉ်ကြီးခဲ့တာ. . .၊ ဒါ နင်ရော တို့ရွာသားတွေရော အသိပါ. . ."

"ဒါတွေ ပြောမနေပါနဲ့ရှင်၊ ကျွန်မ မကြားချင်ဘူး၊ ရှင်ပြန်ပါ၊ ဒါတွေအားလုံး အခုပြန်ယူသွားပါ. . .၊ ရှင်သိထားဖို့က ကျွန်မကို ရှင်တို့ စောင့်ရှောက်ဖို့ မလိုပါဘူး၊ ရှင်တို့နဲ့လည်း ဘာမှမဆိုင်ဘူး၊ နေတတ်ရင် အနေသာကြီး. . ."

မြထွေးရှင်က ဒေါသတွေ ထွက်လွန်း၍ မိုက်ကြီးတစ်ခွဲသားနှင့် ခွန်းတုံ့ပြန်ရင်း အသားများ တုန်နေသည်။ ဒေါ်လေးမြစည်က ရွှေကျီးညိုကို အားနာသောမျက်လုံးနှင့် ကြည့်နေရှာ၏။

"နင်မလိုပေမယ့်. . . ငါတို့ ရွာထုံးစံက လိုတယ်မြထွေးရှင်. . .၊ နင်တို့လို မုဆိုးမတွေ ဒုက္ခနဲ့ ကြုံရသူတွေအတွက် ငါအပါအဝင် ငါတို့ရွာသားအားလုံးမှာ စောင့်ရှောက်ကူညီရမယ့် တာဝန်ရှိတယ်. . .၊ နင်စဉ်းစားစမ်း. . . နင်တို့ အားကိုးရတဲ့လင်သားနဲ့ လင်မယားနှစ်ယောက် ရှိစဉ်တုန်းကတောင် ဘဝကလုံခြုံလို့လား. . .၊ မလုံခြုံလို့ တစ်ယောက် ဓားပြတွေလက်ချက်နဲ့ သေ. . . သေ. . ."

"တော်. . . ရှင် ကျွန်မယောက်ျားကို ဆွဲထည့်စရာမလိုဘူး. . . ပြန်. . ."

"နင်တစ်ယောက်ထဲ မုဆိုးမဘဝ ပိုဆိုးမှာစိုးလို့ ငါက အနီးကပ်စောင့်ရှောက်နေတာ. . ."

"ကဲ. . . ကဲ. . . တော်ကြပါတော့ကွယ်. . .၊ ငါ့တူကြီး မောင်ရွှေကျီးညိုက ခုလို ကြည့်ရှုစောင့်ရှောက်နေတာလည်း ဒေါ်လေးတို့က ကျေးဇူးတင်ပါတယ်. . . မောင်ကျီးညိုရယ်၊ မင်းနှမကလည်း. . . သူ့ယောက်ျားကို



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် သတိတရ လွမ်းနေတော့. . ဝမ်းနည်းပြီး ပြောမိပြောရာ ပြောတာပါ၊ စိတ်မဆိုးပါနဲ့. . . ငါ့တူကြီးရယ်. . .၊ နောင်တော့လည်း တဖြည်းဖြည်း နားလည်နိုင်ပါလိမ့်မယ်ကွယ်. . . နော်. . .''

ဒေါ်မြစည်က လူကြီးပီပီ ကြားမှဝင် လူကြီးစကားဖြင့် ဝင်ရောက်ညှိနှိုင်းပေးလိုက်သည်။

''သေတဲ့လူက ပြန်မရှင်မလာတော့ပါဘူး. . .ဒေါ်လေးရယ်. . .၊ လူဆိုတာ အိုရမယ်၊ နာရမယ်၊ သေရမယ်. . .၊ ဒါကို ကျွန်တော်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက. . . အနိစ္စ၊ ဒုက္ခ၊ အနတ္တ. . .လို့ ဟောခဲ့သမို့လား. . . ဒေါ်လေးရဲ့. . . အဟမ်း ဒါကို အကျယ်ပွားရင် အနိစ္စ. . . အမြဲမရှိတဲ့. . .၊ ကျွန်တော်တို့ အဒေါ်တို့ ရုပ်နဲ့ခန္ဓာအမြဲ မရှိဘူး. . .၊ ဒုက္ခဆင်းရဲခြင်း. . . တဲ့. . .၊ ဒီမမြဲတဲ့ ရုပ်နဲ့ခန္ဓာကြီး ရှိနေလို့. . . ရှိနေသည့် အခိုက်တစ်လျှောက်လုံး. . . အစားဆင်းရဲ၊ အနေဆင်းရဲ၊ အချစ်ဆင်းရဲ . ကျန်းမာရေးချို့တဲ့. . . စသည့် ဒုက္ခဆင်းရဲတွေနဲ့ ကြုံရမဟုတ်လား. . .၊ ပြီးတော့ အနတ္တ. . . အ. . . န. . . တ္တဆိုတာက. . . အဲ. . . အဲ. . . ဒီလိုဗျ. . . အနတ္တဆိုတာ. . . ဟိုလေ. . . ဟိုဒင်းဗျာ. . . အဲ. . . ဘာတဲ့. . .''

''ဒီမှာ ကိုရွှေကျီးညို ပါဠိကျိုး ပါဠိပျက် တစ်လုံး နှစ်လုံးကြားညှပ်ပြီး အဓိပ္ပါယ်မသိဘဲ ကြားဖူးနားဝနဲ့ ဖင်ခေါင်းကျယ်မနေနဲ့ ကိုယ့်လက်မှတ်တောင် ကိုယ်မထိုးတတ်ပဲနဲ့များ. . . အနိစ္စတို့၊ ဒုက္ခတို့၊ သင်္ခါရတို့ လုပ်မနေနဲ့ ရှင်. . . အခုပြန်မလား၊ မပြန်ဘူးလား. . .၊ မပြန်ရင်. . . ကျုပ်သူကြီးကို သွားတိုင်လိုက်မယ်. . .''

မြထွေးရှင်က ခါးထောက်နေရာမှ ထဘီကို တိုတို ပြန်ဝတ်လိုက်ပြီး ကြမ်းမည့်ပုံစံ ပြလိုက်သည်။ သူကြီး အိမ်သွားပြောမည်ဆိုတော့ သူဖြုံသွားရာမှထတဲ့ပြီး. . .

''အခု ဝယ်လာတာတော့ လက်ခံပါဟာ နော်. . .၊ နင် မီးဖွားရင် ငါ့တူကလေး၊ တူမလေး. . . ဝတ်ဖို့ပါ. . . နော်. . . နော်. . .''

''မယူဘူး. . . ပြန်ယူသွား. . .''





''ငါ့ကို စိတ်မကောင်းအောင်မလုပ်ပါနဲ့ မြထွေးရှင်ရယ်. . .''

ရွှေကျီးညိုကလည်း ကုလားခွဲ၊ ပီလောခွဲ၊ တယောခွဲ၊ ကင်ပွန်းသီးခွဲ. . . အစုံခွဲသည်။

''ကဲ. . . ဟေ့. . . ငါ့တူကြီး ပြန်လိုက်ဦးကွယ်. . .၊ ဒါတွေထားခဲ့ပါ. . . ထားခဲ့ပါ. . .၊ ငါ့တူ စိတ်ချမ်းသာအောင် နောက်ဆုံးအကြိမ်အနေနဲ့ ထားခဲ့ပါ. . .၊ ကဲ. . . မြထွေးရှင်တော်ပြီအေ. . .၊ ခမျာမှာလည်း သံယောဇဉ်စိတ်နဲ့ ခင်မင်စိတ်နဲ့ တပင်တပမ်း ဝယ်လာခဲ့ရတာ. . . ဒါလေးတော့ နားလည်ပေးမှပေါ့. . .၊ ကဲ. . . ကဲ. . . မင်းလည်း ပြန်လိုက်ဦး. . .''

''ဟုတ်. . . ဟုတ်ကဲ့. . . ဒေါ်လေး. . . ပြန်ဦးမယ် နော်. . . နော်. . .''

သူက မြထွေးရှင်ကို ပြောသလိုလို၊ ဒေါ်လေးမြစည်ကို ပြောသလိုလိုလုပ်ရင်း အိမ်ပေါ်မှ ဆင်းသွားသည်။ ဂုတ်တိုများသာ ရှိနေလို့က ခုနေကြိုးများ ဖြည့်ပေးလိုက်လျှင်. . . ဒင်းကို ခွေးပြေးဝက်ပြေး မြင်းပြေးပြေးအောင် လိုက်ဆွဲလိုက်မည့်ဖြစ်ချင်း တောက်. . . ဂုတ်တိုမရှိတာ. . . နာသည်။

ရွှေကျီးညို ပြန်သွားတော့မှ ဒေါ်လေးမြစည်က ကြိတ်၍ ဆုံးမစကား ပြောတော့သည်။ ပြီးခဲ့သည့် အတိတ်က ကိစ္စများကို သိပ်အစွဲအလန်းမကြီးဖို့ တရားချသည်။ လူသည် အတိတ်ဘဝ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးပေးကြောင့် လက်ရှိမျက်မှောက်ဘဝမှာ ကံကံ၏အကျိုးကို ခံစားရလေ့ရှိကြောင်း။

အတိတ်ဘဝ အကြွေးများကို ပစ္စုပ္ပန်မှာ ဆပ်ရသည့်အကြောင်းနှင့် စပ်လျဉ်း၍ ပုံတိုပတ်စများနှင့် တရားပြသည်။ တရားသဘောအရ ကြည့်လျှင် မောင်လွန်းမောင်တို့ ဂုတ်တိုတို့သည် လောကသံသရာ အကြွေးကို ယင်ယင်ရွှယ်ရွှယ်နှင့် လက်ငင်းပေးဆပ်သွားရခြင်းရယ်သာတဲ့. . .။

ဒါကြောင့် သေဆုံးပြီးသွားသူအတွက် သောကရတက်မီး မွှားမနေကြတော့ဘဲ ရှင်သူများရဲ့ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဘဝရှေ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင်. . . ဘယ်လို လုပ်ဆောင်ကျင့်ကြံ နေထိုင်ကြမလဲ. . .၊ ဒါကို အမိက ဦးစားပေး၍ စဉ်းစားရမည်တဲ့။

ခု. . . အရေးကြီးနေသည်က ဗိုက်ထဲကကလေး မမွေးဖွားရသေးသည့် ရင်သွေးနှင့် အဲဒီရင်သွေး အနာဂတ်အတွက် ဘာတွေကြိုတင်စီစဉ်ပြီသလဲ. . .။

မိမိသည် မုဆိုးမ ငယ်ရွယ်သူ. . . လင်မဲ့. . . မိန်းမသား။

လင်ယောက်ျား ရှိစဉ်ကကဲ့သို့ ပလွှားလို့မရ၊ လက်မထောင်လို့မရ။ မာကျောလို့မရ။ ထို့အတူ ဣန္ဒြေသိက္ခာမဲ့ လျှပ်ပေါ်လော်လီတို့လည်း မရ။ တစ်နေ့နေ့ တစ်ချိန်ချိန် အခြေအနေအရ တစ်ပင်လဲပြီး တစ်ပင်ထူရသည့် အခြေအနေမျိုး မကြုံဘူး မရောက်ဘူးလို့ အာမခံနိုင်ရဲ့လား. . .။

အခြေအနေနှင့် အချိန်အခါသည် အချိန်မရွေး ပြောင်းလွဲနိုင်သည်၊ ခုကြည့် စွယ်တော်ရွက်လို ချစ်ခဲ့ကြသည့်အချစ် နိုင်မြဲတာရှည်ချစ်ကြမည်လို့ သစ္စာခံခဲ့သည့်အချစ် ခုတော့. . . ကံမနိုင်၍ သံတိုင် အိမ်ဆောက်ခဲ့သည့် တိုင် ကံမှောက်တော့ ကျိုးခဲ့ရပြီ။

နှစ်ခု တစ်ခု ပြိုကျသွားခဲ့ပြီ။ နှစ်လွှာတစ်ရွက် တစ်ဝက်ပဲ့ခဲ့ပြီ၊
လတစ်စင်း တစ်ခြမ်းပဲ့နေပြီ။

ဘယ်အရာမှ မမြဲ. . .

အားလုံး. . . သခါရ. . . အနိစ္စ။

အခြေအနေ ပြောင်းလဲသည့် ဘဝအနက် လူ့ဘဝသည်လည်းကောင်း၊ တစ်နည်း သက်ရှိလောကသည် ဖြစ်လွယ်ပျက်လွယ် မြန်လွန်းလှသည်။ မာနကိုလျှော့။ ဒေါသကိုလျှော့။ လောဘကိုလျှော့။ အနာဂတ်ကို ပုံသေမယုံကြည်နှင့်. . .။

လူနှင့် လူ့ဝန်းကျင်မှာ နေထိုင်ကြလျှင် အလိုက်သင့် မောင်ဘဦးတော့ ရှိနေကြမှ။ မှန်တာ ပြောလည်း လူမုန်းများမည်။ မမှန်တာလုပ်လည်း ရေလားရမည်။

ဒေါ်လေးမြစည်က တစ်နေ့လုံး တစ်ညလုံး ဆုံးမသည်။ ရန်ကင်း





အောင်နည်း။ အမုန်းနည်းအောင် နေနည်းများကို ပြောပြသည်။ ရန်သူမများဘဲ ချစ်သူခင်သူများတဲ့ ဘဝမှ လုံခြုံမှု အတော်အတန် ရှိသည်တဲ့။

ချစ်သူ. . . ခင်သူ. . .

အဲဒီထဲမှာ. . . ရွှေကျီးညို ကေန် ဝေ ပါသင့်ပါရဲ့လား ဒေါ်လေးရယ်. . . ဟင်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

## လွန်းမောင်ပြန်လာပြီ

ခုတစ်လော ဆေးလုံးကြီးရွာမှာ နာမည်ကြီးနေသည်က လွန်းမောင်နှင့် ဂုတ်တိုကို နေဝင်ဖြိုးဖျ . . ရွာထဲဝင်လာသည်ကို တွေ့ကြသည်ဆိုသည့် သတင်းပဲ ဖြစ်သည်။ ဖြစ်ပုံကသည်လို. . . တစ်ည. . . လုစိန်. . . နွားသွင်းနောက်ကျသည့်နေ့. . .

နွားရိုင်းသွင်းချိန် အပြန်မှာ နွားတစ်ကောင်လိုနေ၍ နောက်ပြန်ကျော့ပြီး ရှာတော့. . .၊ လွန်းမောင် ကွယ်လွန်သည့်နေရာမှ နွားနီကလေးကို သွားတွေ့ရသည်။ နွားနီကလေးသည် သူ့ကို ကြောင်ကြည့်နေ၏။

သည့်နောက် သူ့နောက်မှ တစ်စုံတစ်ဦးက ပုတ်လိုက်သည့်အလား ‘ဖျန်း’ကနဲ အသံကြားရပြီးနောက်. . . ‘ဘဲ’ကနဲ အော်ကာ. . .ရွာထဲသို့ တန်းပြေးတော့သည်။ ဒီတော့မှ လုစိန်ကနောက်မှ အပြေးလေးအလိုက်။ ‘ဟော့ကောင်. . . လုစိန်’ဟူသောခေါ်သံကို ကြားလိုက်ရသည်။ လုစိန်ကြက်သီးမွေးညှင်းများ ထောင်ထသွား၏။





အကြောင်းကား ဟော့ကောင် လုစိန်ဟု ခေါ်သူမှာ ကွယ်လွန်သူလွန်းမောင်ဖြစ်နေသောကြောင့်တည်း. . သူ့ကို မမြင်ရ အသံကို အတိုင်းသား အရှင်းသား ကြားနေရသည်။ သူလန့်၍ တစ်ချိုးတည်း ရွာဆီသို့ ပြေးသည်။ နောက်မှ လွန်းမောင်ရဲ့ ရယ်သံနှင့် ဂုတ်တိုရဲ့ အော်သံကို ကြားခဲ့ရသည်ဟု ဆိုသည်။

ဒီအကြောင်း ရွာထဲမှာ ပြောပြတော့ ဘယ်သူမှမယုံကြ။ လုစိန်ကို တစ်ယောက်ယောက် နောက်နေတာ နေမှာဟုဆို၏။ တစ်နေ့ သောင်းစိန်နှင့် လှအောင်တို့ ညနေဘက် ငါးမျှားပြီး ပြန်အလာ၊ နောက်မှ လူတစ်ယောက်နှင့် ခွေးတစ်ကောင်လိုက်လာသည်။ ‘ဟေ့. . . ဟေ့. . .’ ဟုလည်း လှမ်းခေါ်သည်။ လှအောင်က အသိထဲမှ မှတ်၍ ‘ဟေ့. . . ဘယ်သူလဲ’ဟု လှမ်းမေးလိုက်မှ. . . ခွေးနှင့်လူက သူတို့ကို မှီလာသည်။

“ဘယ်သူလဲကွ. . .”

“ငါပါ. . .”

“ဘယ်က. . . ငါလဲ. . . ကရင်ကြီးလား. . .”

“လွန်းမောင်ပါဟ. . . လှအောင်ရ. . .”

“အောင်မလေး ဗျ. . .”

“အမလေး. . . လွန်းမောင်. . . အမလေးဗျ. . .”

လှအောင်က လွန်းမောင်ဟုဆို၍ အောင်မလေး အော်လိုက်စဉ် သောင်းစိန်က အမလေး အော်ရင်း ပြေးတော့သည်။ တကယ်လည်း သူ လွန်းမောင်နှင့် ဂုတ်တိုကို သူ့ရှေ့မှာ ဘွားကနဲ မြင်လိုက်ရပြီး ရိပ်ကနဲ ပျောက်သွားသည်ကို တွေ့ရသည်။ သည့်နောက် သူက အချစ်ဆုံးသူငယ်ချင်း အစိမ်းသေဘဝနှင့် မကျွတ်မလွတ်ဘဲ တစ္ဆေလိုဖြစ်နေသောကြောင့် ကိုယ်ထင်ပြသည်ဟု ယူဆကာ ကမန်းကတန်း အမျှပေးဝေပြီး သုတ်ခြေတင်လစ်ခဲ့ရသည်။

အဲဒီနောက်ပိုင်း ရွာထဲမှ ကလေးအချို့သည် နေဝင်ဖြိုးဖျနှင့် နွားရိုင်းသွင်းချိန်များမှာ လန့်အော်ကြတာ ရှိလာသည်။ အကြောင်းကား လွန်း



www.burmeseclassic.com

www.burmeseclassic.com



မောင် တစ္ဆေနှင့် ဂုတ်တိုတို နွားများကို လှည့်မောင်းနေသည်အား မြင်ကြ၍ ဖြစ်သည်။ မကြာခင် ရွာသူအချို့သည်လည်းကောင်း၊ သက်ကြီးအချို့သည် လည်းကောင်း၊ လပြည့်ည၊ လကွယ်ညများ ခွေးအူသံကြား၍ ထကြည့်ကြ ရာ လမ်းပေါ်မှာ အလွန်ကြီးမားသော ခွေးနက်ကြီးတစ်ကောင်နှင့် လူတစ် ယောက်ကို မကြာခဏ ဆိုသလို မြင်ကြရသည်။

သူတို့တွေ့ရသည့် လူတစ်ယောက်နှင့် ခွေးနက်ကြီးတစ်ကောင် သည် ရိုးကနဲ ရိပ်ကနဲ ပျောက်သွားနေသည်ဟု သိရသည်။

မြထွေးရှင်ကတော့ လွန်းမောင် တစ္ဆေဘဝနှင့် ရွာထဲဝင်ဝင်လာ သည်ဆိုသည့် အသံကြားရသောအခါ စိတ်မကောင်း။ သို့သော် တွေ့ချင် သည်။ တွေ့ချင်၍ လကွယ်လပြည့် ညတိုင်း စောင့်ကြည့်သော်လည်း ခွေးအူသံများ၊ ခြေသံများ၊ ရယ်သံများ၊ ညည်းသံများကိုသာ ကြားရသည်။ လူပုဂ္ဂိုလ်ကို မတွေ့ရ . .

◆◆◆◆◆

ရွှေကျီးညိုတစ်ယောက် ရွာထဲက အရက်ဆိုင်မှာ ပေသီး၊ နောက် တိုးတို့နှင့် အရက်တစ်လုံးမျှ သောက်ပြီးနောက် ရစ်တွေတွေနှင့် အိမ်ပြန် လာလိုက်သည်။ ညဘက်တစ်ရေးနိုး သောက်ဖို့ အရက်အပိုတစ်လုံးလည်း





ခါးကြားထိုးလာလိုက်သည်။

သူခြံစည်းရိုးတံခါးကို ခပ်တွေတွေနှင့် ပိတ်ကန်ပစ်လိုက်ပြီး ပွင့် အသွားမှာ အထဲကို ဝင်လိုက်သည်။ သည့်နောက် သူ့အိပ်ခန်းရှိရာသို့ ဒယိမ်းဒယိုင် လာလိုက်ပြီး တံခါးကို ခြေကန်ပိတ်လိုက်သည်။ အဖေလည်း အိမ်ပေါ်ထပ်မှာ အိပ်ပျော်နေသည်။ အိမ့် ဘဏ္ဍာစိုးကြီး ဦးဖိုးတုတ်လည်း လှုပ်သံမကြားရ။

သူ ခါးကြားမှ အရက်ပုလင်းကို ထုတ်၍ စားပွဲပေါ်မှာတင်ပြီး ကုတင်ပေါ် ထိုးလှဲချလိုက်သည်။ များမကြာခင် ဦးနှောက် အလည်ဗဟိုချက် မမှုစ၍ တရိပ်ရိပ်လည်လာလိုက်ရာ ကွမ်းတစ်ယာညက် မရှိခင်မှာပဲ ကမ္ဘာ ကြီးပါ ချာချာလည် နေတော့သည်။ အမြင်ရိပ်များကလည်း အမျိုးမျိုး။

သူ့အမြင်ရိပ်ထဲမှာ သူနှင့် မြထွေးရှင် လက်ချင်းချိတ်၍ ရယ်ရင်း မောရင်း သောင်ပေါ်မှာ ပြေးလွှားနေကြသည်။ မြထွေးရှင်က ရှေ့မှပြေး သွားသည်။ သူက နောက်ကနေလိုက်သည်။ မြထွေးရှင်က သူ့ကို ခပ် လှမ်းလှမ်းမှ လက်ညှိုးလေးကွေးကာ ကောက်ကာနှင့် ကလူကလူလုပ်၍ ပြောင်နေသည်။

သူ့ ပြေးနှုန်းအရှိန်မြင့်၍ လိုက်ဖမ်းလို့မိသောအခါ မြထွေးရှင်ရဲ့ ခါးကျဉ်ကျဉ်လေးကို လက်နှင့်သိုင်းရစ် ပွေ့လိုက်ပြီး ရင်ပတ်မွေးများ ကြမ်းကြမ်းထနေသည့် ရင်ခွင်ကျယ်ကြီးထဲသို့ ဆွဲသွင်းပစ်လိုက်သည်။

များမကြာခင် . .။ သူတို့ မောမောနှင့် အိပ်မောကျသွားခဲ့သည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်. . ."

"ဘယ်သူလဲကွ. . ."

"ဒေါက်ဒေါက်. . . ဘုတ် ဘုတ်. . ."

"ပြောလေ. . . ဦးဖိုးတုတ်လား. . ."

အပြင်မှ ပြန်ပြောသံမကြားရ. . ။ အပြင်က တံခါးကို ခေါက်လိုက် ပုတ်လိုက်လုပ်နေသည်။ ရွှေကျီးညိုက "အဖေလား"ဟု ထပ်မေးလိုက်သည်။ အသံတော့ ကြားရသည်။ ဒါပေမယ့် အဖေ့သံမဟုတ်. . ။ ရွှေကျီးညို အိပ်ယာပေါ်မှ ကုန်းထလိုက်သည်။ အချိန်မတော်ကြီးများမှ ဘယ်သူများ ပါလိမ့်. . ။ သည့်နောက် မီးခွက်ကိုထွန်းပြီး တံခါးချက်ကို သတိနှင့် ဖွင့်လိုက်၏။

"ဟင်. . . ဟင်. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . ."

"ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး. . ."

"မင်း. . . မင်း. . . မင်း. . ."

"ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟီး. . . ဟီး. . . ဟီး ဟီး. . ."

"လွန်း. . . မောင်. . . လွန်း. . . မောင်. . ."

"အေး. . . အေး. . . ငါ. . . လွန်း. . . မောင်. . . ဟား. . . ဟား. . . ဟား. . . ဟား. . ."

တံခါးဂျက်ဖြုတ်အပြီး ရွှေကျီးညို မြင်လိုက်ရသည့်ကား သူသတ်လို့ သေသွားခဲ့သည့် သေသူလွန်းမောင်. . . လွန်းမောင် တစ်ကိုယ်လုံးသည် သွေးများပေကျံနေသည်။ သူခုတ်ထစ်ခဲ့စဉ် ဓားချက်များမှ သွေးများ





သည် တစ်ပေါက်ချင်း ကျနေသဲ။ သူသည် တဟားဟား ရယ်ရင်းမှ ရွှေကျီးညိုကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသည်။

လွန်းမောင်ရဲ့ ရင်ဝနှင့်လည်ချောင်းမှ သွေးများသည် ရင်ပတ်ပေါ်သို့ စီးကျနေ၏။ သေလောက်အောင် ခုတ်ထစ်၍ သေပြီလို့ ယုံကြည်မှ စွန့်ပစ်ခဲ့သည့် သူအမုန်းဆုံး လွန်းမောင်သည် သူ့ အခန်းဝမှ ဖြုန်းစားချည်း ရောက်လာသည်ကို တွေ့လိုက်ရသောအခါ အံ့ဩပြီး လိပ်ပြာလွင့်စင် မတတ်နှင့် ကြက်သေသေသလို ဖြစ်သွားခဲ့သည်။

"လွန်း. . . မောင်. . . လွန်းမောင်. . . မင်း. . . မင်း. . ."

"အေး. . . ငါ. . . လွန်း. . . မောင်. . . ပဲ. . . ဒါ. . . က. . . ရော. . . ဘယ်. . . သူလဲ. . ."

လွန်းမောင်က သွေးများပေကျံနေသည့် လက်တစ်ဖက်နှင့် နောက်မှာပါလာသည့် အရာကို လက်ညှိုးထိုးပြလိုက်သည်။ မှောင်ရိပ်မကျတကျမှ ငုတ်ငုတ်ထိုင်ပြီး သူ့ကို စိုက်ကြည့်နေသည့် ခွေးနက်ကြီး ဂုတ်တို. . ။

ဂုတ်တိုသည် ရွှေကျီးညိုကို စိမ်းစိမ်းကြီးစိုက်၍ အခဲမကျေသလို ကြည့်နေ၏။ ဂုတ်တို ရင်ဝမှာလည်း စူးနစ်ဒဏ်ရာ အပေါက်ကြီးဖြစ်ကာ သွေးချင်းချင်း ရဲရဲနီ စီးကျနေသည်။

လွန်းမောင်က ပြောရင်းမှ အိပ်ခန်းထဲသို့ ခြေလှမ်းရန်ပြင်လိုက်သည်။

"လွန်းမောင်. . . မင်း. . . မင်း. . . သေပြီ. . . သေ. . . ပြီ. ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . မင်းတို့က သေပြီဆိုပြီး စွန့်ပစ်ခဲ့တာကိုး။ အခု ငါတို့ မသေလို့ မင်းဆီရောက်လာတာပေါ့၊ ရွှေကျီးညိုရာ။ အခု. . . ငါမင်းကို လာခေါ်တာ. . ၊ မင်း. . . ခု. . . ချက်. . . ချင်း ငါ. . . တို့. . . နဲ့ လိုက်. . . ခဲ့. . . ရမယ်. . . လာ. . . လာ. . ."

လွန်းမောင်က ပါးစပ်ကလည်းပြောရဲ့၊ ပြီးတော့ ရေခဲရိုက်ထားသလို အေးစက်နေသည့် လက်ကြီးနဲ့ အတင်းဝင်ဖက်ပြီး ဆွဲခေါ်တော့သည်။ ရွှေကျီးညိုလန့်ဖျန့် ရုန်းကန်ရင်း လွန်းမောင်ရင်ပက်ကို တစ်အားဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ကန်လိုက်သည်။ လွန်းမောင် သူ့ကန်ချက်ကြောင့် တံခါးဝမှာ ညည်းငြူရင်း လဲကျသွားသည်။ ကန်ချက်ပြင်းသဖြင့် ရင်ဝနှင့် ပါးစပ်ထဲမှသွေးများ အခဲလိုက် အတုံးလိုက် လိုလို ကျလာသည်။

သည့်နောက် ရွှေကျီးညိုက နရံမှာထိုးထားသည့် ဓားရှည်ကို ပြေးအနုတ်။

"ဝေါင်း. . ."

"အ. . . မလေး. . . ဗျ"

"ဝေါင်း. . . ဝေါင်း. . . ဂရီ. . ."

"အား. . . အား. . . အ. . . အ. . ."

သူ့နောက် ကျောပြင်ပေါ်သို့ ရှည်လျားချွန်ထက်သည့် ဂုတ်တိုရဲ့ ရှေ့လက်သည်းများက စူးနစ်ဝင်သွားရာ ရွှေကျီးညို အသည်းခိုက်မျှ နာကျင်စွာ အော်ဟစ်ရင်း ထိတ်လန့်တကြား နောက်ပြန်အလှည့်. . .။

ဂုတ်တို၏ ပါးစပ်အတွင်းမှ အစွယ်ဖွေးဖွေးများက ရွှေကျီးညိုရဲ့ လည်ချောင်းကို မလွတ်တမ်း ကိုက်ဖဲ့ပြီး ဆွဲခါလိုက်သည်။ သူ့လည်ပင်းမှ သွေးများ ပန်းထွက်ပြီး စူးစူးဝါးဝါး နာနာကျင်ကျင် အော်ပစ်လိုက်သည်။ လည်ချောင်းဖလုပ်သည့် ပွင့်ထွက်ပြီးလေများ ထွက်နေ၏။ ဂုတ်တိုသည် အငြိုးကြီးစွာဖြင့် ကိုက်လှဲချပြီး လည်ပင်းပြတ်လုမျှ ကိုက်ခါနေ၏။

ရွှေကျီးညိုလည်ပင်းကို လက်နှင့် ယောင်ရမ်းအုပ်ပြီး အားကုန် အော်လိုက်သည်။

"အား. . . အား. . ."

"လွန်းမောင်. . . မလုပ်ပါနဲ့. . ."

"ဂုတ်တို. . . အ. . . အ. . . ကြောက်. . . ပါ. . . ပြီ. . . ဗျ. . . အား. . ."

"လွန်းမောင်. . . မင်း. . . သွား. . . သွား. . ."

"ဂုတ်တို. . . မ. . . ကိုက်. . . နဲ့. . . မကိုက်. . . ပါ. . . နဲ့. . . အား. . ."





သူ့လည်ပင်းကို ညှစ်ကိုင်ရင်း ကြမ်းခင်းပေါ်မှာ လူးလွန့်အော် ဟစ်နေသည်။ လွန်းမောင်နှင့် ဂုတ်တိုကလည်း ရာဇဝင်အကြွေးကို အကြေ ဆပ်ကြသည်။ လွန်းမောင်က သူ့ နံကြားကို ခြေနှင့်ကန်သည်။ ထရံမှာ ချိတ်ထားသည့် ဓားကိုယူ၍ သူ့တစ်ကိုယ်လုံးကို အညှာတာကင်းမဲ့စွာ ခုတ်ထစ်ထိုးပစ်သည်။ ရွှေကျီးညို လွန်းမောင်ရဲ့ ဓားချက်များကို မရှောင်နိုင် မရှောင်နိုင်သည့်ကြားထဲ ခွေးနက်ကြီး ဂုတ်တိုက ဒလကြမ်း အစွယ်နှင့် ဝင်ဆွဲပြန်သည်။

"အား. . . အမလေးဗျ. . ."

"လွန်းမောင်. . . မ. . . မ. . . လုပ်ပါနဲ့. . . ကြောက်. . . ပါပြီ အဖေရေ. . . အဖေ"

"အ. . . အ. . . အဖေ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . လွန်းမောင်ကွ ဟား ဟား. . . ဟား. . . ဟား. . ."

"အမလေးဗျ. . . အဖေ. . . အဖေ. . ."

"ဝုန်း. . ."

အခန်းဝတံခါးကို ခြေနှင့်ဆောင့်ကန်ပြီး လူနှစ်ယောက် ပြေးဝင် လာကာ သူ့ကို ကိုင်ချုပ်၍ ထိန်းထားကြသည်။ ရွှေကျီးညို မျက်စေ့နှစ်လုံး ကို အစွမ်းကုန်ပြူး၍ လည်ပင်းကို ညှစ်အုပ်ကိုင်ရင်း ထိတ်လန့်ကြောက်ရွံ့ ကြီးစွာ အော်ဟစ်နေသည်။ အော်ရင်း မောဟိုက်နေသည်။

အသားများလည်း တဆတ်ဆတ် တုန်နေ၏။

"ရွှေကျီးညို သား. . . လူလေး. . ."

"မောင်ရွှေကျီးညို. . . မောင်ရွှေကျီးညို. . ."

ရွှေကျီးညို မီးရောင်ရှေ့မှာ မြင်နေရသည့် သူ့အဖေဦးကျီးညိုကို တအားဖက်ထားလိုက်ပြီး. . . တံခါးဝသို့ လက်ညှိုးထိုးပြကာ. . . လန့်ဖြန့် နေသည်။

"လူကလေး. . . မင်း. . . မင်း. . . ဘာတွေ ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ. . . လွန်း. . . မောင်. . . ဒီကို. . . လာတယ်. . ."

"ဟာ. . . မဟုတ်တာ. . . မဖြစ်နိုင်တာ. . . လူကလေးရာ. . ."

"ဟုတ်တယ်. . . တကယ်. . . ပြောတာ. . .၊ ဟို. . . ဟို. . . ခွေးနက်ကြီးလည်း ပါတယ်. . . သွေးတွေလည်း ပေ. . . ပေ. . . ကျံစီးကျလို့ အမလေး. . . ဘုရား. . . ဘုရား. . ."

"ပါရင်ရှိရမှာပေါ့. . . ဘယ်မှာလဲ. . . ကဲ. . . ကြည့်. . ."

"ဟိုဟာဘာလဲ. . ."

ရွှေကျီးညိုက လက်ညှိုးထိုးပြ၍ ဦးကျီးညိုနှင့် ဦးဖိုးတုတ်တို့က မီးခွက်မီးရောင်နှင့် ကြည့်လိုက်ကြသည်။ မြင်ရသည့် အရာကာ အိပ်ခန်း အပြင်ဝမှာ နီရဲသော သွေးကွက်တစ်ကွက်. . .

"ဒါ. . . သွေးကွက်ပဲ. . . သူဌေး. . ."

"ကဲ. . . ကဲ. . . အဲ. . . အဲ. . . ဒါ. . . ဒီကောင်တွေ လာ. . . လာ. . . သွားတာဗျ. . . လာသွားတာ. . ."

"ဖိုးတုတ် ခြံထဲလိုက်ကြည့်တယ်. . ."

ဦးဖိုးတုတ်က မီးတုတ်တစ်ချောင်း ထွန်းညှိ၍ ခြံအနှံ့လိုက်ရှာ ကြည့်သည်။ ဘာမှမတွေ့။ ခွေးအချို့ အူနေသည့် အသံပဲကြားရသည်။ ခွေးအူသံကြားရသောအခါ ရွှေကျီးညို ဖအေလုပ်သူကို ကြုံး၍ ဖက်ထား လိုက်သည်။

"ဘယ်သူမှ မရှိဘူး သူဌေး. . ."

"ဒါ. . . ဒါ. . . ဖြင့်. . . ဒီ. . . ဒီ သွေးက. . . ဘယ်က. . . သွေး. . . သွေး. . . လဲ"

လူကြီးနှစ်ဦး လက်တစ်ဝါးခန့်ပြန့်နေသည့် သွေးကွက်ကိုကြည့်၍ စဉ်းစားသည်။

"ကျွတ်များ မင်းကို ကိုက်ခဲ့လို့လားမှ မသိဘဲ. . ."

"ဘယ်ကလာဗျာ. . . လွန်းမောင်မှ လွန်းမောင်အစစ်၊ ဒီနေရာက နေ ကျုပ်ကို လိုက်ခဲ့လို့လာခေါ်တယ်၊ ကျုပ်က ဓားနဲ့ ပြန်ခုတ်မလို့





လုပ်တော့ ခွေးနက်ကြီးက ကျုပ်ကို အသေအကြေကိုက်၊ လွန်းမောင်က ဓားနဲ့ ပိုင်းခုတ်. . . အို. . ."

"ရွှေကျီးညို လူလေး. . . မင်း အိပ်မက်မက်ပြီး ယောင်နေတာပါ ကွာ. . ."

"အိပ်မက်. . . ဟုတ်လား. . . အိပ်မက်. . ."

"အေးလေ. . . အိပ်မက်မို့ မင်းကိုယ်မှာ ဘာဒဏ်ရာမှ မရှိတာပါ၊ တကယ်ဖြစ်ရင်. . . မင်း ခုလောက်ရှိ သေရောပေါ့ကွ. . ."

"ဟင်း. . . ဘုရား. . . ဘုရား. . . အိပ်မက်. . .၊ အိပ်မက်မို့သာ ပေါ့ဗျာ. . . တကယ်များသာဆို. . . ဟူး. . . တော်ပါသေးရဲ့. . ."

သူ့ခုမှ ကြောက်စိတ် အနည်းငယ်ပြေသွားသည်။ ဦးဖိုးတုတ်က စောစောက သွေးကွက်ကို ဂေါ်ပြားနှင့် ခြစ်ကော်၍ လွှင့်ပစ်လိုက်သည်။ ဦးကျီးညိုသည် အကြောက်မပြေသေးသည့် သားလုပ်သူ မျက်နှာကိုကြည့် ရင်း ရင်ထဲမှာ တစ်မျိုးဖြစ်လာခဲ့ရသည်။

သူတို့နှစ်ဦး သားလုပ်သူအခန်းထဲမှ ပလုံးပထွေး အော်ဟစ်ညည်း ညူသံများကြောင့် ပြိုင်တူ ပြေးလာကြည့်ခဲ့ကြသည်။ သူတို့ရောက်တော့ ရွှေကျီးညိုသည်. . . လွန်းမောင်. . . ဂုတ်တိုစသည့်များကို ရေရွတ်ကာ ကုတင်ပေါ်မှာ လူးလိမ့်နေသည်။

ခေါ်၍ မရသည့်အဆုံး တံခါးကို ခြေကန်ဖွင့်၍ ဝင်ကာ အတင်း လှုပ်နှိုးမေးမြန်းရတော့သည်။ အခု. . . လွန်းမောင် တစ္ဆေက ရွာသားများကို ခြောက်လှန့်နေရာမှ သူ့သားကို စတင်ခြောက်လှန့် စပြုပြီ. . .။

"ဖိုးတုတ်ကို အဖော်ခေါ်အိပ်ပါသား. . ."

"ရတယ် အဖေ. . . ကျွန်တော် အိပ်ရဲတယ်. . . သွားတော့"

သို့နှင့် ဦးကျီးညိုနှင့် ဦးဖိုးတုတ်တို့ အခန်းတွင်းမှ ပြန်ထွက်၍ ကိုယ့်အိပ်ခန်းရှိရာသို့ ပြန်လာခဲ့လိုက်ကြသည်။ အဖေနှင့် ဦးဖိုးတုတ် မရှိတော့မှ၊ သူ ကုတင်ပေါ်မှာ ပက်လက်လှန်ပြီး စောစောက အိပ်မက်ကို ပြန်စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



:

ဘုရား အိပ်မက်တဲ့။ သူက အိပ်မက်လို့ ယခုတိုင်လုံးဝ မထင် လွှန်းမောင် တကယ်လာသည်လို့ပဲ ယုံကြည်သည်။ ကြည့်လေ. . . နီရဲ သောသွေးကွက်ကြီး အထင်အရှား ကျန်ခဲ့တာကို ကြည့်. . .။ အံသည်း ထိတ်စရာ ကောင်းလိုက်တာ။ အိပ်မက်ထဲမှာ ဓားချက်တစ်ချက်ထိလိုက် တိုင်း အူရော အသည်းရော နိုက်အောင် နာလိုက်ရတာ။

ဟူး. . . တော်ပါသေးရဲ့ တကယ် အိပ်မက်ဖြစ်နေပေလို့။

ဒီအဖြစ်မျိုး အပြင်မှာ တကယ် မဖြစ်ပါရစေနှင့်. . .။

ရွှေကျီးညို လွှန်းမောင်ရဲ့ သွေးများပေကျံလူးနေသည့် မျက်နှာ ကြီးကို ဖျောက်ပစ်မရပဲ ပြန်ပြန်မြင်နေသည်။ လွှန်းမောင်က သူ့ကို ဝင်ဖက် ရင်း သူနဲ့လိုက်ခဲ့ရမည်ဆိုသည့် စကားကို ပြန်ကြားကာ ကြက်သီးများ ဖျန်းကနဲ ထသွားရပြန်သည်။ ဖွဟဲ့. . . ဖွ. . . ဖွ. . .။ နိမိတ်မရှိ. . . နမာ မရှိလိုက်ပါဘိ. . .။

သူအရက်ကို ပုလင်းလိုက် တစ်ငုံမော့ချလိုက်သည်။

အရက်သွေးကြောထဲ လျှောက်သွားမှ ရှိုရှိုရဲရဲ ရှိလာသည်။ နောက် တစ်ငုံ. . .။

ခွေးနက်ကြီး. . .။

သူ ဂုတ်တိုကိုရော လွှန်းမောင်ကိုရော ဓားနှင့်ထိုးစိုက် သတ်ခဲ့သည်။ ယခုအခါ သူတကယ် သတ်ခဲ့သည့် လွှန်းမောင်နှင့် ခွေးနက်ကြီး ဂုတ်တိုတို့၏ တစ္ဆေဝိညာဉ်များသည် သူ့ကို စတင်၍ နှိပ်စက်ပြီ. . .။

သူကုတင်ပေါ်မှာ မျက်စေ့ကို စုံမှိတ်ထားလိုက်သည်။ မျက်စေ့ မှိတ်ထားသည့်ကြားမှ လွှန်းမောင်ရဲ့ အံကြိတ်နေသည့်မျက်နှာ 'လာလိုက်ခဲ့' ခေါ်သည့်မျက်နှာကို မြင်နေရပြန်သည်။ သို့ဖြစ်၍ သူငေါက်ကနဲ ထထိုင် လိုက်သည်။ သူ့ရှေ့မှာ လွှန်းမောင် 'ဘွား'ကနဲ ပေါ်လာပြန်သည်။ သူလန့် သွားသည်။ သေသေချာချာ ကြည့်တော့မရှိ။ ဘာမှမရှိ. . .။

ဟော. . . ရယ်သံများ ကြားရပြန်သည်။ သူ ရယ်သံကို လိုက်ရှာ သည်။ မတွေ့။ ခွေးတစ်ကောင် မာန်ဖီသည့်အသံမျိုး ကြားရပြန်သည်။





လိုက်ရှာတော့ မရှိ။

သည့်နောက် ဂယောင်ချောက်ချား ဖြစ်ချင်လာသည်။ သို့နှင့် အရက်တစ်ငုံ ထပ်မော့လိုက်ပြန်သည်။ ပြီးတော့. . . ထရံမှ ဓားရှည်ကို ဆွဲနုတ်၍ ညာလက်နှင့် ကျစ်နေအောင် ဆုပ်ကိုင်ထားလိုက်သည်။ ဓား သွားကို လက်နှင့် စမ်းကြည့်သည်။ ဓားသွားက မြ နေသည်။

မအိပ်ခင်ဓားဆွဲပြီး အခန်းဝန်းကျင် အတွင်းအပြင် လွှန်းမောင်နှင့် ခွေးနက်ကြီးကို လိုက်ရှာသည်။ လုံးဝမရှိတော့မှ အိပ်ယာပေါ် ဓားပိုက်ပြီး လှဲချလိုက်သည်။ မှေးကနဲ အိပ်ပျော်သွားသည်နှင့် လွှန်းမောင်က သူ့ကို လာခေါ်နေပြန်သည်။ မလိုက်ဖူးဆိုလို့လည်း မရ။ အတင်းဝင်ဆွဲသည်။ မလိုက်တော့ ခွေးနက်ကြီးက သူ့လည်ပင်းကို ခုန်အုပ်တော့သည်။

ပြီးနောက် လွှန်းမောင်က သူ့ကို ထမ်းခေါ်ပြေးသည်။ ရွှေကျီးညို က အသံကုန်အော်သည်။ လွှန်းမောင်သည် အလွန်မြင့်မားသည့် တောင် ပေါ်သို့ သူ့ကို ထမ်းခေါ်တက်သွားသည်။ ပြီးနောက် တောင်ကမ်းပါး ပေါ်မှ အောက်ဖက်ရှိ အလွန်တရာ နက်လှသည့် ချောက်ထဲသို့ သူ့ကို ပစ်ချလိုက်သည်။

သူ မျက်စေ့စုံမှိတ်ပြီး အမေ့ကို အော်ခေါ်သည်။ အဖေ့ကို ခေါ်သည်။ မြတွေးရှင် နာမည်ကို အားကိုးတကြီး အော်ခေါ်သည်။ နက်ရှိုင်းလှသည့် ချောက်အတွင်းသို့ သူ့ကိုယ်လုံးသည် လေထုကို ထိုးခွဲကာ တရိပ်ရိပ် ကျဆင်းနေသည်။ သူသေရတော့မည်။ မုချမသွေ ကြောက်မက်ဖွယ်ကြီးစွာ သေရတော့မည်။

မကြာခင် အောက်မှာ ချွန်နေသည့် အင်ကြင်းကျောက်ချွန်ကဲ့သို့ သော အချွန်ပေါ်သို့ သူဝမ်းလျား မှောက်ကျသွားသည်။ ကျောက်ချွန်သည် သူ့ ဝမ်းဗိုက်ကိုဖောက်၍ ကျောဘက်မှ အချွန်များ ထုတ်ချင်းခတ် ဖောက် ထွက်သွားသည်။

ရွှေကျီးညို ငယ်သံပါအောင် လူးလွန့်ရင်း အော်ဟစ်နေသည့် အခိုက် လွှန်းမောင်သည် သူ့ဂုတ်ပေါ်မှခွစီးပြီး သူ့ဆံပင်များကို စုကိုင်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ အားရပါးရ အသည်းတုန် လှိုက်အော်ဟစ်၍ ရယ်နေသည်။ သူ နာကျင်လွန်းလှ၍ အဖေ့ကို အော်ခေါ်သည်။

ဦးတုတ်ကြီးရဲ့ လှုပ်နှိုးသံကြားမှ သူဖောင်ရွှေမျှား ပျံပြီး အိပ်ယာမှ ထနိုင်တော့သည်။ သူနိုးသည့်အချိန်၌ နေရောင်သည် ပြူတင်းပေါက်မှ ဝင်နေပြီ. . .

ဆိုရလျှင် ဤကဲ့သို့သော မကောင်းဆိုး အိပ်မက်မျိုးသည် တစ်ပတ်မှာ နည်းဆုံးသုံးကြိမ်ခန့် သုံးရက်ခန့် မက်နေရသည်။ တစ်ရက်ခြား မက်နေရသည်။ လွန်းမောင်နှင့် ဂုတ်တိုတို့ရဲ့ မကောင်းဆိုးဝါး ဝိညာဉ်များသည် သူ့ကို ထပ်ချပ်မကွာ လိုက်လံ နှောင့်ယှက်နေမှန်း ကြာတော့ ရိပ်စား သဘောပေါက်လာခဲ့သည်။

ဒါကြောင့် ညအိပ်ယာဝင်တိုင်း ဘုရားတရားကို သတိမရနိုင်. .။ အိပ်ကာနီးကြလျှင် အရက်ခပ်ပြင်းပြင်းကို မူးအောင်သောက်၍ အိပ်ခဲ့ရသည်။ အိပ်မက်ဆိုးများမှ တစ်ရေးနိုးလျှင် အနီးရှိ အရက်ပုလင်းကို သောက်ပြီး ဒလကြမ်းမော့ပစ်လိုက်သည်။ အရက်မူးနေသောအခါ အိပ်မက်ဆိုးများနှင့် သူ နပန်းလုံးရဲလျှက်ရှိလေသည်။

ဒီလို အိပ်မက်ဆိုးများနှင့် ရှုံးသွပ်သွားမတတ် ချောက်ချားနေရသူ မှာ ရွှေကျီးညို တစ်ယောက်တည်းလားဆိုတော့ သူတစ်ယောက်ထဲမဟုတ်။ ပေသီး၊ နောက်တိုးနှင့် လူမိုက်သံခဲတို့လည်း အိပ်မက်ဆိုးများနှင့် ကြုံလိုက် တကယ့် တစ္ဆေနှင့်ကြုံလိုက်ဖြစ်ကာ. . . သွေးလန့်ပြီး. . . အိပ်မပျော်ဖြစ်ခဲ့ ရသည်။ ဒီအကြောင်းကို ရွှေကျီးညိုကြားခဲ့ရသောအခါ ပို၍အံ့သြလာခဲ့ရ တော့သည်။ ဒါ. . . ဒါ. . . အိပ်မက် မဖြစ်နိုင်တော့. . .

သူ့ကို သေမင်းလာခေါ်နေသလို မက်သည့် အိပ်မက်မျိုး မကြာ ခဏ မက်ရဖန်များလာခဲ့သောအခါ ရွှေကျီးညို ဂဏှာမငြိမ်တော့။ သွားရင်း လာရင်း စားရင်းသောက်ရင်း ကြောင်အမ်းအိမ်းဖြစ်လိုက်။ ရတ်တရက် ထပြေးမလိုဖြစ်လိုက်။ အလကားနေ လန့်အော်လိုက် ဖြစ်ဖြစ်နေသည်။ ဒါကြောင့် ညဘက်စောစောပြန်ပြီး အရက်ကို အမူးသောက်၍ အိပ်ပျော်





ရသည်။

အိပ်ပျော်ရသည်ဆိုရာမှာလည်း လွန်းမောင်နှင့် ဂုတ်တိုတို့က သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး လွန်းမောင်ကိုသတ်ခဲ့သည်။ လမ်းပင်ချောင်း ရိုးရှေ့ လယ်ကွင်းထဲမှာပဲ လွန်းမောင်က သူ့ကို ဓားနှင့်ပိုင်းလိုက်။ ဂုတ်တိုက ဆွဲကိုက်လိုက်။ လွန်းမောင်က ဓားနှင့်ထိုးလိုက်။ ဂုတ်တိုက အူတွေကို ကိုက်ချီပြေးလိုက် စသည့် အိပ်မက်ဆိုးများကိုမက်ရင်း အိပ်ပျော်နေရခြင်း ရယ်သာ. .။

အရက်ကိုသောက်ပါများလွန်း၍ သူ့မျက်နှာသည် ဖောအစ်အစ် ယောင်အမ်းအမ်း ဖြစ်လာသည်။ အသောက်များ၏ တပည့်လုပ်သူ ပေသီးက ဝေဖန်စကားပင်ဆိုခဲ့ချေ၏။

"ခုတစ်လော. . . ဆရာကျီး. . .တယ်သောက်ပါကလားဗျ. . ."

"အေးကွာ. . ."

"ဘယ်လိုဖြစ်နေလို့လဲ. . . ဘာစိတ်ညစ်စရာများ ရှိနေလို့လဲ ဆရာကျီးရဲ့၊ လွန်းမောင်ကိစ္စလည်း ပြတ်ပြီ၊ အမှုကိစ္စကလည်း အေးဆေး သွားပြီ၊ မြထွေးရှင်တို့ အိမ်ကိုလည်း ကြိုက်တဲ့အချိန်သွားလို့ ရနေသည် ဥစ္စာ ဘာများညစ်နေရပြန်ပတုန်းဗျ၊ ခုတလော ဆရာကျီးကြည့်လိုက်ရင် ရွှင်တယ်ကို မရှိဘူး. .၊ မှိုင် ငိုင် ညှိုးနွမ်းလို့၊ ဘာလဲ. . . ငယ်ချစ်ကလေးနဲ့ အဆင်မပြေဘူးလား. . . ဟုတ်လား. . ."

ပေသီးက အရက်ငှဲ့ပေးရာမှ ဝေဖန်စကားဆိုနေ၏။ မေးခွန်းများ မေးသည်။ နောက်တိုးကလည်း ပေသီးထောက်ပြတော့မှ သူတို့ဆရာ အခြေအနေကို ခန့်မှန်းမိပြီး. စိုးရိမ်သလိုလို ရှိသွားခဲ့သည်။ သူတို့ဆရာ ဘာများ အခြေအနေ မကောင်းလို့လဲ။

ဆရာ အခြေအနေ မကောင်းလျှင် တပည့်များလည်း 'သွား' နိုင်သည်။ ထိုကိစ္စများ အနံ့ထွက်လို့လား. . .။ သို့နှင့်. . .

"ဆရာကျီး. . ."

"ဟေ. . . ဟေ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား . . ဆရာကျီးရာ. . ."

"ကောင်း. . . ကောင်း. . . ပါတယ်ကွာ. . .အေ. . . ဟေ့. . ."

"ကောင်းတယ်သာဆိုတယ်. . . ဆရာကျီးဟာက ပေသီးပြောသလိုပဲ. . .အရက်ချည်းနင်းကန်သောက်နေလို့လား မသိဘူး. . .မျက်နှာကြီးကို ဖေါအစ်ကြီး ဖြစ်နေပြီ၊ နည်းနည်းလည်း လျှော့အုံးဆရာကြီး၊ လူ့ဘဝမှာ ပျော်စရာတွေ အများကြီးရှိသေးတယ်. . .၊ ဆရာကျီးတို့ ကျုပ်တို့က သေရင်ငရဲနဲ့ တစ္ဆေပြိတ္တာဘဝရောက်မှာ၊ အဲ. . .အဲဒီ တစ္ဆေပြိတ္တာဘဝရောက်မှ အရက်လည်း မသောက်ရ မိန်းမလည်း မလိုက်ရ ဖဲဝိုင်း ကြက်ဝိုင်းလည်း မသွားရနဲ့. . .ခါးသီးတဲ့ အရသာတွေရမှာ. . .။ ဒါကြောင့် လူ့ဘဝရတုန်း. . .မြန်မြန်မတုံးစေနဲ့လို့. . .ရှေ့က လူမိုက်ဘိုးအေကြီးများက ဆုံးမစကားပြောတာ ကြားနာမှတ်သားရဖူးတယ်၊ ဆရာကျီးရဲ့. . . လျှော့သောက်ပါဗျာ. . . အသေမမြန်အောင် ရေခဲလည်းသောက် ဆရာရဲ့. . . အချိန်တွေ အများကြီးရှိသေးတယ်. . ."

နောက်တိုးက သို့ကလိုပြောပြီး အရက်တစ်ခွက်ကို တပြွတ်ပြွတ်နဲ့ အရသာခံ စုပ်သောက်လိုက်တယ်၊ ရွှေကျီးညို စကားပြောကောင်းသည့် သူ့တပည့်နောက်တိုးကို ရီဝေသော မျက်လုံးကြောင်များနှင့် ကြည့်နေရင်း

"နောက်တိုးနဲ့. . .ပေသီး"

"ဗျာ. . .ဆရာကျီး"

နှစ်ယောက်စလုံး ပြိုင်တူထူး၍ သူတို့ဆရာကို စူးစိုက်ကြည့်လိုက်သည်။ ရွှေကျီးညိုက. . .ဆေးပေါ့လိပ်ကို နဂါးငွေ့တန်းပေါ်အောင် ဖွာရင်း နဂါးငွေ့မီးခိုးတန်းကို အတန်ကြာ စိုက်ကြည့်နေရာမှ. . .

"မင်းတို့နှစ်ယောက်ကို. . .ငါမေးစရာရှိတယ်"

"မေးလေ. . .ဘာမေးမှာလဲ. . .ပြော. . ."

"မင်းတို့ တစ္ဆေဆိုတာကို ယုံသလား. . ."

"ဗျာ. . ."

"တစ္ဆေ. . .တစ္ဆေ. . .ဟုတ်လား. . ."





"ဟုတ်တယ်. . .တစ္ဆေ. . .ဥပမာ. . .သေသူလွန်းမောင်က အစိမ်းသေဘဝနဲ့ မကျွတ်မလွတ်ပဲ. . .တစ္ဆေသူရဲဖြစ်ပြီး. . .လိုက်ခြောက်လှန့်တာမျိုး. . .ယုံသလား. . ."

ရွှေကျီးညိုအပြောကြောင့် ပေသီးက မျက်လုံးကျယ်သွားပြီး ရွှေကျီးညိုကို ပို၍အကဲခတ်ကာ. . .အနီးသို့ရောက်အောင် တိုးကပ်သွားလိုက်သည်။ နောက်တိုးကလည်း သူတို့ဆရာစကားကို မဖယ်ရှားရဲ၍ တွေပြီး စဉ်းစားနေလိုက်သည်။

"မင်းတို့ ယုံလား. . .ပြောကြလေကွာ"

"ယုံ. . .ယုံ. . .တယ်"

ဒီစကားကို တုန်တုန်ရီရီနှင့် ပြောလိုက်တာက ပေသီး၊ ပြောပြီး ပေသီးက အရက်တစ်ခွက်မော့ချလိုက်ပြန်သည်။ ရွှေကျီးညိုက အဖေါ်ရသွားပြီမို့ အားတက်ပြီး တပည့်ကျော်ပေသီးရဲ့ လက်ကိုကျေနပ်စွာ ကိုင်ညှစ်ထားလိုက်သည်. . .။

"မင်း. . .ဘယ်လို ယုံတာလဲ. . .ပေသီး. . ."

"ဟို. . .ဟို. . .ဟိုကောင်. . .ဟိုကောင်. . ."

"ဘယ်. . .ဟိုကောင်လဲကွာ. . .ပြောရင် ရှင်းအောင်ပြောစမ်းကွာ လခွမ်းတဲ့မှာ"

ရွှေကျီးညို အလျင်စလိုမျက်နှာထားနှင့် ဟိတ်ဟောက်လိုက်မှ ပေသီးဝဲယာရှေ့နောက်ကြည့်ပြီး

"လွန်းမောင်. . .လွန်းမောင် တစ္ဆေကို ပြောနေတာဗျ. . ."

"လွန်းမောင်. . .တစ္ဆေ. . ."

နောက်တိုးကလည်း တအံ့တသြနှင့် မျက်လုံးပြူးပြူးပြီး မေးလိုက်ပြန်သည်။ သို့နှင့် သူလည်းရှေ့တိုးလာကာ. . .မကြာခင် သုံးယောက်သား ခေါင်းချင်းဆိုင်လုနီးပါး ဖြစ်သွားကြ၏။

"ဒီမှာ ဆရာကျီး. . .လွန်းမောင်တစ္ဆေ. . .အဲ. . .အဲ. . .တစ္ဆေ လွန်းမောင်က. . .ကျုပ်. . .ကျုပ်ကို. . .လာ. . .လာ. . .ခြောက်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ဟော. . .မင်းကို ချောက်တယ်. . .ဘယ်. . .ဘယ်လို ချောက်လဲ၊ ပြောစမ်း. . .ပြောစမ်း''

''ညဘက် လမ်းသွားရင်. . .နောက်ကနေလိုက်တဲ့ ခြေသံကြားရတယ်. . .တစ်ခါ တစ်လေ. . .လွှန်းမောင်အသံနဲ့ ကျုပ်နာမည်ကို ခေါ်တယ်. . .ရယ်သံလည်း ကြားရတယ်. . .ညဘက်အိပ်ပျော်သွားရင် အိပ်မက်ထဲမှာ လွှန်းမောင်က သွေးသံရဲရဲနဲ့ ဝင်လာပြီး သူနဲ့လိုက်ခဲ့ရမယ် ဆိုပြီး အတင်းဒလကြမ်း ဆွဲဆွဲခေါ်တယ်. . .သိပ်. . .သိပ်. . .ကြောက်စရာ ကောင်းတယ်ဗျာ. . .ဖူး. . .''

''ဘုရားရေ. . .မင်း. . .မင်း တကယ်ပြောနေတာနော်. . .ပေသီး''

''ဘုရားစူး. . .မိုးကြိုးပစ်ရစေရဲ့ ဆရာကျိုးရယ်. . .ဒီအကြောင်းကို ပြောပြချင်နေတာ ကြာပါပြီ. . .တော်ကြာ ဆရာကျိုးတို့က သွေးကြောင်ကြောက်ချေးပါပြီး အရူးချီးပန်း အိပ်မက်မက်နေတာပါလို့ ပြောမှာစိုးလို့ပါ၊ ခုမှ ဆရာကျိုးက စလို့ပြောပြရတာပါ၊ သူများတွေ ပြောသလို ဒီကောင် လွှန်းမောင် တစ္ဆေဖြစ်နေတာ ကျိန်းသေတယ်ဗျ. . .''

ပေသီးက ခေါင်းတရမ်းရမ်း မျက်စေ့တပွတ်ပွတ်နှင့် ပြောရင်း အရက်ကို ငုံ့နေလိုက်သည်။

''မင်း မက်တဲ့ အိပ်မက်ထဲက လွှန်းမောင်အကြောင်း ငါ့ကို ပြောပြစမ်း. . .''

''ဒီလို ဆရာကျိုးရဲ့. . .တစ်ည ကျုပ်အရက်ကလေး နည်းနည်း သောက်ပြီး အိပ်ပျော်သွားတယ်. . .အိပ်မက်ထဲမှာ ကျုပ်က အိပ်နေတာပေါ့ဗျာ၊ အဲဒီအချိန်မှာ ကျုပ်ကို တစ်ယောက်ယောက်က လက်လာဆွဲလှုပ်လို့. . .ကျုပ် လန့်နိုးပြီး ကြည့်လိုက်တော့. . .အမလေး. . .ကျုပ်နံဘေးမှာ ဘယ်သူရောက်နေတယ် မှတ်သလဲ. . .''

''မင်းပြောမှ သိမှာပေါ့ကွ. . .ပြောပါအုံး. . .''

''လွှန်း. . .မောင်. . .လွှန်းမောင်နဲ့ ခွေးနက်ကြီး ဂုတ်တိုဗျာ၊ အမလေး. . .လွှန်းမောင် တစ်ကိုယ်လုံးမှာလည်း သွေးနီရဲရဲတွေ ပေကျံ





နံဟောင်လို့၊ အဝတ်အစားတွေကလည်း ညစ်ပေစုတ်ပြတ်လို့ဗျ၊ သူဟာ ဓားခုတ်ရာ ကန့်လန့်စင်း မျက်နှာကြီးနဲ့ ကိုယ်ကို အပေါ်ကနေမိုးစီးကြည့်ပြီး. . .ပြုံးပြနေတယ်. . .''

''မင်း. . .မင်း. . .ငါ့. . .ငါ့ကို. . .မှတ်. . .မိ. . .ရဲ့. . .လား. . . ပေသီး''

''ဟင်. . .မင်း. . .မင်း''

''ဟား. . .ဟား. . .ဟား. . .ဟား. . .ငါ ဘယ်သူလဲ. . .သိလား။ ကြည့်စမ်း သေသေချာချာ ကြည့်စမ်း''

''မင်း. . .မင်း. . .လွှန်းမောင်၊ လွှန်းမောင်. . .မင်း. . .မင်း. . . သေပြီ. . .သေပြီ''

''ဟား. . .ဟား. . .ဟား. . .ဟီး. . .ဟီး. . .ဟီး. . .ဘယ်ကလာ သေရမှာလဲ. . .မင်းတို့က ငါ့ကို တကယ်သေပြီ. . .မှတ်. . .နေ. . .ကြ. . . တာ၊ လွှန်းမောင်. . .မ. . .မသေဘူး၊ ဘယ်တော့မှ မ. . .သေဘူး၊ သေရမှာက. . .မင်းတို့လေးယောက် ဟား. . .ဟား. . .ဟား. . .ဟား''

''လွှန်းမောင် မင်း. . .မင်း. . .သေပြီ. . .သွား. . .အခုထွက်သွား''

''သွားမှာပါ. . .ဒါပေမင့် မင်းငါနဲ့ လိုက်ခဲ့ရမယ်၊ အခုချက်ချင်း လိုက်ခဲ့ရမယ်၊ ငါ. . .မင်းတို့ လေးယောက်အတွက် ကျင်းလေးကျင်း တူးထားပြီးပြီ. . .ပြီ. . .၊ မင်းဆရာ ရွှေကျိုးညိုကိုလည်း ငါ. . .ခေါ်ထားပြီး ပြီ. . .လာ. . .မင်း. . .မင်း. . .လိုက်. . .ခဲ့''

လွှန်းမောင်က ပြောရင်းကနေ ကျုပ်လက်ကို ဒလကြမ်း ကုတင်ပေါ်က ဆွဲချတယ်၊ ကျုပ်က လန့်ကြောက်ကြောက်နဲ့ သူ့ကို တွန်းပစ်လိုက်တယ်၊ သည့်နောက် အိပ်ယာအောက်က ဓားမြှောင်တစ်ချောင်း ယူလိုက်ပြီး သူပေါ်ခုန်အုပ်လို့ လည်မြိုကို ဓားနဲ့ ထိုးဖို့လုပ်ရော. . .''

''ဝေါင်း. . .''

''အ. . .မလေး. . .ဗျ. . .အ. . .အား''

''ဝုန်း. . .ဂလုံး. . .''



www.burmeseclassic.com

www.burmeseclassic.com



"ပြန်း . .ဝုန်း . ."

"ဝေါင်း . .ဂူး . .ဂရီး . ."

"အာ. . .အား . .အ. . . ဟဲ. . . အဟဲ့. . . ခွေး . . အား . . အာ. . အ. . ."

ခွေးနက်ကြီး ဂုတ်တိုက လေရဲ့လျင်မြန်ခြင်းနဲ့ လွှားခနဲခုန်အုပ်ပြီး ကျုပ်မျက်နှာကို သူ့လက်သည်းရှည်များနဲ့ ကုတ်ခြစ်ချလိုက်တယ်။ ကျုပ်မျက်နှာတစ်ခုလုံးနီးပါးဟာ. . .ဒဏ်ရာကြောင့် သွေးတွေ ပန်းထွက်လာရော-

အဲဒီသွေးတွေ ရင်ပတ်ပေါ် စီးကျလာတာ ကြည့်ပြီး ကျုပ်ဓား လည်း လွတ်ကျခဲ့ပြီ၊ ဒီမှာပဲ လွန်းမောင်က ပြန်းခနဲ ထလာလိုက်ပြီး ကျုပ်ရဲ့ဓားမြှောင်နဲ့ တအားထိုးစိုက်လိုက်တယ်. . .

"အား . ."

"မင်း . .မင်းတို့. . .ငါ့ကို. . .ထိုးခဲ့တဲ့ နေရာလေ၊ အဲဒီ နေရာကို ပြန်ထိုးပြတာ. . .နာ. . .နာလားဟင်. . .ပေသီး၊ နာရဲ့လား . ."

"အ. . .မ. . .လေး. . .အား . .ကျွတ်. . .ကျွတ်. . .ကျွတ် နာ. . နာတယ်"

"ဟား. . .ဟား . .ဟား . .ဟား . .နာတယ် ဟုတ်လား၊ ကိုယ့် အသားကျတော့ နာမှန်းသိသားပဲ ကဲ နာအုံးကွာ. . .ကဲ. . .ကဲ. . . ကဲ. . ကဲ. . ."

"ခွပ်. . ."

"အား. . ."

"စွပ်. . ."

"အီး. . ."

"ရွှီ. . ."

"အင်း . .အင်း . .အ. . .အ. . ."

လွန်းမောင်ဟာ အညှိုးကြီးစွာ ဒေါသကြီးစွာ ရက်စက်ကြမ်း ကြုတ်စွာနဲ့ ကျုပ်ရဲ့ကိုယ်ခန္ဓာအနှံ့အပြားကို ဓားမြှောင်နဲ့ လိုက်စိုက်ထိုး





မွှေပစ်နေတယ်. . .ကျုပ်လည်း သွေးရူးသွေးတန်း . .အော်ဟစ်ပြီး. . .ထွက် အပြေး . .

"ဟော့ကောင်. . .ပေသီး . .မပြေးနဲ့"

"မ. . .ပြေး. . .နဲ့"

"သွား . .သွား . .မင်း . .ငါ့ကို. . .မ. . .မရက်စက်. . .ပါနဲ့"

"မပြေးနဲ့. . .မင်း . .ပြေးလို့. . .မလွတ်တော့ဘူး၊ မင်းတို့ သေချိန် တန်ပြီ. . .ဂုတ်တို. . .ရှင်းလိုက်. . ."

"ဝုန်း . ."

"ဂရောင်း . .ဂရီး"

"ဝေါင်း . ."

"ဘုန်း. . ."

"အား . ."

ဓားဒဏ်ရာကို လက်နဲ့ပိတ်ပြီး ပြေးနေတဲ့ ကျုပ်ရဲ့နောက်ကျော ပေါ်ကို ခွေးနက်ကြီး ဂုတ်တိုက အားကုန်ခုန်အုပ်လိုက်လို့ မြေကြီးပေါ် မှောက်ယက်လဲကျသွားတယ်. . .လဲအကျမှာပဲ ဂုတ်တိုက ကျုပ်ရဲ့ လည်ပင်း ကို သူ့ပါးစပ်နဲ့ ကိုက်ခဲပြီး ဆွဲခါပစ်လိုက်တယ်. . .အမလေး ဆရာ. . . ကျိုး . .ကျုပ်. . .ကျုပ်. . .ဆက်. . . ဆက်. . . မပြောပါရစေနဲ့ဗျာ. . . ဟီး. . .ဟီး. . .

ပေသီးကပြောရင်း ကတုန်ကရင်နှင့် အပမီသလို ဖြစ်ကာ ဟီး ခနဲ ငိုပြီး တက်ချင်သလို ဖြစ်သွား၍ အရက်ခွက်ထဲမှ အရက်များနှင့် သူ့မျက်နှာကို ပက်လိုက်ရသည်၊ သည်တော့မှ သူ ပြန်သတိဝင်လာသည်။

"ရော့. . .ရော့. . .ဒါ အမြန်ချလိုက်"

"ဂွပ်. . .ဂွပ်. . .အား. . .ဟူး"

သူက အရက်ကို အငန်းမရသောက်ရင်း ခေါင်းပေါ်မှ ဆံပင်များ ကို လက်ငါးချောင်းနှင့် ထိုးဖွကာ သက်ပြင်းခိုးများကို မှုတ်ထုတ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီလို. . .အိပ်မက်ဆိုးမျိုး. . .ဘယ်နှစ်ကြိမ် မက်ပြီးပလဲ. . .''

''သုံး. . .သုံးကြိမ် ရှိသွားပြီ''

''သုံးကြိမ်. . .''

''ဟုတ်တယ် ဖြစ်နိုင်ရင် မြန်မြန်တကယ်ပဲ သေလိုက်ချင်တယ်''

''ဟာ. . .မဟုတ်တာကွာ၊ မင်းတို့ပြောသလို. . .ရှေ့ရောက်ပျော်စရာတွေ အများကြီးရှိသေးဥစ္စာ၊ ဘယ်နဲ့ သေချင်ရမှာလဲ. . .အိပ်မက်ဥစ္စာ. . .''

''အိပ်မက်တော့ အိပ်မက်ပေါ့ ဆရာကြီးရာ. . .ဒါက ရိုးရိုးအိပ်မက် မဟုတ်ဘူးဗျ. . .ဒီမှာ. . .ရှူး. . .တစ္ဆေအိပ်မက်၊ တကယ့်ကို ဂလဲ့စားပြန်ချေမယ့် ဝိညာဉ်ဂလဲ့စား အိပ်မက်ဗျ. . .အိပ်မက်၊ ခင်ဗျားတို့ ကျုပ်တို့ လုပ်ခဲ့တဲ့. . .''

''ရှူး. . .ရှူး တိုးတိုး. . .''

ရွှေကျီးညိုက ပေသီးရဲ့ ပါးစပ်ကို အလျှင်အမြန် လှမ်းပိတ်လိုက်ပြီး စကားကို လမ်းခုလတ်မှာပဲ ရပ်စေခဲ့လိုက်သည်။

''သိပ်မတုန်လှုပ်ပါနဲ့ ပေသီးရာ. . .ဒီလို အိပ်မက်မျိုး ငါလည်း မက်နေရပါတယ်ကွ''

''ဗျာ. . .ဆရာကြီးလဲ မက်နေတယ်. . .''

''အေး. . .ငါ ဒီလို အိပ်မက်ဆိုးဆိုးဝါးဝါးတွေကို တစ်ရက်ခြား တစ်ပတ်ခြား မက်မက်နေရတယ်၊ ဒါကြောင့် ငါစဉ်းစားတာပေါ့၊ လွန်းမောင်နဲ့ ဂုတ်တို့ တစ္ဆေဘဝနဲ့ ငါတို့ကို လိုက်နှောင့်ယှက် ခြိမ်းခြောက်နေတာပဲလို့. . .ဒီကောင်တွေ မကျွတ်မလွတ်သေးတာ ကြိမ်းသေတယ်ကွ. . . ဟော့ကောင် နောက်တိုး. . .''

ရွှေကျီးညိုက အနားမှာ ငိုင်နေသည့် နောက်တိုးကို ကျောပုတ်၍ ခေါ်လိုက်သည်။

''အမလေး. . .ဟာ. . .ဆရာကြီးရာ. . .လိပ်ပြာကို လန့်သွားတာပဲဗျာ. . .''





''သောက်ရေးထဲ မင်းဘာများ လန့်နေရတုံးဟ. . .မင်းရော''

နောက်တိုးက ရွှေကျီးညိုနဲ့ ပေသီးကို မဝံ့မရဲ ကြည့်ပြီး ပါးစပ်ကို ပိတ်ထားလိုက်သည်။

''ပြောလေကွာ. . .ငါတို့နှစ်ဦး မက်တယ်၊ မင်းရော မက်လား''

''အင်း. . .''

''မက်တယ်ပေါ့. . .''

''ဟုတ်. . .တယ်. . .မက်. . .ခဲ့. . .တယ်''

''ဘုရားရေ. . .ဒါဆို ပိုကျိန်းသေပြီကွ၊ ဒီကောင်နှစ်ကောင်ရဲ့ တစ္ဆေဝိညာဉ်က ငါတို့ကို ဂလဲ့စားချေဖို့ လိုက်နှောင့်ယှက်တာ သေချာပြီ. . .''

''အဲ. . .အဲဒါ. . .ကျုပ်တို့. . .ဘာ. . .ဘာလုပ်ကြမလဲ. . .''

ပေသီးက မျက်စေ့မျက်ဆံပြူး၍ပြောရင်း. . .နောက်သို့ မလုံမလဲ လှည့်ကြည့်လိုက်သည်။

''ကျုပ်တို့. . .ဘုန်းကြီး ဝတ်လိုက်ကြမလား. . .''

နောက်တိုးက ကြံရာမရသည့်အဆုံး ဝင်ပြောလိုက်သည်။

''အနည်းဆုံး ပရိတ်ကြိုးလေးဖြစ်ဖြစ် လည်ပင်းမှာ ချည်ထားရင် မကောင်းဘူးလားကွာ ဟင်. . .''

''အိုဗျာ. . .ဆရာကြီးကလည်း. . .နေ့စဉ် အရက်သောက်နေတဲ့ ကောင်တွေကို ဒီပရိတ်ကြိုးက. . .ဘယ်လိုလုပ် ကာကွယ်မှာလဲဗျ. . .ခက်ပါ့ဗျာ. . .''

နောက်လိုက် တပည့်များက စိတ်တွေဂယောင်ချောက်ချားဖြစ်ပြီး သူ့ကိုပါ ပြူးပြူးစူစူ လုပ်ချင်လာကြသည်၊ သူတို့သည် တစ္ဆေခြောက်၍ အိပ်ရေးပျက်နေ သွေးလန့်နေမှုန်း သိကြရပြီ ကြာရင် သုံးယောက်ပေါင်း၍ ရူးသွားနိုင်ဖွယ်ရှိသည်။

''ဒါ. . .ဒါဖြင့် ဘာ ဘာလုပ်ကြမလဲ. . .''

''ဒီလို လုပ်ဖို့ပဲရှိတယ်. . .မက်ချင်တဲ့ အိပ်မက်မက်. . .အရက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖင်ထောင်အောင် အမူးသောက်၊ အနား ဓားတစ်ချောင်း ဆောင်ထား၊ ဒီတခွေကောင် အိပ်မက်ထဲ ပဲလာလာ၊ အိမ်ထဲပဲ ဝင်လာလာ၊ ဝင်လာရင် ဒီဓားရှည်နဲ့ ထပိုင်း၊ ကလော်တုတ်၊ သေးနဲ့ပန်း၊ အဲဒါမျိုး သူ့ထက် ပိုကြမ်းပြရင်. . .သူ ပြေးမှာပဲကွ. . .မကောင်းဘူးလားဟေ့. . .''

''အင်း. . .အဲဒါကောင်းတယ်. . .ဒါပဲရှိတယ်''

''ကောင်းရမယ်လေကွာ. . .မင်းတို့ဆရာ ရွှေကျီးညို လက်ရာ ဥစ္စာ၊ မဆလာနံ့ကို သင်းလို့. . .ဟား. . .ဟား. . .ဟား. . .ဟား''

♦♦♦♦♦

# ၁၃

## သံယောဇဉ် ခွေးနက်ကလေးတစ်ကောင်

လောကသံသရာ ဝဲဩဃမှာ အဖန်ဖန်ပြန်လည်ကြတဲ့ ဆန်းကြယ်သော ဘဝများနှင့် ဆန်းကြယ်သော ဘဝများမှ ဆန်းပြားသော ဖြစ်ရပ်များကို ကြုံကြိုက်ရင်ဆိုင်ပေါ်ပေါက်စေဖို့ ဆေးလုံးကြီးကျေးရွာရဲ့ ကံကြမ္မာ စံအိမ်ရှိရာကို သံသရာခရီးသွားတစ်ဦး ရောက်ရှိခဲ့လေသည်။

တစ်နေ့ မြတ္တေးရင်တို့ မိဘများအိမ်မှာ ခွေးဖြူမကြီးက ခွေးကလေးသုံးကောင်ပေါက်သည်။ ခွေးကလေးနှစ်ကောင်သည် မွေးပြီး မကြာခင်မှာပင် ထူးဆန်းစွာ သေဆုံးသွားကြသည်။ အနက်ရောင်တောက်နေသည့် ခွေးနက်ချောလေးတစ်ကောင်ပဲ အသက်ရှင်လျက် ကျန်ခဲ့သည်။

ခွေးနှစ်ကောင် သေပြီးနောက် ခွေးမကြီးသည် စိတ်လေသလို ရှိကာ. . .ကျန်ခွေးနက်ကလေး နို့မခွဲခင်မှာပင်. . .ခွေးဖြူမကြီးလည်း အိမ်မှ ရုတ်တရက် ပျောက်သွားခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ တအီအီအော်နေသည့် ခွေးနက်ကလေးကို မြထွေးရှင် တွေ့လိုက်ရသောအခါ. . .ရင်ထဲမှာ လှိုက်လှဲနွေးထွေးသော ခံစားချက်မျိုး အလိုလို ဖြစ်ပေါ်လာခဲ့သည်။ ခွေးမကြီး သင်းကလေးကို စွန့်ပစ်မသွားခင် ကတည်းက သံယောဇဉ် ဖြစ်လွန်းလှ၍ ဗိုက်ကြီးတစ်ခွဲသားနှင့် အဖေတို့ ရွာလည်သို့ ရက်ခြားရက်ခြား ရောက်ခဲ့ရသည်။

မျက်စေ့ မဖွင့်ခင်ကတည်းက တစ်ကောင်တည်းကျန်ပြီး တစ်ဝကြီး နို့စို့နေရလို့လား မသိ၊ ဝဝကစ်ကစ်နှင့် လုံးအိနေ၏။ အမွေးလေးများန ညက်နက်ပြောင်နေ၏။ နားရွက်ကလေးတိုပြီး ထောင်နေ၏။ အမြီးကလေး ကလည်း တိုတိုကောက်ကောက်၊ ကျောရိုးခါးလျားရှည်လေး. . .၊ သူ့ ကျောပေါ်သို့ မြထွေးရှင်က လက်ညှိုးနှင့် သပ်ပေးလိုက်သောအခါ ခေါင်း လေးထောင် လူးလွန့်ပြီး လက်ညှိုးကို နှာခေါင်းလေးနှင့် လိုက်နမ်းသည်မှာ ချစ်စရာကလေး. . .

မျက်လုံးဖွင့်သည့် အရွယ်ရောက်တော့. . .ချစ်စရာကောင်းလွန်း လှ၍ မြထွေးရှင်က 'ချစ်စရာ'ဟု နာမည်ပေးလိုက်သည်။

''ဟဲ့ကောင်. . .နက်ပြောင်. . .နင့်ကို ငါဒီနေ့ကစပြီး နာမည် ပေးလိုက်ပြီနော်. . .မှတ်ထား နင့်နာမည် ချစ်စရာ. . . ကြားလား. . .''

''ချစ်စရာရေ. . .''

''ချစ်စရာလေးရေ. . .ခစ်. . .ခစ်. . .ခစ်. . .အမေရေ. . .အမေ''

''ဟဲ့. . .သမီးမြထွေးရှင်. . .ခွေးတစ်ကောင်နဲ့ ဘယ်လိုဖြစ်နေ တာလဲ. . .ကြည့်စမ်း ခွေးနဲ့ စကားပြောပြီး ရယ်လို့တော်. . .ညည်းလဲ စိတ်မှ နှံ့ရဲ့လားအေ. . .''

''ကြည့်ပါအုံး အမေရယ်. . .သမီးက 'ချစ်စရာ'လို့ နာမည်ပေး ပြီး ချစ်စရာလေးရေလို့လည်း ခေါ်လိုက်ရော ခေါင်းလေးထောင်ကြည့်လို့ အမေရဲ့၊ ဟောကောင် နင်. . .ငါ့ကိုသိလား. . .ဟင်. . .ဟင်. . .အေး. . .ချစ်စရာ. . .ချစ်စရာရေ. . .ချစ်စရာလေးရေ. . .''

''အီ. . .အီ. . .အီး''





''ဟော. . .ဟော ကြည့်နေအမေ. . .ဟော. . .အသံပေးနေတယ်၊ မြင်လား. . .''

''နင့်လင်မို့ အသံပေးနေတာ နေမှာပေါ့. . .''

''ဟင်. . .''

အမေက မြင်ပြင်းကပ်၍ 'နင့်လင်မို့ အသံပေးတာ နေမှာပေါ့' ဟု ပြောလိုက်သည့်၊ စကားလေးသည် သူမရဲ့ရင်ထဲမှာ လျှပ်ခနဲ ဖြစ် သွားခဲ့ရသည်။ သည့်နောက် ခွေးနက်ပြောင်ချောကလေး ချစ်စရာကို ကောက် ယူကာ ရင်ခွင်ထဲမှာ အသည်းနှလုံးနှင့် နီးနီးကပ်ကပ်ထားလိုက် သည်။

''နင့်လင်မို့''. . .''နင့်လင်မို့''. . .အို. . .မဟုတ်နိုင်ပါဘူး၊ ဒါဖြင့် သူဘယ်သူများ ဖြစ်နိုင်သလဲ. . .'ဂုတ်တို'လား. . .သူတို့ အချစ်တော် ဂုတ်တို ပြန်ဝင်စားလေသလား။

သူမ အရှုံးအမူးတွေးဆရင်း ပျော်နေခဲ့သည်။ ရင်ခွင်ထဲ ရောက် နေသည့် ခွေးနက်ကလေးက. . .သူ့ရင်သားနေရာကို အငမ်းမရ လျှာနဲ့ လျက်နေရာ. . .မြထွေးရှင်က ဟဲ့. . .ဟဲ့. . .ဟဲ့. . .ကောင် အမေမှားနေပြီ ဟု အော်ရင်း လက်ဝါးပေါ်တင်၍ အလှထိုင်ကြည့်နေမိတော့သည်။

နို့ခွဲစ အရွယ်သို့ ရောက်သောအခါ သူ့အမေ မိဖြူကြီး ရုတ် တရက်ပျောက်သွားခဲ့သည်။ သေသလား ရှင်သလား မသိခဲ့ရ၊ ရွာလို့ လည်း မတွေ့။

အရွယ်လေး ရလာသည်နှင့် အနက်ရောင်အသွေးက ပို၍ တောက်ပလာသည်။ ပါးစပ်ကြီးများ ခွေးနက်ကြီး ဂုတ်တိုရဲ့ ပါးစပ်အတိုင်း ပါးစပ်ပြဲပြဲ နှာခေါင်းတိုတိုကြီး သွားကလေးများကလည်း အပ်ဖျားလေးများ အလား စူးချွန်လို့. . .သူ့ကို နို့တိုက်မွေးနေရ၏။

သူက မြထွေးရှင် အသံကြားသည်နှင့် တအီအီလုပ်၍ ခေါင်းလေး မော့ရှာပြီး ခြေလက်တို့ကို လာနမ်းသည်။ ပါးစပ်နှင့် လာခဲသည်။ လက်နှင့် ပုတ်၍ ကစားသည်။ ကိုယ်လုံး ဝကစ်လေးနှင့် ပေါင်ပေါ်တက်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးခေါင်းလေးများ ပွတ်သပ်ပေးလျှင် မျက်လုံးလေးစင်း၍ သန်းရှာခံလူဖိမ်ခံသကဲ့သို့ ငြိမ်နေ၏။ အရသာခံနေ၏။

သို့နှင့် အမေ့ကိုပြောပြီး ခွေးနက်ကလေးကို အိမ်ခေါ်လာလိုက်သည်။ သူ့ကို နေ့စဉ် နွားနို့တိုက်၍ ထမင်းကျွေး၍မွေးသည်။ အိမ်ပေါ်မှာ အဝတ်တောင်းအိပ်စရာလုပ်၍ သိပ်သည်။ နွားနို့-ထမင်းဟင်းနှင့် နေ့စဉ် စားရဖန်များသောအခါ ကိုယ်လုံးသည် လုံးစုဖုထစ်ထွားကျိုင်းစ ပြုလာခဲ့လေသည်။

အိမ်ကို အလည်လာကြသူတိုင်းက ခွေးနက်ကလေး ချစ်စရာကို ချစ်ကြသည်။ အိမ်နီးနားချင်းကလေးများက ခွေးနက်ကလေး ချစ်စရာကို ပွေ့ပွေ့ပိုက်ပိုက်နှင့် ရွာထဲအိမ်များသို့ ခေါ်သွားလျှင်လည်း လိုက်ပါသွားလေ့ရှိ၏။

လိုက်ကာနီး လိုက်ရမလားဆိုသည့်ဟန်နှင့် တအီအီလုပ်ရင်း မြထွေးရှင်မျက်နှာကို ကြည့်၍ အခွင့်တောင်းသလို လုပ်ပြလေ့ရှိ၏။ သွားနင်အိမ်အလည် သွားတော့ဟ. . .ဆိုလျှင် မြူးပျော်ပြီး ကလေးများ ပွေ့ချီရာသို့ ပါသွားလေ့ရှိ၏။

အခြားသော ခွေးကြီးများကလည်း ချစ်စရာကိုမြင်လျှင် မကိုက်ကြ၊ နှာခေါင်းနှင့် တို့နမ်းပြီးနောက် ချစ်စရာကို ကိုက်မလိုဟန်၊ ခြောက်မလိုဟန် လုပ်၍ ကစားကြသည်။ နောင်အခါ ၎င်းခွေးကြီးများကပင် ချစ်စရာကို အကိုက်အသတ်အပုတ် အရှောင်အတိမ်းများကို လက်တွေ့သင်ကြားပေးကြလေသည်။

တစ်ခါ တစ်ခါ ခွေးကြီးများရဲ့ အသင်အပြ ကြမ်းတမ်းမှုကြောင့် ချစ်စရာ ငယ်သံပါအောင် အော်ရသည်လည်း ရှိ၏။ ထိုအခါ မြထွေးရှင်က အလုပ်လုပ်နေရာမှ အမြန်ပြေးလာပြီး. . .''ဟဲ့ ဟဲ့ ကိုယ့်ဆရာတို့ရဲ့ ဖြေးဖြေးဆေးဆေး ချော့ချော့မော့မော့ သင်ကြပါဟဲ့''ဟု ဟူ၍လည်းကောင်း ''ငါ့ . .သားကလေး ဒုက္ခရောက်သွားပါဦးမယ်ဟဲ့''ဟူ၍ လည်းကောင်း ပြောရအော်ရ တားရ၏။





ချစ်စရာသည် နေ့ဘက်အိပ်လျှင် သူမရဲ့ ပေါင်ပေါ်မှာ လာအိပ်လေ့ရှိ၏။ ဟိုဟို. . .ဒီဒီ. . .နောက်ဖေးလမ်းကြား ဥဒဟို လျှောက်သွားလေ့မရှိ၊ အချိန်ပြည့် မြထွေးရှင်အနားမှာ ထိုင်သည်၊ မှီသည်၊ ဆော့ကစားသည်၊ နောက်ပြောင်သည်၊ ညဘက်အိပ်လျှင်လည်း ငယ်စဉ်က အိပ်ယာနံဘေး ခြင်ထောင်အပြင်မှကပ်၍ အိပ်လေ့ရှိသည်။

အိမ်လည်သွားလည်း သူလိုက်ပါသည်။ ရွာထဲ စျေးဝယ်သွားကြေးတောင်းသွားလည်း သူပါသည်။ ဘုန်းတော်ကြီးကျောင်း ဥပုသ်စောင့်သွားလည်း သူပါလိုက်သေးသည်။ သို့ဖြစ်၍ သူ့ကို တစ်ရွာလုံးနီးပါးက ချစ်ခင်ရင်းနှီး သိမြင်နေကြ၏။ ကျွေးလျှင်လည်း သန့်သန့်ပြန့်ပြန့်ကျွေးမှစား၏။ သူစားသည့် ပုဂံကို ဆေးပြီးမှောက်ထားရသည်။ မဆေးကြောပဲနှင့် ကျွေးလို့မရ။

ကြာတော့ ရွာထဲက အပေါင်းအသင်းများက လည်းကောင်း၊ အိမ်နီးနားချင်းများက လည်းကောင်း. . .

''မြထွေးရှင်ရေ. . .မဟုတ်မှလွဲရောပေါ့. . .စိတ်တော့ မဆိုးနဲ့နော်၊ ဒီခွေးနက်ကလေးဟာ. . .ညည်းလင်လွန်းမောင်များ လာဝင်စားလေရောသလားအေ. . .''ဟု ဆိုကြသည့် အခြေအနေရောက်လာခဲ့၏။ ဤမျှ ပြောစရာဖြစ်အောင် တပူးတွဲတွဲ။

လွန်းမောင်ကို သတိရသည့်အခါတိုင်း သူမတွေးကြည့်၏။ ကိုလွန်းမောင်က တစ်ခါ သူ့ကို အိပ်မက်လာပေးဖူးသည်။ သူပြန်လာမည် မြကလေးတို့နှင့် အတူနေမည်တဲ့. . .သူမကို ဂတိပေးသွားခဲ့ဖူးသည်။

ဗိုက်ထဲက ကလေးက ကိုလွန်းမောင်များလား၊ အို. . .သူတော့ ဖြစ်နိုင်မယ်မထင်၊ ဒီကလေးက ကိုလွန်းမောင် ရှိစဉ်ကတည်းက ရသည့် ကိုယ်ဝန်ဥစ္စာ. . .

ဒါဖြင့်. . .ဒီခွေးနက်ကလေး ချစ်စရာသည် ဂုတ်တိုလား. . .

ဒါမှမဟုတ်. . .သူ့လင်ကိုလွန်းမောင် ဝင်စားတာလား. . .

သူမ မဝေခွဲတတ်၊ ဘာပဲဖြစ်ဖြစ် သူမ ဒီခွေးနက်ကလေး ချစ်



www.burmeseclassic.com

www.burmeseclassic.com



စရာကို သားလိုသမီးလို ရင်သွေးလို အဖေါ်မွန်လို အဖေါ်ကောင်းလို အားကိုးစရာအဖြစ် သံယောဇဉ်ကြီးခဲ့ပါပြီ. . .။

အခုတော့. . .မြထွေးရှင်နှင့် ချစ်စရာသည် နှစ်ကိုယ့်တစ်စိတ် ဖြစ်ခဲ့ပြီ။

သည်လိုနှင့် ရက်များမကြာမီ မြထွေးရှင် သားယောကျ်ားလေး တစ်ဦး မီးဖွားတော့သည်။ ချစ်စရာလေးရယ်၊ အသားဖြူဖြူ မျက်တောင် ကော့ကော့ မျက်ခုံး ထူထူ၊ နှာတံ စင်းစင်းလေး၊ မျက်နှာ ဝိုင်းသွယ်လေး၊ မျက်နှာကျက မြထွေးရှင်နှင့်လည်း တူသည်။ ကိုလွန်းမောင်နှင့်လည်း တူသည်။ မြထွေးရှင်က ကိုလွန်းမောင်ကိုယ်စား ကိုယ်ပွားလေးရသည်မို့ ပျော်လို့မဆုံး။

မြထွေးရှင် မိဘနှစ်ပါးကလည်း မြေးဦးလေးရ၍ လက်ကမချ။ နမ်းလို့မဝ။ ကြည့်လို့ မဝနိုင်ကြ၊ မြေးပေါက်စလေးကို ပွေ့ပိုက်ချီရင်း သွားလေသူ သားသမက်အား သတိရပြီး မျက်ရည်စို့လာ၍ သမီးလုပ်သူ မမြင်အောင် မျက်ရည်ကို သုတ်ရသည်။ ယခုအခါ မြထွေးရှင်မှာ ချစ်စရာ ကောင်းသည့် ရင်သွေးငယ် သားဦးတစ်ယောက်နှင့် အားကိုးအားထား ပြုရလောက်သည့် ခွေးနက်လေးတစ်ကောင်တို့ ရှိလာခဲ့ပြီး. .

သူတို့နှစ်ဦးစလုံးကို သားအရင်းအချာကဲ့သို့ တန်းတူ ချစ်ခဲ့ရ သည်။ ကိုယ့်ရင်က မွေးခဲ့သည့် သားနှစ်ဦးအလား တစ်ပြေးညီ စောင့် ရှောက်ကျွေးမွေးခဲ့သည်။ ခွေးနက်ကလေးကို ချစ်စရာဟု အမည်ပေးခဲ့ သလို. . .မျက်နှာမြင်သည်နှင့် ရင်ကို အေးမြစေသောသားကို ''မောင် မေတ္တာ''ဟု အမည်ပေးခဲ့လိုက်သည်။

သည်လိုနှင့် အချိန် ယန္တရားသည် လည်ပတ်ခဲ့၏။ ရာသီတို့သည် သူ့ အလှည့်နှင့်သူ ကမ္ဘာကြီးကို အလှဆင်ခဲ့၏။ ခစားခဲ့၏။ ဝတ်လဲတော်လဲ ပေးခဲ့၏။

အခု မြထွေးရှင် သားလေးပင် (၁)နှစ်သားသို့ ရောက်ခဲ့ပြီဖြစ် သလို ခွေးနက်ကလေး ချစ်စရာသည်လည်း ခွေးနက်ကြီး ချစ်စရာအဖြစ်သို့





ရောက်လာခဲ့လေသည်။ ခွေးနက်ကြီး ချစ်စရာသည် အစားကောင်းကောင်း စားရခြင်း၊ သခင်ရဲ့ သန့်ပြန့်စွာ သုတ်သင်ပြုစုပေးမှုကြောင့် အလုံးအရပ် ကြီး ထွားကျိုင်းပြီး အသွေးအမွှေးများ နက်ပြောင်လှပနေ၏။

ဟောင်လိုက်လျှင် အသံကြီးကလည်း ဝန်းကျင်ကို ဟိန်းသွားလေ့ ရှိသဖြင့် တော်ရုံလူ အိမ်ထဲသို့ နေ့နေ့ညည မဝင်ရဲ။ လူစိမ်းသူစိမ်းနှင့် သူ မျက်နှာကြော မတည့်သူများကို လုံးဝအဝင်မခံ။ အခုတော့ အားကောင်း မောင်းသန် ခွေးနက်ကြီးဖြစ်ပြီ။

အိမ်လည်း အလွန်လုံသည်။ အပြင်သွားစရာရှိ၍ ချစ်စရာ အိမ်စောင့်နေနော် ပြောခဲ့လျှင် အပ်တစ်ချောင်း မပျောက်စေရ။ ညဘက်များ အိမ်ကို လှည့်ပတ်၍ စောင့်ရှောက်သည်။ ကြက်ငှက်ခွေးဝက် စသည်တို့ ကို ဘယ်တော့မှ လိုက်မကိုက်။ အိမ်မှာ မွေးထားသည့် ကြက်ဘဲ ငန်းများကိုပင် သူက စောင့်ရှောက် ကြောင်းပေး၏။

ခု ချစ်စရာက ကလေးများနှင့် သာမက ကာလသားများနှင့်ပါ ဆော့ကစား အရောဝင်နေ၏။ သူသည် မောင်မေတ္တာလေး လေးဘက် သွားသည့် အရွယ်မှစ၍ အနီးကပ် စောင့်ရှောက်၏။ မောင်မေတ္တာ မကျ အောင်၊ မလဲအောင်၊ မငိုအောင် သူက ချော့၏။ ကစား၏။ ကိုယ်လုံးနှင့် ကာကွယ်၍ထိန်း စောင့်ရှောက်၏။ မောင်မေတ္တာကလေးကလည်း အနား မှာ မအေမရှိဘဲ၊ ချစ်စရာရှိနေလျှင် ပျော်နေလေ့ရှိ၏။

ခွေးနက်ကြီးချစ်စရာက မောင်မေတ္တာလေးရဲ့ရှေ့မှာ ကိုယ်ဟန် အမူအယာ အမျိုးမျိုး လက်နှင့်ပုတ်လိုက်၊ ခုန်ပြလိုက်၊ ဝပ်၍ပြောင်ပြလိုက် ဟောင်ပြလိုက်၊ ပြေးမလို၊ ကိုက်မလိုလုပ်ပြနေသောအခါ မောင်မေတ္တာက အဲဒါကို သဘောကျ၍ တခစ်ခစ် ရယ်လေ့ရှိသည်။

အသည်းယားစရာကောင်းသည်ကား ကျွေးနေမွေးနေရင်း တစ်ခါ တစ်ရံ မြထွေးရှင်ရဲ့ပါးကို ချစ်စရာက သူ့နှာခေါင်းကြီးနှင့် နမ်းမလိုလို၊ မထိတထိ လုပ်ခြင်းပဲဖြစ်၏။ အတော်ကို ဆိုးချင်သည့်ကောင်။

ခွေးနှင့် လူတို့၏ သံယောဇဉ်သည် အံ့ဩစရာပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သံသရာဘဝ တစ်ခုက ဆွေမျိုးများ တော်ခဲ့လေရော့သလား။ မေတ္တာတရားက လူနှင့် တိရစ္ဆာန်ပင် ခိုင်ကျည် ထူးထဲလွန်းလှသည်။

ချွင်းချက်တစ်ခုတော့ ရှိသည်။

ခွေးနက်ကြီး ချစ်စရာသည် မောင်မေတ္တာ အပါအဝင် အခြားသော အိမ်နီးနားချင်းများအပေါ် သည်းခံခွင့်လွှတ် အနစ်နာခံနိုင်စွမ်း ရှိပါသော်လည်း သူ သည်းမခံနိုင် ခွင့်မလွှတ်နိုင်သည့် လူအချို့ ဤလောကမှာ ရှိနေသည်ကို သူသာမက ပတ်ဝန်းကျင်ကပါ သိနေကြ၏။

ချစ်ရာ ကြည့်မရ၍ အော့နှလုံးနာနေသူများကား . . ရွှေကျီးညို။ ပြီးတော့ . . ပေသီးနှင့် နောက်တိုး။

ကျက်သရေကင်းမဲ့လှသည့်ရုပ်နှင့် အဖွဲ့တွဲတဝမ်းတွင်း ပုတ်နံဟောင်သည့် ရွှေကျီးညိုတို့အုပ်စုကို လူလူချင်းသာမက အဟိတ်တိရစ္ဆာန်ကပါ ရွံ့ရှာမုန်းတီး၏။

ဂုတ်တိုရှိတုန်းကလည်း . . ဂုတ်တိုမို့လို့။

ရွှေကျီးညိုမျက်နှာနှင့် အသံများ မကြားလိုက်နှင့် မြင်လိုက်ကြားလိုက်သည်နှင့် ကမ္ဘာ့ရန်သူအလား ဆက်ဆံသည်။ တုန့်ပြန်သည်။ ကိုက်မယ်၊ ဝါးမည်၊ ဆွဲခါပစ်မည် တကဲကဲ. . .။

ဂုတ်တို ရန်သူ၊ မသက်သာသူလက်ချက်နှင့် သေဆုံးပြီး၊ "ချစ်စရာ" ဆိုသည့် အကောင်ကလည်း ဂုတ်တိုထက် ကျားစီးဖားစီး ရှိလှ၏။ နှုတ်သီးတုတ်၏။ ပါးစပ်ပြဲ၏။ ရုပ်က တကယ် အနက်ရောင်ခွေးဘီးလူးကြီး။ ဒီခွေးနက်ကြီးကလည်း ရွှေကျီးညိုကို မြင်သည်နှင့် ဘယ်ဘဝ စာချုပ်ချုပ်ထားသည့် ရေစက်ကြွေးလည်းမသိ။ အတင်းဒလကြမ်း ကိုက်ချင် စားချင်ရှာသည်။

မြထွေးရှင်တို့ အိမ်ကို မဖြစ်မနေ လာလည်တိုင်း ဒေါ်မြစည်က ဦးစွာ ချစ်စရာကို သံကြိုးနှင့် အရင်ချည်နှောင်ထားရသည်။

ကြိုးသာချည်မထားလျှင် လူပေါ်ခုန်အုပ်ပြီး လည်မျိုကို ဖောက်၍ သွေးကို သောက်ပစ်မည့်ပုံ။ ရွှေကျီးညို စဉ်းစားကြည့်သည်။ သူ့ဘဝသည် ခွေးနှင့် လုံးဝ အကျိုးမပေး။





အထူးသဖြင့် အနက်ရောင်ရှိသော ခွေးများနှင့် သူကံမအပ်စပ်။

တစ်နေ့ကလည်း ရွှေကျီးညို အရက်ကလေးတွေတွေနှင့် မြထွေးရှင်တို့ ခြံဝရောက်တုန်း ရှိသေးသည်။ ချောင်းဂဏန်းတစ်တွဲလည်း ပါသည်။ သည်ဂဏန်းက အဖေ့တောင် မကျွေးရက်။

"ဝေါင်. . . ဝေါင်း. . . ဝုတ်. . . ဝုတ်. . . ဝေါင်း"

"ဝေါင်း . . ဟီး . . ဂရိ . . ဝေါင်း . ."

သူ့အရိပ် လှမ်းမြင်သည်နှင့် ခွေးနက်ကြီး ချစ်စရာက သံကြိုးတန်းလန်းနှင့် ဒလကြမ်းကြီးကို ခုန်ခုန်ဆွဲရန် ရှန်းကန်တော့သည်။ နိုင်ခန့်တောင့်တင်းသည့် သံကြိုးက သူ့လည်ပင်းကို အမိအရ ထိန်းချုပ်ထားပေလို့။ ဟင်း. . မောဟိုက်ကြီးစွာ ဒေါသကြီးစွာ ရှန်းကန်ရင်း ပါးစပ်မှ အမြှုပ်ထွက်နေတော့သည်။

"ဒေါ်လေး . . မြစည်. . ."

"ဒေါ်. . . လေး . ."

"မြ. . . ထွေး . . ရှင်ရေ . ."

"ဝုန်း . . ဝေါင်း . . ဝေါင်း . . ဝေါင်း . ."

"ဂရိး . . ဂရိး . . ဝေါင်း . . ဝေါင်း . ."

ရွှေကျီးညိုက အော်ခေါ် ချစ်စရာက ဟိန်း၍ဟောက်၍ဟောင်။ တစ်ခြံလုံး ဆူညံနေသည်။ မြထွေးရှင်က ကြားပါသော်လည်း ကလေးပုခက်လွှဲနေသည်မို့ တစ်ကြောင်း။ ဒင်းကို လုံးဝလက်ခံစကား မပြောချင်တာက တစ်ကြောင်းမို့ အသံမပေးဘဲ နေလိုက်သည်။

မနက်ကတော့. . . ချစ်စရာကို ကြိုးဖြုတ်ပေးထားခဲ့တာ။ ကေန္တဒေါ်လေးမြစည် ပြန်ကြိုးချည်ထားခဲ့တာ ဖြစ်မည်။ ဒီကောင်ကြီးကလည်း ခက်သည်။ ဒေါ်လေးမြစည် ထွက်ရင်လည်း နောက်ကနေ တကောက်ကောက်လိုက်ချင်သည်။ လိုက်လည်း လိုက်သည်။

သို့ဖြစ်၍ ဒေါ်လေးက အပြင်သွားသည်ဆိုလျှင် အိမ်မှာ တူမလုပ်သူနှင့် အဖော်ပြုကျန်ခဲ့ရန် ချစ်စရာကို ကြိုးနှင့်ချည်ထားခဲ့လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးညိုသည် ခွေးကို ကြိုးနှင့်ချည်ထားမှန်း သိသောအခါ ပေစောင်းပေစောင်းနှင့် ဝင်လာပြီး အိမ်ပေါ်သို့ မျှော်ကြည့်လိုက်သည်။

"မြထွေးရှင်. . . ဒေါ်လေးမြစည်ရော. . ."

ရွှေကျီးညိုက ကလေးပုခက်လွှဲနေသည့် တစ်သားမွေး တစ်သွေးလှ လှုပ်လှုပ်ခါခါ ပိုးတိုးပွင့်တင့် မြထွေးရှင်ရဲ့ အလှကိုကြည့်ရင်း အိမ်ပေါ် လှမ်းတက်လိုက်သည်။

"မရှိဘူး. . ကုလားမတို့အိမ်သွားတယ်၊ လိုက်ချင်လိုက်သွား"

"အို. . . လိုက်ချင်ပါဘူးဟ. . . မေး. . . မေးကြည့်တာပါ. . . အဟဲ. . . ဟဲ. . . ဟဲ. . . မတွေ့လဲ. . . ကိ. . . ကိ. . . စွမ်ရှိ. . . ရှိပါ ဘူး. . . ဟူး. . . ဟူး. . . ဟူး. . . နင်ရှိလဲပြီးတာ ဥစ္စာ. . . အဟီး. . ."

ထုံးစံအတိုင်း မြင်လိုက်ရသည်နှင့် အခွက်က ကျက်သရေမရှိ။ တဏှာကြော ထောင့်တန်းဆွဲသည့် လေသံနှင့် ပိုးကြွနေသည်။ ဒါကြောင့် ဒင်းမျက်နှာကို ကြည့်ပြီး ချစ်စရာက မနားတမ်း ဟောင်နေတာရယ်။

"ဝါ့ တူကလေးရော. . . အိပ်ပြီလားဟ. . ."

သူက စကားမရှိ စကားရှာပြီး အိမ်ပေါ်တက်ကာ မြထွေးရှင်နှင့် မလှမ်းမကမ်းမှာ လာထိုင်သည်။ ထိုင်ရင်းမှလည်း အင်္ကျီကြယ်သီးနှစ်လုံး ပြုတ်နေသည့် သူမရဲ့ ရင်ညွန့်ကို တဏှာခိုးရမက် ခိုးလျှံသော မျက်လုံးနှင့် စိုက်ကြည့်နေ၍ မြထွေးရှင် ကပျာကယာ ကြယ်သီးများကို တပ်လိုက်ရသည်။

သည်တော့ သူက ကလေးနို့တိုက်ထားရသည်မို့ အတွင်းခံဘော်ဒီမပါပဲ ပိတ်သား အင်္ကျီအောက်မှ လှုပ်ရှားနေသည့် ရင်သားအစုံကို စိုက်ကြည့်ကာ ကျေနပ်ပြုံး ပြုံးနေလိုက်၏။

"ရှင်. . . အခု ဘာကိစ္စရှိလို့လဲ. . ."

မြထွေးရှင်က ရာဂရိပ်တက်နေသည့် ရွှေကျီးညိုရဲ့ မချိုမချဉ် မျက်နှာကို ရွံရှာစွာကြည့်ပြီး ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။ ရွှေကျီးညို သည် လက်ထဲမှ ကြိုးနှင့်စီးထားသည့် ချောင်းဂဏန်း ငါးကောင်တွဲကြီးကို ကြမ်းပြင်မှာ ချထားရင်း. . .။





"နင်တို့ တူဝရီစားဖို့ ချောင်းဂဏန်း လာပို့တာဟ. . .၊ ဒီမှာ ကြည့်စမ်း. . လက္ကယ်ဂဏန်းကြီးတွေရယ် လက်မတွေမှာ အသားပိတ်ပြီး ရင်ပတ်မှာ အဆီကို အစ်လို့ဟ. . .၊ အဲဒါကို မန်ကျည်းရေကျဲလေးနဲ့မျှား ချက်စားရင် အရမ်းကောင်းတာ၊ နင်ကြိုက်တယ် မဟုတ်လား"

"မကြိုက်ဘူး. . ."

"အဲ. . . အဲ. . . နင်ကြိုက်မယ်မှတ်လို့ပါဟ၊ မကြိုက်လည်း ဒေါ်လေးမြစည်ကတော့ ကြိုက်မှာပါ. . . အဟင်း. . ."

"ကိုရွှေကျီးညို. . . ရှင့် နောင်ကို ကျွန်မတို့အိမ် သိပ်မလာပါနဲ့ ရှင်. . .၊ ကျွန်မ တောင်းပန်ပါတယ်. . .၊ အရေးတကြီးကိစ္စရှိလို့ လာရင်လည်း ဘာပစ္စည်းမှ မယူလာပါနဲ့. . ."

"ဘာ. . . ဘာလို့လဲ. . . မြထွေးရှင်ရာ. . . ဟင်. . . ဟင်. . ."

ရွှေကျီးညို မြထွေးရှင် နှုတ်ဖျားမှ ရက်စက်စိမ်းကားသော စကားမျိုး ထွက်လာသည့်အတွက် ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားပြီး ညှိုးငယ်နွမ်း လျှမျက်နှာဖြင့် မော့ကြည့်ကာ. . . အောက်ကျို့မေးလေး မေးလိုက်ရသည်။

"ကျွန်မက လင်မရှိတဲ့ မုဆိုးမ. . . ကလေးတစ်ယောက် အမေ၊ ရှင်က ဒီကို ခဏခဏ လာလာနေတော့ အရပ်က တစ်မျိုးထင်ကြမယ်တော့၊ အဲဒါ ရှင်နားလည်ရဲ့လား. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဒါလား မြထွေးရှင်ရာ ဒါများ အရေးလုပ်လို့ဟာ ကိုယ်ကောင်းခေါင်း မရှေ့ပါဘူးဟ. . .၊ ဒီမှာ မြထွေးရှင် ငါကလေ နင့်ကို ဟို. . . ငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက သံယောဇဉ်ဖြစ်ခဲ့ရတာ နင် အသိပါ. . ."

"ဒီစာတ်ပြားကို ပြန်မဖွင့်ပါနဲ့တော့. . ."

"ဖွင့်ရမှာပဲလေ. . .၊ ပြောရရင်တော့. . .၊ ဟောဒီအိမ်မှာ ငါတို့ ရွာသူမုဆိုးမလေး နင်တစ်ယောက်ထဲ ဦးစီးဦးဆောင်ပြု ရှန်းကန်ရှာဖွေ နေတာ ငါ မကြည့်ရက်ဘူး၊ သွားလေသူ လွန်းမောင်ဆိုတာကလည်း ငါတို့ သူငယ်ချင်းပဲ၊ ယောက်ဖပဲ၊ သူမရှိတော့ သူ့ကိုယ်စား ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရမှာပဲ. . .၊ အထူးသဖြင့် နင့်အနားမှာ ငါတစ်ယောက်လုံး အစဉ်အမြဲ အရိပ်မကွာ ရှိနေတယ်ဆိုတာ. . .၊ နင်သဘောပေါက်ထား စမ်းပါ မြထွေးရှင်။ နင်. . . ငါ့ကို. . . ယုံကြည်စွာ အားကိုးလို့ရတယ်၊ ရိုင်းရိုင်းပြောရရင် နင် နိုင်းစားလို့ ရပါတယ်၊ ငါ. . . လူပျိုပါ၊ ဒါပေမယ့် နင့်လို မုဆိုးမ ကလေးတစ်ယောက် အမေကို ငါမြတ်နိုးတယ်၊ နင်နဲ့ ပတ်သက်လာရင်. . . ငါ နွားလည်းဖြစ်ရဲတယ်၊ ကျွားလည်း ဖြစ်ရဲတယ် သိလား. . .''

ရွှေကျီးညို ဘယ်သူမှ မရှိသည့်အခိုက်၊ ရင်ထဲရှိတာ အကုန် ဖွင့်သည်။ စကားလုံးများနှင့် ချွဲပြသည်။ သဝါရမုန်းတိုင်းကို ဒလကြမ်း တိုက်ပစ်လိုက်သည်။ ဂရုဏာမိုးသီးများ တအားကြွေပစ်လိုက်သည်။ သူသည် မိန်းကလေးကို အသေအကြေကို ချစ်သည်။

ရွာကွမ်းတောင်ကိုင် မုဆိုးမလေး. . .။ သားတစ်ယောက် အမေဖြစ် လာပြီးမှ အလှတွေက ကိုယ်ခန္ဓာပေါ်မှာ တစ်ရစ်ဖွဲ့အား လှုပ်ရှားနေသည်။ ရွှေကျီးညို အဲဒီ အလှကိုမြင်ပြီး အူအသည်းများ ပြောင်းဆန်မတတ် ခံစားခဲ့ရသည့်လည်း ရှိခဲ့ဖူးသည်။

ဒါကြောင့် အခွင့်အရေးရခိုက် သူ့ရင်ထဲက ချစ်ခြင်းဖွဲ့ သမုဒယ ဝေါဟာရများကို နားလည်လက်ခံချင်အောင် စာလုံးပေါင်းပြနေရသည်။

''တော်ပါတော့ ကိုရွှေကျီးညို ကျွန်မကို ကိုယ့်နမသားချင်းလို သဘောထားပြီး ဆက်ဆံချင်တယ်ဆိုရင်. . .၊ နောင် ကျွန်မကို သားစကား၊ မယားစကား၊ ချစ်စကား၊ ကြိုက်စကား ဘယ်တော့မှ မပြောပါနဲ့. . .၊ ကျွန်မ ရင်ထဲမှာ ကိုလွန်းမောင် အမြဲတမ်းရှိနေတယ်၊ ရှင်တို့ အမြင်မှာ ကိုလွန်းမောင် သေခဲ့ပေမယ့် ကျွန်မရင်ထဲမှာ အသည်းနှလုံးထဲမှာ. . . ကိုလွန်းမောင် အမြဲတမ်း ရှင်သန်နေတယ်၊ ကိုလွန်းမောင်ကလွဲရင် ဘယ် ယောက်ျားမှ ကျွန်မ အထင်မကြီးဘူး၊ အားမကိုးဘူး၊ လင်မတော်ချင်ဘူး၊ ကျွန်မ မုဆိုးမ ဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်၊ ကျွန်မတို့ သားအမိ ဝော်လို့မသေနိုင်ဘူး. . .၊ ကျွန်မမှာ မိဘရှိတယ်. . .၊ အသိုင်းအဝိုင်း





ရှိတယ်. . .၊ ကျွန်မရဲ့ ဂုဏ်သိက္ခာကိုငဲ့ပြီး. . . ရှင် ကျွန်မအိမ်ကို မလာပါနဲ့တော့ရှင်. . .၊ ကျွန်မ တောင်းပန်ပါတယ်. . . နော်. . .''

''ဘာဆိုင်လဲဟာ. . .''

''ဆိုင်တာပေါ့. . .၊ ရှင် စဉ်းစားပါလား၊ ရှင့်မှာ နှမဝမ်းကွဲတွေ မရှိဘူးလား. . .၊ ကိုယ်ချင်းစာကြည့်ပါလား. . . ဟင်. . .၊ ရှင်ဒီလို အရှက် မရှိ မျက်နှာပြောင်တိုက် လူနဲ့ လူ့ပတ်ဝန်းကျင် ဂရုမစိုက် ထီမထင်သလို လုပ်နေတော့ အရပ်က တစ်နေ့ သွားပုတ်လေလွင့် ပြောလာရင် ကျွန်မပဲ နစ်နာရမှာရှင်၊ အဲဒါ ရှင်ကိုယ်ချင်း မစာဘူးလား၊ နားမလည်ဘူးလား. . .၊ ကျွန်မက မိန်းမသား၊ လင်သေလို့မှ တစ်နှစ်ရှိသေးတဲ့ မုဆိုးမ၊ ရှင်ရဲ့ တစ်ဖောက်ကန်း တစ်ဘက်သပ်လုပ်ရပ်ကြောင့် ကျွန် သူများရဲ့ လက်ညှိုးထိုး အပုတ်ချ အလှောင်အပြောင်ကို မခံနိုင်ဘူး. . .၊ ဒါ နောက်ဆုံးစကားပဲ ကဲ. . . ရှင်ပြန်တော့. . . ခုချက်ချင်း ပြန်ပါ. . .''

မြထွေးရှင်က ပုခက်လွှဲနေရာမှ ကိုယ်ကိုမတ်၍ စိုက်ကြည့်ပြီး ခပ်မာမာ ပြောင်ပြောင်ပြောချလိုက်သည်။ ဒါမျိုးက ချော့၍မရ၊ လျှော့ ပြောလို့မရ၊ ခပ်ကြမ်းကြမ်းပြောမှ ရမည်။ သင်းတို့ကလည်း လူကြမ်းတွေ လူကြမ်းဆိုတာကလည်း ဒေါသပြိုင်ထွက်ပြီး အမောက်ထောင်ပြမှ နဂါးမုန်း သိတာမျိုးတွေ. . .

''အရပ်က သိလို့ပြောကြလည်း ငါက နင့်ကို အပျော်ကြံဖို့လာတာ မဟုတ်ဘူး၊ ငါ မေတ္တာစစ်၊ မေတ္တာမှန်နဲ့. . .''

''ကိုရွှေကျီးညို မပြန်ဘူးလား. . .''

မြထွေးရှင်က ကြုံးအော်လိုက်သည်။

''ငါ. . . ငါ. . . တကယ်ကို. . . ဘုရားစူး. . . မိုးကြိုးပစ်. . . ချစ်. . . ချစ်. . .''

''ဒီလိုလား သိကြရောပေါ့ဟာ. . .''

မြထွေးရှင် အိမ်ပေါ်မှ ဝုန်းကနဲ ခုန်ဆင်းလိုက်သည်။ သည့်နောက် ခွေးနက်ကြီးချစ်စရာကို ချည်ထားသည့်တိုင်မှ သံကြိုးအား ဖြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့. . . ဟဲ့. . . မြ. . . မြ. . . ထွေးရှင်. . . မ. . . မလုပ်ပါနဲ့ မလုပ်. . . လုပ်. . .''

''ရှင်. . . အခုချက်ချင်း အိမ်ပေါ်ကဆင်း. . .''

''ဆင်း. . . ဆင်း. . . ပါ့မယ်ဟာ. . . အဟဲ. . . ဟဲ. . . ဟို. . ဟို. . . ဟိုကောင်ကြီးကို မ. . . မ''

''ဝုန်း. . . ဝေါင်း. . .''

''အမလေး. . . ဘုရားကယ်တော်မူပါ. . .''

''ဝေါင်း. . . ဝေါင်း. . . ဂရီ. . . ဝုန်း. . .''

''အမလေး. . . အမေရဲ့. . . ကယ်ကြပါအုံး ခင်. . .ခင်ဗျာ. . . ဟီး. . . ဟီး. . .''

ရွှေကျီးညို ပုဆိုးမှ ပြန်ပြင်မဝတ်နိုင်ပဲ။ အိမ်မှ ခုန်ချကာ ပုဆိုးကိုလက်နှင့်ဆွဲကိုင်ပြီး ခြံထဲမှ ဒရောသောပါး ထွက်ပြေးရတော့သည်။ ချစ်စရာသည် သူ့ကိုမြင်သည်နှင့် သူ့သခင်မလက်မှ ရုန်းကန်၍ ကြိုးတန်းလန်းနှင့် ဒေါသတကြီး လိုက်ဆွဲတော့သည်။ မြထွေးရှင်က ခြံထဲမှာ သေမှာစိုး၍ ချစ်စရာကို မနည်းထိန်းဆွဲထားရသည်။

လွှတ်မျှားသာပေးလိုက်ရလျှင် ရွှေကျီးညို ဒီနားမှာ အသားတွေ တစ်စစီ တစ်တုံးတစ်တစ်စီ ဖြစ်သွားနိုင်သည်။ ဒါတောင်သင်းက ခြံဝမှ သံယောဇဉ် အလွမ်းများဖြင့် လှည့်ကြည့် လှည့်ကြည့်လုပ်ပြီး မကျေနပ်ချင်သလို လည်ပြန်ကြည့်နေသဖြင့်. . . မြထွေးရှင် ချစ်စရာကို သံကြိုးလွှတ်ပေးလိုက်တော့သည်။

''ဝေါင်း. . .''

''ဝုန်း. . .''

''အ. . . မလေးဗျ. . .''

''အ. . . ဂရာ. . . ဂရာ. . . ဝုန်း. . . ဝေါင်း. . .''

''အဖေရေ. . . အဖေရဲ့. . . အမလေး. . . အရပ်ကတို့. . .''

ချစ်စရာသည် ကြိုးလျှော့လွှတ်ပေးလိုက်သည်နှင့် ခြံဝမှ ခါးထောက်





ပြီး မိုက်ကြည့်ကြည့်နေသော ရွှေကျီးညိုရှိရာသို့ လွှားကနဲ ပြေးသွားလိုက်သည်။

ကျားသစ်နက်တစ်ကောင်လို လွှားကနဲ ပြေးခုန်ဝင်လာသည့် ခွေးနက်ကြီးရဲ့ လှုပ်ရှားမှုကို မြင်လိုက်သည်နှင့် ရွှေကျီးညို ဘီနပ်နှစ်ဘက်ကို ကပျာကယာ လက်နှင့်ကောက်ကိုင်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးတော့သည်။

ခွေးနက်ကြီးက နောက်က ဒလကြမ်းလိုက်၊ ရွှေကျီးညိုက ရှေ့က ယေသံပါအောင် အော်ပြေး၊ ရွာအိမ်အချို့က လူများက လက်ခုပ်လက်ဝါးတီး၍ ရယ်. . .။ ရွာထဲက ကလေးများ ''ဦးရွှေကျီးညို. . . လိုက်တမ်းပြေးတမ်း ကစားနေတာလားဗျ''ဟု ဝိုင်းအော်ကြ၏။

မျက်စေ့ မြင်ကွင်းထဲမှ ရွှေကျီးညို ပျောက်ကွယ်သွားမှ ချစ်စရာ အိမ်ထဲသို့ ချွေးသံရွှဲရွှဲနှင့် ပြန်ဝင်လာလိုက်လေသည်။

◆◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

## ဝိညာဉ်ကောင်ကို သုတ်သင်ခြင်း

အချိန်က. . . သန်းခေါင်ယံ။

လရောင်သည် ရွာပေါ်သို့ ငွေဒင်္ဂါးများ ဖြန့်ခင်းပေးနေ၏။ ရွာလည်လမ်းမကြီးသည် ငွေရောင်ဆမ်းထားသည့်အလား လင်းလက်နေ၏။

ရွှေကျီးညို ပေသီးနှင့် နောက်တိုးတို့သုံးဦး ပုဆိုးများကို ကိုယ်စီခြုံ၍ မြထွေးရှင်တို့ ခြံရှိရာသို့ ဦးတည် လျှောက်လာကြသည်။

ပေသီးရဲ့ လက်ထဲမှာ အဆိပ်သွင်းထားသည့် အမဲသားတုံးများပါသည်။ ရွှေကျီးညိုရဲ့ ခါးကြားမှာ ဓားမြှောင်တစ်ချောင်းပါသည်။

နောက်တိုးက အဆိပ်လူးမြှားနှင့် ထည့်ပစ်ရသည့် မှုတ်ပြောင်းကို အသင့်ကိုင်၍ လိုက်ပါလာသည်။

ဒီနေ့ည သူတို့ ခွေးနက်ကြီး ချစ်စရာကို အပြီးအပြတ်သုတ်သင်ကြမည့် ဒီခွေးနက်ကြီးသည် မရဏဝိညာဉ်ကိုယ်ပွား မကောင်းဆိုးဝါးကောင်





ဖြစ်သည်။ သူတို့သုံးဦးရဲ့ အိပ်မက်ထဲမှာ အသည်းယားစရာ ထိတ်လန့်စရာကောင်းအောင် အိပ်မက်ဆိုးများ မကြာခဏပေးရင်း သွေးပျက်ရူးသွပ်အောင်လုပ်နေသည့် တစ္ဆေကိုယ်ပွားများထဲမှာ ဒီခွေးနက်ကြီး ပါသည်။

ဒီကောင်မှ ဒီကောင်ကြီး အစစ်. . .

အခု. . . အိပ်မက်ထဲမှသည် သူတို့ မျက်စေ့ရှေ့မှောက်ကို တကယ်ရောက်လာခဲ့ပြီ။ လွန်းမောင့်တစ္ဆေ ဘယ်နေ့ ဒီကိုရောက်လာမလဲ မသိ။

ဒီခွေးနက်ကြီးနှင့်အတူ လွန်းမောင်ရဲ့ တစ္ဆေဝိညာဉ် ပြန်ပူးကပ်ပါလာနိုင်သည်။ လွန်းမောင်ကို ကိုယ်ထင်ကိုယ်ရှား မမြင်ရပေမယ့် ဒီကောင့်အဖော် ခွေးနက်ကြီးကို အထင်အရှား မြင်နေရသည်။ ဒီခွေးကြီး ကိုယ်နှိုက်ကရော လွန်းမောင် မဖြစ်နိုင်ဘူးလား. . .။

ဂုတ်တိုနှင့် လွန်းမောင်ကို သူတို့ အဆုံးစီရင်ခဲ့သည်။ သူတို့ရဲ့ အစိမ်းသေ ဝိညာဉ်များ မကျွတ်မလွတ်ဘဲ ရွာထဲ လျှောက်သွားချောက်လှန့်နေသည်လည်း ရှိသည်။

အထူးသဖြင့် ချစ်စရာ။

ဒီကောင်သည် လွှန်းမောင် ဝင်စားသည်လား။ ဂုတ်တို ဝင်စားသည်လား မသိ။ တစ်ယောက်ယောက်တော့ ကျိန်းသေသည်။ ကြည့်. . သူတို့ သုံးယောက်ကို မြင်သည်နှင့်မျှ မဟုတ်။ အနံ့ရသည်နှင့် ခွေးနက်ကြီး ချစ်စရာက အရိုးရော အသားရော ကြိတ်ရန် အသင့်ရှိနေသည်။

ဒီခွေးနက်ကြီး မြထွေးရှင်တို့ အိမ်ရောက်သည့် အချိန်မှစ၍ ရွှေကျီးညိုတို့ အိပ်မပျော်ခဲ့ရသည့် ညတွေ များလာခဲ့ရသည်။ အိပ်မက်ထဲမှာ လွန်းမောင်ရဲ့ ဝိညာဉ်က လာခေါ်လိုက်။ မလိုက်ဘူး ငြင်းဆန်လျှင် ဟောဟို ခွေးနက်ကြီးက သူတို့သုံးယောက်ကို ကိုက်ဆွဲခါပြီး အူထုတ်စားသည့် အိပ်မက်ဆိုးကို ရက်ခြားပေးလာနေသည်။

အခု ဒီ ဝိညာဉ် မကောင်းဆိုးဝါး ပူးကပ်နေသည့်ကောင်ကို ရှင်းတော့မည်။ သူတို့သုံးဦး ခြံစည်းရိုးနား ကပ်လာနေသည်ကို ခွေးနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာက မြင်သည်။ မြင်သော်လည်း မဟောင်သေးပဲ. . .။ ဒီလူသုံးယောက် ဘာလုပ်ကြဦးမည်ကို ချစ်စရာက သိချင်၍ မြေကျင်းထဲမှာ အသာဝပ်ပြီး ညမျက်စေ့နှင့် စိုက်ကြည့်နေလိုက်သည်။

ရွှေကျီးညိုတို့ သုံးဦးသည် ခြံအတွင်းသို့ လည်တလှည့်လှည့်စောင်းငဲ့ကြည့်ပြီး ဟိုဟိုဒီဒီ လိုက်ရှာနေကြသည်။ သူတို့သုံးဦး အနံ့ရသည်နှင့် ချစ်စရာရင်ထဲမှာ ဒေါသများ ဗလောင်ဆူနေသည်။ အတုံးလိုက်အတစ်လိုက်ဖြစ်အောင် ကိုက်ဝါးပစ်ချင်နေသည်။

ဒီကောင်တွေ ဘာလုပ်မလဲဆိုတာကို အသာ သည်းညည်းခံ၍ကြည့်နေလိုက်သည်။ သူတို့သုံးဦး ထူးထူးခြားခြား ငြိမ်ချက်သား ကောင်းနေသည့် ခွေးနက်ကြီး ချစ်စရာကို မြင်လိုက်ရသောအခါ ပေသီးက အသင့်ယူလာသည့် ဝါးကျည်တောက်ထဲမှ အဆိပ်သွင်း အမဲသားတစ်တုံးကို ခွေးနက်ကြီး ချစ်စရာရှေ့သို့ လှမ်းပစ်ချပေးလိုက်သည်။

ချစ်စရာက သူ့ရှေ့တည့်တည့်သို့ ဘုတ်ကနဲ ကျလာသည့် အမဲသားတုံးကို ရှေ့လက်တစ်ချောင်းနှင့် အသာဖမ်းထားပြီး နှုတ်သီးနှင့် အနံ့ခံလိုက်သည်။ အမဲသားတုံးသည် အမြင်မှာ စားချင်စရာကောင်းသွားရေယိုစရာ ကောင်းလှသော်လည်း အနံ့အသက်တစ်မျိုးကို သူ ကြပ်ဆို့ချင်စရာဖြစ်အောင် ရှူမိလိုက်သည်။

ချစ်စရာ ၎င်းအမဲသားတုံးက မစားသေးဘဲ သူတို့ဆက်လှုပ်ရှားမည့် အပြုအမူများကို ကြည့်နေလိုက်သည်။

မကြာခင် နောက်ထပ်အမဲသား တစ်တုံးထပ်ကျလာပြန်သည်။ သူထရပ်ပြီး အမဲသားတုံးအား အနံ့ခံကြည့်သည်။ မွှေးကြိုင်သော အနံ့ကို ဦးစွာရရှိသော်လည်း ဂရုစိုက်၍ အနံ့ခံကြည့်သောအခါ အန္တရာယ်ရှိသောအနံ့ကို စိတ်ကသိရှိ ခံစားလိုက်ရသည်။

သူပြင်းထန်စူးဝါးသည့် အနံ့ကြောင့် စားဖို့နေနေသာသာ မရှူတော့ပဲ နောက်ပြန်ဆုတ်လိုက်သည်။ သည့်နောက် နောက်ထပ် အမဲသားတုံးများ ရှေ့ဆင့်နောက်ဆင့် ကျလာပြန်သည်။ အားလုံးသော သူ့ ရှေ့





မှောက်မှ အမဲသားတုံးများသည် အဆိပ်သားတုံးများအဖြစ် ဘဝပေး အသိနှင့် သူသိလိုက်သည်။ ဒါ. . . အန္တရာယ်ရန့်. . .။

သူ. . . လုံးဝ မစားမှန်းသိလိုက်သောအခါ. . .

နောက်တိုးက မှုတ်ပြောင်းကို ခြံစည်းရိုးတန်းပေါ်မှာ အသေအချာတင်ပြီး အဆိပ်လူးမြှားတစ်ချောင်းထည့်၍ ပါးစပ်ဖြင့်တော့ မှုတ်လွှတ်လိုက်သည်။

"ဝှူး. ."

"ရှီ. . . ရှီ. . . ရှီ. ."

မြှားတံသည် ငြိမ်သက်နေသော ည၏ လေထုကိုခွဲ၍ ခွင်း၍ သူ့ ရင်ညွန့်ရှိရာသို့ လာနေသည်ကို ချစ်စရာ မျက်စေ့နှင့်ရော နားနှင့်ပါ မြင်ကြားနေရသည်။ လရောင်သည် မိစ္ဆာကောင် သုံးဦးရဲ့ ကိုယ်ပေါ်မှာ အချို့တဝက်ကျနေ၏။

ထူးဆန်းသော လက်နက်တစ်ခု သူ့ရှိရာသို့ အသံမြည်၍ ပြေးလာမှန်း ရုတ်ချည်းသိလိုက်သည်နှင့် ရပ်နေရာမှ မြေကျင်းထဲသို့ အလျားလိုက်ဝပ်ချလိုက်သည်။

အဆိပ်လူးမြှား တစ်ချောင်းသည် သူဝပ်ချလိုက်သည့်နောက်မှ စပါးပုတ်ကို ထိမှန်၍ စိုက်ဝင်နေသည်။ ချစ်စရာ သိလိုက်ပြီ။ သူ. . . သူ့ကို သက်သက် လိုက်လုပ်ကြနေသည့် သားသတ်သမားများနှင့် ရင်ဆိုင်နေရပြီ။

နောက်တိုးက နောက်ထပ် မြှားတစ်ချောင်းထပ်၍ မှုတ်ပစ်လိုက်သည်။ ဟန်ချက် ယိုင်သွားသည်ထင့် မြှားက ချစ်စရာဝပ်နေသည့် ရှေ့မြေပြင်မှာ သွားစိုက်နေသည်။ ချစ်စရာ သိပြီ။ သူလုံးဝ သည်းညည်း မခံနိုင်တော့။

သူဝပ်နေရာမှ ထလိုက်ပြီး ရန်သူသုံးဦး ရှိရာသို့ လှမ်းလာလိုက်သည်။ သူလာနေသည်ကို မြင်ကြသောအခါ ရွှေကျီးညိုတို့ သုံးဦး လက်နက်များကို အသင့်ကိုင်၍ နောက်ကို ပြိုင်တူဆုတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဝေါင်း. . .''

''ဝေါင်း . . ဝေါင်း. . . ဝုတ်. . . ဝုတ်. . . ဝေါင်း. . .''

''ဝုတ်. . . ဝုတ်. . .''

ပေသီးက သားရေလောက်လေးကွင်းနှင့် ဒလစပ်ပစ်သည်။ ချစ်စရာ သူတို့ရပ်နေသည့် စည်းရိုးအနီးသို့ ဝုန်းခနဲ ခုန်ချလိုက်ရာ. . .သုံးယောက်သား လှည့်၍မျှမကြည့်ပဲ တန်းနေအောင် ပြေးကြတော့သည်။

ချစ်စရာကလည်း ခြံစည်းရိုးအပေါက်မှ တိုး၍ သူတို့နောက်သို့ လိုက်သည်။ သူတို့လမ်းမပေါ်မှ ကိုယ်ရှိန်သပ်ပြီး ကြည့်နေကြသည်။ နောက်တိုးက မှုတ်ပြောင်းထဲ မြားအသစ်ထည့်၍ မှုတ်ရန် ပြင်ဆင်နေသည်။ ချစ်စရာ တရှိန်ထိုး ခုန်၍ခုန်၍ ပြေးလိုက်တော့ရာ. . .ပေသီး မှုတ်ပြောင်း ရှည်ကြီး ပစ်ချပြီး. . .ငယ်သံပါအောင်အော်၍ ပြေးတော့သည်။

''ဟေ့. . .ဘယ်သူတွေလဲကွ''

ရွာကင်းမှ ပြေးလာသည့် လူသံများကြား၍ အော်မေးလိုက်သည်။

''ကျုပ်. . .ကျုပ်တို့ပါ. . .ဗျာ. . .ဟော. . .ဟော. . .ဟဲ. . .ဟဲ''

''ဘယ်က ကျုပ်တို့လဲ. . .အခု. . .ထိုင်လိုက်''

မကြာမီ ရွာကင်းမှ ကင်းမှူး ကိုသံခဲနှင့် ကင်းသမားငါးဦး လက်နက်များ မီးတုတ်များ ထွန်းကိုင် ချိန်ရွယ်ကာ ငုတ်တုတ်ထိုင်နေသူ သုံးဦး အနီးသို့ ရောက်လာကြသည်။ ကိုသံခဲက မီးတုတ်ကို မြှောက်၍ လူသုံး ဦးကို လှည့်ကြည့်လိုက်သည်။

''ဟ. . .ရွှေကျီးညိုတို့. . .ပေသီးတို့ပါလား. . .ချွေးတွေလည်း ရွှဲနစ်လို့ ဘယ်နဲ့. . .ညကြီးသန်းခေါင်. . .ဒါ. . .ဘယ်လို ဖြစ်လာကြတာ လဲ''

''ဟို. . .ဟို. . .ဗျိုင်းပစ်ထွက်ရင်း. . .မြထွေးရှင်တို့ အိမ်ဘက်က လှည့်အပြန်. . .ဟို. . .မကောင်းဆိုးဝါး ခွေးနက်ကြီး လိုက်ဆွဲလို့ ကိုသံ ခဲရာ. . .အမလေး. . .ဟူ. . .မော. . .မော. . .လိုက်တာဗျာ. . .ကံ. . .ကံ ကောင်းလို့. . .နို့မို့. . .သေ. . .သေ. . .ရော. . .ဗျ''





သုံးယောက်သား လျှာများထွက်၍ အမောဆို့နေကြသည်။ ကိုသံ ခဲက သူတို့သုံးဦးကို မယုံသင်္ကာသလို လိုက်ပတ်ကြည့်ပြီး. . .

''ဟုတ်ရဲ့လားကွ. . .''

''အဟုတ်ပါ. . .ကိုကြီးသံခဲရာ. . .ဘုရားစူး၊ မိုးကြိုးပစ်၊ မြွေကိုက် ရေနစ်သေရပါစေရဲ့ဗျာ. . .ဟိုကောင် နောက်တိုးမှုတ်ပြောင်းတောင် လမ်းမှာ ပြေးရင်းကျကျန်ရစ်ခဲ့လေရဲ့ဗျာ. . .မယုံရင် သွားကြည့်ပါ. . .လိုက်ပြပါ့မယ် ဗျ. . .''

''အပြေးမြန်လို့ ကိုကြီးသံခဲရ နို့မို့ ကျုပ်တို့ ခွေးစာဖြစ်ရော''

ပေသီးက ချွေးတွေ ရွှဲနစ်နေသည့် အင်္ကျီကို ချွတ်၍ညှစ်ရင်း ပြောလိုက်သည်။

''ဟူး. . .ရင်ကို တုန်နေတာဗျာ. . .လက်ကျန်လေး နည်းနည်း လောက်များ မရှိဘူးလား''

ရွှေကျီးညိုက ကင်းမှူးသံခဲကို အားကိုးတကြီး လှမ်းမေးလိုက် သည်။ ကိုသံခဲက လက်ကျန်ပုလင်းကို ယူပြီး ကမ်းလိုက်သည်။

''တစ်ငုံ နှစ်ငုံလောက်ပဲ ကျန်မယ်. . .ရော့''

ရွှေကျီးညို လက်ကျန်ချက်အရက်ကို မော့ချလိုက်သည်။ အရက် သည် လည်ချောင်းထဲမှ ပူပြင်းခါးသီးစွာ စီးဆင်းသွားသည်။ အရက်ကလေး နည်းနည်းဝင်သွားတော့ သွေးကြောများ ဖျိုးဖျိုးဖျင်းဖျင်းဖြစ်ကာ နေသာ ထိုင်သာ ရှိသွားတော့သည်။

သူကြောက်သွေးများ လွင့်၍ လူပ်လူပ်ရှားရှား ရှိလာခဲ့သည်။ အာသွက်လျှာသွက်လေးလည်း ရှိလာသည်။ ကိုသံခဲက ဒီည ရွာထဲမှာ ပျောက်တာရှိလျှင် မနက် မင်းတို့သုံးယောက်ကို ခေါ်ပြီး အရေးယူမှာပဲဟု နောက်သလိုလို အတည်လိုလို ပြောလိုက်၏။

ရွှေကျီးညိုကလည်း တဟဲဟဲရယ်ရင်း သူ့တပည့်နှစ်ယောက်ကို ခေါ်၍ ပြန်လာခဲ့လိုက်သည်။

အိမ်ရောက်တော့မှ အရက်ပုလင်းတစ်လုံးဖွင့်ပြီး သုံးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



အငမ်းမရမော့ကာ ကုတင်ပေါ် လှဲချလိုက်သည်။

သွားတုန်းကတော့ ဝိညာဉ်ကောင်. . .တစ္ဆေကောင် ခွေးဝင်စားကို သတ်ဖို့သွားတာ၊ ခုတော့. . .ကံကောင်းလို့ ခွေးစာအဖြစ်နှင့် တစ္ဆေဘဝ မရောက်ရတာရယ်. . .ဟူး. . .လွန်းမောင်နှင့် ဂုတ်တို့. . .၊ ဂုတ်တို့နှင့် လွန်းမောင်၊ ဒီကောင်နှစ်ကောင် မြေကြီးထဲရောက်ပြီးသည့် နောက်ပိုင်းမှာတောင် ငါတို့ကို ဒုက္ခလိုက်ပေးတုန်းပါကလား. . .

ဒီကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမည်လဲ. . .

ထွက်စမ်း. . .ဟဲ့. . .အကြဲတွေ. . .ဉာဏ်တွေ၊ ကလိန်ကကျစ် ဉာဏ်တွေ ဘယ်ခရီးလွန်နေကြသလဲ. . .လာစမ်း. . .လာစမ်း. . .မြန်မြန် လာကြဲစမ်း. . .

◆◆◆◆◆

၁၅

## တစ္ဆေရူကါချိန်း

"ဟော့ကောင်. . .ထစမ်း"

"ရွှေကျီးညို. . .ဟော့ကောင်. . .ထလေ. . .ထလေ"

"ဖျန်း. . .ဖျန်း. . .ဖြောင်း. . .ဖြောင်း. . .ဖတ်. . .ဖတ်"

ရွှေကျီးညို သူ့ရဲ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပုတ်နှိုးနေသည့် အသံကြောင့် မျက်လုံးကို အားယူဖွင့်၍ ကြည့်လိုက်သည်။

"ဟင်. . ."

"ဟား. . .ဟား. . .ဟား. . .ဟား. . .ဟား"

သူမြင်လိုက်ရသည်ကား သွေးများပေလူးနေသည့် လွန်းမောင် ဓားခုတ်ရာ ဗလပွနှင့် အဝတ်အစားများ စုတ်ပြတ်ဖွာလံနေသည့် လွန်းမောင်



www.burmeseclassic.com

www.burmeseclassic.com



"မင်း . .မင်း . .လွန်း . .မောင် . .မင်း . .သေပြီ . .မင်း . . ဘာလာလုပ်တာလဲ"

ရွှေကျီးညို ကျောနောက်မှာ လက်ထောက်ရင်း ကြောက်ကြောက်နှင့် ထလိုက်သည်။

"ငါ . .ငါ . .မင်း . .မင်းကို . .နောက်ဆုံးအကြိမ် . .လာခေါ်တာ . .ခု . .လိုက်ခဲ့"

"အို . .မ . .မလိုက်ဖူး . .ငါ . .ငါ . .မလိုက်ဖူး . .သွား . .သွား . .မင်းသေပြီ . .သေပြီ"

ရွှေကျီးညို သူ့အပေါ်မိုး၍ ငုံ့ကြည့်နေသည့် လွန်းမောင်ကို ကုတင်ပေါ်မှ တွန်းချလိုက်သည်။ လွန်းမောင် ကုတင်ဘေးမှ ခွေခေါက်၍ ထဲကျရာမှ အားယူပြီး ပြန်ထရပ်ပြီး သွေးများစီးကျ ပေကျံနေသည့် လက်နှစ်ဘက်ကို ဆန့်တန်း၍ သူ့ဆီကို အံကြိတ်ကာလာနေသည်။

"မင်း . .မင်း . .မလိုက်လို့ . .မ . .ရ . .ဘူး။ အချိန် . .စေ့ပြီ ရွှေကျီးညို . .မင်းတို့ . . .အားလုံး . . .သေနေ့စေ့ပြီ . .လာ . .လာ . . လိုက်ခဲ့ . .လိုက်ခဲ့ . .ဟီးဟီး . .ဟားဟားဟားဟားဟား"

ရွှေကျီးညို ကြောက်လန့်ကြီးစွာနှင့် ကုတင်ကို ပတ်၍ပြေးနေသည်။ လွန်းမောင်ကလည်း သွေးများပေကျံနေသည့် လက်နှစ်ဘက်ကို ဆန့်တန့်ပြီး ကွေးချည်ကုတ်ချည်လုပ်ကာ တစ်လှမ်းချင်းလိုက်နေသည်။ သူ့ဝမ်းဗိုက်မှ အူများသည် တွဲလောင်းပွင့်အန်၍ ထွက်နေ၏။

ရွှေကျီးညို . . .အိမ်နံရံမှာ ချိတ်ထားသည့် ငှက်ကြီးတောင်ဓားကို မြုတ်၍ ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။

"ရွှမ်း . ."

"လွန်း . .မောင်"

"ရွှေ . .ကျီး . .ညို . . ."

သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် နှစ်လံကွာခြားရပ်၍ စိုက်ကြည့်ပြီး အော်လိုက်ကြသည်။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက်





နာကျည်းမုန်းတီးသော မျက်လုံးများနှင့် အားပြိုင်စိုက်ကြည့်လိုက်ကြသည်။ ရွှေကျီးညိုက ဓားနှင့် လွန်းမောင် တစ္ဆေကောင်က ဗလာလက်ချည်း . .

ရွှေကျီးညို ငှက်ကြီးတောင်ဓားဦးနှင့် လွန်းမောင်ရဲ့ ရင်ဝထိုးချိန် ရင်း . .

"လွန်း . .မောင် . .မင်း . .မင်း . .သေပြီးသားလူ . .မင်း . အခု . .ချက်ချင်း . .ငါ့ . .ငါ့အခန်းထဲက ပြန်ထွက်သွား . ."

"မ . . .မသွားဘူး။ မင်း . .မင်းလိုက်မယ် . . .ဆိုမှ ငါ . .ငါ သွားမယ် . . .ဟီး ဟီး"

"မင်း . .မင်း . .မ . .မသွား . .ဘူး . .လား"

"မ . . .သွား . .ဘူး . .မင်း . .လိုက် . .ခဲ့"

"ကဲကွာ . . .ကိုင်းကွာ . . .ကိုင်းကွာ . . ."

"ရှီးရှီး ရှမ်းရှမ်း . ."

"ဒုန်း . .ဒုတ် . . .ဒုတ် . . ."

"ရှီ . .စွပ် . . .ဒုတ် . . ."

"ဝုန်း . .ဝှမ်း . .ဝုန်း . . ."

ရွှေကျီးညို လက်ထဲရှိ ဓားရှည်နှင့် လွန်းမောင်လည်ပင်းကို စလွယ်သိုင်းပိုင်းလိုက်သည်။ ရှီးခနဲ လေကိုခွဲသည့် ဓားသွားသည် သင်းရဲ့ လည်ပင်းကို ထိခိုက်ပြီး ပြန်ခုန်ထွက်လာသည်။

စလွယ်ပိုင်းချက် ထိချက်မကောင်းထင့်၊ ဓားကို ပက်လက်သုတ်ပြီး လက်ပြန်ပိုင်းချလိုက်သည်။ လက်ပြန်ဓားချက်က အားကြီးလှသည်။ လွန်းမောင်ရဲ့ လည်ပင်းထဲ နစ်ဝင်သွားသည်။

ဒီမှာ အံ့ဩစရာ ကောင်းတာကို ရွှေကျီးညို ချက်ချင်း တွေ့လိုက်ရတော့သည်။ ဓားချက်ကို ဆွဲမလိုက်သောအခါ ကွဲသွားသည့် အသားသည် ချက်ချင်း ပြန်စေ့သွားလေ၏။ သည့်နောက် ချွန်မြနေသည့် ဓားဦးနှင့် လွန်းမောင်ရဲ့ ဟာလာဟင်းလင်း ရင်ဝကို ထိုးစိုက်ချလိုက်သည်။ လွန်းမောင် ပါးစပ်ထဲမှ သွေးများ အန်ထွက်လာပြီး မျက်လုံးပြူး သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးညို ဓားကို ဆတ်ခနဲပြန်ဆွဲနှုတ်လိုက်သည်။ ဘုရားရေအထိုးခံထားရသည့် ရင်ဝမှ ဓားဒဏ်ရာသည် ဓားနှုတ်လိုက်သည်နှင့် ချက်ချင်းပြန်စေ့သွားသည်။

သည့်နောက် ဓားရှည်နှင့် ပိုင်းသည်။ သိုင်းခုတ်သည်။ လှန်ခုတ်သည်။ ပတ်၍ခုတ်သည်။ မိုး၍ ခုတ်သည်။ အတည့် ထိုးစိုက်သည်။ ဘယက်လည်လျှောက် ဓားချက်နှင့် ရင်ပတ်ကို ပတ်ဖွင့်သည်။ လွန်းမောင်သည် ယခုအခါ သူ့ဓားချက်များကို လုံးဝငြိမ်မခံပဲ. . .ပြန်လှန်တိုက်ခိုက်ခံတော့သည်။

သူသည် ဇန်တို သိုင်းသမားတစ်ဦးကဲ့သို့ လေထဲမှာ ဝဲ၍ရှောင်၏။ ခုန်၍ရှောင်၏။ ခြေခွဲ၍ ရှောင်၏။ ကပ်၍တိုက်၏။ ငုံ့၍ရှောင်၏။ လွှားခနဲ နောက်ဂျွမ်းနှင့် ခုန်၍ထွက်၏။ အချို့ဓားချက်များအနက် လက်ပြန်ပုတ်သည့်ဓားချက်သည် အားပါလှ၏။

သူက မိုးဓားနှင့် ခုတ်သည်ကို လက်ဝါးနှင့်ပင့်၍ ဓားကိုင်လက်ကို ဆုပ်ပြီး တံခေါင်နှင့် အတွင်းလှည့်ထွက်ပြီး တွက်သည်။ နံရိုးများကျိုးပြီလား မှတ်လိုက်ရသည်။

ရွှေကျီးညိုက ဓားကို အလွတ်မခံ။ အပါမခံ။ လွန်းမောင်ရဲ့အပူးကိုလုံးဝ မခံတော့ပဲ. . .လူချင်းခွာ၍ တိုက်သည်။ ဓားချက် စိပ်လွန်းလှ၏။ သူကလည်း အရှောင်ကောင်းလွန်းလှ၍ ကုတင်တိုင်များ အမိုးများကျိုးပြတ်ကျကုန်သည်။ ဖျာလိပ်များ အပေါက်အပေါက်ဖြစ်ကုန်သည်။

''ရွှေကျီးညိုတဲ့ကွ. . .ကျား. . .''

''ကျီးညိုတဲ့ကွ. . .ကျား. . .''

''ကျား. . .''

''ကျား. . .''

''ကိုင်းကွာ. . .ကျား. . .ကျား. . .''

ရွှေကျီးညို ပါးစပ်မှ ကြုံးဝါးရင်း အခန်းထဲမှ ပြေးရှောင်ထွက်စပြုနေသည့် လွန်းမောင်ရဲ့ နောက်မှလိုက်ကာ ဓားနှင့် ခုတ်သည်။ မျက်စေ့





စုံမှိတ်၍ လက်ပန်းကျလုမတတ်ခုတ်သည်။ သူ့ကိုယ်မှာ ချွေးများ နစ်လာသည်။ မျက်စေ့ထဲ ချွေးများဝင်၍ ရန်သူကို မမြင်ရတစ်ချက် မြင်ရတစ်ချက် ဝိုးတဝါးမြင်ရလျှင် မြင်ရသည့်နေရာကို အလွှားကျအောင် ခုတ်သည်။

တစ်ချက်မှာ လွန်းမောင် အုန်းပင်ကို ကျောကပ်၍ ရပ်လိုက်သည်။ ဒီမှာ ရွှေကျီးညိုက ကျောကပ်ရပ်နေသည့် လွန်းမောင့်ရဲ့ အူတန်းလန်းရင်ညွန့်ကို ဓားဦးနှင့် ပြေး၍ အားကုန်ထိုးစိုက်လိုက်သည်။ ဓားဦးသည် ရင်ညွန့်ကိုဖောက်၍ အုန်းပင်မှာ သွားစွဲနေသည်။ လွန်းမောင်ရဲ့ အသံနက်ကြီးနှင့် စူးစူးဝါးဝါးအော်သံကို သူကြားနေရသည်။

ရွှေကျီးညို ဓားကိုင်လက်ကို လွှတ်လိုက်သည်။ ဓားသည် လွန်းမောင်ရဲ့ ရင်ဝမှာ အုန်းပင်နှင့် တွဲပြီး စူးနစ်ကာ လှုပ်လိုက်တိုင်း ဓားရိုးတုန်ခါလျှက် ရှိနေသည်။ တုန်ခါနေသည့် ဓားရိုးကိုကြည့်၍ ရွှေကျီးညိုတဟားဟားအော်ပြီး ရယ်လိုက်သည်။ ရန်သူကို သူနိုင်လိုက်ပြီ. . .

''ရွှေကျီးညိုကွ. . .ရွှေကျီးညို. . .ဟား ဟား ဟား ဟား ဟား မင်းဘာကောင်လဲ. . .''

''ကဲကွာ. . .ကဲကွာ. . .ရွှေကျီးညိုတဲ့ကွ. . .ကဲ. . .ကဲ. . .''

ရွှေကျီးညိုက ဓားကိုဆွဲနှုတ်လိုက်သည်။ ပြီးတော့ လက်မြှောက်ပြီး တစ်ချက် စိုက်ချလိုက်သည်။ ပြီးတော့ ပြန်ဆွဲနှုတ်သည်။ သည့်နောက် အားကုန်ထိုးစိုက်ပြီး ရယ်ချလိုက်သည်။

''ဟား. . ဟား. . ဟား. . . ဟား. . ဟား. . . မှတ်ထား ဟား. . . ဟား. . ဟား. . ဟား. . .''

''ရွှေကျီးညို. . . ရွှေကျီးညို. . .''

''ဟား. . ဟား. . ဟား. . ဟား. . အဲဒါ ငါကွ. . .''

''ရွှေကျီးညို. . . လူ. . . က. . . လေး. . .''

''ဒီကောင် ခုမှသေတာ ဟား. . ဟား. . ဟား. . . ဟား. .''

''သား. . . လူလေး. . ရွှေကျီးညို. . . လူလေး. . .''

ဦးကျီးညိုက သားလုပ်သူကို ပြေးဖက်သည်။ ကိုင်လှုပ်သည်။



www.burmeseclassic.com

ရွှေကျီးညိုက အုန်းပင်မှာ စိုက်နေသည့် ဓားကို ဆွဲခါနှုတ်နေသည်။ ဓားဦးက အုန်းပင်ပေါ်မှာ နစ်ဝင်နေသည်။ နှုတ်၍မရ။ ဦးကျီးညို ထိန်းနေသည့်ကြားမှ ရွှေကျီးညိုသည် ဆံပင်ဖွာလံကျဲ အင်္ကျီကြယ်သီးပြုတ်၊ ပုဆိုးဒူးပေါ် ပေါင်ပေါ်နှင့် ဒေါသများထွက်ကာ တဟားဟား ရယ်လိုက်၊ တောက်ခတ်လိုက်၊ ခြေနှင့်ကန်လိုက်လုပ်ရင်း ပေါက်ကွဲနေသည်။

သည့်နောက် လက်စွဲတော် ဦးဖိုးတုတ်နှင့် နစ်ယောက်ပေါင်းပြီး ဝိုင်းချုပ်ကာ အိမ်အပေါ်ထပ်သို့ ပါးစပ်ပိတ်ပြီး ဆွဲခေါ်သွားရသည်။

"ရွှေကျီးညို. . ."

ရွှေကျီးညို ဒေါသများ ပေါက်ကွဲလွန်း၍ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်ကာ ပါးစပ်မှ အမြှုပ်များ ထွက်နေသည်။ ရှည်လျားသောဆံပင်များကို ဘယ်ညာရမ်းပြီး အော်နေသေးသည်။

"လွန်းမောင်. . . လွန်းမောင်. . . မင်း. . . မင်း. . . ငါ့ကို. . . ခုထိဒုက္ခပေးတဲ့ကောင်၊ ရွှေကျီးညိုသား လူလေး သတိထားပါဦးကွ သတိ. . . သတိ. . ."

"ငါ့တူကြီး ရွှေကျီးညို စိတ်ကိုလျှော့ချ. . . လျှော့ချ. . ."

ခေါ်သံတွေ စကားပြောသံတွေကို ဒလစပ်ကြားရတော့မှ သူ မျက်လုံးကို ဖွင့်လိုက်သည်။ ဘေးဘီကို ကြည့်လိုက်သည်။ အဖေ့ကို တွေ့ပြီး ဦးဖိုးတုတ်ကို မြင်ရသည်။ သူဟိုဟိုဒီဒီ လိုက်ကြည့်သည်။ ရှာသည်။ လွန်းမောင်ကို မတွေ့။ ရေခွက်ထဲမှ ရေအချို့က သူ့မျက်နှာကို လာထိသည်။ မျက်နှာကို ရေထိလိုက်သောအခါ သူပြန်လည် သတိတရနှင့် နိုးထလာသည်။ အသိများ ပြန်ဝင်လာသည်။ သည့်နောက် အဖေ့လက်မှ ရုန်း၍ ထရပ်လိုက်သည်။

"အဖေ. . ."

"လူလေး. . . ရွှေကျီးညို. . . မင်း. . . မင်း. . . ခုတစ်လော ဘာတွေ ဖြစ်နေလဲဟင်. . . ဟင်. . ."

"ကျုပ်. . . ကျုပ်ကို. . . ဒီ. . . ဒီကောင်လိုက် နှောက်ယှက်နေ





တယ်. . ."

"မင်းကို. . . ဘယ်သူ နှောင့်ယှက်နေလို့လဲ. . . ပြော. . ."

"လွန်းမောင်. . . လွန်းမောင်ဗျ. . . လွန်းမောင်. . ."

"ဒီကောင်. . . သေတာကြာပြီလေ သားရယ်. . ."

"သူမသေဘူး. . .၊ တစ္ဆေလွန်းမောင်. . . လွန်းမောင် တစ္ဆေ ရှိနေတယ်. . ."

"မဟုတ်က ဟုတ်က သားရယ်. . .၊ မင်း နေ့ခင်းကြောင်တောင် အရက်ကြောင် ကြောင်ပြီး မြင်ချင်ရာမြင် ထဖောက် ရမ်းနေတာပါကွာ၊ လူဆိုတာ ကိုယ်စိတ်ကိုယ် ငြိမ်ငြိမ်ထားရတယ်ကွ၊ ရွှေကျီးညိုရ. . . တော်ကြာ သူများက ကိုယ့်ကို ဟို. . . ဟို. . . လွန်းမောင်သတ်မှုနဲ့ သံသယဝင်မှုဖြင့်ကွာ. . . အားလုံး ဒုက္ခရောက်ကုန်မယ် သိလား. . ."

ရွှေကျီးညို အဖေရဲ့ နောက်ဆုံးသတိပေးစကားကြောင့် အသိဉာဏ်ကို ချက်ချင်း ပြန်ထိန်းလိုက်သည်။ သူဘာတွေ ဖြစ်နေတာလဲ။ သူ့ကိုသူ ဘာတွေဖြစ်လို့ ဖြစ်နေမှန်းမသိ။ သူသိတာက သူအရက်သောက်ပြီး မှိန်းနေတုန်း လွန်းမောင်လာလှုပ်နှိုးသည်။

သူစိတ်ဆိုး၍ နှင်လွှတ်သည်။ နှင်လို့မရသည့်အဆုံး ဓားနှင့်ခုတ်သည်။ နောက်ဆုံး လွန်းမောင်ကို အိမ်ရှေ့က အုန်းပင်မှာ ဓားနှင့်ထိုးစိုက်ခဲ့သည်။

ဒါတော့ သူမှတ်မိသည်။

ဒါ. . . အမှန်အကန်တွေ. . . မဟုတ်ဘူးလား. . .။

မဟုတ်ဘူးတဲ့. . .။ သူအရက်ကြောင် ကြောင်တာတဲ့။ အိပ်မက်ကနေ ထယောင်နေတာတဲ့။ အိပ်ယာက ထယောင်ပြီး အိမ်ရှေ့က အုန်းပင် ဓားနှင့်ထိုးတာ ဟုတ်ပါ့မလား။ သူ သူ့အိပ်ခန်းထဲသို့ ပြန်ဆင်းလာ ကြည့်လိုက်သည်။ ကျွန်းကုတင်သည် ဓားချက်ရာများနှင့် ဖွာလံကျဲနေသည်။ ကုတင်တိုင်များ ကျိုးပြတ်နေသည်။ ဖျာတွေ ထရံတွေ ပေါက်ကွဲကျိုးကျေသည်။ လိုက်ကာသည် အပိုင်းပိုင်းပြတ်၍ ပြန့်ကျဲနေ၏။

www.burmeseclassic.com



ဒါ လွှန်းမောင်ကို သူစားနှင့် လိုက်ခုတ်စဉ်က လွှန်းမောင် ရှောင်လို့ ဓားစာခံဖြစ်ရသည့် သက်သေခံ ပစ္စည်းများ။

''စိတ်ကို ထိန်းပါ. . .၊ လျှော့ပါ. . . လူကလေးရယ်. . .၊ အဖေတို့ဘဝမှာ အမွေစား အမွေခံ မျိုးဆက်အသစ်ဆိုလို့ မင်းတစ်ယောက်ပဲ ရှိပါတယ် သားရယ်၊ မင်း. . . ဒီလို ရူးမူးပြီး ပေါက်တတ်ကရ အိပ်မက်တွေ လျှောက်မက် အမြင်တွေမှားပြီး လျှောက်ရမ်းနေရင် မင်း တစ်နေ့ အချောင်ဒုက္ခရောက်မယ် ရွှေကျီးညို၊ လွှန်းမောင်ကို သတ်တဲ့ အမှုက ပေါ်သေးတာမဟုတ်ဘူး၊ တော်ကြာ ရဲက မင်းကို မသင်္ကာဖြစ်လာရင် မင်းဘယ်လိုရှင်းမလဲ၊ မင်းကို ငါ ဒီလို ထားလို့တော့ မဖြစ်တော့ဘူး၊ မင်းကို မိန်းမပေးစားမှ ဖြစ်မယ်၊ ဒါမှ ခြေငြိမ်စိတ်အေးရမယ်. . .''

သို့နှင့် ရူးကြောင် မူးကြောင်နှင့် ခဏခဏ ထထဖောက်သည့် သူ့ကို အဖေက မိန်းမပေးစားရန် စီစဉ်သည်။ ပိုက်ဆံရှိ အသိုင်းအဝန်းမှ မိန်းကလေးများလည်း ပါသည်။ ပိုက်ဆံ မရှိသော်လည်း ရုပ်ရည်ချောမောလှပသည့် အဝန်းအဝိုင်းမှ မိန်းကလေးများလည်း ပါသည်။ ပိုက်ဆံနှင့် ရုပ်ရည်မရှိသော်လည်း ပညာရှိသည့် မိန်းကလေးများလည်း ပါသည်။

သို့သော်. . . ရွှေကျီးညိုက အဖေချပြသည့် မိန်းကလေးများကို တစ်ယောက်မှ မကြိုက်။ အားလုံးကို ဖုတ်လေသည့် ငပိ ရှိသည်လို့ မမှတ်။ လှလှချည်းလား မချီးမွမ်း။ အားလုံးကို ခေါင်းရမ်း ငြင်းပယ်ပစ်သည်။

''ဒါဖြင့်. . . မင်းက ဘယ်သူ့ကို ကြိုက်လို့လဲ. . .''

''ကျုပ်ကြိုက်တာ တစ်ကမ္ဘာလုံးမှာ တစ်ယောက်ပဲရှိတယ်ဗျ''

''ပြောကွာ ဘယ်ကမိန်းကလေးလဲ ပြော. . .''

''မြ. . . ထွေး. . . ရှင်. . .''

''တော်. . .''

အဖေက တအားကြီးအော်ကာ သူ့ရင်ပတ်ကို လက်နှင့် တွန်းပစ်လိုက်သည်။ အဖေသည် သူ့ကို လူရယ်လို့ ဖြစ်လာသည့်မှစ၍ ယနေ့တိုင်





သူ့ကို တစ်ကြိမ်တစ်ခါမျှ မတွန်းခဲ့။ မရိုက်ခဲ့။ မဆူမဆဲခဲ့။ အဲဒီလောက်ကို အလိုလိုက် အကြိုက်ဆောင်ပြီး ချစ်ခဲ့သည်။ အခု အဖေက မြထွေးရှင်ဆိုသည့် စကားသံကို ကြားသည်နှင့် ''တော်''ဆိုကာ အချစ်ဆုံး သားကို တွန်းလှဲ၍ တောက်ခတ်သည်။

''လောကမှာ ယူစရာ မိန်းမရှားနေသလား ရွှေကျီးညို. . .''

''မိန်းမ မ. . . မရှားဘူး အဖေ၊ ဒါပေမယ့်. . . ချစ်လို့ရမယ့် သူရှားတယ်. . .''

''တော်စမ်းကွာ. . .၊ ဒီ မိန်းမကြောင့် မင်းနဲ့ငါ ဒီရွာမှာ အရှက်ကွဲခဲ့ရပြီးပြီ၊ သူတို့ကြောင့် မင်း ထောင်နန်းစံရမယ့်ကိန်းက သီသီလေး လွတ်ခဲ့ရတယ်၊ အဲဒီလို လွတ်ဖို့ ငါဘယ်လောက်ကုန်ခဲ့ ရတယ်ဆိုတာ မင်း အသိဆုံး ရွှေကျီးညို၊ ဒီကြားထဲက မင်းက နောင်မကျဉ်သေးဘူး၊ ကိုယ့်အပေါ် စိမ်းကားရက်စက်တဲ့၊ မုန်းတီးဥပက္ခာပြုတဲ့ မုဆိုးမ၊ ပြီးတော့ ကလေးတစ်ယောက်အမေ၊ ဒါမျိုးများ မင်းမို့ စွဲစွဲလန်းလန်း မြတ်မြတ်နိုးနိုး ဖြစ်နေရတယ်လို့ ရွှေကျီးညိုရာ. . . ထွီ. . . ရွံစရာကွာ. . .''

ဦးကျီးညိုက နှုတ်ခမ်းမွေးများ ထောင်ထလာအောင် ဒေါသလည်းဖြစ် စိတ်လည်းမကောင်းဖြစ်ကာ အသံတွေပါ တုန်ခါနေသည်။ အရင် တစ်ခါ ကိစ္စကတည်းက စိတ်နာလွန်းလှ၍ မြထွေးရှင်ကိုရော သူ့မိဘများကိုပါ စကားလုံးဝ မပြောဘဲ နေခဲ့သည်မှာ ယနေ့တိုင်။

အလှရုပ်ပြကလေးတစ်ခုကို ဗန်းပြပြီး အလှရဲ့ နောက်ကွယ်က ရက်စက်မှုနှင့် ကံကြမ္မာဆိုးများ ပေးလေ့ရှိသူကိုမှ အခု. . . သားလုပ်သူက အသေအလဲ ချစ်နေပါသည်တဲ့။

''အေ. . . သူကလွဲရင် မင်းကြိုက်တဲ့ မိန်းမယူကွာ၊ စဏ္ဍာလသမီး ဖြစ်ပါစေ ပေးစားမယ်၊ ဒီမိန်းမနဲ့တော့ မင်းထမ်းပိုး မကောင်းချင်နဲ့ ဒါပဲ''

''ကျုပ်ကလည်း မြထွေးရှင်ကလွဲရင် ဖွဲနဲ့စကွဲပဲ အဖေ. . .၊ ဒီ မာနကြီးပါတယ်ဆိုတဲ့ မိန်းမမျိုးကိုမှ ကျုပ် ကျုပ်ရအောင် ယူပြမယ်၊ သင်းတို့ မာနကို အပိုင်းပိုင်း ရိုက်ချိုးပြမယ်၊ သူ. . . သူ. . . ကျုပ်ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပြီး အကိုကျီးညိုကို ကျွန်မ. . . အရိုးကွဲအောင်ရိုက်လို့ အသည်းစွဲအောင် ချစ်နေပါပြီ အကိုလို့ ပါးစပ်က. . . ပြောလာသည်အထိ ကျွပ်လုပ်ပြမယ်. . .၊ အဖေမယုံရင် စောင့်ကြည့်နေ. . .''

◆◆◆◆◆

၁၆

## လှို့ဝှက်သော ခွေးနက်ကြီး

ခွေးနက်ကြီး ချစ်စရာသည် နေသက်ရလာသောအခါ ထူးခြားဆန်းကြယ်လာခဲ့၏။ သူ့ လှုပ်ရှားမှုများသည် တစ်နေ့တစ်ခြား လှို့ဝှက်ဆန်းကြယ်စ ပြုလာ၏။

သူ ဒီအိမ်ကို ရောက်သည့် အချိန်မှစ၍ အိမ်ရဲ့ လုံခြုံရေး စိတ်ချလာရသည်။ ကလေးထိန်းရာ၊ ချော့ရာ၊ ဆော့ရာမှာလည်း စိတ်ချရသည်။ အချို့က ခွေးနက်ကြီး ချစ်စရာကို ကိုလွန်းမောင် ဝင်စားတာလား မသိဘူးဟု ဆိုကြသည်။

ပြောလည်း ပြောချင်စရာ။

တစ်ခါ. . . တစ်ခါ ခွေးနက်ကြီး ချစ်စရာသည် ထိုင်ငေးနေသည့် မြထွေးရှင်ရဲ့ ကိုယ်လုံးကို နောက်ကျောကနေ လက်နှစ်ဘက်နှင့် ဖက်သလို ပြု၏။ ''ချစ်စရာနော်. . . အကျီတွေ ပေကုန် စုတ်ကုန်မယ်. . .''ဟု ဆိုလိုက်လျှင် တအီအီအသံထွက်ပြီး သူမ တင်ပဆုံနှင့် သူ့ကိုယ်လုံးကြီးကို ပွတ်တိုက်ကာ ချော့လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြထွေးရှင်နှင့် ဒေါ်လေးမြစည်တို့ ထမင်းစားနေလျှင် ကြမ်းပြင်မှာ ခွေမှေ့ပြီး လူဝင်လူထွက်ကို ကြည့်နေလေ့ရှိသည်။ အရိုးအရင်း ကျွေးလျှင်မကြိုက်။ သူ့ကိုလည်း မြထွေးရှင်တို့ စားသည့်အတိုင်း ဟင်း ဝေပုံကျနှင့် ကျွေးရ၏။ အဲဒီကျမှ သူက တအီအီနှင့် အမြီးလေး နံ့ပြီး အားရပါးရ စားလေ့ရှိသည်။

အရိုးအရင်းနှင့် ဟင်းကျန် ထမင်းကျန် နယ်ဖတ်ကျွေးလျှင် လုံးဝမစား။ အငတ်ခံနေလေ့ရှိ၏။ "ဟဲ့. . . ကောင်. . . ချစ်စရာ စားလေ" ဆိုသည့်တိုင် အရေးမလုပ်။ ထိုအခါ ၎င်းအစာများ အားလုံးကို သွန်ပစ်လိုက်ရပြီး သူ့ကို မုန့်ပဲသွားရေစာ တစ်ခုခု ဝယ်ကျွေးမှပဲ စားတော့သည်။

ဒီကောင်က ခြံလုံသည်။ သူ့ကို လုပ်ကြံသူတွေလည်း ရှိပုံရသည်။

တလောက ခြံဝင်းထဲမှာ အမဲသားတုံး သုံးလေးတုံး တွေ့ရသည်။ ပြန့်ကြဲနေသည့် အမဲသားတုံးများကို ကြည့်ပြီး ဒေါ်သတကြီး ဟိန်းဟောက်နေသည်။ ဒါကို မသိပဲ အစားမြင် ငမ်းငမ်းတက် စားချင်သည့် အိမ်ခြေရင်းအိမ်က ခွေးဖြူမက ဝင်စားလိုက်ရာ စားစားပြီးချင်း အကြောများဆွဲ၍ ခွေးဖြူမ သေသွားတော့သည်။

သည်တော့မှ. . . သည် အမဲသားတုံးများသည် အဆိပ်ထည့်သွင်းထားသည့် အမဲသားတုံးများ မှန်းသိရပြီး ချက်ချင်း မြေမြှုပ်ဖျက်ဆီးပစ်ခဲ့ရသည်။

ဒါ ချစ်စရာကို လုပ်ကြံသည့် လက်ချက်ဖြစ်ရမည်။ သို့သော် ချစ်စရာက ခွေးပါး။ ခွေးနပ်။ ခွေးလိမ်မာ သူ့ကို အလွယ်နှင့် လုပ်ကြံလို့မရ။

သူသည် အလွန့်ကို ထူးဆန်းသည့် ခွေးနက်ကြီးဖြစ်သည်။ ချစ်စရာတို့ ခြံလုံပုံက လူရွေးပြီးမှ ဆက်ဆံတာ။ သူသည် ရွှေကျီးညိုပေသီးနှင့် နောက်တိုးတို့ သုံးဦးကို လုံးဝ ခြံထဲအဝင်မခံ။ လမ်းပေါ်မှာ သွားနေလျှင်တော့ ဘာမှမလုပ်။





အဲ. . . လမ်းပေါ်ကနေ အိမ်ခြံဝင်းထဲကို တစ်ချက်များ စိုက်ကြည့်လို့ကတော့ ကြောက်စရာကောင်းသည့် အသံကြီးနှင့် ဟိန်းမည်။ အိမ်ထဲများဝင်လာလို့ကတော့ တစ်စစီဖြစ်အောင် ကိုက်ချင်စိတ်များ ကြွလာသည်။

သခင်မလုပ်သူက ကြိုးနှင့် ချီထားလျှင် မကျေမနပ်နှင့် သင်းတို့ အသံကြားတိုင်း ဟိန်းဟောက် အသံပြု ခြောက်လှန့်လျက်ရှိနေ၏။

သည်မှာ ထူးခြားသည်ကား ခွေးနက်ကြီး ချစ်စရာသည် တစ်ခါတစ်ရံ အိမ်မှ ပျောက်ပျောက်သွားလေ့ရှိ၏။ ဒီလို ပျောက်ပျောက် သွားသည့် အကြိမ်သည် မနည်းခဲ့။

တစ်ခါလည်း ထမင်းစားချိန်ရောက်၍ အော်ခေါ်သည်။ ချစ်စရာရေ. . . လာ. . . လာဟေ့. . . ဟု အကြိမ်များစွာ အော်ခေါ်သည့်တိုင် အသံမကြားရ၍ မြထွေးရှင် လွန်စွာစိုးရိမ်သွားခဲ့ရသည်။ သို့နှင့် ပုဆိုးပိုင်း တစ်ထည်ခေါင်းပေါ်အုပ်ကာ ရွာထဲအနှံ့ ခွေးပျောက်အရှာ ထွက်ခဲ့ရသည်။

ချစ်စရာသည် တစ်ခါတစ်လေမှာတော့ ရွာထဲက လိပ်ပုတို့ ဘုတိုတို့၊ ထွေးပုမတို့၊ ဖူးစေ့တို့ ကလေးတစ်သိုက်နှင့် သွားသွားကစားနေတတ်သည်။

"ဖွေးပုမရေ. ."

"ရှင်. . . ကြီးကြီး. . ."

"ချစ်စရာ တစ်ကောင် မလာဘူးလားဟေ့. . ."

"ဒီနေ့ မလာသေးဘူးကြီးကြီး ပုမတို့ဒီမှာ ကစားနေတာ ကြာပြီ"

ဖွေးပုမတို့ ကစားဝိုင်းလည်း မလာဘူးဆို၍ ပိုပြီး စိုးရိမ်သွားရပြန်သည်။ ဟိုတစ်ခါလည်း အမဲသားတုံး အပစ်ခံရဖူးသည် မို့လား. .

သို့နှင့် မြထွေးရှင် 'ချစ်စရာ'ရေ. . 'ချစ်စရာရေ'ဟု ပါးစပ်မှ အော်ခေါ်ရင်း တစ်လမ်းဝင် တစ်လမ်းထွက် ခွေးဟောင်သံ ကိုက်သံကြားရာများသို့ လိုက်ရှာကြည့်၏။ ဖွေးပုမတို့ ဖန်ခုံဝိုင်းမှသည် ကျော်ဖြိုးဝေတို့ လောက်စာလုံးခေါင်ပုံကဲ ဝိုင်းသို့ ရောက်ခဲ့ပြန်သည်။ အဲဒီမှာလည်း ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ သည့်နောက်. . . ဖိုးကုလားတို့ ဂျင်ဝိုင်းသို့ ရောက်တော့လည်း လုံးဝမလာပါတဲ့. . .။

ဘုရား. . . ဘုရား. . . ချစ်စရာကို မသမာသူများက ဖမ်းပြီး အမြတ်ရှင်းလိုက်ကြပြီလား. . .။ ဒုက္ခပါပဲ. . .။ မသမာသူတွေ ချစ်စရာကို ဘာကြောင့် မုန်းနေရတာလဲ. . .။ မုန်းတီး ကြောက်ရွံ့စရာ ကောင်းလောက်အောင် ချစ်စရာ ဘာပြစ်မှုများ ကျူးလွန်ခဲ့လို့လဲ။ ချစ်စရာသည် လူကိုဝေး၍ ကြက်ငှက် ခွေးချင်းသော်မျှမကိုက်။

သို့သော်. . . ဟိုသုံးယောက်နှင့်တော့ မသင့်မြတ် မကြည်လင်ကြ။

ရွှေကျီးညိုတို့ သုံးယောက် လက်ချက်စာများ မိသွားရော့သလား။ အဲဒီလိုလည်း တစ်ခါတစ်ရံ သံသယဝင်မိသည်။ ရွှေကျီးညိုသည် ချစ်စရာကို လုံးဝကြည့်လို့မရ။ အိမ်လာတိုင်း ချစ်စရာနှင့် ခြိမ်းချောက်နေရ၍ ရွှေကျီးညိုက ချစ်စရာကို မုန်းနေသည်။ ချစ်စရာရှိနေ၍ မြထွေးရှင်တို့ အိမ်သို့ သူ ဝင်ချိန်တိုင်းဝင် ထွက်ချင်းတိုင်းထွက် လုပ်လို့မရ။

သူလာမုန်းလည်း အရပ်က ချက်ချင်းသိသည်။

သိဆို သင်းဝင်လာတာမြင်သည်နှင့် ချစ်စရာက ဟိန်းဟောက်သည်။ ကိုက်မည်ဆွဲမည် လုပ်သည်။ ဒါကြောင့် ဗေဒင်မေးစရာမလို။ ချစ်စရာရဲ့ ဒေါသတကြီး အသံကြားရလျှင် မြထွေးရှင်တို့အိမ် ရွှေကျီးညို ရောက်လာပြီကို အားလုံးက နားလည်ကြသည်။

ရွှေကျီးညို လျှို့ဝှက်လို့မရ။

ဒါကြောင့်. . . ချစ်စရာကို သူတို့များ လုပ်ကြံပစ်လိုက်ကြပြီလားဟု သံသယဝင်ရသည်။ ဒီလိုနှင့် ရွာတစ်ပတ် ပြည့်လုနီးပါး ရှိခဲ့သည်။

"ဟဲ့. . . မြထွေးရှင် တစ်ယောက်ထဲပါလား. . . ဘယ်လဲဟေ့"

အသံကြား၍ လှည့်ကြည့်လိုက်တော့ ကိုလှအောင်နှင့်ဖွေးတုတ်။

"အကိုလှအောင်နဲ့ ဖွေးတုတ်တို့ပါလား ချစ်စရာ ပျောက်လို့ လိုက်ရှာနေတာ အကိုရေ. ."

"ဟာ. . . ချစ်စရာလား. . ."





"ဟုတ်တယ်. . . အကို၊ အကို သူ့ကို တွေ့လိုက်လားဟင်"

"နေအုံးဟ. . . ဒီကောင်ကြီးပဲနဲ့တူတယ် လယ်ကွင်းဘက်ကို သွားနေတာရယ်"

"ဟင်. . . လယ်ကွင်းဘက်ကို. . ."

"ဟုတ်တယ်. . . ဟုတ်တယ်. . . ဟို. . . ဟို. . . ဟာ. . . ဟိုနေရာ တည့်တည့်ပဲဟ. . ."

ကိုလှအောင်က လယ်ကွင်းတစ်နေရာကို လက်ညှိုးထိုးရာ ကောင်းနိုးနိုးလုပ်ရင်း မထိုးပဲ ပြောလိုက်သည်။

"ဘယ်နေရာလဲ အကို. . .၊ ဒီကောင်အရင်က တစ်ခါမှ ဒီလို မသွားဖူးပါဘူး. . ."

"ဟို. . . ဟို. . . ဟာ. . . ဟို. . . နင့်. . . ယောက်ျား. . . ဆုံး ဆုံး. . . သွားတဲ့ နေရာကို သွားနေတာဟ. . ."

"ဟင်. . . ဟုတ်. . . ဟုတ်. . . ရဲ့လား. . . အကိုလှအောင် ရယ်ဟင်. . ."

"ဖွေးတုတ်သာ မယုံရင် မေးကြည့်တော့ဟ. . ."

သည်တင် ဖွေးတုတ်က ခေါင်းပေါ်မှ တောင်းကို ထိန်းရင်းမှ

"ဟုတ်တယ်ဟဲ့. . . မြထွေးရှင်ရဲ့ ညီးကောင် ချစ်စရာမှ ချစ်စရာ အစစ်၊ ဒါ ဘယ်လဲလို့ လှအောင်က အော်တော့ ငါတို့ကို ပေစောင်းစောင်း နဲ့ကြည့်ပြီး သွားသေးတော့. . ."

"အို. . . ဘုရား. . . ဘုရား. . . ဒီကောင်. . . ဒီ. . . ဒီနေရာကို ဘာများသွား လုပ်တာပါလိမ့်. . . အကိုလှအောင် အားလားဟင်. . . ဟင်. . ."

"အေး. . . အားတော့ အားနေပါပြီ. . ."

မြထွေးရှင် ကိုလွန်းမောင်ကွယ်လွန် (တစ်နည်း) အသတ်ခံခဲ့ရသည့် နေရာသို့ သွားချင်နေသည်။ ကိုလှအောင်ကို အဖော်ခေါ်သည်။ အချိန်က ဘုန်းကြီးဆွမ်းစားနီးချိန်။ သွားရမည့် နေရာက ရွာနှင့် အနီး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းသည်။ သွားရမှာကလည်း မုဆိုးမလေး မြွေထွေးရှင်နှင့် . .။ သူလိုက်ရ သွားရကောင်းနိုးနိုး စဉ်းစားနေသည်။ တော်ကြာ ရွာထဲက မြင်သွားပြီး မဟုတ်မဟတ် စွပ်စွဲ ပြောဆိုဝေဖန်မှာလည်း စိုးရိမ်ရသေးသည်။

''ဖွေးတုတ် . . . နင်ပါအားရင် ခဏလိုက်ခဲ့ပါဟ . . .''

''သွားလေ . . . ကိုရင်လှအောင် . . .''

''ကိုင်း . . . ဒါဆို သွားကြစို့ . . .''

သို့နှင့် သုံးယောက်သား လယ်ကွင်းထဲသို့ ထွက်လာလိုက်သည်။ ဖွေးတုတ်က မျက်ပြင်းကျောကပ်သော လေသံနှင့် . . . ''ညီးလင်ကိုက ခြေရှည်တယ်''ဟု ပြောပြစ်လိုက်သည်။ သူတို့ လယ်ကွင်းလယ်ကွက်များကိုဖြတ်ပြီး လမုပင်ချောင်းရိုး နံဘေး ကန်သင်းရိုးပေါ်မှ လျှောက်လာလိုက်သည်။ နေက ပူစပြုလာ၏။ ချွေးတို့ပင် စို့လာ၏။ အတန်ကြာ လျှောက်ပြီးသောအခါ ပျောက်နေသည့် ချစ်စရာကို သူတို့ တွေ့ကြတော့သည်။

''အူ . . . အူ . . . အူ . . . အူ . . .''

''အီ . . . အီ . . . အူ . . . အူး . . . အူး . . .''

ပထမကြားလိုက်ရသည့် အသံကား ခွေးနက်ကြီးချစ်စရာ၏ အူသံပဲ ဖြစ်သည်။ ချစ်စရာရဲ့ အူသံသည် ဆို့နင့်ကြေကွဲစရာ ကောင်းလှသည်။ တိတ်ဆိတ်နေသည့် လယ်ကွင်းမှာ ဝမ်းနည်းလှိုက်ဖိုကြီးစွာဖြင့် ရှည်လျားစွာ ဆွဲငင်ပြီး အူနေသည်။ သူ အူနေပုံက ချစ်သူ ခင်သူ သံယောဇဉ်ရှိခဲ့သူနှင့် အပြီးတိုင်ခွဲခွာရ၍ ဆို့နင့် ကြေကွဲဖိုလှိုက်သည်းစွာ ဝမ်းနည်းမဆုံး အူနေသည့်အသံ။

သေသေချာချာ ကြည့်မှ . . . ချစ်စရာ အစစ်ဖြစ်နေသည်။

ချစ်စရာသည် ကိုလွန်းမောင်နှင့် ဂုတ်တိုတို့ ဓားနှင့်ခုတ်သတ်ခံရသည့် တမာပင်ကြီးအောက်မှာ ဖင်ချထိုင်၍ မျက်ရည်များစီးကျပြီး အူနေရှာသည်။

''ချစ်စရာ . . . ရေ . . .''

အစကနဦးက ဒီနေရာလာရမှာ ကြက်သီးဖျန်းကနဲ ထသွားခဲ့ရ





သော်လည်း ချစ်စရာကို တွေ့လိုက်ရတော့ မြွေထွေးရှင်အတော် အားတက်သွားသည်။ သူမ ချစ်စရာ အမည်ကို တကြော်ကြော် အော်ခေါ်ရင်း လယ်ကွက်များကို ဖြတ်၍ ပြေးသွားကာ ချစ်စရာ လည်ပင်းကို ဖက်လိုက်သည်။ အလို ချစ်စရာ မျက်နှာမှာ မျက်ရည်များ မျက်ရည်များ စီးကျလို့ပါလား။ ချစ်စရာ ငိုနေပါကလား . .။

''ချစ်စရာ . . . သားကြီး၊ မင်း . . . မင်း . . . ဒီမှာ ဘာလာလုပ်နေတာလဲ ဟင် . . . ဟင်''

မြွေထွေးရှင်က ချစ်စရာလည်ပင်းကို ဖက်ရင်း လူသား သားသမီးအရင်းကဲ့သို့ လှုပ်၍ မေးလိုက်သည်။ ချစ်စရာသည် နဂိုကကဲ့သို့ ရွှင်မြူးပျော်ရွှင်ဟန် လုံးဝမရှိပဲ။ လွန်းမောင်တို့ အသတ်ခံရသည့် ကွင်းကို မျက်နှာမူကာ ဆွဲဆွဲငင်ငင် အူနေရှာသည်။

လှအောင်နှင့် ဖွေးတုတ်တို့က ထူးဆန်းလွန်းလှ၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ လန့်လာကြသည်။ ခြေမွှန်များယူ၍ နဖူးတို့ကြသည်။

''မြွေထွေးရှင် ပြန်ကြပါစို့ဟာ . . . ငါ . . . ငါ . . . ကြောက် . . . တယ် . . . ဟ . . .''

ဖွေးတုတ်ကြက်သီးများ ဖျန်းကနဲထရင်း မြွေထွေးရှင်ကိုဆွဲကာ ပြန်ရန်ပြောလိုက်သည်။ မြွေထွေးရှင်လည်း ဒီကြေကွဲဖို့ကောင်းသည့် နေရာမှာ ကြာကြာမနေချင်ပါ။ ဒီနေရာသည် သူ့လင် ရက်ရက်စက်စက် အသတ်ခံသွေးမြေကျခဲ့သည့်နေရာ။ ဒီနေရာရောက်တိုင်း ရင်ထဲမှ လှိုင်းထခဲ့ရသည်။ ဆို့နင့်ခဲ့ရသည်။

အခုလည်း ချစ်စရာ ဒီနေရာရောက်နေ၍ သူမပါရောက်ခဲ့ရ ပြန်ပြီ။ သူမရဲ့ မျက်စေ့ထဲမှာ ချစ်လင်ရဲ့ အဖြစ်ဆိုးဝါးလှသည့် ဓားဒဏ်ရာနှင့် အနိဋ္ဌာရုံ မြင်ကွင်းများ ပေါ်လာသည်။ ချစ်သူရဲ့ နာကျင်စွာ အော်ဟစ်သံများကို ကြားလာရသည်။ ဓားချက်များကို ကြောက်လန့်တကြား ဖယ်ရှားရုန်းကန်ရင်း ရှေ့ထိုးလဲကျသွားသည့်ဟန် . .။ ရိုးပြတ်တော မြေပြင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သွေးအလူးလူးနှင့် နာကျင်စွာ လူးလိမ့် ညည်းညူနေသည့်ဟန် . .။ ထို အနိဌာရုံ မကောင်းဆိုးဝါး မြင်ကွင်းများသည် လယ်ကွင်းထဲမှာ အသက်ဝင် လာခဲ့သလို. . . ထင်မြင်နေရသည်။

"ကို. . . လွန်း. . . မောင်. . . ရေ . ."

"ဟီး . . . ဟီး . . . အကိုလွန်းမောင်. . . ရေ . . . ဟီး . . . ဟီး"

သူမစိတ်ကို မထိန်းချုပ်နိုင်တော့။ မျက်နှာကိုလက်ဝါးနှင့် အုပ်၍ ချုံးမည်းချ ငိုပစ်လိုက်သည်။ ဖွေးတုတ်လည်း မြထွေးရှင်ငိုတာမြင်တော့ မနေနိုင်ဘဲ. . . ရော ငိုတော့သည်။ သည့်နောက် လှအောင်က ပြန်ကြစို့ ဟု ချော့မော့ ပြောလိုက်တော့မှ အားလုံးထလိုက်ကြသည်။

မြထွေးရှင် တစ်ချက်တစ်ချက် ရှိုက်ရင်း မလှမ်းချင်လှမ်းချင်နှင့် လှမ်းကာ ချစ်လင် ကွယ်လွန်သည့်နေရာကို ကျောခိုင်းထွက်ခွာခဲ့လိုက် သည်။ ချစ်စရာကလည်း နောက်မှ. . . ငိုက်ငိုက် စိုက်စိုက်နှင့် ပြန်လိုက်ပါ လာခဲ့တော့သည်။

ချစ်စရာလည်း ဒီနေရာကို ဘာကြောင့်လာနေရတာလဲ။ စဉ်းစား လို့ မရ . .

နောင်များအခါ လပြည့်နေ့ရောက်တိုင်း လကွယ်နေ့ရောက်တိုင်း ချစ်စရာ အိမ်မှပျောက်သွားလေ့ရှိ၏။ ပျောက်သွားလျှင် ဘယ်မှ လိုက်မရှာ နှင့် ကိုလွန်းမောင် အသတ်ခံရသည့် လယ်ကွင်းထဲက တမာပင်အောက်မှာ ပဲ သွားကြည့်။ အဲဒီမှာ သူ လွမ်းဆွေးစွာ အူနေသည်။ အိမ်က လိုက်ခေါ်မှ ပြန်လိုက်သည်။ နို့မို့ လုံးဝ မပြန်။

နောင်အခါ ချစ်စရာသည် ရင်ကွဲကြေနင့်စရာ ကောင်းလှသည့် အသံနှင့် ရွာဘက်ကို မျက်နှာမူ၍ မျှော်၍ အူနေသည့် မြင်ကွင်းကို ရွာသူ ရွာသားတို့ မကြာခဏ မြင်ကြရလေသည်။ ရွာသူရွာသား အချို့ဆိုလျှင် ချစ်စရာကို လွန်းမောင်အသတ်ခံရသည့် လယ်ကွင်းတစ်ဝိုက်မှာ ခွေးရူး တစ်ကောင်လို ပြေးသွားလိုက် ဟိုကျင်း ဒီကျင်း အနံ့ခံလိုက် ဟောင်လိုက် အူလိုက် မြေကြီးများကို ခြေနှင့်ယက်လိုက် လုပ်နေသည်အား မကြာခဏ





တွေ့ကြ၏။

ထိုသို့ လုပ်နေသည့်မြင်ကွင်းကို လယ်သမားများ ဖားရှာငါးရှာ သူများ ငှက်ထောင်ထွက်သူများက တွေ့၍ ရွာပြန်ရန် မောင်းလွှတ်သည့် တိုင် လုံးဝဂရုမစိုက်တော့သည်ကို အားလုံးတွေ့မြင်ကြရသည်။

ကြာတော့ ရွာသူရွာသား အချို့က ခွေးနက်ကြီး ချစ်စရာကို တစ္ဆေလွန်းမောင်ဟု ထင်မှတ်လာကြသကဲ့သို့။ အချို့ကျတော့လည်း ခွေး နက်ကြီး ချစ်စရာသည် သေသူလွန်းမောင်နှင့် ခွေးနက်ကြီး ဂုတ်တိုတို့ အပမှီစီး၍ နေသောကြောင့်သာလျှင် လပြည့်လကွယ်နေ့တိုင်း ဒီနေရာ သို့ မရောက်ရောက်အောင်သွားပြီး တစ္ဆေလွန်းမောင်တို့နှင့် စကားလာပြော နေကြ။ ပိုင်းငိုနေကြသည်ဟု. . . ဆိုကြလေတော့သည်။

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

# ၁၇



## နှမလေးကို မောင်ကာကွယ်မယ်၊ လူဆိုးတွေနဲ့ မောင်တိုက်မယ်

စစ်ပင်ကွင်းက လူမိုက်သံခဲတို့ အိမ်ကလေးသည် ရယ်သံများဖြင့် အသက်ဝင်လျှက်ရှိနေသည်။ အိမ်ထဲမှာ အိမ်ရှင်သံခဲ၊ ရွှေကျီးညို၊ ပေသီးနှင့် နောက်တိုးတို့ ရှိနေကြသည်။ ဒီတစ်ခါ ကုန်ကျစရိတ်ကို ရွှေကျီးညိုက လုံးဝ တာဝန်ယူလိုက်သည်။

သူတို့ နံနက်ပိုင်းကတည်းက သံခဲတို့ အိမ်မှာ ရောက်နေကြသည်။ ထန်းရည်ခါးကို အချိန်တစ်ဆယ်ဝင် ဝါးပိုးဝါး ကျည်တောက်ကြီးနှင့် ချိတ်ဆောင်၍ သောက်နေကြသည်။ ဟိုနေ့ကတည်းက ကြိုမှာထားသည့် ''ရှယ်ထန်းရည်ခါး'' မို့ အဝင်ရက်စက်လှသည်။





ကြက်သားဟင်းကလည်း ဂျင်းနှင့် စပါးလင်ခပ်ထားသည့် အရည်သောက်ကလေး။ ဒီကြားထဲ နွေခေါင်ခေါင် ရှားရှားပါးပါး ငါးရှဉ့်ကြီးတစ်ကောင် ရလာ၍ မီးဖြိုက်ပြီး ငရုတ်လေးစိပ်ကွဲနှင့် အစပ်ကြော်လိုက်သည်။ ပြီးတော့ ရိုးမမှ ပြန်လာသည့် မုဆိုးကျော်ကြီး ဦးမြင့်မား လာပေးသည့် ဆတ်သားခြောက်ကိုလည်း မီးဖုတ်ပြီး ဆီစိမ်း ဆမ်းထားလိုက်သေးသည်။

အမြည်းကောင်တွေကလည်း စုံသမို့ အားလုံး စားလို့သောက်လို့ ခံတွင်းမြိန်နေကြသည်။

''သံခဲ. . .''

''ဗျာ. . . ကိုကျီး. . .''

''ငါ. . . လုပ်ကွက်. . . ပီပါတယ်ကွာ. . . နော်. . .''

''ပီပါတယ်. . . ကိုကျီးရဲ့. . . ပီသမှ ပီပီကိုမြည်လို့ ရှိ. . .''

''အဟတ်. . . အဟတ်. . . ဟား. . . ဟား. . . ဟား. . . ဒါတောင် လွန်းမောင်တစ္ဆေက ငါတို့ကို လိုက်ပေးတုန်းကွ. . .''

သည်တင် ထန်းရည်မူးလာတော့ ပြောစရာစကားများက ပေါ်လာခဲ့ကြသည်။ စစ်ပင်ကွင်းရွာသား လူမိုက်သံခဲက ထန်းရည်ခါးတစ်ခွက်ကို တဂွပ်ဂွပ် မော့ချလိုက်ပြီး တံတွေးတစ်ချက် ထွေးရင်းမှ. . .

''လွန်းမောင် တစ္ဆေခြောက်တယ်ဆိုလို့ ပြောရဦးမှ ကိုကျီးရ''

''ဘာလဲ. . . အေ့. . .၊ ကိုယ့်လူပါ. . . အခြောက်ခံရပြီနဲ့ တူရဲ့ ဟုတ်လား. . .''

''အဟင်. . . ဟင်း. . . ဟင်း. . . အဲဒါ. . .ပြောချင်လို့ပေါ့. . . ကိုကျီးရ. . .''

''ဒီလိုဗျ. . . ကျုပ်တစ်ည ခင်ဗျားတို့ရွာမှာ သောက်စားပြီး အပြန်မှာ ပေါ့ဗျာ. . . ထို့. . . အေ့. . .''

''ပြောလေဗျာ. . . ကိုသံခဲကလည်း. . .''

''ပြောပါ့မယ် ပေသီးရာ. . . ထန်းရည်လေချဉ်ဆို့နေလို့ပါကွ. . . အေ့. . . ဒီလိုဗျ. . .၊ ကျုပ်က အပြန်လမ်းခရီး တိုကျုံ့သွားအောင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



က ဆေးလုံးကြီး သချိုင်းက ဖြတ်ပြန်ခဲ့တာကိုး . . .၊ အရက်ကလေးက လည်း ထွေနေတော့၊ သရဲလည်း မကြောက်၊ သူခိုးဓားပြလည်း မကြောက် တော့ဘူးပေါ့ဗျာ. . .၊ လူတစ်ကိုယ်လုံး ပါတာဆိုလို့ ခါးကြားမှာ ဂုက်ထားတဲ့ ဓားမြှောင်တစ်ချောင်းပဲ ပါတယ်''

ဒါနဲ့. . . သချိုင်းလည်း ဖြတ်ရော. . .။ ကျုပ်နောက်ကနေ လူတစ်ယောက် ကပ်လိုက်လာတဲ့ ခြေသံကြားရရောဗျို့။ ဒါနဲ့ အဖော်ရပြီ ဆိုပြီး နောက်လှည့်ကြည့်လိုက်တော့ ခြေသံကရပ်သွားပါရော ကျုပ်က ခပ်မြန်မြန် လျှောက်လိုက်တော့ နောက်က ခြေသံက အပြေးလိုက်လာပြန် ရောဗျာ။ လှည့်ကြည့် မရှိဘူး။ ကျုပ်မှာဗျာ လူမတွေ့ရပဲ ခြေသံပဲကြားနေ ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာရောဗျ။ ဒါနဲ့ ရပ်ပြီး ဘေးဘီလှည့် ပတ် ရှာတယ်။ သချိုင်းကုန်းရှေ့က ရှင်းနေတာပဲ။ ဘာမှမတွေ့ရဘူး။

ဒါနဲ့ ဂမူတစ်ခုမှာ ထိုင်ပြီး ဆေးလိပ်ခဏ ထိုင်သောက်လို့ အကဲ ခတ်ကြည့်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ သချိုင်းကုန်းအထဲကနေ ကျုပ် နာမည် လှမ်းခေါ်ပါလေရောဗျို့။ သံခဲရေ. . သံခဲ. . . တဲ့။ သုံးလေးကြိမ် ခေါ်နေတာဗျ။ ဟ. . . ငါ့နာမည် သိပုံထောက်ရင် ဒါ. . . ငါ့ အသိထဲက ဖြစ်မှာပဲဆိုပြီး ထရပ်လိုက်တယ်။

သချိုင်းကုန်းဘက် လှမ်းမျှော်ကြည့်လိုက်တယ်။

''သံခဲရေ. . ဟေ့. . . သံခဲ''

အသံက သချိုင်းကုန်း မြေပုံတွေ အကြားက ခေါ်တဲ့အသံ။

''ဟေ့. . . ဘယ်သူလဲကွ. . . ငါ့နာမည် ခေါ်နေတာ. . .''

ဒီလို မေးလိုက်တော့ သချိုင်းကုန်းထဲက ပြန်ပြောသံလုံးဝ ပေါ်မလာတော့ဘူး။ ဒါနဲ့ အသာစောင့်ကြည့်နေလိုက်တယ်။ မကြာဘူး ခေါ်သံကြားရပြန်ရော။

''သံခဲရေ. . သံခဲ. . .''

''မင်း အမေဂလွှား ဖြစ်နေတာလားကွ၊ ငါ ဒီမှာရှိတယ်၊ မင်း ထွက်ခဲ့. . .''





ကျုပ်က ဒေါသလည်း ထွက်လာပြီဗျာ။ စောစောက ခြေသံတွေ ကြားတယ်။ လူမတွေ့ရဘူး။ အခု နာမည်ကို အော်ခေါ်နေတယ်။ လူကို မတွေ့ရဘူး။ ခေါ်သံက ယောကျ်ားကြီးတစ်ယောက် ပါးစပ်ကို လက်ဝါး နှင့်အုပ်ပြီး အော်တဲ့အသံမျိုး။

''သံခဲရေ. . သံခဲ. . .''

''ဟေ့ကောင်. . . ခွေးမသား၊ လူယုတ်မာ၊ မင်းငါ့နာမည် ခေါ်နေပြီး ထွက်မလာဘူး၊ မင်းမလာရင် ငါလာပြီဟေ့. . .''

အဲဒီလို ကြိမ်းဝါးရင်း ခါးကြားကဓားမြှောင်ကို ဆွဲထုတ်ကိုင်လို့ သချိုင်းထဲကို လှမ်းဝင်ခဲ့လိုက်တယ်။ ကျုပ်က တော်ရုံတန်ရုံ ကြောက်တဲ့ ကောင် မဟုတ်ဘူး။ သချိုင်းထဲ မူးပြီးတောင်အိပ်တဲ့ကောင်။ ကေန္တ ဒီကောင် ဒဏ်ရာများရနေလို့ ကျုပ်ကို အကူအညီ တောင်းလေရော့သလား။ ဒါမှ မဟုတ် အသိအကျွမ်းတစ်ယောက် ယောက်ထဲက မူးပြီး မပြန်နိုင်လို့ အော်ခေါ်နေရော့ သလားဆိုပြီး။ မြေပုံတွေ တစ်ခုပြီးတစ်ခု ကျော်လွှားလို့ လိုက်ရှာလိုက်တာ။ သချိုင်းကုန်းသာ တစ်ပတ်ပြည့်ရော အဲဒီခေါ်တဲ့ကောင် ရှာလို့မတွေ့ရဘူး။ အရှေ့ဘက်မှာ လိုက်ရှာရင်၊ သင်းက အနောက်ဘက်က နေ သံခဲရေ အော်တယ်။ ဒါနဲ့ အနောက်ဘက်ကို သွားရှာရင် မြောက်ဘက် ကနေ ခေါ်ပြန်ရော။ မြောက်ဘက်သွားရှာတော့ တောင်ဘက်ကနေ သံခဲ ရောလုပ်ရော။ ကျုပ်မှာ ညသန်းခေါင်ကြီး သချိုင်းကုန်းပေါ်မှာ အရူးလို အရပ်လေးမျက်နှာ ပြေးနေရပြီး ချွေးတွေပြန်နေရော။ လူက ဒေါသလည်း အရမ်းကို ပေါက်ကွဲလာပြီ။ ဒါ သက်သက်မဲ့ လူကို နောက်စရာရှိ ကြံဖန် နောက်ပြောင်နေတာဗျ။ ကျုပ်လိုကောင်ကို သင်းက နောက်ပြောင်စရာများ မှတ်နေလား မသိဘူး။ ဒီကောင်က နာမည်တစ်လုံးနဲ့နေတဲ့ သံခဲပါဗျ။ လူတောင်သတ်လာတဲ့ ကောင်ပါ။ ခုတော့ လူသေကောင်တွေက ဖုတ်ဝင်ပြီး ထခေါ်နေသလား။ ဒါမှမဟုတ် ကျုပ်ကလဲ မူးကြောင် ရူးကြောင်ဖြစ်နေ လား။ တစ်ခုခုတော့ တစ်ခုခုပဲ ဒါနဲ့။

''ဟေ့ကောင် မင်းနောက်မနေနဲ့ သတ္တိရှိရင်ထွက်ခဲ့. . .''



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ခဲ့လေကွာ. . . ဘာလဲ. . . ကြောက်လို့လား . ."

"ဟား. . . ဟား . . ဟား . . ဟား . . ဟား . ."

အဲဒီမှ အူလှိုက်သည်းလှိုက် ရယ်သံကြီးကို ကျုပ်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာပဲ။ မလှမ်းမကမ်းက ရယ်နေတာ။

"ဟား . . ဟား . . ဟား . . ဟား . . ဟီး . . ဟီး . . ဟီး . . ဟီး . ."

ရယ်သံက တဖြည်းဖြည်းနဲ့ နီးနီးလာတယ်၊ ကျုပ်ကလည်း ရယ်သံထွက်ရာ အရပ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်တယ်။ သင်္ချိုင်းကုန်းဟာ လရောင်အောက်မှာ ရှင်းလို့။ ဟိုနားမှာ ခပ်ညို့ညို့မှိုင်းမှိုင်းအုံ့အုံ့ ကုက္ကိုပင်ကြီးတွေရှိတယ်။ မြေပုံမို့မို့နဲ့ ယိုင်ရွဲ့နေတဲ့ မှတ်တိုင်များကို မြင်နေရတယ်။ ဇရပ်အိုကြီးကိုလည်း ငုတ်တုတ်မြင်နေရတယ်။

ဒီအချိန်မှာ ရုတ်ချည်း လေးပြင်းတွေကျလာရောဗျို့။ လေပြင်းတိုက်သံကြောင့် စောစောက ကမ္ဘဋ္ဌာန်းထိုင်နေသလို ငြိမ်သက်နေတဲ့ ကုက္ကိုပင်ထန်းပင်တွေဟာ ယိမ်းထိုး လှုပ်ရှားပြီး တဝေါဝေါ တရှဲရှဲ တဖြုန်းဖြုန်းတဖြန်းဖြန်း မြည်ကုန်ကြရော. . .

ဇရပ်အိုပေါ်က အမိုးလံနေတဲ့သွပ်ကလည်း လေတိုးတော့ တဂျုံးဂျုံး ဂျိမ်းဂျိမ်း မြည်နေတဲ့ အသံကလည်း တစ္ဆေသူရဲတွေ သင်္ချိုင်းထဲကထလာပြီး စုပေါင်းကခုန်တုန်း နောက်ခံတီးဝိုင်းကြီး တီးပေးနေသလိုပဲ။

ဒီအချိန်မှာပဲ ကျုပ်ကျောထဲမှာ ကြက်သီးက ဖျန်းကနဲ၊ အရိုးထဲက စိမ့်ကနဲ။ ကျုပ်က ဓားမြှောင်ကို အသင့်ကိုင်ပြီး စောင့်ကြည့်နေတာ။ ဒီအချိန်မှာ လူတစ်ယောက် ခေါင်းမြီးခြုံပြီး ကျုပ်ရှိရာကို လာနေတယ်။ သူက မျက်နှာကို နည်းနည်းပဲ ဖော်ထားတယ်။ ပါးစပ်ကလည်း ငှက်ဖျားတက်နေသလို တဟီးဟီး တဟင်းဟင်းငြီးလို့။ ဒီအချိန်မှာ ကျုပ်ခေါင်းပေါ်ကနေ့လင်ကောင်ပိုးခေါ် ငှက်ဆိုးတစ်ကောင်ကလည်း ဂီးကနဲ အော်ပြီးပျံသွားပြန်ရော. . .။

ကျုပ်ဗျာ မဖြစ်စဖူး သွေးရှေလခြောက်သွား ချင်သလိုဖြစ်လာရော





ဗျာ။

"ဟော့ကောင် စောစောက ငါ့ကိုခေါ်တာ မင်းလား . ."

"ဟီး . . ဟီး . ."

သူက ဘာမှမပြောဘဲ ကျုပ်ဆီကို ရှေ့ရှုလာနေတယ်၊ ဒယိမ်းဒယိုင်နဲ့. . .။

"မင်း . . မင်း . . ဘယ်သူလဲ ပြော. . . ပြောလေ. . ."

"ဟီး . . ဟီး . . ဟီး . . ဟီး . . ဟီး . ."

"ငါ့နာမည်ကို ခေါ်နေတာ မင်း . . မင်း . . လား . ."

"အင်း . . အင်း . . ဟုတ်. . . ဟုတ်. . . တယ်. . . ဟီး . . ဟီး . ."

"မင်းဘယ်သူလဲ. . . မင်းငါ့ကို. . . သိ. . . လို့လား . ."

"သိ. . . သိ. . . တယ်. . . ဟီး . . ဟီး . ."

သူဟာ စောင်နက်ကြီးကိုခြုံပြီး ရှေ့မှာရပ်လို့ တဟီးဟီးနဲ့ လူမမာညီးသလို ငြီးနေတယ်။ သူ့ကိုယ်ဆီက ခွေးသေကောင် အပုတ်နံ့လိုလိုလူသေကောင်များ ပုတ်သည့် အနံ့လိုလိုမျိုး အနံ့က ထွက်နေတယ်။

"ဟော့ကောင် ငါ့ကို. . . သိရင်. . . မင်းမျက်နှာက အဝတ်ဖယ်လိုက်"

သူကလည်း ကျုပ်စကားကို အသေအချာ နားထောင်တယ်။ မျက်နှာပေါ်က အုပ်ထားသည့်စောင်ကို ဖြည်းဖြည်းချင်း ဖယ်ပစ်လိုက်တယ်။

"ဟာ. . . ဟာ. . . ဟာ. . ."

"အား . . အား . . မ. . . လေး. . ."

"ဟား ဟား ဟား ဟား ဟား ဟီး ဟီး ဟီး ဟား ဟား ဟား ဟား ဟား . ."

"မင်း. . . မင်း. . . မင်း. . ."

စောင်ကိုလည်း ဖယ်ချလိုက်ရော သူ့မျက်နှာကို လရောင်နဲ့ ဖြုန်းကနဲ အမိမြင်လိုက်ရရောဗျို့။ သူ့မျက်နှာ လှမ်းလည်းမြင်လိုက်ရရော



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရင်ထဲက လိပ်ပြာလွင့်မတတ် ဖြစ်သွားခဲ့ရတယ်။ ကျုပ် ကျုပ်. . . ရှေ့မှာရပ်ပြီး အော်အော် ရယ်နေတာက လွန်းမောင်။ ကျုပ်တို့ အသေသတ်ခဲ့တဲ့လွန်းမောင်။ အခု. . . လွန်းမောင်က ကျုပ်ရှေ့မှာ သွားဖြဲပြီး ရယ်ပြနေနေတယ်။

"သံ. . . ခဲ. . . သံ. . . ခဲ. . ."

"မင်း. . . မင်း. . . သေ. . . ပြီ. . . သေပြီ. . . သွားသွား. . . မင်း. . . မင်းတစ္ဆေ. . . သရဲ. . ."

"သံ. . . ခဲ. . . မင်း. . . လိုက်. . . ခဲ့. . . သင်းကို. . . ငါ. . . လာ. . . ခေါ်. . . တာ. . ."

"အူ. . . ဝူး. . . ဝူး. . . ဝူး. . . ဝူး. . ."

ဒီအချိန်မှာ ခွေးတစ်ကောင်ရဲ့ မကောင်းဆိုးဝါးကို မြင်ပြီး အူနေတဲ့ အူသံရှည်ကြီးကို ကြားလိုက်ရတယ်။ လွန်းမောင်ဟာ သွေးတစ်စက်မှ မရှိတဲ့ ဖြူလျော်လျော် သူသေကောင်မျက်ခွက်ကြီးနဲ့ အားရပါးရရယ်ပြီး လက်နှစ်ဘက်ဆန့်လို့ ကျုပ်ဆီကို လာနေတယ်။

ကျုပ်ဓားနဲ့ သူ့ကို ထိုးဖို့ သတိမရတော့ဘူး။ နောက်ဆုတ် နောက်ဆုတ် လုပ်နေတုန်း။

"ဂလုတ်. . ."

"အ. . . မ. . . လေး. . ."

"ဗုန်း. . ."

ကျုပ်ခြေထောက်က ခဲတစ်လုံးကို နောက်ပြန်ခလုတ်တိုက်ပြီး လဲအကျ တစ္ဆေကောင် လွန်းမောင်ကလည်း လာလိုက်ခဲ့ဆိုပြီး ဖက်မလို့ အလုပ်။ ကျုပ်. . . ငယ်သံပါအောင်အော်ရင်း လူးလဲထပြေးခဲ့လိုက်တာ။ ကျုပ်က ရှေ့ကပြေး သူကနောက်ကနေ 'သံခဲရေ. . . သံခဲ' ရေနဲ့ အော်ပြီးလိုက်။ လွန်းမောင်တစ္ဆေဟာ ဆေးလုံးကြီး သင်္ချိုင်းကနေ စစ်ပင်ကွင်းရွာစပ်အထိ လိုက်ခဲ့တယ်။

စစ်ပင်ကွင်း နယ်စပ်ရွာစပ်လည်းရောက်ရော၊ ဒီကောင် ဆက်မ





လိုက်တော့ဘဲ ဒယိမ်းဒယိုင်နဲ့ ဆေးလုံးကြီးရွာဘက် ပြန်လှည့်ပြန်သွားတယ်။ အဲဒီအချိန်ကစပြီး ကျုပ် ခင်ဗျားတို့ရွာကို ညဘက်မလာတော့တာ ဒီနေ့အထိပဲ။

"မင်း. . . အရက်ကြောင် ကြောင်ပြီး မျက်စေ့အမြင် မှောက်တာ ဖြစ်ပါလိမ့်မယ်ကွာ. . . သံခဲရာ. . ."

"အဲဒီ နေ့ညဦးပိုင်းက ခင်ဗျားတို့နဲ့ အတူတူသောက်တာပဲ ဦးစွာ၊ ဘယ်လောက်များလို့လဲ အရက်ကြောင် ကြောင်ပြီး အမြင်မှောက်တာမျိုး ကျုပ်တစ်သက်နဲ့ တစ်ကိုယ်မှာ တစ်ခါမှ မဖြစ်သေးဘူး။ လွန်းမောင်မှလွန်းမောင် အစစ်ပါဗျာ၊ မဟုတ်မှလွဲရော ဒီကောင် အစိမ်းသေဘဝနဲ့ မကျွတ်မလွတ်နဲ့ မကျွတ်မလွတ်ဘဲ တစ္ဆေဖြစ်ပြီး ကျုပ်ကို လာခေါ်တာ နေမှာပဲ. . ."

"မင်းက လိုက်မယ်လို့ မပြောလိုက်ဘူးလား. . ."

"ဟာ ကိုရွှေကျီးညိုရာ၊ ကျားသားမိုးကြိုးဗျာ. . . ဖွဟဲ့. . . ဖွ. . . ဖွ. . . လိုက်မယ်လို့များ ပြောလိုက်ရင် ဒီအဲဒီ ညတွင်းချင်း ဒီကောင်က ထမ်းခေါ်သွားမယ် ပုံဗျ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ယုံပါတယ် သံခဲရာ. . .၊ ဒီအဖြစ်မျိုး ဒီလို အမြင်မှောက်တာမျိုး အိပ်မက်၊ မက်တာမျိုး ငါတို့ အားလုံး ခဏခဏ ကြုံနေရတယ်၊ ဟောဒီ နှစ်ယောက်ရောပေါ့ကွာ၊ အင်း. . . မင်းပြောသလိုပါပဲ လွန်းမောင်တစ္ဆေ (သို့မဟုတ်) ဝိညာဉ်က ငါတို့ကို လိုက်ခြောက်လှန့်နေတာလား၊ ဒါမှ မဟုတ်ရင် ငါတို့ကပဲ နေ့ရောညရော အရက်ချည်း ခွသောက်နေလို့ အရက်ကြောင် ကြောင်ပြီး သွေးလန့်နေတာလား၊ ဒါ. . . မဟုတ်ရင်လည်း ငါတို့ အကုသိုလ်က ငါတို့ကို ပြန်ခြောက်လှန့်နေရော့သလား၊ ဘာပဲဖြစ်ဖြစ်ကွာ အရက်ရှိနေရင် ကြောက်စရာမလိုပါဘူး၊ ဒါတွေ မေ့ထားလိုက်ကွာ၊ ကျက်သရေမရှိတဲ့ အနိဋ္ဌာရုံတွေ၊ မင်းတို့ သိထားဖို့က သေသူဟာ ဘယ်တော့မှ သင်္ချိုင်းက ပြန်ထ မလာပါဘူး။ ငါတို့ လုပ်ခဲ့တဲ့ ကိစ္စကလည်း ဘယ်သူမှ သိကြ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်၊ ဒါကိုတွေးပြီး လိပ်ပြာလန့်မနေနဲ့၊ ငါတစ်ယောက်လုံး ရှိတယ်၊ ဒီမှာ အခုဟာက. . . ငါ မင်းတို့နဲ့ တိုင်ပင်စရာရှိလို့ကွ. . .''

''ဘာလဲ. . . ကိုရွှေကျီးညို. . . နောက်ထပ်လူသတ်ဖို့လား တော်ပါတော့ဗျာ. . .''

စစ်ပင်ကွင်းသာ လူမိုက်သံခဲက အတော့်ကို ကြောက်လန့်နေပုံ ရသည်။ အသံကြားယုံနှင့် ငြင်းဆိုနေ၏။ နောက်တိုးကတော့ ထန်းရည်ခါး ကို သောက်လိုက်၊ ဆတ်သားခြောက်ကို ဝါးလိုက်နှင့် ခံတွင်းတွေ့နေ၏။ ပေသီးကတော့ ဆေးပြင်းလိပ်ကို ဖွာရင်း သူ့ဆရာ ရွှေကျီးညို မျက်နှာကိုပဲ အကဲခတ်နေသည်။

ဒီနေ့ သူ့ဆရာပုံစံက အူမြူးချင်ပုံရနေသည်ကိုး။

ခါတိုင်းနေ့များက လွှန်းမောင်တစ္ဆေနှင့် ခွေးနက်ကြီး အိပ်မက် အခြောက်ခံရ၍ ကြောက်လန့်ပြီး သူတို့နှင့် လာအိပ်လိုအိပ်။ အိပ်ရင်လည်း အမူးအဝသောက်ပြီး အိပ်ယာထဲမှာပါ ရှူးရှူးပေါက် အိပ်လိုအိပ်နှင့် ဂဏှာ မငြိမ်ခဲ့။ ခုတော့ ဘယ်လို အကြံအစည်ကောင်းများ ပေါ်လာပြန်ပြီလဲမသိ။

''လူသတ်ဖို့ ကိစ္စမဟုတ်ပါဘူး သံခဲရ၊ ဒီလောက်လဲ သွေးလန့် မနေစမ်းပါနဲ့. . .၊ လဒ္ဒိုးတဲ့မှ စစ်ပင်ကွင်းသားလုပ်ပြီး. . .၊ ဒီမှာ. . . ငါလူ မသတ်တော့ဘူးကွ. . .၊ အခုကိစ္စက လူယူဖို့ လူယူဖို့. . .''

''လူယူဖို့ နေစမ်းပါအုံး ခင်ဗျားက ဘယ်သူ့များ ယူချင်လို့တုန်း''

စစ်ပင်ကွင်းသား သံခဲက ထန်းရည်ငှဲ့ရင်းမှ လှမ်းမေးလိုက်သည်။

''ဘယ်သူ ရှိရမလဲ ရောင်းရင်းရယ် ဟိုကွမ်းတောင်ကိုင် မုဆိုးမလေး မြတ္ထွေးရှင်ပေါ့ဗျာ ဟား. . .ဟား. . .ဟား. . .ဟား ဒီမြတ္ထွေးရှင် ဆိုတဲ့ အလှကလေးကို. . . ငါ အပိုင်သိမ်းချင်နေပြီကွ. . .၊ အဲဒါ ဘယ် လို. . . လုပ်သင့်သလဲဆိုတာ. . . ပညာရှိအမတ်များနဲ့ လာ. . . တိုင်. . . ပင်တာ အကြံပြုကြစမ်းပါအုံးဗျာ. . . အေ့. . . ဝေါ့. . .''

''ရည်းစားစကားရော. . . ပြောဆိုပြီးပလား. . .''

''အဟီး. . . အကြိမ်တစ်ရာလောက်ရှိပြီ မောင်ရေ့ အဟော့. .''





''ကောင်မလေးကရော ဘာပြောတုန်း. . . ကိုကျီးရ လုပ်ပါအုံး အဟဲ ဟဲ. . .''

''သူ့ကိုခင်ရင် နောင်ဒီစကားမျိုး လုံးဝလာမပြောပါနဲ့တဲ့. . .''

''ကိုရွှေကျီးညိုတို့လုပ်ရင် အပိုင်ချည်းပဲဗျာ. . .၊ အဟီး. . . ကိုယ့်ဘက်ကတော့ ဖိတ်စာရိုက်ပြီးပြီး ကောင်မလေးဘက်က ဂါတ်တိုင် မလို့တဲ့ ဆိုသလိုပဲ ပိုင်ပါ့ဗျာ. . . အဟိ. . .''

သံခဲက အကြောင်းသိမို့ ပြောရင်း အသံထွက်ရယ်လိုက်၏။

''ဒီ. . . ဒီ. . . လို. . . လုပ်ပါလား. . .ဆ. . .ဆ. . . ရာကျီးရ''

ပေသီးက ဆေးပြင်းလိပ်ဖွာရင်းမှ အကြံဉာဏ်ပေး၏။

''ပြောကွာ ပေသီး. . . အေ့. . . ဖွီ. . .''

''သူ့အဒေါ် မရှိတဲ့. . . နေ့ကျရင် ဆရာကျီး သူ့ကို ဗလက္ကာယ လုပ်ပစ်လိုက်ဗျာ. . . ရှင်းရော. . .''

''ဖြစ်ပါ့မလားကွ. . .၊ သူ့အဒေါ် မြစည်မရှိပေမယ့်. . . ဟို. . . ခွေးနက်ကြီးက ရှိသေးတယ် ဥစ္စာ၊ ခွေးကိုက်သေတယ်ဆို အရပ်ရပ်ကြား လို့ မတော်ပါဘူး ပေသီးရာ လဒ္ဒိုး. . .''

''ဆရာကျီးလာရင် ခွေးကို သံကြိုးနဲ့ ချည်ထားပေးတာဥစ္စာ ဗျာ. . . ဗျာ. . .၊ ကြောက်မနေစမ်းပါနဲ့ ကြောက်နေလို့ကတော့ ဒီတစ်သက် ဆရာကျီး မားမနဲ့ နှစ်ပါးသွားရကိန်းကြုံမှာပဲ၊ ဒီမှာ အပိုင်ကြံတဲ့နေ့ကျရင် ကျုပ်တို့ကလည်း အပြင်ကနေ ရံပေးနေမှာပါဗျာ၊ အခြေအနေ ကြည့်စောင့် ရှောက်ကာကွယ်မှာပေါ့. . .၊ ဒီလောက်လဲ ကြက်သီးထ မနေစမ်းပါနဲ့ အေ့. . . အေ့. . .''

''နေပါအုံး. . . ကျုပ်ကပဲ ကြားဖြတ်. . . မေးပါရစေ. . . ကိုရွှေကျီးညို. . . ဟိုတစ်နေ့က. . . ချောင်းစောက်ကျေးရွာက ပေဒင်ဆရာ ကြီး ဦးမှိုင်းဆီ ပေဒင်သွားကြည့်တယ်ဆို အဲဒါ ထောင်ကျကိန်း အချုပ်ခံရ ကိန်းများ ရှိတယ်လို့ရော ဟောရဲ့လား. . .''

သံခဲက ကြက်သားဟင်းရည်ကို ခပ်၍သောက်ရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အဟီး ဆရာမှိုင်းကတော့ ဒီနှစ်ထဲ အိမ်ထောင်ကျကိန်း သိပ်မမြင်ဘူးတဲ့၊ မိန်းကြောင့် ပြဿနာတက်ကိန်းရှိသတဲ့၊ တနင်္လာနံ ခွေးသတ်ထားရမယ်တဲ့. . .၊ အလကားပါကကွာ ဒီဆရာမှိုင်းဆိုတဲ့ အဘိုးကြီးက ပေဒင်ဆရာလိမ်ပါ. . .၊ ပေါက်ကရ လျှောက်ဟောနေတဲ့ လုပ်စားအဘိုးကြီးပါ၊ ထားလိုက်စမ်းပါ ထွီ. . . အေ့. . . အေ့. . .''

''ဒီလိုလည်း မဟုတ်သေးဘူးလေဗျာ. . . အလုပ်တစ်ခုလုပ်ရင် ဇာတာသန့်မှ ကောင်းတာကိုးဗျ. . .''

''ထွီ. . . ဒါတွေ ငါ အလေးအနက် မ. . . မ. . . ထားပါဘူး သံခဲရာ. . . လူသာ အခရာပါကွ. . .''

''ဆရာကျီး. . .''

''ဆိုစမ်းပါဦး မောင်နောက်တိုးရ အေ့. . . ဖွီ. . .''

''ပေသီးပေးတဲ့ အကြံဉာဏ် မဆိုးဘူးဗျ၊ ဆရာကျီး ဒီလောက်စိတ်အားထက်သန်နေရင် မြန်မြန်သာကျဲလိုက်ဗျ၊ ခုတောင် ရွာထဲမှာ ဆရာကျီး မြထွေးရှင်တို့ အိမ်သွား. . . သွားနေတာကို ဘာဂလိုလို ညာဂလိုလို ပြောနေကြတဲ့ဗျ သိလား. . . အဟီး. . . ဟီး. . . ဟီး. . .''

''ဟေ. . . ဟုတ်လား. . .၊ ဟား. . . ဟား. . . ဟား. . . ဒီလိုတောင် ထင်နေကြပြီလား. . .၊ အဟီး ဟီး အဟစ်. . .၊ ငါ. . . သွားသွားသာနေတာကြာပြီ. . .၊ အဲဒါ သိပေါင်ကွာ အဟီး. . . ဟီး. . . ဟီး. . .''

နောက်တိုးက အချွန်အတွန်း အမြောက်အပင့်မှာ နှစ်ယောက်မရှိ၊ နဂိုကမှ မော့်လိုလို ဂယောင်လိုလိုဖြစ်နေရသည့်အထဲ ယင်းကဲ့သို့ ပင့်ပေးလိုက်သောအခါ ရွှေကျီးညို ဖိုးကျိုင်းတုတ်ဖြစ်သွားပြီး တဟီးဟီး တဟဲဟဲနှင့် နွားသိုးကြီး ဟိုဒင်းပြုကာနီး. . . ပါးစပ်ဖြဲသွားရည်ကျ တမော့်မော့်တငမ်းငမ်း လုပ်သလိုလုပ်ရင်း သဘောတွေ စွတ်ကျနေသည်။

''ဘယ်. . . ဘယ်. . . သူတွေကများ. . . ဘာများ ပြောကြသတုန်း. . . မောင်နောက်တိုးလေးရဲ့. . .၊ အဟဲ. . . ဟဲ. . . လုပ်စမ်းပါအုံး မင်းကြားရတာလေး. . .၊ မင်းတို့ဆရာ အကြောင်းအကောင်းမှ ပြောကြရဲ့





လား. . . ကွယ့်. . . တပည့်ရဲ့. . . အဟဲ့. . . ဟဲ. . . ဟဲ့. . .''

''ပြောရမှာ ရှက်ပါရဲ့. . . ဆရာကျီးရာ အဟိ. . .''

''အမ်မယ်. . . ငါ့ ငါတောင် မရှက်သေးတာ၊ မင်းကများ ရှက်တယ်လို့ လခွီးတဲ့မှ''

''ဟိုတစ်နေ့က ပြည်တော်သာ ကန်ဘောင်ရိုးမှာ မြရီတို့ လှကြည်တို့ ညီအမနဲ့ ရေခပ်လာတဲ့ အပျိုအုပ် အတင်းချနေကြတာဗျ၊ ဆရာကျီးရကျုပ်ကလည်း အနားက ဖြတ်သွားရော သင်းတို့ အသံတိတ်သွားရော ဒါတောင် မြရီက ကျုပ်ကို ရီလိုက်သေးတယ်ဗျ. . .''

''အမ်မယ်. . . မြရီက. . . ငါ့ကောင်ကို ရီလိုက်သေးတယ်၊ လုပ်စမ်းပါအုံး၊ သင်းက မင်းကိုများ မျက်စေ့ကျနေရော့လား. . . နောက်တိုးရာ. . .၊ ဘယ်လို ရီသတုံးဟ. . .''

''ရွှေကျီးညိုရဲ့ လူပျိုရံ ပုံချောကြီးတွေတဲ့ဗျာ. . . ဟား ဟား ဟား ဟား. . .''

''ဟား ဟား ဟား ဟား ဟား. . . ကျော်လည်း ကျော်ပါ့ကွာ၊ ရွှေကျီးညိုတို့ဘုန်း မိုးဘို့ချွန်း တောလုံးချမ်းသာ မနေသာ ဆိုသည့်စကားလိုပေါ့ကွာ၊ ခုကြားရသည့် စကားများသည် အိုဇာတာ ကောင်းမယ့် နိမိတ်စကားများပေပဲ တပည့်ကြီးရ ဟား. . . ဟား. . .၊ ငါကလည်း ကောင်မလေးလက်မခံမှန်းသိပေမယ့် အသေကြိုက်နေတဲ့ ကောင်မို့လား. . .၊မင်းကုသထုံးနှလုံးမူပြီး နေရောညပါ ဖွတ်ကို သွားသွား ခစားနေတာကိုးကွ. . .၊ ကြာတော့ ရွာထဲက ငါနဲ့ သင်းကလေးနဲ့ အဟိ. . . ဟို. . . ဟိုဒင်း. . . အဲ. . . အဲ. . . ဖြစ်နေကြပြီ ထင်ကုန်ကြပြီပေါ့၊ စိတ်မကောင်းလိုက်တာကွာ ကျွတ်. . . ကျွတ် ကျွတ်. . .၊ စိမ်လိုက်ကွာ. . .၊ မထူးပါဘူး. . .၊ အရပ်ထဲမလည်းကျော်၊ ရွာနီးချုပ်စပ်လည်း ကျော်၊ ဒီလိုကျော်ပြီး လေ့သူကြီးနဲ့ မညားပဲ. . . လေ့ထိုးသားနဲ့ ညားတဲ့အဖြစ်. . . ငါနှစ်ကြိမ်အဖြစ် မခံနိုင်ဘူးကွ၊ ဒီမှာတော့ ငါ့ဘဝက တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲ၊ ပေသီးပြောသလို အပိုင်ကြံလိုက်တာ အကောင်းဆုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွ. . .၊ စိတ်ချ. . . အခွင့်သာတဲ့နေ့ကျရင် သုံးတောင်ပြည့် ခန်းသာလယ်မှာ လေးတောင်ပြည့်. . . ခန်းသာလယ်မှာ. . .''

ရွှေကျီးညိုက ထန်းရည်လည်း အာတော်ဝင်သွားခဲ့ပြီမို့ မရှက်နိုင်တော့ ထိုင်နေရာမှ ထ၍ ပုဆိုးအောက်စလေး မတဲ့ကာ သိုင်းကွင်းနင်းပြီး သီချင်းနှင့် ကတော့သည်။

''ဒီ. . . ဒီ. . . သီချင်း. . . မ. . . မ. . . ကောင်းဘူး. . . ဆ. . . ဆ. . . ရာကျီးရာ. . .''

ပေသီးကလည်း သူ့ကိုယ်သူ မထိန်းနိုင်ပဲ ဒီသီချင်းမကောင်းဘူး လုပ်နေပြန်သည်။

''ဒီ. . . ဒီ. . . သီချင်း. . . မကောင်းရင်. . . ဘယ်. . .သီ. . . ချင်းကောင်းသလဲ. . . ရွှေပေသီးလေးရဲ့. . . ဟင်. . . ဝေါ့. . . ပြောစမ်းကောင်းတဲ့သီချင်းကို ခတ်ပြားမှာ အပ်သွားစိုက်ပြီး ဖွင့်. . . ဖွင့်လိုက်. . . ပါဦး. . . ခင်. . . ခင်. . . ဗျာ. . . အေ့. . .''

''ဒီ. . . သီချင်းလေးဆရာကျီးရဲ့. . . နှမလေးကို မောင်ကနိုးမယ်၊ လူဆိုးတွေနဲ့ မောင်. . . တိုင်. . . ပင်. . .''

''အလဲ့လဲ့. . .၊ အလိုလေးနော်. . .၊ အသည်းတွေ ယားယားလိုက်ပါဘိဗျာ. . .၊ ကောင်း. . . လှ. . . ချည်လား ရွှေပေသီးရဲ့ အဆိုတော်ဆက်ပါဦး ညီဘွားရယ်. . . အေ့. . .''

''အရှေ့ဆို ညောင်ပင်ရင်းမှာ မြင်းကိုယ်စီပြင်. . .၊ လထွက်ကလေးတဲ့. . . မြင်းပေါ်တင်. . .၊ လ. . . ဝင်. . . ရင် ညောင်ညိုစော်မှာ ချစ်သူရေ ပြေးလို့ကြိုတော့ကွယ်. . . ပတ်. . . ပေထီးပေါင်. . . ဖေပေါင်. . .ကျိ''

''ဝါးဟား. . . ဟား. . . ဟား. . . မင်္ဂလာရှိလိုက်ပါဘိသနဲ့ကွယ် မင်္ဂလာရှိသောအချိန် မင်္ဂလာရှိသောအခါ သမယမှာ. . .၊ မင်္ဂလာစကားများမြွက်ဟရရင် မင်္ဂလာရှိသော သီးချင်းကောင်း သီးချင်းမြွက်ကို ကြဲစည်တွေးတောပြီး အဆိုတော်များ ဆက်ရာမှာ ငှါချစ်တပည့် မောင်ပေသီးရဲ့ သီးချင်းဟာ ငါ ကိုယ်တော်မြတ်ရဲ့ အပင်နှလုံးကို ရွှင်ပြုံးအားရစေသကွယ့် ညီဘွား





များရဲ့. . .''

''မှန်ပါ. . . ကိုယ်တော်ကြီးဘုရား. . .''

ကျန်သုံးယောက်ကလည်း ခွက်မှောက် အိုးမှောက် မူးခနေကြပြီ ကိုကျီးညို. . . ဆရာကျီးမှသည် မှန်ပါ. . . ကိုယ်တော်ကြီးဘုရားတွေ ဘာတွေ ဖြစ်ကုန်ပြီ. . .

''သို့သော် ပြင်စရာလေးများ နည်းနည်းရှိသကွယ့် ညီဘွားများရဲ''

''အမိန့်များရှိပါ ကိုယ်တော်ကြီးဘုရား. . .၊ နာခံလျက် အသင့်ရှိကြောင်းပါဆရာ''

''ဘာတဲ့. . . ချစ်သူရေ ပြေးလို့ကြိုတော့ကွယ်ဆိုတဲ့ အပိုဒ်၊ အဲဒါ သိပ်မကြိုက်ဘူး အမှန်. . . ဖြစ်ရမှာပါကလား. . . 'ထွေး. . . ရှင်. . . ရေ'. . . 'ကျီး'. . .ကို ကြိုတော့ကွယ်. . .၊ ဝါး. . . ဟား. . . ဟား. . . ဟား မကောင်းဘူးလားကွယ်. . . ဟင်''

''သင့်မြတ်လှကြောင်းပါ. . . ဘုရား. . .''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . .''

''ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး. . .''

စစ်ပင်ကွင်းက လူမိုက်သံခဲ၏ တဲအိမ်သည် ရယ်သံ၊ ခုန်သံ၊ ကသံများဖြင့် သိမ့်သိမ့်ခါနေသည်။ သူတို့လေးယောက်ရဲ့ ငှက်ဆိုးထိုးသံများသည် ကြားရသူများ ကြက်သီးထစရာ ကျောချမ်းစရာ ကောင်းလှ၏။

အချို့သော ခတ်သိများက ဒီကောင်လေးယောက်ပေါင်း၍ ရယ်လျှင် ရွာမှာ မင်္ဂလာမရှိသော ကိစ္စများ ဖြစ်တတ်သည်ဟု ဆိုကြသည်။ ခုလည်း. . . အသံကွဲကြီးများဖြင့် အော်ဟစ်၍ ရယ်ကြသောကြောင့် အိမ်အောက်မှ ခွေးများပင် လန့်၍ ပြေး၏။

မကြာခင်အိမ်ပေါ်မှ လေးယောက်သား လက်ချင်းချိတ်ပြီးနောက် နှမလေးကို မောင်ကနိုးမယ်. . . လူဆိုးတွေနဲ့ မောင်တိုင်ပင်။ အရှေ့ဆို ညောင်ပင်ရင်းမှာ မြင်းကိုယ်စီပြင် လထွက်ကလေးတဲ့ မြင်းပေါ်တင် လဝင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ညိုအောက်မှာ ထွေး . . ရှင် . . . ရေ . . "ကျီး"ကို "ကြို"တော့ ကွယ် . . . ဆိုသည့် ဂန္ထဝင်သီချင်းကို စာသားအသစ်ထိုးပြီး သကာလ ဝိုင်းပြီး ပတ်ပတ်ကကြ ခုန်ကြလေရော မကြာခင် ကြမ်းခင်းသည် လုံးဝ မခံနိုင်ဘဲ ဝုန်းကနဲ ဆင့်ပါကျိုး၍ ကျလေသော် အောင်မယ်လေး ကယ်တော်မူပါဗျို့ . . ဆိုသည့် အသံနှင့်အတူ အမူးသမားလေးယောက် အိမ်အောက်က ဝက်လှူးကျင်းထဲ လျှောကျသွားကြ၏။ ဝက်ချေးများ ပေကျံ လျှက်နှင့် တစ်ယောက်ကို တစ်ယောက်ဖက်ရင်း ငုင်း ဝက်လှူကျင်းထဲမှာ အိပ်ပျော် သွားကြလေသည်။

◆◆◆◆◆

၁၈

## သညြီးထိတ်ာဆနီးကြယ် ဇဈှေးနက်ကြီး

မြထွေးရှင် မောင်မေတ္တာလေးကို ပုခက်ထဲမှာ သိပ်ခဲ့ပြီးနောက် အိမ်နောက်ဖေးမှာ ရေချိုးလိုက်သည်။ ကလေးနိုးမှာ ခြင်ကိုက်မှာစိုး၍ ရေကိုစိမ်ပြေနပြေ မချိုးနိုင်။ ကဗျာကယာ ဝုန်းဝုန်းလောင်းချိုးပြီး ရေလဲ၍ သနပ်ခါးခုံရှေ့မှာထိုင်ကာ သနပ်ခါးကို အနှစ်ကျအောင်သွေး၍ တစ်ကိုယ်လုံးကို လူးပစ်လိုက်သည်။

ပထမ မျက်နှာကို ဖွေးအောင်လူးပြီး အကွက်နှစ်ဘက်ပါးမှာ တင်လိုက်သည်။ ပြီးနောက် ထဘီကိုဖြည်ချပြီး ရင်သားများ ကျောများ ဝမ်းဗိုက်နေရာများကို အနှံ့လူးလိုက်သည်။ သည့်နောက် ဘယ်သူမှ မရှိသမို့ ထမီကိုပေါင်ရင်းအထိ မ,တင်ပြီး သနပ်ခါးရေကျဲကို ခြေဆုံးခြေဖျား လူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြထွေးရှင်ရေ. . . ဟေး. . . မြထွေးရှင်. . ."

"မြထွေးရှင်. . . ခွေးကြည့်ပါအုံးဟ. . ."

ဟောတော့. . .။ အရေးထဲကျမှ ဟို တဏှာကောင် ရောက်လာပြန်သည်။ သူကခြံဝမှ အသံပေးရင်း အိမ်အောက်က ခွေးဟောင်သံ မကြားရသောအခါ အရဲစွန့်၍ အိမ်ပေါ်သို့ လှမ်းတက်လိုက်၏။ ပေသီးနှင့် နောက်တိုးတို့က ခြံဝမှာ မယောင်မလည်နှင့် ကျန်ရစ်ခဲ့ပြီး အိမ်ရှေ့ အသီအိမ်သို့ ဝင်သွားကြသည်။

ရွှေကျီးညိုလက်ထဲမှ အထုပ်များကိုကိုင်ပြီး အိမ်ပေါ်သို့ ရဲရဲတင်းတင်းပင် တက်လာလိုက်သည်။ ဒေါ်လေး မြစည်လည်း မရှိပါလား. . .။

"ကို. . . ရွှေ. . . ကျီးညို. . . ရှင်. . . ရှင်. . . အိမ်ရှေ့မှာ နေပါကျွန်မ. . . ဟို. . . ဟို. . ."

"နင်ဘာလုပ်နေတာလဲဟ ဒေါ်လေးမြစည်ရော. . . ဒေါ်လေးရေ ဒေါ်လေးရေ"

"ရှင် အပြင်မှာနေနော်. . . အိပ်ခန်းထဲကို ဝင်မလာနဲ့. . ."

မြထွေးရှင်က အထဲမှ အသံမာမာနှင့် ဟန့်ရင်း ဘော်လီအင်္ကျီကို အမြန်ဝတ်လိုက်သည်။ အရေးထဲ သင်းရန်ကို စိုးရိမ်နေရ၍ ဘော်လီအင်္ကျီက ကြိတ်တပ်လို့ မရနိုင်ဘဲ ရင်သားနှစ်လုံးတင်းခံနေသည့်ဒဏ်ကြောင့် မပြီး တပ်မရဖြစ်နေသည်။

ရွှေကျီးညိုသည် ခွေးဟောင်သံလည်း မကြားရ။ ဒေါ်လေးမြစည်ရဲ့ အသံလည်း မကြားရသောအခါ အရက်ကလေးကလည်း ခပ်တွေတွေမို့ မြထွေးရှင် တစ်ယောက်တည်းရှိမှန်း သိသွားပြီး လိုက်ကာကိုမ,ကာ အတွင်းခန်းသို့ ဝင်လိုက်တော့သည်။

"ဟင်. . . ရှင်. . . ရှင်. . ."

"ဟယ်. . ."

နှစ်ဦးစလုံး တစ်ယောက်ကိုတစ်ယောက် စိုက်ငေးကြည့်ရင်း အံ့အားသင့်နေကြသည်။ မြထွေးရှင်ကလည်း သူမဝင်လာနိုင်ကောင်းဟု





ယူဆ၍ အင်္ကျီဘော်လီချိပ်ကို မရအရ တပ်နေသည့်အချိန်။ ရွှေကျီးညိုကလည်း အထုပ်များကိုင်ရင်း အထဲကို ဝင်လိုက်သည့်အချိန်. . .

"ဟင်. . . ရှင်. . . ရှင်. . . အခုထွက်. . . ထွက်. . . လူ. . . ယုတ်မာကြီး. . . ထွက်. . ."

မြထွေးရှင်က နီးရာပုဆိုးတစ်ထည်ကို လှမ်းယူပြီး ကိုယ်ပေါ်မှာ လွှမ်းလျှက်က ရွှေကျီးညိုကို ရှက်ရွံ့ကြောက်လန့်စွာ အော်ထုတ်လိုက်သည်။

ရွှေကျီးညိုက မုဒုလက္ခဏာ မိဖုရားကြီးရဲ့ ရင်ဝတ်လျှောအကျ ရင်သားနှစ်မွှာ ဝင်းကနဲ ပေါ်လိုက်သည်ကို မြင်လိုက်ရသည့် ရသေ့ရဟန်းကြီးကဲ့သို့ ဈာန်လျှောခဲ့ရပြီ။

ရွှေကျီးညို အရက်ဆိပ်ပျံ့နေသော မျက်နှာကြီးနှင့် မြထွေးရှင်အနီးသို့ တိုးလိုက်သည်။ မြထွေးရှင် ကြောက်လန့်တကြားနှင့် ဒေါ်လေးမြစည်ကို အော်ခေါ်လိုက်သည်။ ဘယ်လိုပဲ အော်ခေါ်ခေါ် ဒေါ်မြစည်ကမလာ။ ဘယ်သွားနေမှန်းမသိ။ သည့်နောက် သူမ ခွေးနက်ကြီး ချစ်စရာကို အသံပြု၍ လှမ်းခေါ်လိုက်သည်။ ချစ်စရာ အသံလုံးဝမကြားရ။

ရွှေကျီးညို ကြမ်းပြင်ပေါ် လွတ်ကျသွားသည့် ပစ္စည်းများကို သိမ်းကြုံးကောက်ယူ၍ မြထွေးရှင် ရင်ခွင်ထဲသို့ ထိုးထည့်လိုက်သည်။ အခန်းထဲမှာ သူတို့နှစ်ယောက်တည်း မြထွေးရှင်က အပြင်ထွက်ရန် ကြိုးစားသည်။ ရွှေကျီးညိုက အခန်းဝမှ ပိတ်ကာထားလိုက်သည်။

"ဒါက. . . ငါ့တူလေးအတွက် ဝယ်လာတဲ့ ဘောင်းဘီနဲ့ အင်္ကျီ၊ ဒါက နင့်အတွက်. . . ကတ္တီပါအင်္ကျီစနဲ့ အမရပူရချိတ်ထဘီ၊ ဒါက ဒေါ်လေးမြစည်အတွက်. . . ရော့၊ ဒါတွေ. . . နင်ကြိုက်မယ်ထင်လို့ ဝယ်လာတာ"

"မကြိုက်ဘူး. . . လုံးဝ. . . မယူဘူး. . . ရှင်. . . ရှင်. . . အခုချက်ချင်း အခန်းထဲက ထွက်. . . မထွက်ရင်. . . ကျွန်မ. . . အော်လိုက်မယ်နော်. . . ရှင်. . . ထွက်. . . ထွက်. . ."

"အို. . . မြကလေးကလည်းကွာ. . . အကို. . . ကျီးညိုက. . . မြထွေးလေးကို ချစ်လို့ခင်လို့ သဒ္ဒါလို့ စေတနာနဲ့ ပေးတာပါ. . .၊ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိတော့ အပဟီးဟီးဟီး. . .''

အရက်နံ့ကတထောင်းထောင်း။ မြထွေးရှင် ပုဆိုးပိုင်းနှင့် ခန္ဓာကိုယ် အပေါ်ပိုင်းကို လုံအောင်စုချည်လိုက်ပြီး အပြင်ကို ဖောက်ထွက်ရန် ပြင်လိုက်စဉ် ရွှေကျီးညိုက သူမရဲ့ ပခုံးကိုလှမ်းကိုင်ပြီး အိမ်ထရံမှာ ကျောကိုကပ်လိုက်သည်။

''မြထွေးရှင်. . .''

''ရှင်. . . ရှင်. . . လူ. . .ယုတ်မာ ကျွန်မကို. . . မ. . .ထိ. . . နဲ့. . . ခွေး. . . ခွေး၊ ဟော. . . ဒီ. . . မှာ. . . အား. . . ဂူး. . . ဂူး. . . ဂူး. . .''

ရွှေကျီးညို မျက်ကလူးဆန်ပြာနှင့် အော်ရန်ကြိုးစားနေသည့် မြထွေးရှင်ရဲ့ ပါးစပ်ကို လက်ဝါးကြမ်းကြီးနှင့် ပိတ်ပြီး ကျန်လက်တစ်ဘက်ဖြင့် ပခုံးပေါ်မှ ပုဆိုးကို ဆွဲလှန်ခွာချလိုက်သည်။

မြထွေးရှင်က ခေါင်းနှင့် ပြန်တိုက်၍ ရုန်းကန်သည်။

သည်မှာ ရွှေကျီးညိုက မြထွေးရှင်ရဲ့ လည်ပင်းကိုညှစ်ပြီး ကြမ်းပြင်ပေါ်မှာ လှဲချလိုက်သည်။ မြထွေးရှင်ခြေနှင့် ကန်ကျောက်၍ ရုန်းသည်။

မြထွေးရှင်က မျက်ရည်များ ချွေးစေးများ စီးကျပြီး အသနားခံနေသော မျက်လုံးအစုံနှင့် တောင်းပန်လိုက်သည်။ ဒါ့အပြင် လက်နှစ်ဘက်နှင့် ရနိုင်သမျှ ကုပ်ခြစ်ရုန်းကန် ခုခံသည်။

ရွှေကျီးညိုသည် ဖွေးဖွေးဖြူပြီး မှည့်ချင်တိုင်းမှည့်နေသည့် ခန္ဓာကိုယ်တစ်ခုလုံးကို ရာဂအစိုပုံသည့်မျက်လုံးအစုံ ရင်ခေါင်းသံပါသောရမ္မက်သံနှင့် ပါးချင်းကပ်၍ ပွတ်သပ်ကာ ကျန်လက်တစ်ဖက်နှင့် နုထွတ်နေသည့် အသားစိုင်များကို တို့ထိပွတ်သပ်လိုက်သည်။

မြထွေးရှင် ယောက်ျားနှင့် မိန်းမ ခွန်အားချင်းမမျှ၍ လက်လျှော့ရသည့်ဘဝသို့ ရောက်ကာ အားပျော့၍ ကျသွားခဲ့သည်။ ပုခက်ထဲမှ ကလေးသည် ဆူညံရုန်းကန် အော်ဟစ်နေသည့် အသံများကြောင့် လူးလွန့်၍ ငိုသံပေးတော့သည်။





ထိုစဉ်အိမ်ပေါ်သို့ တဝုန်းဝုန်းနှင့် ပြေးတက်လာသည့် ခြေသံများကို နှစ်ဦးစလုံး ကြားလိုက်ရသည်။ မျက်ရည်လည်ရွှဲ ချွေးသံရွှဲရွှဲနှင့် အားအင်ကုန်ခမ်းလုဖြစ်နေသည့် မြထွေးရှင်နှင့် ရာဂဘီလူးသရဲစီးနေသည့် ရွှေကျီးညိုတို့ နှစ်ဦးစလုံးပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

မြတ်စွာဘုရား ကယ်တော်မူပါ။

ရွှေကျီးညို အလျင်တွေ့လိုက်ရသည်ကား မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် သူ့ကို စိုက်ကြည့်နေသည့် ခွေးနက်ကြီး ချစ်စရာ။

ခွေးနက်ကြီး ချစ်စရာကို ရုတ်ချည်းမြင်လိုက်ရသောအခါ ရွှေကျီးညို မြထွေးရှင်ရဲ့ ကိုယ်ပေါ်မှ လွှားကနဲ ကျော်ဆင်းလိုက်ပြီး ခါးကြားမှ ဓားမြှောင်ကို လျပ်စီးလက်သလို ဆွဲထုတ်လိုက်၍ ခုခံတိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

မြထွေးရှင်လည်း ဝုန်းကနဲ ကောက်ထပြီး စုတ်ပြဲနေသည့် အဝတ်အစားများကို ပုဆိုးတစ်ထည်နှင့် ဖုံးလွှမ်းသိုင်းချီပြီး ဖရိုဖရဲ စုတ်ပြဲနေသည့် ထဘီကို လုံနိုင်သမျှ လုံအောင် လှည့်ပြင်ဝတ်လိုက်သည်။ ပြီးနောက် ငိုစပြုနေသည့် သားငယ်ကို ကောက်ပွေ့ပြီး ထိတ်လန့်တကြားဖြစ်ကာ တုန်နေသည်။

ရွှေကျီးညိုသည် မြထွေးရှင်ကို တစ်လှည့် ခွေးနက်ကြီးချစ်စရာကိုတစ်လှည့် ဓားနှင့်ချိန်ပြီး အလစ်မပေးဘဲ လိုက်ကြည့်နေလိုက်သည်။ မည်သူမှ အသံမထွက်ရဲကြ။ သည်မှာပဲ ရွှေကျီးညို မမျှော်လင့်သော အံ့သြစရာ ကောင်းလှသည့် ဖြစ်ရပ်ဆန်းကြယ်တစ်ခုကို မျက်စေ့ရှေ့မှောက်မှာ အထင်းသား မြင်လိုက်ရတော့သည်။

ခွေးနက်ကြီး ချစ်စရာသည် ရှည်ပြောပြော အရာတစ်ခုကို ပါးစပ်နှင့်ကိုက်ချီလာ၍ ရွှေကျီးညို ရှေ့မှာ ပစ်ချလိုက်သည်။

ဒေါက်ကနဲ ကျလာသည့် ပစ္စည်းကို သေသေချာချာ ကြည့်လိုက်သောအခါ သံချေးတက်စပြုနေသည့် ဓားရှည်တစ်ချောင်း. . .။ ရွှေကျီးညို ၎င်းဓားရှည်ကို မြင်လိုက်ရတော့ ခေါင်းနပန်းများကြီး၍ ရင်တစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါသွားခဲ့သည်။

ပို၍တုန်လှုပ်စရာ ကောင်းသည်ကား ဓားရှည်ရဲ့ အရိုးမှာ ကွပ်ထားသည့် ငွေရိုးကွပ်အစွပ်နှစ်ဘက်ဖြစ်သည်။ သည်ဓားခွေး နှစ်ခုမှာ 'ကျိုး' ဆိုသည့်စာလုံး နှစ်လုံးပါသည်။

ဘုရားစူး. . . ဒါ. . . ဒါ. . . သူရဲ့ဓား။

ဒီဓားနှင့် သူလွှန်းမောင်ကို လမုပင်ချောင်းရိုး အရှေ့ လယ်ကွင်းထဲက တမာပင်အောက်မှာ ရက်ရက်စက်စက် အသေခုတ်ထိုးသတ်ခဲ့သည်။ ပြီးနောက် ဒီဓားအပါအဝင် သူတို့အားလုံး၏ ဓားများ မျက်နှာဖုံးအဝတ်များ သွေးပေ အဝတ်အစားများကို ကသစ်ပင်အိုကြီး အောက်မှာ မြေကြီးကျင်းတူး၍ မြှုပ်ခဲ့သည်။

အခု လွှန်းမောင်ကို သတ်ရာမှာသုံးခဲ့သည့် လက်နက်ငွေရိုးကွပ်ဓားရှည်ကို မြေမြှုပ်ဖွက်ထားသည့် အကြားမှ ခွေးနက်ကြီး ချစ်စရာက ကြဲကြဲဖန်ဖန် ရှာဖွေဖော်ထုတ်ခဲ့ပြီး ကိုက်ချီယူလာကာ သူ့ရှေ့မှောက်မှာ ချပြနေသည်။

သည်ခွေးနက်ကြီးသည် အလွန့်ကို ကြောက်စရာ၊ အံ့သြစရာ၊ အသည်းထိတ်စရာ ကောင်းသည့် အလွန်ထူးဆန်းသော ခွေးကြီးဖြစ်သည်။

မဟုတ်မှလွဲရော ညစဉ်ညတိုင်းနီးပါး သူတို့ အိပ်မပျော်နိုင်အောင် ခြောက်ခြောက်ချားချား ဖြစ်အောင် အိပ်မက်ကလေးပေးလေ့ရှိသည့် လွှန်းမောင်နောက်မှ ပါလာသော ခွေးနက်ကြီးနှင့် ချွတ်စွတ်နီးပါး တူလှသည်။

ရွှေကျိုးညို အန္တရာယ်ဆိုး၏ အတိမ်အနက်ကို သိရှိနားလည်ခဲ့ပြီ။

ဒီခွေးနက်ကြီးက သူတို့ရဲ့ လျှို့ဝှက်သော ဒုစရိုက်အမှုကို ဆန်းကြယ်စွာ ဖော်ထုတ်ခဲ့ပြီကို သိလိုက်ရသောအခါ လက်ထဲမှ ဓားနှင့် ထိုးသတ်ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

ခွေးနက်ကြီးကလည်း သူ့သခင်မရဲ့ ကိုယ်ပေါ်မှ စုတ်ပြဲနေသည့် အဝတ်အစားများ ကြောက်ရွံ့ထိတ်လန့်နေသည့် မြင်ကွင်းများကို တစ်လှည့်





ဓားမြှောင်ကိုင်ရင်း သူ့ကို လှည့်ချောင်းနေသည့် ရွှေကျိုးညိုရဲ့ မျက်နှာကို တစ်လှည့် ကြည့်ရင်း ဟဲကနဲ မဲကနဲ အသံပေးကာ တိုးကပ်၍လာလိုက်သည်။

သည့်နောက် အလစ်အငိုက်အငုံ့မှာ ရွှေကျိုးညိုကိုယ်ပေါ်သို့ လွှားစာနဲ ခုန်၍အုပ်ကာ အသွားစွယ်များနှင့် လည်ပင်းကို ကိုက်ခဲခါပစ်လိုက်သည်။

မြထွေးရင် ကြောက်မက်ဖွယ်ရာ အသည်းထိတ်စရာ မြင်ကွင်းကို ကြည့်ရင်း အသံကုန်ဟစ်၍ အော်လိုက်သည်။ လက်ထဲမှ ကလေးသည် မိခင်ရဲ့ အသံကုန်အလန့်တကြား အော်ဟစ်လိုက်သံကြောင့် လန့်နိုးကာ တဝါးဝါး အော်ငိုတော့သည်။

ရွှေကျိုးညိုရဲ့လက်ထဲမှ အရှည်ခြောက်လက္မကျော်ခန့် ရှိသော ဓားမြှောင်ဓားဦးကလည်း ခုန်အုပ်လိုက်သည့် ချစ်စရာရဲ့ နှလုံးသားတည့်တည့် ရှိရာကို တဆုံးတနစ်ကြီး ဝင်သွားခဲ့သည်။ ခွေးနက်ကြီး ချစ်စရာသည် ရင်ညွန့်မှာ ဓားမြှောင်တန်းလန်း စူးနစ်ရင်းဖြင့် ရွှေကျိုးညိုရဲ့ လည်ပင်းကို အမိအရခဲကာ ဆွဲခါလှဲချလိုက်သည်။

ရွှေကျိုးညို လည်ပင်းသွေးကြောမကြီး ပေါက်သွားပြီး သွေးများ မြင်မကောင်းအောင် ပန်းထွက်ကာ စူးစူးဝါး အသံနက်ကြီးနှင့် အော်ဟစ်ရုန်းကန်ရင်း ကြမ်းပေါ်မှာ လူးနေ၏။

မြထွေးရင်ကလည်း "လာကြပါအုံး" "ကယ်ကြပါအုံး". . .ဟု အသံကုန်ဟစ်၍ အော်သည်။ ချစ်စရာကလည်း ဟိန်းဟောက်ရင်း အငြိုးကြီးကိုက်။ ရွှေကျိုးညိုကလည်း အော်. . . ခုမှ ရောက်လာ၍ မြင်လိုက်ရသည့် ဒေါ်မြစည်ကလည်း လန့်အော်နှင့် ကမ္ဘာပျက်သလိုဖြစ်နေသည်။

ထိုစဉ် အိမ်ထဲမှ ဝုန်းဒိုင်းကြဲနေသည့် အသံများ ကြောက်လန့်တကြားအော်ဟစ်နေသည့် အသံများ။ ခွေးကြီးတစ်ကောင်ရဲ့ ဒေါသတကြီး ဟိန်းဟောက်ကိုက်ဆွဲ နေသံများကြား၍ အဖော်လိုက်လာပြီး အိမ်ရှေ့ အိမ်မှာ ရေနွေးကြမ်းဟန်မပျက်သော အကဲခတ်နားစွင့်နေကြသော



www.burmeseclassic.com

www.burmeseclassic.com



ပေသီးနှင့် နောက်တိုးတို့ ဖြုန်းကနဲ ကောက်ထလိုက်ကြသည်။

သည့်နောက် ဝါးရင်းတုတ်ရှည်များကိုင်၍ မြထွေးရှင်တို့ ခြံထဲသို့ ဝင်လာကြသည်။ ခွေးနက်ကြီး ချစ်စရာသည် လည်ပင်းမှ သွေးများပန်းထွက် မျက်နှာများ ရစရာမရှိအောင် စုတ်ပြတ်ပြီး မျက်လုံးတစ်လုံးပါ ထွက်ကာ သွေးရူးသွေးတန်း အပမှီနေသကဲ့သို့ လေးဘက်ထောက် သွားနေသည့် ရွှေကျီးညိုရဲ့ ကုပ်ကို အားရပါးရခဲကာ ဆွဲလှန်ချပြီး ရင်ပတ်ပေါ်လက်နှစ်ဘက်တင်၍ မျက်နှာတစ်ခုလုံးကို ကိုက်ခဲဆွဲဖြဲပစ်လိုက်သည်။

သူတို့ ဆရာရွှေကျီးညိုကို ခွေးနက်ကြီး ချစ်စရာက ကိုက်သတ်နေမှန်း မြင်လိုက်သည်နှင့် ပေသီးက ဝါးရင်းတုတ်ကို မြှောက်၍ ခွေးနက်ကြီး ချစ်စရာရဲ့ ဦးခေါင်းကို စုံကိုင် ရိုက်ချလိုက်သည်။ ချစ်စရာက အသာကိုယ်ကျုံ့၍ ရှောင်လိုက်ပြီး ရင်ဝဓားတန်းလန်းနှင့်ပင် နောက်တစ်ချက်ရိုက်ရန် လက်မြှောက်နေသည့် ပေသီးရဲ့ လည်မြိုကို ပါးစပ်နှင့် ခုန်ခဲကာ အိမ်ပေါ်မှ တွန်းချလိုက်သည်။

ပေသီးရော ချစ်စရာပါ အိမ်ပေါ်မှ ကျွမ်းပြန်၍ကျလာသည်။ သည့်နောက် ခွေးနက်ကြီးက အညှာအတာ ကင်းမဲ့စွာ ဘီးလူးသရဲဖုတ်မကောင်းဆိုးဝါး အပဝင်နေသည့်အလား ကိုက်ခါပစ်လိုက်သည်။ ပေသီးခန္ဓာကိုယ်မှ သွေးများချင်းချင်းရဲ၍ ပန်းထွက်နေ၏။ ပေသီးသည် ပါးစပ်မှ ဝူးဝူးဝါးဝါး အော်ရင်း လူးလိမ့်ကာ လေ့ခါးထစ် အောက်ခြေအနီး လုံးဝငြိမ်သက်သွားတော့သည်။

ပေသီး၊ နောက်တိုး၊ မြထွေးရှင်၊ ခွေးနက်ကြီး၊ ကလေးငယ်နှင့် ဒေါ်မြစည်တို့ရဲ့ ကြောက်မက်ဖွယ် အော်ဟစ်သံများ ငိုကြွေးသံများကား ကမ္ဘာပျက်သည့်အတိုင်း ရှိ၏။ နောက်တိုးသည် သူ့ဆရာ ရွှေကျီးညိုရော ပေသီးရော၊ ခွေးကိုက်သတ်ရာနှင့် မြေပြင်နှင့် ကြမ်းပြင်ပေါ်မှာ သွေးသံရဲရဲ လူးလွန့်ရင်း အသက်ပျောက်သွားသည်ကို မျက်မြင်ဒိဋ္ဌ မြင်လိုက်ရသောအခါ လက်ထဲမှ ဝါးရင်းတုတ်ကို ပစ်ချပြီး ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်၍ ခြံပြင်သို့ ပြေးထွက်သွားတော့သည်။





ကမ္ဘာပျက်နေသည့်အလား ကိုက်သံ၊ ရိုက်သံ၊ နက်သံ၊ အော်ဟစ်ငိုကြွေးသံများကို ကြားလိုက်ရသောအခါ အိမ်နီးနားချင်းများ ဝရုန်းသုန်းကားနှင့် မြထွေးရှင်တို့ ခြံထဲသို့ပြေးဝင်လာခဲ့ကြသည်။ သည်မှာ နောက်တိုးရဲ့ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အလန့်တကြားအော်ကာ ဟိုး လမ်းမဘက်သို့ ပြေးထွက်သွားသည်ကိုလည်း သူတို့မြင်လိုက်ရသည်။

အရင်ရောက်နှင့်သူ အချို့က မြထွေးရှင်တို့ အိမ်ပေါ်မှာရော၊ ဖိနပ်ချွတ်မှာ သွေးသံရဲရဲနှင့် သေဆုံးနေသူ လူနှစ်ယောက်ကို မြင်ရသောအခါ သူကြီးအိမ်ပြေး၍ အကြောင်းကြားကြသည်။ သူကြီးလည်း နှစ်လုံးပြူးသေနတ်ကို ကျည်ထိုး၍ ရာအိမ်မှူးများနှင့် ဒရောသောပါး ရောက်ချလာတော့သည်။ ခြံထဲသို့ရောက်သည်နှင့် သွေးသံရဲရဲနှင့် မျက်နှာများစုတ်ပြတ်၊ လည်ချောင်းများ ပြတ်သတ်ပွင့်ကာ သေနေသည့် အလောင်းနှစ်လောင်းနှင့် ရင်ဝမှာ ဓားမြှောင်တန်းလန်းစိုက်ပြီး အသက်ငင်နေသော ခွေးနက်ကြီး ချစ်စရာတို့ကို မြင်ရသောအခါ သူကြီး ဦးကျောက်ခဲရော၊ ဆယ်အိမ်ခေါင်း၊ ရာအိမ်မှူးများပါ တုန်လှုပ်သွားခဲ့ကြသည်။

သည့်နောက် ကြောင်စီစီဖြစ်နေသည့် မြထွေးရှင်ကို ကိုင်လှုပ်၍ မေးကြရသည်။ မကြာခင် မြထွေးရှင် မိဘများရော ရွာထဲမှ သူငယ်ချင်းများပါ ရောက်လာကြသည်။ ပြီး အားလုံးဝိုင်းဝန်းမေးမြန်းကြတော့မှ မြထွေးရှင်က သည်းထိတ်ရင်ဖို ဇာတ်လမ်းကို အစအဆုံး ပြန်ပြောပြရာ ကြားရသူတိုင်း ရင်တုန်ပန်းတုန်ဖြစ်၍ ရင်ဖိနား ထောင်ယူကြရတော့သည်။

မကြာခင် သူဌေး ဦးကျီးညိုလည်း သုတ်သီးသုတ်ပြာနှင့် ရောက်လာကာ သူ့သားအလောင်းကိုကြည့်ပြီး ဒေါသတကြီး မြထွေးရှင်ကို စွပ်စွဲတော့သည်။ မြထွေးရှင်ကြောင့် သူ့သား သေရတာဆိုပြီး မြထွေးရှင်ကို စက်တိုင် အရောက် ပို့မည်ဟုကြိမ်းဝါးတော့သည်။

သူကြီးနှင့် ရာအိမ်မှူးများက အလောင်းများကို မထိမကိုင်ကြရန် သတိပေးပြီး အလောင်းများ အနီးမှ ငွေရိုးကွပ်ထားသည့် ဓားရှည်ကို လှမ်းကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီဓားရှည်က ဘယ်သူ့ဓားရှည်လဲ. . . ရွှေကျီးညို ဓားရှည်ကိုင်လာ သလား''

''မဟုတ်ဘူး . . . အဘသူကြီး၊ ဒီ. . . ဒီ. . . ဓားရှည်ကို ခွေးနက်ကြီး ချစ်စရာ ချီလာတာ၊ ရွှေကျီးညိုက. . . ဓားမြှောင်နဲ့. . .''

''ဟင်. . . ဒီဓားကို ခွေးချီလာတာ. . . ဘယ်ကချီလာတာလဲဟ''

''မသိဘူး. . . ဒီဓားကို ရွှေကျီးညို ရှေ့မှာ ချစ်စရာက ချပြလိုက်ရော. . . ရွှေကျီးညို အကြီးအကျယ်လန့်သွားတာ မြင်လိုက်ရတယ်''

''ဒီမိန်းမ ကျုပ်သားကို ဖြားယောင်းသွေးဆောင်ခေါ်ပြီး ဓားနဲ့ထိုးသတ်၊ ခွေးနဲ့ ရှုးတိုက်သတ်တာဗျ၊ သူကြီးရ၊ ကျုပ်မကျေဘူး. . . ဟော့ မြထွေးရှင် နင်တို့ အားလုံးကို ကြိုးစင်မပို့ရရင် ကျီးညို ကိုယ့်ကိုကိုယ် သတ်သေမယ်ဟေ့. . .''

ဦးကျီးညိုက မြင်မကောင်း ရှုမကောင်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် သားလုပ်သူအလောင်းကို ကြည့်ပြီး ဒေါသများ ပေါက်ကွဲနေသည်။ မြထွေးရှင်က မိဘများ ရောက်လာသောအခါ ကလေးကို ဖအေ့လက်ထဲ ထည့်ပြီး သူ့ရဲ့အချစ်တော် ခွေးနက်ကြီး ချစ်စရာရှိရာသို့ ပြေးသွားပြီး ဦးခေါင်းကို ပွေ့ထူလိုက်သည်။

ချစ်စရာသည် ဓားတန်းလန်းနှင့် အသက်ငင်နေသည်။ သူ့ကို မြထွေးရှင်က ပွေ့ယူဖက်ထားမှန်း သိသောအခါ မြထွေးရှင်ကို မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ကြည့်ပြီး။ သည့်နောက် ပါးစပ်နှင့် မြထွေးရှင် လက်ကို ငုံခဲထားရင်း လက်ပေါ်မှာ အသက်ထွက်သွားခဲ့သည်။ မြထွေးရှင် သံယောဇဉ် ကြီးခဲ့ရသည့် ချစ်စရာကို ဖက်၍ ငိုပစ်လိုက်တော့သည်။

မကြာခင် သွေးရှူး သွေးတန်း ထွက်ပြေးနေသည့် နောက်တိုးကို ဆယ်အိမ်ခေါင်းများက လက်ရ ဖမ်းမိလာခဲ့သည်။ သူ့ကို ဆယ်အိမ်ခေါင်းများက သူကြီးရှေ့သို့ ခေါ်လာခဲ့ကြသည်။ သူကြီးက နောက်တိုးမျက်နှာကို သေချာကြည့်သည်။ နောက်တိုးသည် ရုပ်ပျက်၊ ဆင်းပျက် သေဆုံးနေသူ သူ့အဖော်များကို ကြည့်ပြီး တုန်လှုပ်ခြောက်ချားနေသည်။ သူ့အသွင်က





မကြာခင် ရှူးသွပ်သွားတော့မည့်ပုံမျိုး

''နောက်တိုး''

''ခင်. . . ဗျာ. . .''

''မင်း. . . ငါတို့ မေးတာကို အမှန်အတိုင်း ဖြေကြားလား၊ လိမ်ညာပြီးဖြေရင် မင်းလည်းတစ်နေ့ အဲဒီလို ဖြစ်လိမ့်မယ်သိလား. . .''

''ဟုတ်. . . ကဲ့. . .''

''မင်းတို့ သုံးယောက်အတူတူ လာကြသလား. . .''

''ဟုတ်. . . ဟုတ်ကဲ့. . . ခင်ဗျ''

''ရွှေကျီးညိုက ဒီနေ့ ဘာလုပ်ဖို့ အစီအစဉ်နဲ့ ဒီအိမ်ကိုလာခဲ့တာလဲ. . .''

''ဟို. . . ဟို. . . မြထွေးရှင်ကို. . . လူလစ်ရင်. . . ဘလက္ကာယ လုပ်ပြီး အပိုင်သိမ်းဖို့ပါ. . .''

''တောက်. . . မိုက်ရိုင်းလိုက်တဲ့ ခွေးတိရစ္ဆာန်တွေကွာ. . .''

''ဟော့ကောင်. . . နောက်တိုး. . . ဒါ. . . ဘယ်သူ့ဓားလည်း ကြည့်စမ်း. . .''

သူကြီးက ကြမ်းပြင်ပေါ်မှာ ကျနေသည့် ငွေရိုးကွပ် အရှည်တစ်တောင့်ထွာခန့်ရှိသော ငှက်ကြီးတောင်ဓားကို လက်ညှိုးထိုးပြလိုက်သည်။

နောက်တိုးက ကြမ်းပြင်ပေါ်မှ ဓားကိုလှမ်းကြည့်ပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် သူကြီးမျက်နှာကို မော့ကြည့်လိုက်သည်။

''ပြောလေ. . . ဒါ. . . ဘယ်သူ့ဓားလဲ''

''ဒါ. . . ဒါ. . . ရွှေ. . . ရွှေ. . . ကျီးညိုရဲ့. . . ဓား. . .''

''ဟုတ်ပြီ. . . ဒီဓားကို ခွေးနက်ကြီး ချစ်စရာက ချီလာတာတဲ့ သူဒီဓားကို ဘာကြောင့် ဘယ်မှာ ဝှက်ထားလို့ ခွေးကချီလာရတာလဲ''

''ရွှေ. . . ရွှေ. . . ကျီး. . . ညို. . . ဒီ. . . ဒီ. . . ဓားနဲ့ လွန်းမောင်. . . ကို. . . သတ်. . . ခဲ့. . . တယ်. . .''

''ဘာ. . .''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ."

"ဘယ်. . . ဘယ်လို. . ."

"ဟာ. . . ဘုရားရေ. . ."

နောက်တိုးရဲ့ ဝန်ခံထွက်ဆိုချက်ကြောင့် သူကြီး အပါအဝင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကာယကံရှင်များ အားလုံး အကြီးအကျယ် အံ့သြသွားခဲ့သည်။ ရွှေကျီးညိုအဖေ ဦးကျီးညိုလည်း မျက်လုံးပြူးသွားခဲ့ရသည်၊ မြထွေးရှင်ကား ကြားလိုက်ရသော စကားကြောင့် ရင်ဝကို အလုံးပြေးဆောင့်ကာ သတိလစ်ချင်သလို ဖြစ်သွားခဲ့ရသည်။

"ဒီ ဓားနဲ့. . . လွန်းမောင်ကို သတ်ခဲ့တာ ဟုတ်လား. . . နောက်တိုး. . .၊ ဒါဆို. . . မင်းသိသမျှ ပါဝင်သမျှ အကုန်ဖွင့်ပြောပေရော့ မင်းကို ရဲစခန်းရောက်ရင် သက်ညှာခွင့်ရအောင် ငါလုပ်ပေးမယ်၊ ပြောစမ်း ဒီဓားနဲ့ ဘယ်လို သတ်ခဲ့သလဲ. . ."

"ကျုပ်. . . ကျုပ်. . . အမှန်အတိုင်း ပြောပါတော့မယ်၊ သူကြီးမင်း ခင်ဗျာ. . .၊ ကျုပ် ကျုပ်တို့ မှားမှားခဲ့ပါတယ်ဗျာ. . . ဟီး. . . ဟီး. . . မှားခဲ့တယ်ဗျ. . .၊ ဒီလိုပါ ရွှေကျီးညိုရယ်၊ ကျုပ်ရယ်၊ ပေသီးရယ်၊ စစ်ပင်ကွင်း ရွာသား လူမိုက်သံခဲရယ် လွန်ခဲ့တဲ့ နှစ်က ညတစ်ညမှာ မျက်နှာကို အဝတ်နက်တွေစည်းပြီး သန်းခေါင်လောက် မြထွေးရှင်တို့ အိမ်ကိုလာခဲ့တယ်၊ သူ့ယောက်ျားမ လေဖြတ်လို့လို့ အသံဖျက်ပြောပြီး တံခါးအဖွင့်မှာ လွန်းမောင်ကိုဖမ်း ကြိုးတုတ် မြထွေးရှင်ကို ပါးစပ်အဝတ်ဆို့ ကြိုးတုတ်ခဲ့တယ်၊ ရသမျှ လက်ဝတ်လက်စား အကုန်လုံးယူခဲ့ကြတယ်၊ သည့်နောက် လွန်းမောင်ကို ရွှေကျီးညိုက သူနှင့်စေ့စပ်စကားဆိုထားတဲ့ မြထွေးရှင်ကို ခိုးသူအဖြစ် မှန်းတီးပြီး လယ်ကွင်းထဲမှာ နှိပ်စက်တယ်၊ နှိပ်စက်ရာက မျက်နှာက အဝတ်ပြုတ်သွားခဲ့လို့ ရွှေကျီးညိုမှန်း သိသွားရော. . . ရွှေကျီးညို အပါအဝင် ကျုပ်တို့ အားလုံးက သူ့ကို ဒီဓားအပါအဝင် လက်နက်မျိုးစုံနဲ့ အဆုံးစီရင် ပစ်လိုက်တယ်၊ ရွှေကျီးညိုက အဲဒီ ငွေရိုးကွပ်ဓားနဲ့ အချက်ပေါင်းများစွာ ထိုးခုတ်ပြီး ဦးဆောင်သတ်တာပါ၊ သတ်လို့လည်းပြီးရော ဓားရှည်ရော၊ ဓားမြှောင်





တွေရော သွေးစွန်းနေတဲ့ အဝတ်အစားတွေရော အားလုံးကို ကသစ်ပင် အောက်မှာ ကျင်းတူးပြီး မြှုပ်ခဲ့ပါတယ်. . .၊

ဒီလိုမြှုပ်ထားတဲ့ နေရာကို ဒီလူဝင်စားလိုလို ခွေးဝင်စားလိုလို ခွေးနက်ကြီး ချစ်စရာက နေ့စဉ် အနံ့ခံလိုက် ချောင်းရာကနေ ဖော်မိသွား ရင်း ကိုက်ချီလာတာ ဖြစ်ပါလိမ့်မယ်. . . ခင်. . . ခင်ဗျား. . ."

"တောက်. . . ရက်စက်လိုက်တဲ့ လူမိုက်ရိုင်းတွေကွာ. . ."

"ဒီကောင်တွေ လူမဟုတ်ဘူးဗျ. . . ခွေးခွေး ချေးစားခွေးတွေ"

"မျိုးမစစ်တဲ့ ကောင်တွေကွ ထွီ. . ."

သူဌေးဦးကျီးညိုသည် နောက်တိုးရဲ့ ဝန်ခံထွက်ဆိုချက်ကို ကြားလိုက်ရသောအခါ ကိုယ့်နားကိုယ် မယုံနိုင်အောင်ပဲ မတ်တပ်ကြီးရပ်လျက် သေတော့မလို ဖြစ်သွားခဲ့သည်။

"မင်း. . . အဲဒီနေရာကို အခု လိုက်ပြမလား. . ."

"ပြ. . . ပြ. . . ပါမယ်. . . ခင်. . . ခင်ဗျာ. . ."

"လာ. . . သွားကြမယ်. . ."

သူကြီးဦးကျောက်ခဲ ဦးဆောင်ပြီး နောက်တိုးကို ကြိုးနှင့်နှောင် တည်းကာ ရွာလူကြီး သက်သေများနှင့်အတူ ဆေးလုံးကြီး အရှေ့ကွင်း လမှပင်ချောင်းရိုး အထက်နားက ကသစ်ပင်ကြီးရှိရာသို့ ရောက်လာကြသည်။

"ဟော ဟိုက. . . ခွေးယက်လို့ ပေါ်နေတဲ့ ကျင်း. . .ကျင်း. . . ပါပဲ ခင်ဗျ. . ."

နောက်တိုးက ခြေယက်ရာနှင့် မြေကြီးများ ဖွာလံနေသည့် ကျင်းကို လက်ညှိုးထိုးပြလိုက်သည်။ ဆယ်အိမ်ခေါင်း ကိုငှက်ရိုးက မြေကြီးကို ဓားဦး နှင့် ဖွ၍ မြေစာများကို ဖယ်လိုက်သောအခါ ဓားမြှောင်နှစ်လက်နှင့် ဓားရှည် ကတစ်ချောင်း၊ ဆွေးရိစပြုနေသည့် အဝတ်အစားများနှင့် မျက်နှာဖုံး အဝတ် နက်စများကို တွေ့ကြရတော့သည်။

သည့်နောက် နောက်တိုးက ဓားရှည်က လူမိုက်သံခဲရဲ့ ဓားဖြစ်ပြီး ကျွဲချိုရိုးတပ် ဓားမြှောင်နှစ်ချောင်းက မိမိနှင့် ပေသီးပစ္စည်းများ ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံသည်။

ငင်းသက်သေခံပစ္စည်းများ အားလုံးကို သေသေချာချာ ထုပ်ပိုး၍ ယူဆောင်ခဲ့ပြီးနောက် တရားခံကို ခေါ်ကာ စစ်ပင်ကွင်းရွာသို့ ချက်ချင်း ထွက်လာခဲ့ကြသည်။

စစ်ပင်ကွင်းရွာမှ လူမိုက်သံခဲအိမ်သို့ ရောက်သောအခါ လူမိုက်သံခဲသည် ကြိုးတုတ်ခေါ်လာသည့် နောက်တိုးကို မြင်သည်နှင့် အားလုံးပေါ်ကုန်ပြီဆိုတာ သိပြီး ပြူတင်းပေါက်မှ ခုန်ချပြေးတော့သည်။

"သံခဲ. . . သံခဲ. . ."

နောက်တိုးက ပြူတင်းပေါက်မှ ခုန်ချပြေးသွားသည့် သံခဲကို လက်ညှိုးထိုးပြသည်။ သံခဲက စည်းရိုးကို ခုန်ကျော်၍ ရွာပြင်သို့ပြေးသည်။

"ဟေ့ကောင်. . . သံခဲ. . . ရပ်. . ."

"သံခဲ. . . မပြေးနဲ့. . . မပြေးနဲ့. . ."

သူကြီးဦးကျော်ခဲက နှစ်လုံးပြူးသေနတ်ကို မောင်းတင်၍ သံခဲရှိရာသို့ ထိုးချိန်ရင်း သတိပေးသည်။ သို့သော် လူမိုက်သံခဲက လေ့ဆိပ်ရှိရာသို့ ပြေးမြဲပြေးနေသည်။

"ဒိန်း. . ."

"အာ. . ."

နှစ်လုံးပြူးသေနတ်မှ အသံဟိန်း၍ ပေါက်ကွဲသံ ဟိန်း၍ပေါ်ထွက်သွားခဲ့သည်။ ယမ်းနံ့သည် ရွာစပ်ကို လွှမ်းသွား၏။ စစ်ပင်ရွာသား လူမိုက်သံခဲသည် ဓားမြှောင်ကို ကိုင်ရင်း မြေပြင်မှာ လိမ့်ကျသွားသည်။ သူ့ပေါင်မှ သွေးများစီးကျလာသည်။ ကျည်ဆံသည် သူ့ညာဘက်ပေါင်ကို မှန်သွားခဲ့ပြီး သူထပြေးရန် ကြိုးစားသော်လည်း အချီးနိုးသာတည်း။ သူကြီးက သူ့နားထင်ကို နှစ်လုံးပြူးနှင့် တေ့ထားလိုက်သည်။

စစ်ပင်ကွင်းမှ ရွာလူကြီးများ ဆေးလုံးကြီးမှ ရာအိမ်မှူးများက သူ့ကိုလက်ရ ဖမ်းလိုက်ကြသည်။ သူကြီးကသူ့ကို အသေပစ်နိုင်ပါသည်။ သို့သော် သူ့ကို အရှင်လိုချင်သည်။ ရုံးမှာ သက်သေထွက်ဆိုစေချင်သည်။





သည့်ကောင်တွေက အဓိက တရားခံစာရင်းဝင်တွေ။

ငင်းနောက် လူမိုက်သုံးခဲကိုပါ ကြိုးနှင့်တုတ်ပြီး ရွာထဲမှ လှည်းသုံးစီးပြင်ကာ မြို့ဂါတ်ရှိရာသို့ အပြင်းနှင်ခဲ့ကြသည်။

မြို့ဂါတ်ကိုရောက်တော့ လူမိုက်နှစ်ဦးကို ကြိုးနှင့်တုတ်ပြီး သေနတ်နှင့် ချိန်ခေါ်လာသည့် ဆေးလုံးကြီးသူကြီး ဦးကျော်ခဲကို ကြည့်၍ ရာဇဝတ်အုပ်မင်း ဦးအောင်ကြီး အံ့အားသင့်နေသည်။ ဦးအောင်ကြီးက မျက်နှာဖြူအရာရှိများနှင့် အနေများ၍ စကားပြောလျှင် ဘိုသံပေါက်ချဉ်ချဉ် ဖြစ်နေ၏။

"သူကြီး. . . ဘယ်လို ဖြစ်လာသတုန်း. . ."

"ရာဇဝတ်အုပ်မင်း လွန်ခဲ့သည့်( )က ဆေးလုံးကြီးကျေးရွာမှာ ဓားပြတိုက်ပြီး ရွာပြင်မှာ လူသတ်ပစ်ခဲ့တဲ့ အမှု မှတ်မိလား. . ."

"ဟို. . . ဘယ်သူ. . . ပါလိမ့် နေပါဦး. . ."

"လွန်းမောင်လေ. . ."

"အိုးခေး (OK) လွန်းမောင်. . . လွန်းမောင် ကျုပ်သတိရပြီ သူကြီး၊ အဲဒီအမှုနဲ့ ဒီလူနှစ်ယောက်နဲ့ ဆက်စပ်မှုရှိပါသလား. . ."

"လွန်းမောင် အိမ်ကိုဓားပြတိုက်ပြီး လွန်းမောင်ကိုသတ်တာ သူတို့အဖွဲ့ပဲ. . ."

"ဟင်. . . ဒီကောင်တွေ. . . သူ့သူ့ကို ကျုပ်. . . စစ်ဖူးသေးတယ် မို့လား. . ."

"အင်းလေ. . . ဒီကောင်နာမည်က နောက်တိုးတဲ့. . . ဒီနှစ်ကောင်တင်မကဘူး ရွာမှာ နှစ်လောင်းကျန်ခဲ့သေးတယ်. . ."

ရာဇဝတ်အုပ်မင်းသည် သူကြီးဦးကျော်ခဲကို မျက်လုံးပြူး၍ ကြည့်ရင်း ကုလားထိုင်ပေါ်မှ ထလိုက်သည်။ ပြီးနောက် သူကြီးဦးကျော်ခဲကို ကုလားထိုင်တစ်လုံးမှာ ထိုင်ရန်ပြောပြီး ဖာတ်စုံခင်း နိုင်းတော့သည်။

သည့်နောက် သူကြီးဦးကျော်ခဲက ဒီနေ့မနက် သေသူလွန်းမောင်ရဲ့ မိန်းမ မှဆိုးမလေး မြထွေးရှင်ကို ရွှေကျီးညိုက မနက်စောစော အိမ်ပေါ်မှာ အဓမ္မကြံရန် ကြိုးစားစဉ် မြထွေးရှင်တို့အိမ်မှ ခွေးနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ ရောက်ရှိလာပုံ. . .။

လှုယုတ်မာ ရွှေကျီးညိုကို ခွေးနက်ကြီးက ကိုက်သတ်ပုံနှင့် ကူညီရန် ရောက်လာသည့် ရွှေကျီးညိုရဲ့ အဖော်ပေသီးကိုလည်း ခွေးနက်ကြီးက ကိုက်သတ်လိုက်သောကြောင့် ရွာအိမ်မှာ အလောင်းများ ကျန်ခဲ့ပုံနှင့် ခွေးနက်ကြီးက မားရှည်တစ်ချောင်းကို ကိုက်ချီယူလာခဲ့ပုံလည်း ပြောပြလိုက်သည်။

ထွက်ပြေးလွတ်မြောက်သွားသည့် ယခု ဖမ်းမိလာသူ နောက်တိုးရဲ့ ဝန်ခံချက်အရ ခွေးနက်ကြီး ချီလာသည့် မားသည် လွန်းမောင်ကို ခုတ်သတ်သည့် ရွှေကျီးညိုရဲ့ မားဖြစ်ကြောင်းနဲ့ ပူးပေါင်းတရားခံနောက်တိုး ဝန်ခံဖော်ထုတ်လိုက်ပြ၍ မြေကြီးထဲ ကျင်းတူးမြှုပ်ထားသည့် လူသတ်နတ်လက်များနှင့် လူသတ်ရာတွင် ဝတ်ဆင်သုံးစွဲခဲ့သော ပစ္စည်းများကို ရရှိလာခဲ့ကြောင်း။ ပူးပေါင်းတရားခံ နှစ်ယောက်ကို လာရောက်အပ်နှံရပါကြောင်း ပြောလိုက်သောအခါ ရာဇဝတ်အုပ်မင်း လွန်စွာ အံ့သြသွားခဲ့သည်။

ချက်ချင်းပဲ မြို့ပိုင် နယ်ပိုင်များကို ဆက်သွယ်၍ အစီရင်ခံလိုက်သည်။ မကြာခင် လူကြီးများ ရဲစခန်းသို့ ရောက်ရှိလာခဲ့ကြသည်။ သူကြီးဦးကျောက်ခဲကိုလည်း မျက်နှာဖြူအရာရှိများက ချီးကျူးကြသည်။ ကြားရသမျှကိုလည်း အံ့သြနေကြသည်။

ပြီးနောက် မျက်နှာဖြူအရေးပိုင်က ချက်ချင်း သေဆုံးသူတရားခံ အလောင်းများကို စစ်ဆေး၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ကြရန် အမိန့်ပေးလိုက်သည်။

သို့နှင့် တရားခံနှစ်ဦးကို အချုပ်ထဲမှာထည့်ခဲ့ပြီး ရာဇဝတ် ဦးအောင်ကြီးက ဆားပုလင်းတစ်ဦးနှင့် ရဲတပ်သားများကို ခေါ်ယူကာ သူကြီးဦးကျောက်ခဲတို့ လှည်းများဖြင့် ရွာသို့ အမြန်လိုက်ခဲ့ကြလေသည်။

◆◆◆◆◆

၁၉

## ချစ်သူ့ဝိညာဉ် ငြိမ်းချမ်းစွာ ရှိပါစေသတည်း

မြထွေးရှင်တို့ ဘဝတစ်သက်နှင့် တစ်ကိုယ်မှာ ဤကဲ့သို့ ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ဖြစ်ရပ်သည် မကြုံဖူးခဲ့။ မြထွေးရှင် မိဘများအပါအဝင် ရွာလူကြီး သက်ကြီးဝါကြီးများကလည်း ဒီဖြစ်ရပ်လောက်ဆန်းကြယ်သည့်ဖြစ်ရပ်မျိုး မကြုံဖူးဟု ဆိုခဲ့ကြသည်။

လွန်ခဲ့သောအချိန်။

ကိုလွန်းမောင် ရက်လည်ပြီးတုန်းက အိပ်မက်ထဲမှာ ကိုလွန်းမောင်ခွေးနက်ကြီးဂုတ်တို့နှင့် ရောက်လာသည်။ သည့်တုန်းက မြထွေးရှင်က ချစ်လင်မသေပဲ ပြန်လာသည်ဆိုကာ ဝမ်းသာလွန်း၍ ချစ်လင်ကို ဖက်ပြီးငိုခဲ့သည်။

အကို ဘယ်သွားနေလဲလို့ မေးတော့ အခု. . . အကို မြကလေးတို့နှင့် အတူပြန်နေမလို့ လာခဲ့တာဆိုသည်။ သည့်တုန်းက ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ သည့်နောက် ချစ်လင်ကို ထမင်းကျွေးမလို့ဆိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာခူးခပ်ပြီး ထွက်လာလိုက်ရော ချစ်လင်ကိုလွန်းမောင် မရှိတော့။ အဲဒီတုန်းက အသဲကွဲရင်ဖွင့်မတတ် ကိုလွန်းမောင်ရေ . .ဟု အော်ခေါ်ရင်း ငိုလိုက်ရတာ။

နောက်မှ အိပ်မက်မှန်းသိရသည်။

ဩော်. . . သူဝင်စားချင်လို့ အိပ်မက်လာပေးတာနေမှာပေါ့ဟု ကောက်ချက်ချခဲ့သည်။

သည့်နောက် ခွေးနက်ကလေး ချစ်စရာ အိမ်ကိုရောက်လာသည်။ မောင်မေတ္တာကို မွေးဖွားပြီးနောက် ချစ်စရာ ခွေးနက်ကြီး ဘဝအရွယ်သို့ ရောက်လာခဲ့သည်။ ချစ်စရာသည် သူတို့သားအမိကို အထူးချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ခဲ့သည်။

သည်တုန်းက ချစ်စရာကို ကိုလွန်းမောင်များ ဝင်စားရော့သလားဟု မထင်ရဲထင်ရဲ မှန်းဆခဲ့ရသည်။

နောက်ပိုင်း ချစ်စရာ အိမ်မှ ပျောက်ပျောက်သွားသည်။ အထူးသဖြင့် လပြည့်လကွယ်နေ့များမှာ ပျောက်ပျောက်သွားသည်။ လိုက်ရှာကြတော့ ကိုလွန်းမောင်တို့ အသတ်ခံရသည့် နေရာမှာ ကြေကွဲစွာ အူရင်း ချစ်စရာ မျက်ရည်ကျနေသည်ကို တွေ့ခဲ့ရသည်။

ရွာလူအတော်များများက ချစ်စရာကို လယ်ကွင်းထဲမှာ အဖော်မပါတစ်ကောင်ထဲ မြေကြီးတွေယက်လိုက်၊ အနံ့ခံလိုက်၊ အူလိုက်၊ ပြေးလိုက် လုပ်နေတာကို မကြာခဏ တွေ့ကြသည်။ အဲဒီတုန်းက သူမက မြေကြွက် လိုက်ရှာတာပါဟု ပဲ ထင်ခဲ့သည်။

ခုတော့. . . ချစ်စရာရဲ့ ဇာတ်ရုပ် အစစ်အမှန် ပေါ်ခဲ့ပြီ။

သူမကို ရွှေကျီးညို အဝမ္ပကြဲသည့်နေ့က သူမ ချစ်စရာကို သားလို၊ မောင်လို၊ အကိုလို အားကိုးကြီးစွာ အော်ခေါ်ခဲ့သည်။ ချစ်စရာ လုံးဝပေါ်မလာခဲ့။ သူမမှာ ဒီမှာ ဘဝပျက်ရတော့မည်။ အားလည်း လျော့ချလိုက်ပြီ. . .

အဓမ္မသမားသည် သူမကိုယ်ပေါ်မှ ဘော်လီအင်္ကျီကို ဆွဲချွတ်ရန်





ကြိုးစားနေစဉ် ခြေသံများနှင့်အတူ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် ချစ်စရာ ရောက်လာခဲ့သည်။ သူမ. . . အရမ်းဝမ်းသာသွားခဲ့ရသည်။ သူမ ရေတိမ်နစ်မည့် ဘေးမှ လွတ်သွားသည်။

သည့်နောက်. . .

ချစ်စရာနှင့် ရွှေကျီးညိုရဲ့ အသက်လုပွဲ။

ချစ်စရာနှင့် ပေသီးတို့ရဲ့ သူသေကိုယ်သေ သတ်ပွဲ။

သူ. . . သူ့ကျေးဇူးရှင် သခင်မအတွက် ရင်ဝမှာ ဓားတန်းလန်းအစိုက်ခံပြီး အသက်စွန့် ကာကွယ်သွားခဲ့သည်။ သည်မြင်ကွင်း မျက်စေ့ထဲက မထွက်။

သည်မှာ ချစ်စရာ ကိုက်ချီလာသည့်ဓားက အတိတ်က သွေးစွန်းခဲ့ရသည့် အထုပ္ပတ္တိကို သက်သေခံခဲ့သည်။ သူမရဲ့ ချစ်လင်ကို သတ်ခဲ့သည့် လူသတ်သမားများကို ချစ်စရာက ထူးဆန်းစွာ ရှာဖွေဖော်ထုတ်ပေးသွားခဲ့သည်။ သူမချစ်စရာကို ဖက်ငို၍ မဝနိုင်ခဲ့။ အားလုံးကလည်း ခွေးနက်ကြီး ချစ်စရာကို ကိုလွန်းမောင် ဝင်စားခဲ့သည်ဟု ယုံကြည်ကြသည်။

လွန်းမောင်က သူ သတ်တဲ့လူတွေကို ကိုယ်တိုင် ဖော်ထုတ်သွားတာဟု ဝမ်းသာအံ့ဩစကား ဆိုခဲ့ကြသည်။

ချစ်စရာရယ်. . .။

''မင်း. . . မင်း. . . ကို. . . လွန်း. . . မောင်. . .လား အကိုလားဟင်. . . ဟင်. . .''

သည့်နောက် သူမတို့ ချစ်စရာကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည်။ လူသေလျှင် သင်္ဂြိုလ်သကဲ့သို့ သစ်သားခေါင်းနှင့် သုသာန်မှာ မြှုပ်နှံခဲ့သည်။ နောက်နေ့ သူ့ကို ရည်စူး၍ သံဃာတော် အရှင်သူမြတ်သုံးပါးကို ဆွမ်းဆက်ကပ်၍ ရေစက်ချ အမျှ ပေးဝေခဲ့သည်။

သူမရဲ့ အရှက်နှင့် ဂုဏ်သိက္ခာအတွက်၊ နာကျည်းကြေကွဲမှုများအတွက် သစ္စာရှိစွာ စောင့်ရှောက်ကာကွယ်ခဲ့သည့် ခွေးနက်ကြီးချစ်စရာ မြင့်မြတ်သော ဘုံဘဝသို့ ရောက်ပါစေ. . .။ အမျှ. . . အမျှ. . . အမျှ. .



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာရေ . .။

ညဘက် အာရုဏ်တက်ကာနီးမှာ မြတ္တေးရှင် ထူးဆန်းဖွယ် အိပ်မက်တစ်ခုကို မက်ခဲ့ရတော့သည်။

အိပ်မက်ထဲမှာ ခွေးနက်ကြီး ချစ်စရာသည် ရွှေရောင်တောက် ပနေသော အမွေးများကို လှုပ်ခါရင်း သူမထံသို့ အော်မြူး၍ ပြေးလာသည်။

ပြီးနောက် သူမရင်ဘတ်ပေါ်သို့ ရှေ့လက်နှစ်ဖက်နှင့် ခုန်တက် လိုက်သည်။ သူမကလည်း ချစ်စရာကို လှိုက်လှဲဝမ်းသာစွာ ဆီးကြိုပွေ့၍ ရင်ခွင်ထဲမှာ ဦးခေါင်းကို သွင်းပြီး ပါးနှစ်ဘက်ကို ပွတ်၍ ကြင်နာမှုများကို ပေးနေစဉ်မှာပင် . .။

ခွေးနက်ကြီး ချစ်စရာသည် ခွေးဘဝမှသည် လူ့ဘဝသို့ ချက်ချင်း ပြောင်းလဲသွားသည်။ ကြည့်လိုက်တော့ ကိုလွန်းမောင်ဖြစ်နေ၏။

"ကို. . . လွန်း. . . မောင်. . ."

"အကို. . . အကို. . ."

"မြကလေး. . . မြကလေး. . ."

ကိုလွန်းမောင်က သူမရဲ့ခါးကို လွတ်သွားမှာ စိုးသည့်အလား တအားဖက်ထားသည်။ သူမကလည်း ချစ်လင် ပြေးထွက်သွားမှာ စိုးသည့် အလား လည်ပင်းကို ဖက်ထားပြီး နဖူးပြင်ကို တအားနမ်းပစ်လိုက်သည်။

ကိုလွန်းမောင် ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျနေသည်။ သူမရဲ့ ပါးပြင်ပေါ်မှာလည်း မျက်ရည်များ စီးကျနေသည်။ ထိုမျက်ရည်များသည် ရက်ပေါင်းများစွာ ကွဲကွာခဲ့နေရာမှ ပြန်ဆုံ၍ အတိုးနှင့်ကျသည့် မျက်ရည် များ . .။

ဘလ္လာတိယ ပျို့ထဲကလို

စန္ဒကိန္နရီမောင်နှံ လေပြင်းကျ၍ တစ်ညဝေးရသည်အား ပြန်ဆုံ ကြသော် တစ်ဦးကို တစ်ဦးဖက်ပြီး အနှစ်ခုနစ်ရာကြာအောင် လွမ်းလို့ ငိုကြသတဲ့။

သူတို့မျက်ရည်များနှင့် အပြန်အလှန် နမ်းကြသည်။ နမ်းလို့





မဝနိုင်ကြ။ မြတ္တေးရှင် ခွေးနက်ကြီး ချစ်စရာဘဝမှ ရွှေရောင်တောက်သည့် ဝတ်စုံနှင့် လူသား ကိုလွန်းမောင် ဖြစ်သွားသည့်အတွက် အံ့ဩလွန်း၍ ချစ်လင်ကို ကြည့်ပြီး နှုတ်ခမ်းများတုန်နေသည်။

ကိုလွန်းမောင် ဖနီးသည့်ရဲ့ ပါးပေါ်မှ မျက်ရည်များကို လက်ညှိုး နှင့် သုတ်ပေးရင်း . .

"အကို. . . မင်းတို့ကို လာ. . . နှုတ်ခက်တာပါ မြကလေးရယ်၊ အကိုလေ အကို့သားလေးကို ကြည့်ချင်လွန်းလို့ မင်းကို သတိရလို့ လာနှုတ်ဆက်တာပါ၊ အကို. . . မင်း အပါးမှာ ရှိနေခဲ့တာ မင်း. . . သဘောပေါက်ပြီမို့လားဟင် မြကလေး. . .၊ မြကလေးကို အကို ဘယ်ဘဝ ရောက်ရောက် စောင့်ရှောက်နေမှာဆိုတာ ယုံပြီမဟုတ်လားကွယ်ဟင်၊ အခု ငါတို့မိသားစုဘဝကို ဒုက္ခပေးခဲ့တဲ့ လူယုတ်မာတွေကို အကို ဒဏ်ခတ် နိုင်ခဲ့ပြီ၊ အကိုလေ. . . အခု မင်းတို့ရဲ့ ကုသိုလ်ကောင်းမှု အမျှပေးဝေ မှုကို ခံယူရရှိပြီး သာဓုခေါ်နိုင်ခဲ့လို့ ဘဝဆိုး၊ အစွဲအလန်းဆိုး၊ အဖြစ်ဆိုး များက လွတ်မြောက်ခဲ့ပါပြီ မြကလေးရယ်. . ."

"အကို. . . အကို. . ."

"မင်းဘဝ နောင်ရေးအတွက် မင်းသင့်တော်သလို စီစဉ်ပါ၊ အကို အားလုံးကို ခွင့်လွှတ်တယ်၊ ခွင့်ပြုတယ်. . .၊ သားလေးကို ကြင်နာယုယ စွာ စောင့်ရှောက်ပါ၊ မင်းတို့ ပျော်ပျော်ရွှင်ရွှင် နေရစ်ကြပါ မြကလေးရယ် မောင့် တာဝန် ကျေခဲ့ပါပြီ. . .၊ သွား. . . မယ်. . . နော်. . . မြ. . . ကလေး. . . မြ. . . က. . . လေး. . ."

"အကို. . ."

"အကို. . . သွားပြီ. . . မြ. . . က. . . လေး. . . ရေ. . ."

"အကို. . . အကို. . . လွန်းမောင်. . . အကိုရေ. . ."

သူမ အသံကုန်ဟစ်၍ အော်ရင်း ချစ်သူနောက်ကို အပြေးလိုက် သည်။ သို့သော် ချစ်သူ လွန်းမောင် မျက်စေ့ရှေ့မှောက်မှာ မှုန်ဝါးပျောက် ကွယ်သွားခဲ့ပြီ။ အကို. . . လွန်း. . . မောင်. . . ဘယ်ကို ရောက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့် . . အကိုရေ . . အကို . . မြလေးကို . . မထားခဲ့ပါနဲ့ . . . အကို၊ မြကလေးတို့သားအမိလည်း လိုက် . . . မယ် . . . အကို . . . ရေ . .။

သူမရဲ့ 'အကို' ခေါ်သံသည့် မိုးသောက်ယံကို ဖောက်၍ အခန်းထဲမှာ ညံ့လျှံသွားခဲ့သည်။ ဒေါ်လေးမြစည် အခန်းထဲသို့ ပြေးဝင်လာသည်။ သားလေး မောင်မေတ္တာက လေးဘက်ထောက်၍ ထရင်း မိခင်ကို အလန့်တကြားကြည့်၍ မျက်နှာလေး ရှုံ့မဲ့နေသည်။

သူမ ရင်ဘတ်ကို ဖိရင်း အိပ်မက်မှ နိုးခဲ့ပါပြီ။

မျက်ရည်များက ပါးပြင်ပေါ်မှာ စီးကျနေဆဲ။ အကို ခေါ်သံက လည်း တိုးတိုးတစ်လှည့်၊ ကျယ်ကျယ်တစ်လှည့် ပေါ်လာနေဆဲ။

သူမ ကျေးဇူးရှင်ချစ်လင် အနားမှာ တကယ်မရှိမှန်း သိရသော အခါ ချစ်လင်ရှိမည်ထင်ရာ အရပ်သို့ လက်အုပ်ချီ ရည်မှန်း၍ ကန်တော့လိုက်ပြီး ထပ်မံ အမျှ ပေးဝေလိုက်သည်။

ထိုသို့ အမျှပေးဝေလိုက်စဉ်မှာပင် အိမ်တစ်ခုလုံး သိမ့်ကနဲ ဖြစ်သွားသည်ကို တူဝရီး နှစ်ဦးစလုံး သတိပြုမိလိုက်သည်။ ဒါနှင့်အတူ မွှေးကြိုင်သော နံ့သာရနံ့များ လှိုင်၍ ထွက်ပေါ်လာသည်။ တူဝရီးနှစ်ယောက် အမိပွါယ်ပါသော မျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။

မောင့်ကိုယ်စား . .။

အင်း . . . မောင့်ကိုယ်စား။ အကို့ ကိုယ်စား . .။ ဒီသားလေးကိုပဲ ထာဝစဉ် နမ်းပါရစေတော့ အကိုရေ . . . ဟုဆိုရင်း . . . ကလေးကို ပွေ့ဖက်ကာ . . . သည်းထန်စွာ ငိုကြွေးလိုက်လေသည်။

◆◆◆◆◆

မောင်ညိုမှိုင်း (သန်လျင်)

BURMESE CLASSIC .com


NEW IDEA စိတ်ကူးသစ်စာပေ

အမှတ်(၂၅) အသင်းတိုက်လမ်း ရွာမ၊ ရှယ်လှမ်း ဝင်းရောင်အိမ်မြယ် ရန်ကုန်မြို့ ဖုန်း-၀၉၅၁၃၃၉၂၆၄၊

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၁။ | သက်ဦးလွင် | လူသန်ကြီး 'ဟု' | ၆၀၀/- |
| ၂။ | ။ | စုပါမင်းနှင့် အခြားကမ္ဘာမှ ဧည့်သည် | ၆၀၀/- |
| ၃။ | ။ | စုပါမင်းနှင့် ကမ္ဘာဖျက်သတ္တဝါကြီး | ၈၀၀/- |
| ၄။ | ။ | လင်းနို့လူသားပေါ်ဝင်သော ရှုံ့မျက်နှာ | ၆၀၀/- |
| ၅။ | ။ | စုပါမင်းအတု ဘစ်ဇာရို | ၆၀၀/- |
| ၆။ | ။ | သူရဲကောင်းများစွာ | ၆၀၀/- |
| ၇။ | ။ | စုပါမင်း၊ မျိုးဆက်သစ်အမွေ | ၆၀၀/- |
| ၈။ | ။ | ပင့်ကူမယ် | ၆၀၀/- |
| | မြရတီ | ထုတောင်းပြည့်မင်းသမီးလေးနှင့်ဖြစ်ရပ်ထန်းကြယ် | ၆၀၀/- |
| | ။ | ပန်းနှင့် လိပ်ပြာ | ၆၀၀/- |
| ၁၁။ | ။ | မျှော်ရာဝင်မီးလျှံ | ၇၀၀/- |
| ၁၂။ | ။ | အချစ်၌ဖြစ်သော အစိမ်းရောင်သမုဒယ | ၇၀၀/- |
| ၁၃။ | မောင်ညိုမှိုင်း(သန်လျင်) | မြွေဝင်စား ပခင်မွေ့ | ၁၂၀၀/- |
| ၁၄။ | ။ | လူထူးဆန်း အတိုက်ပုံ ဦးရာဇကျော် | ၁၂၀၀/- |
| ၁၅။ | ။ | သည်းထိတ်ထန်းကြယ်ဓွေးနက်ကြီး | ၁၂၀၀/- |
| ၁၆။ | ။ | သေရွာထီးကြိုမိပြန်စဝ်ဒေါင်းခံ | ၁၂၀၀/- |
| ၁၇။ | ။ | မြေပေါက်ပါးမြူမျောက်ပင်းသားဝိုးစည်နှင့်ကျောက်ခဲ | ၁၂၀၀/- |
| ၁၈။ | ။ | ဗြိတ္တာရွာသူ မကြေ | ၁၂၀၀/- |


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com